www.burmeseclassic.com

# တောပြည့်ချမ်းသာ

## နမ်းခွင့်မရှိသောပန်း




Graphic Design : Ko Bwa (Techno Art)

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး၊ အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

# စောပြည့်ချမ်းသာ

# နှမ်းခွင့်မရှိသောပန်း

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး၊ အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ဓာပြည့်ချမ်းသာ

# နမ်းခွင့်မရှိသောပန်း

www.burmeseclassic.com

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၅၀၀၂၃၀၀၆၀၂ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၅၀၀၆၂၈၀၆၀၆ |
| ကွန်ပျူတာစာစီ | ဒွန်း |
| ဒီဇိုင်း | AUNG HLAING BWA |
| ထုတ်ဝေခြင်း | ပထမအကြိမ်၊ **၂၀၀၇ ခုနှစ်၊ (ဧပြီလ)** |
| တန်ဖိုး | (၂၀၀)ကျပ် |
| စာအုပ်ရေ | (၅၀၀)အုပ် |
| ထုတ်ဝေသူ | ဒေါ်စိန်လှလှသန်းရင်(၃၆၆၀)<br>စောပြည့်ဝန်းစာပေ၊ အမှတ်(၁)၊<br>(၂၂၇/၂၂၉)၊ ၁၅၁လမ်းနှင့်ကျိုက္ကဆံလမ်း၊<br>ဖျိုင်းရွာမရပ်ကွက်၊ ကျောက်မြောင်း၊<br>တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့်<br>အတွင်းပုံနှိပ်သူ | ဒေါ်ခင်ခင်ဝင်း (ကလျာပုံနှိပ်တိုက်)(၀၂၆၇၀)<br>(၁၅၂)ကျွန်းရွှေမြိုင်လမ်း၊<br>စုပေါင်းအိမ်ယာရပ်ကွက်၊<br>သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ဖြန့်ချိရေး | စောပြည့်ဝန်းစာပေ၊ အမှတ်(၁)၊<br>(၂၂၇/၂၂၉)၊ ၁၅၁လမ်းနှင့်ကျိုက္ကဆံလမ်း၊<br>ဖျိုင်းရွာမရပ်ကွက်၊ ကျောက်မြောင်း၊<br>တာမွေမြို့နယ်၊ ရန်ကုန်မြို့။<br>၀၁-၅၄၉၂၇၀ |


- တစ် -

မဟာခနေသူရကုမ္ပဏီလီမိတက် . . .။

မှန်သည်။

( . . . )လမ်းရှိ မဟာခနေသူရကုမ္ပဏီကြီး၏ ဆင်ဝင်အောက်၌ နောက်ဆုံးပေါ်အကောင်းဆုံး ကားကြီးတစ်စီးသည် ငြိမ့်ကနဲ ရပ်သွား၏။

ကားရပ်သွားသည်နှင့်လည်း လုံခြုံရေးသမားများသည် ကျိုးနွံစွာဖြင့်အသင့်ကြိုဆိုပြီးသားပါ . . .။

ကားတံခါးကို ဖွင့်ပေးလိုက်သည်။ ကားပေါ်မှလူရွယ်တစ်ယောက် ဆင်းလာ၏။ တကယ်တော့ ထိုလူသည် မဟာခနေသူရကုမ္ပဏီလီမိတက်၏ လုပ်ငန်းကြီးများပိုင်ရှင်နှစ်ဦးအနက် အဓိက



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



အကျဆုံးလူဖြစ်လေ၏။

မင်းခနွေး…

ကားပေါ်မှဆင်းခိုက်၊ သူ၏မြင့်မားသောအရပ်ကြီးသည် အားလုံးကို လွှမ်းမိုးထားလိုက်သကဲ့သို့ပါတည်း…။

ကုမ္ပဏီကြီးထဲသို့ သူ လှမ်းဝင်ခဲ့သည်။ သူ့ခြေတံသည် စင်း၍၊ သူ့ခြေလှမ်းသည် တစ်လှမ်းချင်းလှမ်းကာ စည်းချက်ညီ၍ စမတ်ကျနေရသည်။

ခြေလှမ်းလှမ်းလိုက်တိုင်း လှမ်းလိုက်တိုင်း ခြေတံသည် ရှင်းလင်းနေရလေ၏။

မဆူမကျုံ့ကျစ်လစ်သော သူ့ကိုယ်ဟန်သည် ရင်ကိုဖွင့်၍လျှောက်လှမ်းပုံမှာ လွန်စွာကြည့်ကောင်းလှသည်။

ယောကျ်ားမိန်းမ၊ ကလေးလူကြီးလူငယ်၊ လူလတ်ပိုင်းတွေကပင်လည်း သူ့အား ငေးယူရ၏။

ယောကျ်ားတန်မဲ့နှင့် သူ့အသားရောင်သည် ဝင်းပကာကြည်စင်တောက်ပနေလေ၏။

သူ့ကိုယ်ဟန်နှင့်သူ့မျက်နှာအသွင်သည် တောင့်တင်းကား အချိုးကျခန့်ညားလွန်း၍ ဘယ်လိုအနေ အထားမျိုးနှင့်ပဲနေနေ သူ့အသွင်သည် ဆွဲဆောင်မှုတွေအပြည့်နှင့် လူတကာကငေးမော အားကျကြရလေ၏။





ပြီးတော့ သူ့စကားသံ၊ သူ့စကားသံသည် သူ့ကိုယ်နှင့် လိုက်ဖက်စွာ အောင်မြင်ကြည်လင်ပြတ်သားနေရပြီး ဆွဲဆောင်မှုတွေနှင့်စိုးပိုင်နေရလေ၏။

ပြီးတော့ သူ့အကြည့်၊ သူ့အကြည့်သည် တောက်ပသည်။ ထက်မြက်သည်။ စူးရှသည်။ ရဲရင့်ရဲတင်းသည်။

သူ့မြင်ကွင်း၌ မြင်တွေ့နေရသော သက်ရှိသက်မဲ့အရာ အားလုံးသည် သူ့အတွက် ဘာမှတန်ဘိုးမရှိသလို၊ အလေးအနက် မရှိသလို၊ လျော့ကာပေါ့ကာအကြည့်မျိုး သူ ကြည့်တတ်၏။

မှန်သည်။ တကယ်တော့ မင်းခနွေး၏စိတ်ဓာတ်နှင့် အသွင်အား မည်သူကမျှတိကျစွာခွဲခြားသိမြင်နိုင်စွမ်းမရှိ၊ အကဲခတ်ခက်လှပါသည်။

တော်လှသည်ဟုဆိုသူကပင် မင်းခနွေးအားတွေ့လျှင် လက်လှန်သွားမည်…။

မင်းခနွေးသည် ဇွတ်တစ်လူဟုဆိုကမမှား၊ မင်းခနွေးသည် တည်ငြိမ်ခြင်း၊ ငြိမ်သက်ခြင်း၊ အေးစက်ခြင်း၊ ရက်စက်ခြင်းနှင့်ဥပက္ခာတွေသည် သူ့တစ်ကိုယ်လုံး၌ လွှမ်းမိုးထား၏။

မင်းခနွေးအနေနှင့် ဘဝတစ်လျှောက်တွင် မည်သူ့ကိုမျှ ညာတာထောက်ထား သနားကြင်နာရခြင်းမျိုးလည်းမရှိခဲ့၊ မလုပ်ခဲ့၊ မဖြစ်ခဲ့…။



www.burmeseclassic.com

www.burmeseclassic.com



ဆိုရသော် မင်းမနေ့ဌေး၏စိတ်သည် ထူးခြားသည်။ ဆန်းပြားသည်။ ကြောက်စရာကောင်းသည်။ ကြောက်စရာအကောင်းဆုံးဟုဆိုလှာ ပို၍မှန်၏။

ကုမ္ပဏီထဲသို့ သူ လှမ်းဝင်ခဲ့သည့်တစ်လျှောက်၌ မည်သူကမျှ သူ့ကိုစကားမပြောရဲ၊ မန်နေဂျာချုပ်ကပင်လည်း သူ့အနေအထားအား ကြည့်နေရသည်။

သူ့ရုံးခန်းထဲသို့ဝင်ခဲ့သည်။ မန်နေဂျာချုပ်ပါ သူ့နောက်တွင်ပါလာ၏။ ရုံးခန်းတွင်းအရောက်၌ သူ့စားပွဲတွင် အေးဆေးစွာသူ ထိုင်လိုက်သည်။

တစ်ဆက်တည်းလည်း သူ့စားပွဲထက်တွင် တင်ထားသည့်ဖိုင်တစ်ခုကို သူ လှန်လှောကြည့်လိုက်၏။ တစ်နေ့တာလုပ်ငန်းများအား သူ့ကိုတင်ပြထားခြင်းဖြစ်၏။

ဝန်ထမ်းအသစ်ထပ်ခေါ်ရန် ပုံဆွဲအင်ဂျင်နီယာသုံးယောက်နှင့်တွေ့ဆုံရန်၊ ဟိုတယ်နှင့်စားသောက်ဆိုင်ကြီးများဆီ လိုက်ကြည့်ရန်၊ ကုမ္ပဏီအတွက်ပစ္စည်းထုတ်ခြင်း၊ သွင်းခြင်းများနှင့်…

တပေါင်းကုမ္ပဏီနှင့်ဆက်သွယ်မှု၊ ဖိတ်ကြားမှု၊ ဆက်ဆံမှုတပေါင်းကုမ္ပဏီ၏ရှယ်ယာကိစ္စများ အကြောင်းအား သူ ဖတ်ကြည့်လိုက်သည်။

ဖိုင်တွဲထဲမှအကြောင်းများအား သူ ကြည့်နေဖတ်နေသည်





ကာ အေးစက်စက်အသွင်ပါ။ သို့သော် မင်းမနေ့ဌေး၏ ရင်ထဲတွင်ကား…

ဒီတပေါင်းကုမ္ပဏီက နေရာယူထားတာ တော်တော်များတာပဲ၊ အစုရှယ်ယာတွေလည်း သူများကုမ္ပဏီတွေထက်များတယ်၊ အစက ဒီလောက်မဟုတ်ဘူး၊ နောက်ပိုင်းတော်တော်လေး နေရာရလာတယ်…

အင်း‥ဒီတပေါင်းကုမ္ပဏီကို ဘယ်သူကများဦးစီးတာလဲ၊ မန်နေဂျာကဘယ်သူလဲ၊ အဟွန်း‥အစက ဒီလောက်မဟုတ်လို့ ငါက ကြည့်နေတာ၊ အခုဒီတပေါင်းကုမ္ပဏီက ငါ့ရဲ့ကုမ္ပဏီရှယ်ယာတွေဆီအထိတောင် လှမ်းလာနေနိုင်ပြီဆိုတော့ အဟွန်း‥ဟွန်း

ရင်ထဲမှစကားတွေနှင့် ရင်ထဲ၌ပင် သူ ရယ်နေလိုက်သည်။ သူ့မျက်နှာချောချောအသွင်ကမူ ငြိမ်နေ၏။ မန်နေဂျာသည် သူ့မျက်နှာထက်မဖတ်နိုင်၊ သူသည် ဖိုင်ကိုပြန်ပိတ်လိုက်ပြီး…

"မန်နေဂျာ…"

"ဟုတ်ကဲ့၊ ပြောပါခင်ဗျာ…"

"ကိုဝင်းသူရအေးကော ဒီဖိုင်ကိုဖတ်ပြီးပြီလား…"

"ဟုတ်ကဲ့ သူဌေး၊ ဖတ်ပြီးပါပြီခင်ဗျာ၊ စောစောကပဲ သူဌေး ဦးဝင်းသူရအေးတို့ဇနီးမောင်နှံ စားသောက်ဆိုင်တွေဘက်



www.burmeseclassic.com

www.burmeseclassic.com



သွားကြည့်ကြပါတယ်ခင်ဗျာ...''

''ဒီဖိုဖတ်ပြီး ဘာပြောသွားသေးလဲ...''

''ဟုတ်ကဲ့၊ သူဌေး ဦးမင်းဓနဌေး ဖတ်ပြီးရင် သဘောအတိုင်းပဲလုပ်ပါတဲ့...''

''ကောင်းပြီ၊ ဒါဆို အခု မန်နေဂျာကြီးကိုပြောမယ်...''

''ဟုတ်ကဲ့၊ ပြောပါ သူဌေး...''

''တပေါင်းကုမ္ပဏီကိစ္စကလွဲရင် ကျန်တဲ့ကိစ္စတွေကို မန်နေဂျာကြီးကပဲ ဆောင်ရွက်လိုက်ပါ၊ တပေါင်းကုမ္ပဏီကိစ္စကိုတော့ ကိုယ်ကိုယ်တိုင် နည်းနည်းလေ့လာလိုက်ပါဦးမယ်...''

''ကောင်းပါပြီ သူဌေး...''

စကားအဆုံး မင်းဓနဌေးသည် ထိုင်ရာမှထလိုက်သည်။ သည့်နောက် ရုံးခန်းထဲမှ မင်းဓနဌေး လှမ်းထွက်သွားလေ၍ မန်နေဂျာကြီးသည် မင်းဓနဌေးနောက်မှ လိုက်ပါထွက်ခဲ့လိုက်လေ၏။

မင်းဓနဌေး ရုံးခန်းမှပြန်ထွက်လာသည်နှင့် ဝန်ထမ်းအားလုံးသည် အရိုအသေပေးထားကြပြီးသားဖြစ်သည်။

မင်းဓနဌေးသည်က ဝန်ထမ်းများအား နှုတ်ဆက်ရန် မဆိုနှင့်အလေးထား၍ ကြည့်ဖြစ်ခြင်းပင်မရှိ...။

အစ်ကိုဖြစ်သူ ဦးဝင်းသူရအေးနှင့်တော့ လားလားမှမတူပေသော ဝန်းထမ်းများအားလုံး၏မှတ်ချက်မှလွဲ၍ ဝေဖန်ရဲခြင်းမရှိ





လေပါ...။

မှန်သည်။ မင်းဓနဌေးသည် ဘယ်တုန်းကမှ ဘယ်သူနှင့်မှ ဟက်ပက်ပြုံးရယ်ကာစကားဆိုခြင်းမရှိ၊ ယခင်ကတည်းက မင်းဓနဌေး၏အသွင်သည် ငြိမ်၍အေးစက်စွာနေတတ်သူမို့ မည်သူကမျှမပြောရဲ၊ မပြောဝံ့၊ မဝေဖန်ရဲကြခြင်းပါတည်း...။

မင်းဓနဌေးသည် ကုမ္ပဏီထဲမှထွက်ခဲ့လိုက်သည်။ ဆင်ဝင်အောက်အရောက် အသင့်ရှိနေသည့်ကားထဲ သူ ဝင်ထိုင်လိုက်၏။

ဝန်ထမ်းတွေက အရိုအသေပေးလိုက်ကြသည်။ မင်းဓနကား ဘာမှမြင်ဟန်မတူပါ...။

မင်းဓန စိတ်ထဲတွင်ကား မိမိလုပ်ရမည့်အလုပ်တွေရှိနေရသည် မဟုတ်ပါလား...။

ဒရိုင်ဘာမောင်းသောကားလေးသည် ကုမ္ပဏီဆင်ဝင်အောက်မှ မောင်းထွက်ခဲ့လေပြီ၊ မင်းဓနဌေးသည် ကားပေါ်တွင် အတန်ကြာသည်အထိ တွေးတောစဉ်းစားရင်း ငြိမ်သက်တိတ်ဆိတ်စွာရှိလာပြီးမှ...

မင်းဓနဌေးသည် ကားထဲမှဟန်းဖုန်းလေးကိုယူပြီး နံပါတ်တွေဆီ နှိပ်လိုက်သည်။ ပြီးမှ...

''ဟဲလို..ဘိုသောင်း...''

''ဩော်..ဟုတ်ကဲ့၊ သူဌေး ပြောပါခင်ဗျာ...''



www.burmeseclassic.com

www.burmeseclassic.com



"(…)လမ်းမှာရှိတဲ့ တပေါင်းကုမ္ပဏီအကြောင်း စုံစမ်းလိုက်ပါ၊ စေ့စေ့စပ်စပ် ငါ သိချင်တယ်…"

"ကောင်းပါပြီ သူဌေး၊ ကျွန်တော် တစ်ပတ်အတွင်း အားလုံးစုံစမ်းပေးပါ့မယ်…"

"ကောင်းပြီ၊ ဒါပဲ…"

စကားအဆုံး သူ ဖုန်းကိုပိတ်လိုက်သည်။ သူ့စိတ်တွေသည် ခုမှကြည်လင်ပေ့ါပါးသွားသယောင် ရှိလေ၏။

မှန်သည်။ သူသည် ဘယ်သောအခါမှ လုပ်စရာရှိသည်တို့ကို အကြွေးထားလုပ်တတ်သည့်လူမျိုးမဟုတ်၊ ချက်ချင်းလုပ်သည်။ ချက်ချင်းအကောင်အထည်ဖော်သည်။ လုပ်ရမည့်အလုပ်ကို လုပ်ကိုလုပ်သည်။

ရယူစရာရှိလျှင်လည်း သူ ရကိုရ‚ရမည်။ ဘယ်လိုပဲယူရယူရ လိုချင်တာကိုလည်း ရအောင်ယူတတ်၏။ ထိုစွမ်းအင်များသည် မင်းခနေတွင် ရှိပြီးသား…။

ထိုစိတ်ဓာတ်၊ ထိုစွမ်းရည်၊ ထိုသတ္တိများကြောင့်လည်း မင်းခနေဌေးသည် ဇဗ္ဗူတစ်လူဟု ခေါ်ထိုက်ဆိုထိုက်သည့် သူပေတကား…။ ။

ØØØØØØ



– နှစ် –

ရသာစုံလက်ဖက်ရည်ဆိုင်…။

အချိန်ကမနက်ပိုင်း၊ လူတွေလက်ဖက်ရည်သောက်သည့်အချိန်မို့ ရသာစုံလက်ဖက်ရည်ဆိုင်တွင် အတန်ကြီးလူကျနေရလေသည်။

(…)မြို့နယ်၊ (…)ရပ်ကွက်ရှိ ဦးစက်ဝင်း၏ ရသာစုံလက်ဖက်ရည်ဆိုင်ဆိုလျှင် မသိသူရှားသည်။

တခြားရပ်ကွက်များနှင့် နယ်မှရောက်လာသူတွေကပင်လည်း ရသာစုံလက်ဖက်ရည်ဆိုင်သို့သာ ရောက်လာပြီးစားသုံး



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။

အားပေးကြသည်။

နေ့လယ်ထမင်းစားချိန်ကလွဲပြီး မနက်၊ ညနေနှင့်ညပိုင်း အချိန်တွင် နေရာလွတ်မရှိအောင် ဆိုင်ကလူကျသည်။

လက်ဖက်ရည်ကောင်း၍၊ မုန့်တွေကောင်း၍၊ မုန့်မျိုးစုံ၍၊ စနစ်ကျ၍၊ မြန်ဆန်၍၊ သပ်ရပ်သန့်ရှင်း၍၊ ရသာစုံလက်ဖက်ရည် ဆိုင်သည် လူတိုင်းနှစ်သက်၍ကျော်ကြားသည့် လက်ဖက်ရည်ဆိုင် ကြီးတစ်ဆိုင်ပါတည်း...။

မှန်သည်။ ခုလည်း လက်မလည်အောင်ပင် ဆိုင်တွင် လူကျနေသည်။

လူတွေများလွန်း၍ ကျွန်းသည် သူငယ်ချင်းနှင့် စာကျက် ရန်ချိန်းထားသည်ကိုပင် မသွားဖြစ်သေးဘဲ ဆိုင်အလုပ်ကိုဝင်၍ ဝိုင်းကူလုပ်ပေးသည်။

"ကျဆိမ့်နှစ်ခွက်..."

"ပေါ့ဆိမ့်သုံးခွက်..."

"ဒီကမုန့်တွေထပ်ထည့်ပါဦး..."

"အသားပေါင်းတွေပေးပါဦး..."

"နံပြားနဲ့ဆိတ်ပဲနှစ်ပွဲပေးပါ..."





စားသောက်သူတွေထံမှ မှာသံတွေကတစ်မျိုးစီစုံ၍နေ သည်။

သည့်အတွက် ဦးစက်ဝင်း၊ ဒေါ်သက်ဝင်း၊ ကျွန်းနှင့် နွဲ့နွဲ့မူတို့ပါမကျန်၊ သင့်လျော်သလို စားပွဲလိုက်ထိုးပေးရ၏။

"ကျွန်း..ဟိုစားပွဲမှာ ပေါက်စီချပြီးပြီလား..."

"အင်း..ပြီးပါပြီ..."

"မီးရှည်သုံးပွဲပေးပါ..."

"ရမယ်..."

"ဆိတ်ပဲနံပြားနှစ်ပွဲ..."

"ရမယ်နော်..ရမယ်..."

ကိုးနာရီခွဲခါနီးအထိ ဆိုင်ကစီနေ၏။ ကိုးနာရီခွဲကျော်မှ ပင် လူပါးသွားတော့သည်။

"ကဲ..သမီးလေး ကျွန်း၊ ဒါတွေမလုပ်ပါနဲ့တော့ ဒေါ်လေးတို့ပဲ လုပ်လိုက်ပါတော့မယ်၊ သမီး စာကျက်ဖို့သွားစရာ ရှိတာသွားတော့..."

"ဟုတ်ကဲ့ ဒေါ်လေး၊ ကျွန်း သွားမယ်နော်၊ စာမေးပွဲနီး နေလို့ပါ၊ စာမေးပွဲပြီးသွားရင်တော့ အေးဆေးပါပဲ..."

"အေးပါဟယ်..သွားမှာသာသွားစမ်းပါ..."

"အေး..သွားပြီနော် နွဲ့မူ၊ ဒေါ်လေးရေ ကျွန်း သွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



စောစောကပြင်ဆင်ထားသည့် စာအုပ်ကလေးတွေကိုယူ ပြီး ဒေါ်လေးနှင့်နွဲ့မူတို့ကို နှုတ်ဆက်ကာ ကျွန်း အိမ်မှထွက် သွားလိုက်သည်။

ဦးစက်ဝင်းသည် မုန့်လုပ်ငန်းထဲမှ ဝက်သားပေါက်ဆီ ပေါင်းနေရင်းမှ သမီးဖြစ်သူ ကျွန်းထံ လှမ်းကြည့်လိုက်သည်။

ကျွန်းသည်လည်း အိမ်မှလှမ်းအထွက်၊ ဖခင်ကြီးထံ တစ်ချက်မျှစွေကြည့်လိုက်သည်။

ဖခင်ကြီး လှမ်းကြည့်သော ခပ်တည်တည်တင်းတင်း အကြည့်တွေနှင့် ကျွန်း၏ ခပ်ငြိမ်ငြိမ်အကြည့်တို့ ဆုံသွားသည်။ သည့်နောက် ကျွန်းသည် အိမ်မှထွက် သွားလိုက်လေ၏။

ဟင်း…

လမ်းမပေါ်ရောက်မှ ကျွန်း သက်မမောအားချဖြစ်ရ သည်။ ဖေဖေ့ကြောင့်၊ ဖေဖေ့အကြည့်တွေကြောင့် ဖေဖေသည် ငယ်ငယ်ကတည်းက ခုထိ ကျွန်းကို မျက်နှာသာတစ်ချက်မပေး ခဲ့…။

ကျွန်းတွင် မေမေမရှိတော့၊ ကျွန်း ငယ်ငယ်ကတည်းက မေမေ ဆုံးခဲ့သည်။ ဖေဖေနှင့်ဒေါ်လေးတို့နှင့်သာ ကျွန်း ကြီးပြင်း ခဲ့သည်။

သမီးမိန်းကလေးလည်းဖြစ်၊ တစ်ဦးတည်းသော သမီး





လေးလည်းဖြစ်နေ၍ ဖေဖေက သမီးမိန်းကလေးကို ဗိုင်းကောင်း ကျောက်ဖိဖြစ်စေချင်သည်။

ဖေဖေက စည်းကမ်းအလွန်ကြီးသည်။ တိကျသည်။ ပြတ်သားသည်။ စိတ်လည်းကြီးသည်။ ဒေါသလည်းကြီးသည်။

ထိုဒေါသတွေကြောင့်လည်း ကျွန်း ငယ်ငယ်ကတည်း က ထစ်ကနဲဆိုလျှင် ဖေဖေက ရိုက်ပြီးသားဖြစ်၏။

သည့်အတွက် ဖေဖေနှင့်ကျွန်းသည် ညီညွတ်မှုမရှိတော့၊ ထစ်ကနဲဆို ဆူပူကြိမ်းမောင်းရိုက်ပုတ်တတ်သည့် ဖေဖေ့ကို ကျွန်း ကြောက်လာသည်။

မုန်းချင်လာသည်။ အတတ်နိုင်ဆုံး ဖေဖေ့ကို ကျွန်း ရှောင်လာတော့သည်။

တကယ်တော့ ကျွန်း စိတ်သည်လည်း ဖေဖေ့စိတ်နှင့် ထပ်တူပင်ဖြစ်သည်။

ကျွန်းသည် ဖေဖေ့သမီးမို့ စည်းစနစ်ရှိသည် မှန်သော် လည်း ဖေဖေ့လိုတော့ ကျွန်းက ဒေါသမကြီး…။

ကျွန်းစိတ်က မဟုတ်မခံသာဖြစ်သည်။ ဘယ်တော့မှ သူများအောက်ကျို့မခံချင်သည့်အတွက် မျက်နှာမငယ်ရအောင် လူ့အောက်မကျရအောင် ကျွန်း စာကိုကြိုးစားသည်။

ဘွဲ့ရကျောင်းပြီးလျှင် ကျွန်း စီးပွားရေးလုပ်ဖို့ဆုံးဖြတ်ထား



www.burmeseclassic.com

www.burmeseclassic.com



ပြီးသား၊ တကယ်တော့ ဖေဖေ့လို စားသောက်ဆိုင်လုပ်ငန်းကို ကျွန်း စိတ်ဝင်စားသည်။

ကျွန်း အလုပ်လုပ်လျှင် စားသောက်ဆိုင် လုပ်ငန်းသာ လုပ်ရန်ဆုံးဖြတ်ထားခြင်းဖြစ်၏။

ကရင်း··ကရင်း··ရင်း··ရင်း···

"ဟင်··ဟင်၊ အို··အို၊ အဲ··အဲ၊ ဘယ်··ဘယ်လိုလဲ၊ ဒီစက်ဘီး··တိုက်··တိုက်ပြီ··အား···"

ဘုတ်···

အမေ့···

ဟား···

အဖြစ်အပျက်က ကျီစယ်လိုရာမှ တကယ်ဖြစ်သွားရ သည်။

စက်ဘီးလေးနှင့်တိုက်မိသွားပြီ၊ သူမလက်ထဲမှစာအုပ်တွေ လည်း လွတ်ကျကုန်ပြီ၊ သူမလည်း လမ်းဘေးနားတွင်လဲကျသွား ရှာပြီဖြစ်၏။

အတော်ကြီးကို တပေါင်း စိတ်မကောင်းဖြစ်သွားရသည်။ သည့်အတွက် သူ စက်ဘီးကိုဝုန်းကနဲ ပစ်ချလိုက်ပြီး ကျွန်း စာအုပ်လေးတွေကို အရင်ကောက်ပေးလိုက်သည်။ ပြီးတော့ သူမခေါင်းတွင် တပေါင်း ဒူးတစ်ဘက်ထောက်ကာ ထိုင်ချလိုက်ပြီး···





"ဆောရီး··ကိုယ် အများကြီးတောင်းပန်ပါတယ်၊ တကယ်တော့ ကိုယ် မင်းကိုကျီစယ်လိုက်တာအမှန်ပါ၊ ခုတော့ မတော်တဆတကယ်ဖြစ်သွားရပြီ၊ ကိုယ် ထူပေးမယ်နော်···"

"ရပါတယ်၊ ကျွန်းလည်း ဘာမှ မှမဖြစ်တော့တာ···"

"ဩော်··နာမည်က ကျွန်း၊ ဟုတ်လား···"

"ဟုတ်တယ်··ဘာဖြစ်လို့လဲ···"

"ဟင်အင်း··မဖြစ်ပါဘူး၊ ဒါပေမဲ့ နာမည်က ကျွန်းဆို တော့ နည်းနည်းများဆန်းနေသလားလို့···"

"အဟင်း··ဘာလဲ ကျွန်းရဲ့မောင်နှမတွေအမည်ကရော ဖွဲ့ဦးကတိုးတို့သစ်ခွေးတို့လားလို့ မေးချင်သေးလား···"

"ကိုယ် အဲဒီလိုတော့ ကျွန်းကို မစချင်ပါဘူးလေ၊ အဟွန်း··ဟွန်း··ဟွန်း၊ ကိုယ့်နာမည်လည်း မှတ်ထားပါနော်၊ ကိုယ့်နာမည်က တပေါင်း···"

"တပေါင်းဆိုတော့ တပေါင်းလမှာမွေးလို့လား···"

"အဟွန်း··ဟုတ်တယ်၊ အတွေးအခေါ်တော်တော် ကောင်းသားပဲနော်၊ အဟွန်း··ဟွန်း···"

"မနောင့် ပါနဲ့နော်···"

"မနှောင့်ပါဘူးဗျာ၊ ခင်လို့စကာပါ၊ ကဲ··လာ ဆယ်သွား မလဲ၊ ကိုယ်လိုက်ပို့ရမလား···"



www.burmeseclassic.com

www.burmeseclassic.com



"လိုက်ပို့မယ်…"

"အင်းလေ…"

ကျွန်း သူ့ကိုကြည့်လိုက်သည်။ သူဝတ်ထားသည်က ဘောင်းဘီတိုအဖြူနှင့်အနီရောင်စပို့ရှပ်ကို ဝတ်ထားပြီး မျက်နှာသုပ်ပိုင်းလေးကို လည်ပင်းတွင်တွဲလောင်းချထားသည်။

ကြည့်ရသည်မှာ အားကစားတစ်ခုခုလုပ်ခဲ့ပြီး ပြိုင်ဘီးလေးနှင့်ပြန်လာခဲ့သည့်ပုံဟု ထင်သည်။

"အားကစားလေ့ကျင့်ခန်း လာလုပ်တာလား…"

"ဟုတ်တယ်…"

"ဘာအားကစားလဲ…"

"ကြက်တောင်နဲ့ရေကူး၊ ဒီနေ့တော့ ရေလာကူးတာ…"

"သြော်..ဟုတ်လား…"

"ဘယ်သွားမလဲ၊ လိုက်ပို့ပေးမယ်နော်…"

"ဘာဖြစ်လို့လဲ၊ ကိုယ့်ဟာကိုယ်သွားပါ့မယ်၊ မလိုပါဘူး…"

"ကိုယ်က မင်းကိုခင်ချင်လို့ပါ၊ တကယ်တော့ ကိုယ်မင်းကို ခုပါနဲ့ဆိုရင်တွေ့တာသုံးခါရှိပြီ၊ အရင်နှစ်ခါက တက္ကသိုလ်ထဲမှာပဲတွေ့တယ်…"

"ရှင်ကဘယ်မှာတက်နေတာလဲ…"





"ကိုယ်က..စက်မှုတက်နေတာ…"

"ဒါဆို အင်ဂျင်နီယာကြီးပေါ့…"

"အင်း..ခုမှဒီကောင်းသားလေးပါဗျာ၊ ကျွန်းကရော…"

"အင်္ဂလိပ်စာအဓိက…"

"ဘယ်နှစ်နှစ်ကျန်သေးလဲ…"

"အခုနောက်ဆုံး၊ ကိုတာပေါင်းကရော…"

"ကိုယ်က နောက်တစ်နှစ်တက်ရဦးမယ်၊ ကျောင်းပြီးရင်ဘာလုပ်မလဲ…"

"အလုပ်လုပ်ရမှာပေါ့၊ သူဌေးမှမဟုတ်တာ…"

"ဘာအလုပ်လုပ်ဖို့ စိတ်ကူးထားလဲ…"

"စားသောက်ဆိုင်ရောင်းမယ်၊ ဖေဖေကလည်း စားသောက်ဆိုင်ပဲရောင်းတာ…"

"သြော်..မဆိုးပါဘူး၊ ကောင်းတယ်..အားပေးပါတယ်၊ ကိုယ်လည်း ကျောင်းပြီးရင် မေမေ့အလုပ်မှာပဲ လုပ်ဖြစ်ဖို့များပါတယ်…"

အဟင်း..ဟင်း…

စကားပြောရင်း ကျွန်း ရယ်မိလိုက်သည်။ ဘုမသိ၊ ဘမသိ၊ သူစိမ်းယောကျ်ားလေးတစ်ဦးနှင့် စကားပြောနေမိသည်မှာ တရင်းတနှီးလိုပင်ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆယ်ဆယ်ကမ္ဘာက သိကျွမ်းခင်မင်ထားကြသူတွေလိုပင် တစ်ယောက်အကြောင်းတွေ တစ်ယောက်ပြောရင်း တရင်းတနှီး ကြီးတွေဖြစ်သွားကြ၏။

အချိန်တိုတိုလေးထဲမှာပင် တကယ့်လိုရင်း နှီးသွားကြသည်။ ထိုသို့ဖြစ်ရခြင်းမှာ တစ်ယောက်နှင့်တစ်ယောက် မျက်နှာလေးပေါ်လွင်နေကြသည့် ဖြူစင်သန့်ရှင်းမှုကလေးတွေကြောင့်ဟုပင် ထင်၏။

"ဘာရယ်တာလဲ ကျွန်း..."

"အဟင်း..ခုမှတွေ့ဖူးမြင်ဖူးရတဲ့ လူတစ်ယောက်ကို တရင်းတနှီးစကားတွေပြောနေမိတာကို တွေးမိသွားလို့ပါ..."

"ကိုယ်က ကျွန်းကို သိနေတာကြာပါပြီ..."

"ကျွန်းက ခုမှသိတာလေ၊ ကဲ..ကျွန်း သွားတော့မယ်၊ စာမေးပွဲနီးပြီ၊ သူငယ်ချင်းဆီမှာ စာသွားကျက်ဖို့..."

"ကိုယ် လိုက်မပို့ရဘူးလားဟင်..."

"ပို့ချင်ရင်နောက်တစ်ခေါက်ကျမှပဲပို့ပါတော့၊ ဒီတစ်ခါတော့ မပို့ပါနဲ့တော့နော်..."

"တကယ်နော် ကျွန်း..."

"အင်း..."





"ကိုယ် ကျွန်းနဲ့တကယ်သူငယ်ချင်းဖြစ်သွားပြီနော်..."

"အင်း..."

"ရှေ့လျှောက်လည်း ကိုယ်နဲ့ကျွန်းနဲ့ အမြဲတွေ့ကြရမှာပေါ့နော်..."

"အင်းပါဆို..ကဲ..သွားပြီ..."

စကားအဆုံး ကျွန်း ဆံပင်လေးခါကနဲဖြစ်သွားသည်အထိ လှည့်ထွက်သွားလေပြီ...။

အဟွန်း..ကျွန်းရယ်...

ချစ်စရာကောင်းလွန်းသည့် မျက်နှာဖူးဖူးလုလုလေး၊ ကလေးဆန်သည့် ကျွန်း၏ဟန်သွင်လေးဆီ ငေးကြည့်ကာ ကျွန်းအမည်လေးကိုရေရွတ်ရင်း တပေါင်း၏နနယ်ချောမွေ့သော မျက်နှာမှ တောက်ပကြည်စင်သော အပြုံးတွေနှင့်ကျန်ရစ်ခဲ့ရပါလေသတည်း...။ ။

ØØØØØØ



www.burmeseclassic.com

www.burmeseclassic.com

## - သုံး -

မရှိတာမရှိစေရ၊ စုံလင်ပြည့်စုံလှသည့် (...)မားကက်ကြီး တစ်ခု၊ နေ့စဉ်နှင့်နေ့ညမပြတ်အောင် စည်ကားလွန်းလှသည့် နောက်ဆုံးပေါ် (...)မားကက်ကြီးတစ်ခုတွင်ပါ...။

တစ်ကိုယ်လုံးတွင် မာန်မာနတွေနှင့်လျှမ်း၊ဆိုးပြည့်လျှံနေသည့် ဒေါ်ခင်မာဖြူတစ်ယောက်၊ အမျိုးသားအလုပ်သမားနှစ်ယောက်နှင့် မားကက်ကြီးအတွင်း လိုချင်သည့်ပစ္စည်းတွေကို လိုက်၍ဝယ်နေ၏။

ဒေါ်ခင်မာဖြူ လိုချင်သည့်ပစ္စည်းတွေဆိုလျှင် လက်ညှိုးထိုး၍ပါးစပ်နှင့်ပြောလိုက်ရုံပင် အလုပ်သမားဝန်ထမ်းနှစ်ဦးက ယူပြီးခြင်းထဲထည့်ပြီးသားဖြစ်၏။





အသက်အားဖြင့် ဒေါ်ခင်မာဖြူသည် သုံးဆယ်ရှစ်နှစ်ခန့်ရှိပြီဖြစ်သည်။ ဒေါ်ခင်မာဖြူ၏အရုပ်သည် မနိမ့်မမြင့်၊ ကိုယ်ဟန်သည် ကျစ်လျစ်သွယ်လျ သည်။

ဒေါ်ခင်မာဖြူ၏ အသားရောင်သည် မဖြူလွန်း၊ မညိုလွန်း၊ ရုပ်အဆင်းသဏ္ဌာန်သည်က ရွက်ကြမ်းရည်ကျိုမျှပါ။ သို့သော်...

နောက်ဆုံးပေါ်အကောင်းစား မိတ်ကပ်တွေနှင့်ခေတ်မီသောနောက်ဆုံးပေါ် အလှပြင်ပစ္စည်းကိရိယာတွေ၏ ပံ့ပိုးပေးထားမှုနှင့် နောက်ဆုံးပေါ်အကောင်းဆုံး ဝတ်စားဆင်ယဉ်မှုများကြောင့် ဒေါ်ခင်မာဖြူ၏ အသွင်သဏ္ဌာန်သည် ဒေါင်းမလေးသဖွယ် နပျိုလန်းဆန်းကာ ကြွရွနေရသည်မဟုတ်ပါတကား...။

မှန်သည်။ ငွေကြေးပြည့်စုံ၍ ဂုဏ်ဒြပ်နှင့်ပြည့်စုံသူပီပီ၊ ဒေါ်ခင်မာဖြူ၏ တစ်ကိုယ်လုံးနှင့်မျက်နှာအသွင်သည် မာန်ဂုဏ်မောက်လွန်းသည်က ပေါ်လွင်လွန်းပါပေ၏။

ပစ္စည်းများဝယ်ပြီးသည်တွင် ဒေါ်ခင်မာဖြူသည် ငွေရှင်းကောင်တာသို့ လှမ်းခဲ့လိုက်သည်။ ငွေရှင်းပြီးသည်နှင့် ဒေါ်ခင်မာဖြူသည် ရှေ့မှလှမ်းထွက်ခဲ့လိုက်သည်။

ထွက်ပေါက်သို့အရောက် တံခါးသည်ပွင့်သွားလိုက်၊ ဒေါ်ခင်မာဖြူသည်လည်း တံခါးမှလှမ်းအထွက် (...)မားကက်



www.burmeseclassic.com

www.burmeseclassic.com



ကြီး၏ ထွက်ပေါ်ရှေ့တည့်တည့်သို့ နောက်ဆုံးပေါ်အပျံစားကားလှလှကြီးတစ်စီးသည် ငြိမ့်ကနဲထိုးရပ်လာလေ၏။

ထိုအခါ ဒေါ်ခင်မာဖြူသည် မာန်မာနတွေနှင့်တင်းထန်နေသောမျက်နှာထားအသွင်ဖြင့် ဘာရယ်မဟုတ် ထိုကားလှလှကြီးထံ အကြည့်ရောက်ခိုက်...

နောက်ဆုံးပေါ်ကားလှလှကြီး၏ တံခါးသည်ပွင့်လာပြီးကားပေါ်မှခိုင်းနှိုင်းပြလို့ပင်မရနိုင်သည့် ရွှေမင်းသားလေးတစ်ပါး ဆင်းလာသည့်အလား ထင်ရလောက်အောင် ဒေါ်ခင်မာဖြူ၏စိတ်တွင်ထင်မှတ် ဖြစ်ပေါ်သွားလိုက်ရပါလေသတည်း...။

မှန်သည်။ ကားပေါ်မှ ပျိုတိုင်းကြိုက်သည့် နှင်းဆီခိုင်ကြီးအမျိုးသမီးတိုင်း နှစ်သက်မြတ်နိုးစွဲလမ်းရသည့် မင်းခေနွေးတစ်ယောက် ဆင်းလာခြင်းပင်မဟုတ်ပါတကား...။

မင်းခေနွေး၏ကိုယ်ဟန်က ကျစ်လျစ်ဖြောင့်စင်းသည်။ ယောကျ်ားပီသစွာ တောင့်တင်းကြံ့ခိုင်မှုနှင့်ချောမောခန့်ညားသည်။ ဆွဲဆောင်မှုတွေအားများသည်။

မင်းခေနွေး၏ မျက်နှာချော့ချောနှင့်အသွင်သည် တည်သည်။ ငြိမ်သည်။ အေးစက်သည်။ ခမ်းနားသည်။ ခန့်ညားသည်။ ဓပတ်ကျသည်။ စတိုင်လ်မိသည်။ ချောမောမှုကဖြင့်ဆိုဖွယ်မရှိ။

"မိန်အေး..ခင်ဗျား သူတို့ကို ဒီလာဖို့ချိန်းထားတာ သေ





ချာတယ်နော်..."

"သေချာပါတယ် သူဌေး၊ မယုံရင် သူဌေး ဖုန်းဆက်ကြည့်ရှင်ရပါတယ်..."

"အင်း..ကိုယ် ဖုန်းဆက်ကြည့်လိုက်ရင် ကောင်းမယ်ထင်တယ်..."

မင်းခေနွေးဆိုရင်း လက်ထဲရှိဟန်းဖုန်းလေးကိုကြည့်ပြီး နံပါတ်တွေနှိပ်လိုက်သည်။

သည့်နောက် တစ်ဖက်မှဖုန်းအကိုင်ကို စောင့်ရင်း မင်းခေနွေးသည် လက်တစ်ဖက်ဘောင်းဘီအိတ်ထဲ နှိုက်ကာကျန်တစ်ဖက်က ဖုန်းကိုနားတွင်ကပ်ထားရင်း ဟို..ဒီလျှောက်နေလိုက်၏။

မင်းခေနွေး၏အသွင်သည် လွန်စွာမှကြည့်ကောင်း၍နေတော့သည်။

တစ်သက်နှင့်တစ်ကိုယ်၌ ယောကျ်ားတစ်ယောက်သည် ထိုမျှလောက်ဆွဲဆောင်မှုအားကောင်းသည်ကို ဒေါ်ခင်မာဖြူတစ်ယောက် မမြင်ဖူးခဲ့...။

ဒေါ်ခင်မာဖြူပင် ထိုယောကျ်ားအား သတိလက်လွှတ်ငေးမောကြည့်ဖြစ်သွားရလေသည်။

ထိုယောကျ်ားအား တွေ့ရခိုက် ဒေါ်ခင်မာဖြူ၏ ပြင်းထန်



www.burmeseclassic.com

www.burmeseclassic.com



ဖုံးလွှမ်းနေသောမာန်တွေ၊ မာနတွေပင် ဘယ်ဆီတွေပြေးပျောက်ကုန်သည် မသိတော့အောင်ပါ…။

ပြီးတော့ သူ့စကားသံကိုလည်း ဒေါ်ခင်မာဖြူ ကြားလိုက်ရသည်။ သြဇာနှင့်ပြည့်ဝပြီး စေးပိုင်နေသောစကားသံအား ကြားမိရခိုက်၌ ဒေါ်ခင်မာဖြူ၏ရင်ဝယ် စွဲမြဲ့သွားလိုက်ရသည် အထိ ဖြစ်ရ၏။

"သြော်..ခင်ဗျား ခုပဲထွက်လာပြီလား၊ ကောင်းပြီ..ဒါဆို ကိုယ့်ရဲ့ရုံးခန်းထဲဝင်ပြီးစောင့်နေမယ် ဟုတ်ပြီလား၊ အဟွန်း..ဟွန်း"

ဖုန်းပြောရင်း ဘာရယ်မဟုတ်သလို၊ မင်းခနွေးသည် ချောမွေ့ခန့်ညားသောအပြုံးတွေနှင့် ဒေါ်ခင်မာဖြူထံ အကြည့်တစ်ချက်ရောက်သယောင် ရှိသွားသည်။

ဒေါ်ခင်မာဖြူ၏ရင်သည် သိသိသာသာကြီးကို တုန်ခုန်သွားလိုက်ရလေ၏။

အိုး..ဒီလူက တော်တော်ချောတဲ့လူပဲ၊ ယောကျ်ားပီသလိုက်တာ၊ သူ စကားပြောတာက တစ်ခွန်းချင်းနဲ့ဆွဲဆောင်မှုအပြည့်ပဲ…

ပြီးတော့ သူ့မျက်လုံးအကြည့်တွေက အေးစက်စက်နဲ့ ရှုံးလက်လက်မျိုးရှိတယ်၊ သူ့အပြုံးကလည်း အရမ်းဆွဲဆောင်တာပဲ၊ အိုး..ပြောရရင် သူ့တစ်ကိုယ်လုံးမှာ အားတွေအများကြီးရှိနေ





သလိုပဲ…

ဟုတ်တယ်..ဘယ်သူဖြစ်နိုင်မလဲ၊ ဒီယောကျ်ားကိုတွေ့တဲ့သူတိုင်း ငါ့လိုပဲမှတ်ချက်ချကြရမှာပဲ…

ကြည့်ပါဦး..သူ ပြုံးတဲ့အပြုံးနဲ့သူ ကြည့်တဲ့အကြည့်မျိုးက ထေ့ပြီးပဲပြုံးပြုံး၊ ခွေပြီးပဲပြုံးပြုံး၊ ထေ့ပြီးပဲကြည့်ကြည့်၊ ခွေပြီးပဲကြည့်ကြည့် ဟန်ပါတယ်၊ မာန်ပါတယ်၊ ဟန်ထည်တယ်၊ မာန်ထည်တယ်…

သူ တကယ့်ချော၊ တကယ်ခန့်၊ တကယ်ကြည့်လို့ကောင်းလိုက်တာ၊ တကယ်ဆွဲဆောင်မှုအားပြင်းတဲ့လူပဲ…

အလုပ်သမားနှစ်ယောက်၊ ကားထဲပစ္စည်းတွေသွားထည့်ပြီး ကားသွားယူနေဆဲအချိန်များ၌ ဒေါ်ခင်မာဖြူတစ်ယောက် မကြုံဖူး၊ မဖြစ်ဖူး၊ မတွေ့ဖူးသောအတွေးတွေနှင့် သတိကင်းမဲ့သူနှယ် ရှိနေဆဲ…

မင်းခနွေးသည် ဖုန်းဆက်ပြီး၍ ဖုန်းလေးကိုပိတ်ပြီး (…)မားကက်ကြီးအတွင်းသို့ဝင်ရန် တစ်လှမ်းချင်းလှမ်းလာခဲ့လေ၏။

အိုး..သူ..သူ လာနေပြီ၊ ဒီလောက်တောင်ပဲ ဆွဲဆောင်မှုစွမ်းအားကြီးမားတဲ့ယောကျ်ားပါလား…

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်မာဖြူတစ်ယောက် ရင်တွေခုန်ကာ ရင်ဝယ်မှတ်ချက်တွေချနေဆဲ၊ မင်းခနဌေးသည် ဒေါ်ခင်မာဖြူနှင့်အနီးဆုံးမှ ကပ်ကာကျော်ဖြတ်၍ မားကက်ထဲသို့ လှမ်းဝင်သွားလိုက်လေပြီတည်း...။

အိုး..ချောလိုက်တဲ့လူ၊ ခန့်လိုက်တဲ့လူ၊ ဆွဲဆောင်မှုကောင်းလိုက်တဲ့လူ၊ အိုး..ငါ့ရင်တွေခုန်လိုက်တာ...

ဒေါ်ခင်မာဖြူကား မိမိ၏ကားရောက်လာသည်ကိုပင် သတိထားမိနိုင်အောင် မင်ခနဌေးကြောင့် စိတ်တွေလှုပ်ရှားကာ ကတုန်ကရင်ကြီးနှယ် ဖြစ်ကျန်နေခဲ့ရတော့သည်တကား...။

အဟွန်း...

မားကက်အတွင်းရှိ တစ်နေရာတွင်ကား မင်းခနဌေးသည် ဘောင်းဘီအိတ်ထဲ လက်နှစ်ဖက်ကိုနှိပ်ကာ ဒေါ်ခင်မာဖြူ၏အဖြစ်အား လှမ်းကြည့်ရင်း တစ်ကိုယ်တည်းကျေနပ်စွာနှင့် ပြုံးဟဟအသွင်ရှိနေရပါသတည်း...။

မှန်သည်။ တပည့်များအား စုံစမ်းခိုင်းထားပြီး၍ မင်းခနဌေးသည် တပေါင်းကုမ္ပဏီပိုင်ရှင် ဒေါ်ခင်မာဖြူ၏အကြောင်းများအလုံးစုံကိုပါ ၏၊ သည်၊ ၍မကျန် သိထားပြီးသားဖြစ်၍...

သည်ကနေ့ သည်နေရာတွင် ဒေါ်ခင်မာဖြူတစ်ယောက် မိမိအားသတိထားမိစေရုံမျှ တမင်အကွက်ဆင်စတန့်ထွင်လိုက်သည်



မှာ မိမိထင်ထားသည်ထက်ပင် ပို၍အားရကျေနပ်စရာဖြစ်သွားရတော့သည်တကား...။

မားကက်ကြီးထဲတွင် မင်းခနဌေးတစ်ယောက် တစ်ကိုယ်တည်း အားရကျေနပ်နေဆဲအချိန်၌ပင်၊ အိမ်ပြန်ခဲ့ပြီဖြစ်သည့် ဒေါ်ခင်မာဖြူသည်လည်း လမ်းတစ်လျှောက်၌ မင်းခနဌေး၏ အသွင်ကိုသာ မဖျောက်ဖျက်နိုင်အောင် မြင်ယောင်စွဲလမ်းနေဖြစ်ရင်း...

"ဟော့..ဒီမှာ မင်းတို့ကိုမေးစရာရှိတယ်..."

"ဗျာ..ဟုတ်ကဲ့ သူဌေး မေးပါ..."

"မင်းတို့သတိထားမိလိုက်လား မသိဘူး၊ ဟို..ရပ်လာတဲ့ကား..."

"ဩော်..သူဌေးပြောတာ မဟာခနေသူရကုမ္ပဏီလီမိတက်က သူဌေး ဦးမင်းခနဌေးကိုပြောတာမဟုတ်လား..."

"ဟင်..အဲဒီလူက မဟာခနေသူရကုမ္ပဏီကဟုတ်လား၊ သူ့နာမည်က မင်းခနဌေးဟုတ်လား..."

"ဟုတ်ပါတယ် သူဌေး၊ ဘာဖြစ်လို့လဲ ကျွန်တော်တို့ဘာဆောင်ရွက်ပေးရမလဲခင်ဗျာ..."

"အင်း..ဒါကြောင့် ငါလည်းထင်တော့ထင်သားပဲ၊ ဒီလူ့ကိုကြည့်ရတာ တစ်ခုခုတော့တစ်ခုခုပဲလို့၊ လက်မသိပ်တော့



www.burmeseclassic.com

www.burmeseclassic.com



သူက မဟာနေသူရကုမ္ပဏီကြီးကကို…

အတော်ပဲ၊ ငါလည်း စဉ်းစားနေတာ၊ မဟာနေသူရလို အင်းအားကြီးမားတဲ့ကုမ္ပဏီကြီးနဲ့ငါတို့ ကုမ္ပဏီကိုပူးပေါင်းလုပ်မယ်ဆိုရင် အလားအလာတွေအရမ်းကောင်းလာမယ်…"

"ဟော့··ဒီမှာ…"

"ဟုတ်ကဲ့၊ သူဌေးပြောပါခင်ဗျာ…"

"မန်နေဂျာကိုပြောလိုက်ပါ၊ ဦးမင်းခနေဒွေးဆီကို ဆက်သွယ်လိုက်ပါလို့၊ စနေနေ့ညစာစားဖို့ တပေါင်းကုမ္ပဏီသူဌေးက ဖိတ်ပါတယ်လို့၊ ဟုတ်ပြီလား…"

"ကောင်းပါပြီ သူဌေး…"

ဒေါ်ခင်မာဖြူရင်ထဲ လှုပ်ခတ်ကြည်နူးသွား၏။ တကယ်တော့ တပေါင်းကုမ္ပဏီပိုင်ရှင် ဒေါ်ခင်မာဖြူဆိုသည့် အမျိုးသမီးကလည်း တကယ့်အာဂအမျိုးသမီး…။

ဒေါ်ခင်မာဖြူ စိတ်ဓာတ်က အမျိုးသမီးတန်မဲ့ ကြမ်းသည်။ ရမ်းသည်။ တစ်ကိုယ်ကောင်းဆန်သည်။ အတ္တကြီးသည်။ ခွဲနဘဲကြီးသည်။ လိုချင်သည့်အရာတိုင်း မရ၊ရသည့်နည်းနှင့် ရအောင်ယူတတ်သည်။

စိတ်ဝင်စားသည့်အရာတိုင်း မဖြစ်ဖြစ်သည့်နည်းနှင့် ရအောင်ယူသည်။ တစွတ်ထိုး၊ တဇောက်ကန်းစိတ်ရှိသည်။





မာန်မာနတွေလွှမ်းမိုးထားသည့် အမျိုးသမီးပီပီ၊ အရာရာနေရာတကား၊ နိုင်ထက်စီးနင်းနိုင်လိုမင်းထက် စိတ်ဓာတ်တွေရှိ၏။

မှန်သည်။ လောကတွင် ကိုယ့်အပေါ်တွင်မရှိရ၊ ကိုယ့်လက်အောက်တွင်သာ ရှိရမည့်စိတ်ဓာတ်၊ ဘာမဆိုလိုချင်သည့်အရာမှန်သမျှမရ၊ရအောင်ယူတတ်၊ လုပ်တတ်သည့်စိတ်ဓာတ်၊ ဇမ္ဗူတွင်တစ်လူ ဖြစ်လိုသည့်စိတ်ဓာတ်ကြီးရှိသူ မင်းနေဒွေးနှင့်…

မာန်မာနတွေလွှမ်းမိုးနေသည့်စိတ်၊ တစ်ကိုယ်ကောင်းဆန်သည့်စိတ်၊ အတ္တကြီးသည့်စိတ်၊ လိုချင်တာလုပ်ချင်တာတွေမှန်သမျှ ရအောင်လုပ်တတ်သည့်စိတ်ဓာတ်မျိုးရှိတတ်သည့် ဒေါ်ခင်မာဖြူလို အမျိုးသမီးတို့၏ ရှေ့လျှောက်အနေအထားတွေကဖြင့် စိတ်ဝင်စားစရာတွေပင် ဖြစ်နေတော့သည်မဟုတ်ပါတကား။



www.burmeseclassic.com

www.burmeseclassic.com

- လေး -

အမျိုးသားရေကူးကန်တွင်ဖြစ်သည်။ တပေါင်း၏ ရေကူးရေငုတ်နှင့်ဒိုင်ပင်ထိုးစံချိန်တွေကဖြင့် နေ့စဉ်လေ့ကျင့်မှုတွေကြောင့် လွန်စွာတိုးတက်နေရလေ၏။

တပေါင်းစိတ်ဝင်စားဆုံး အားကစားကဖြင့် ရေကူးခြင်းပင်၊ သို့သော်လည်း ရံဖန်ရံခါတော့ တပေါင်း ဘီလိယက်ထိုးသည်။ ကြက်တောင်ရိုက်သည်။

အချိန်မှန်ရေကူးပြီးနောက် တပေါင်းသည် အဝတ်လဲခန်း





သို့ လှမ်းခဲ့သည်။ အဝတ်လဲပြီးနာရီ ဆီတစ်ချက် တပေါင်းကြည့်သည်။

"အတော်ပဲ၊ ငါ ဒီအချိန်လောက် ဒီကထွက်သွားမယ်ဆိုရင် ကျွန်းလည်း ရောက်လာမှာနဲ့အကိုက်ပဲ၊ ကျွန်း မစောင့်ရအောင် ငါ မြန်မြန်သွားမယ်..."

အတွေးနှင့်အဝတ်တွေလဲပြီး အမျိုးသားရေကူးကန်မှ တပေါင်း ထွက်ခဲ့လိုက်သည်။

တပေါင်းတစ်ယောက် ရေကူးကန် မှထွက်လာနေဆဲအချိန်များ၌...

ကျွန်းသည်လည်း သူငယ်ချင်းနှင့်စာကျက်ပြီး၍ စာအုပ်တွေကိုသိမ်းဆည်းကာ နာရီလေးဆီတစ်ချက်ကြည့်ဖြစ်ရင်း...

"ခင်စုရေ ဒီနေ့တော့ ငါ နည်းနည်းစောစောပြန်လိုက်မယ်နော်၊ ချိန်းထားတဲ့သူတစ်ယောက်ရှိသေးလို့..."

"ဟင်..ဟုတ်လား၊ ဘယ်သူလဲ၊ ကျွန်း..နင် ရည်းစားရပြီလား...."

ခင်စုအမေးတွင် ကျွန်း ပြုံးရင်းစဉ်းစားသည်။

"ကျွန်း ပြောလေ၊ ဘာပြုံးနေတာလဲ..."

"နင် မေးတော့ ငါ ရယ်ချင်တယ်လေ၊ ငါ့ကိုယ်ငါတောင် ဘာမှန်းမသိသေးဘူး..."



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုသေချာတော့မယ်၊ နင် အခုသွားတွေ့မှာ ယောကျ်ားလေးမဟုတ်လား..."

အင်း...

"နာမည်ဘယ်လိုခေါ်လဲ..."

"သူ့နာမည်က တပေါင်းတဲ့..."

"တပေါင်း..နာမည်လေးက ဆန်းသယောင်ယောင်၊ ကဲ..ဆက်ပြောဦးလေ၊ သူက ဘာလုပ်လဲ၊ ကျောင်းသားလား၊ ဘယ်ကလဲဆိုတာ..."

"ဟုတ်တယ်..ကျောင်းသား၊ အားကစားသမား၊ သူက အင်ဂျင်နီယာကျောင်းသား၊ ကျောင်းပြီးခါနီးပြီ၊ သူ့အမေက ကုမ္ပဏီလုပ်ငန်းလုပ်တယ်....

တပေါင်းကုမ္ပဏီဆိုတာ သူ့အမေကုမ္ပဏီပဲတဲ့၊ သူက ငါ့ထက်အသက်နည်းနည်းကြီးတယ်၊ ပြီးတော့ သူ ပြောသေးတယ်၊ သူ့အဖေနဲ့အမေကကွဲနေတယ်တဲ့..."

"ဪ..ဟုတ်လား၊ သူ့အကြောင်းတွေတောင် နင် တော်တော်သိနေပုံထောက်တော့၊ နင်နဲ့သူနဲ့ခဏခဏတွေ့နေကြတယ်ထင်တယ်၊ ဟုတ်လား..ကျွန်း..."

"ခဏခဏတော့မဟုတ်ပါဘူးဟယ်၊ အခု ဒီတစ်ခါမှ လေးခါပဲရှိသေးတယ်၊ သူက ငါ့အပြန်လမ်းမှာလာလာပြီး စောင့်





နေတာကိုး၊ တွေ့တော့တာပေါ့..."

"ဒါဆိုသေချာပြီ၊ အဲဒီ တပေါင်းက နင့်ကိုကြိုက်နေပြီဆိုတာ..."

ခင်ရ စကားတွေမှန်သည်ဟု ကျွန်း စိတ်တွင်ထောက်ခံနေမိသည်။

သို့သော်လည်း ဒီကနေ့အထိတော့ ရိုးရိုးသားသားပင် ရှိသေးသည်ကအမှန်ပါ...။

"ကျွန်း..."

"ဟင်..."

"နင် နည်းနည်းတော့သတိထားနော်၊ နင့်အဖေကလည်း စည်းကမ်းကြီးတာနဲ့၊ စိတ်လည်းကြီးတာနဲ့..."

"အင်း..ဟုတ်တယ်၊ ဒါပေမဲ့ ငါတို့က ခုထိ သူငယ်ချင်း ပါဟယ်..."

"နင့်အဖေ စိတ်ကြီးလွန်းလို့ ငါက ပြောတာပါ..."

"အေးပါဟယ်၊ ကဲ..ငါ သွားမယ် သူငယ်ချင်း၊ သူ စောင့်နေတော့မယ်..."

"အေး..ကောင်းပြီ သူငယ်ချင်း..."

စကားအဆုံး သူငယ်ချင်းကို နှုတ်ဆက်ပြီးထွက်ခဲ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ချိန်းထားသည့်နေရာနှင့် ကျွန်းက ပို၍နီးသည်မို့ အေးဆေးစွာပင် ကျွန်း လမ်းလျှောက်ခဲ့သည်။

မကြာလိုက်၊ တအောင့်ခန့်ကြာသည်တွင် ရောက်လာခဲ့သည်။

ကျွန်းနှင့်တပြိုင်တည်းပင် တပေါင်း မောင်းလာသည့်ကားလေးသည်လည်း ရောက်လာခဲ့၏။

"ဟယ်..ဟိုမှာ သူ့ကားလည်းရောက်လာပြီ..."

"ဟော..ဟိုမှာ ကျွန်းလည်း ရောက်လာပြီ၊ အတော်ပဲ"

"အဟင်း..."

"အဟွန်း..."

ဘာပြောရမှန်းမသိသလို၊ စကားတွေပြောရခက်နေသလို ဖြစ်နေ၍ သူတို့နှစ်ယောက် တစ်ယောက်နှင့်တစ်ယောက် အပြုံးချောချောတွေဖြင့်သာ နှုတ်ဆက်လိုက်၏။

"ဟို..ကိုယ်ကလေ ကျွန်း စောင့်နေရမှာကိုစိုးနေတာ"

"အဟင်း..ကျွန်းလည်း ဒီလိုပဲ..."

"လာ..ကျွန်း၊ တစ်ခုခုစားရင်း စကားပြောတာပေါ့..."

"ဟင်အင်း..ကျွန်း မဆာဘူး..."

"ကိုယ်လည်း မဆာပါဘူး၊ ဒါဆို ဟိုသစ်ပင်ရိပ်ကလေးမှာအအေးသောက်ရင်း စကားပြောမယ်နော်..."





ဆိုရင်း မေးလျှော့တာလား၊ ယုယတာလားမဆိုနိုင်၊ ကျွန်းလက်ကလေးကိုဆွဲခေါ်ရင်း သစ်ပင်အောက်တွင်ရှိသည့် စားပွဲဆီသို့ လှမ်းသွားလိုက်လေ၏။

"ကျွန်း..."

"ရှင်..."

"ကျွန်းလည်း စာမေးပွဲဖြေရခါနီးပြီနော်..."

"ဟုတ်တယ်..."

စားပွဲတွင်ထိုင်ဖြစ်ရင်း သူတို့စကားတွေဆိုဖြစ်ကြသည်။ သူတို့စကားဆိုဆဲ စားပွဲထိုးလေးက အအေးပုလင်းလာချပေးသည်။

နှစ်ဦးသား အအေးသောက်ရင်း ရင်တွေခုန်ရင်းဖြင့် စကားတွေတောင်ရောက်မြောက်ရောက် ဆိုဖြစ်ကြ၏။

"ကိုတပေါင်းက အခုဘယ်မှာရေသွားကူးတာလဲဟင်"

"ကိုယ်က ရေကူးကန်ရှိတဲ့နေရာတိုင်းကူးတာပဲ၊ ဒါနဲ့ ကျွန်းနေတာက ဘယ်မှာလဲဟင်၊ ကိုယ်က ကိုယ့်အကြောင်းတွေကို ကျွန်းကို အားလုံးပြောပြထားတယ်၊ ကျွန်းကတော့ ကိုယ့်ကို ဘာမှ မပြောပြသေးဘူး..."

"ကျွန်းအကြောင်းကို သိချင်တယ်ပေါ့..."

"အင်း..."

"ဘာဖြစ်လို့သိချင်တာလဲ..."



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ဝင်စားလို့ပေါ့ ကျွန်းရယ်..."

"ရှင်..."

"ဟိုး..စိတ်မဆိုးပါနဲ့ ကျွန်းရယ်၊ ကဲလေ..မထူးပါဘူး၊ ကိုယ် ကျွန်းကို စိတ်ဝင်စားနေတာ ကျွန်းကို စ,တွေ့တဲ့နေ့ကတည်းကပဲ..."

အိုး...

"စိတ်ဆိုးသွားပြီလားဟင်..."

"စိတ်တော့မဆိုးပါဘူးလေ..."

"ဝမ်းသာလိုက်တာ၊ ဒါဖြင့် စိတ်မဆိုးရင် ကိုယ့်ကို..."

"အိုး..မဟုတ်သေးဘူး၊ ကျွန်း အကြောင်းကို ကျွန်း ပြောပြဦးမယ်..."

"ပြောပါ ကျွန်း၊ ကိုယ် သိချင်ပါတယ်..."

"ကျွန်းဖေဖေက လက်ဖက်ရည်ဆိုင်ရောင်းတယ်၊ ပြီးတော့ ဖေဖေက အရမ်းစည်းကမ်းကြီးသလို၊ စိတ်လည်းကြီးတယ်၊ ဖေဖေက ကျွန်းကို ယောကျ်ားလေးမိတ်ဆွေတောင် ထားတာမကြိုက်ဘူး..."

"သြော်..ကျွန်းရယ်၊ ဒါကတော့ လူဆိုတာအရွယ်ရောက်လာရင်..."

"မိကျွန်း..."





"ဟင်..အို..အို ဖေ..ဖေဖေ..."

"တော်တော်လိမ္မာတဲ့သမီး၊ နင် လာစမ်း၊ အခု ပြန်လိုက်ခဲ့..."

ကျွန်း စကားပင်မဆုံးသေး၊ ကျားဟိန်းသလိုဟိန်းထွက်လာသည့် ဖေဖေ့အသံအား မမျှော်လင့်ဘဲ ကျွန်း ကြားလိုက်ရ၍ သွေးပျက်မတတ်ပင် လန့်ဖြန့်သွားလိုက်ရလေ၏။

တစ်ဆက်တည်းပင်လည်း ဦးစက်ဝင်းသည် သမီးချောလက်ကိုပါဆွဲခေါ်သွားလိုက်လေ၍ တပေါင်းပင် မှင်သက်သလိုကြောင်ငေးကာ ကျန်ရစ်ခဲ့ရပါတော့၏။

× × × × ×

ရွှန်း..ရွှန်း..ရွှန်း...

"အား..အား..အား အမောင့်..ဟင့်..ဟင့်..."

ရွှန်း..ရွှန်း..ရွှန်း...

"အား..အား အမောင့်..ဟင့် ဖေဖေ သမီးကိုအသေသတ်ပစ်လိုက်ပါတော့..."

"အေး..နင့်ကိုသတ်မယ်..သတ်မယ်၊ အရှက်မရှိတဲ့ မိန်းကလေး..."



www.burmeseclassic.com

www.burmeseclassic.com



"အဟင့်..ဟင့် ဖေဖေ သမီးကဘာအရက်မရှိတာလုပ်နေလို့လဲ၊ မိတ်ဆွေသူငယ်ချင်းနဲ့စားသောက်တာ မရှိရတော့ဘူးလား၊ အဟင့်..ဟင့်..ဟင့်..."

"မရှိရဘူး၊ နင့်ကို ငါ ဘယ်လိုသင်ထားလဲ၊ ကျောင်းမပြီးသရွေ့ နင် ယောကျ်ားလေးမိတ်ဆွေ မထားရဘူးလို့..."

"အစ်ကိုကြီးရယ် စဉ်းစားပါဦး၊ ကျောင်းနေတာပဲ ယောကျ်ားလေးသူငယ်ချင်းတော့ ရှိရမှာပေါ့..."

"တိတ်စမ်း မိသက်ဝင်း၊ နင် ဒီလိုကာစီးနေလို့ နင့်တူမ ကမ်းတက်နေတာ..."

"အစ်ကိုကြီး ကျွန်းဟာ အရွယ်ရောက်နေတဲ့ မိန်းကလေးပါ၊ မနက်ဖြန်သဘက်ဆိုသလိုတောင် ဘွဲ့ရတော့မယ့်ကလေးတစ်ယောက်ကို အစ်ကိုကြီး ဒီလောက်ချုပ်ချယ်တာတော့ မကောင်းပါဘူး..."

"မိသက်ဝင်း..ငါ ဆုံးမနေတာကို နင်က အားပေးအားမြှောက်လုပ်နေတာလား၊ အေး..ဒီမှာ ငါ့အိမ်မှာနေရင် ငါ့စည်းကမ်းကို လိုက်နာနိုင်ရမယ်၊ ငါ့စည်းကမ်းကို လိုက်မနာနိုင်ရင် ငါ့အိမ်ပေါ်ကဆင်းကြ၊ အခုဆင်းကြ..ဆင်း..."

ဒါဆိုဒါ စိတ်ဓာတ်ကတိကျသလောက်၊ ဒေါသကြီးလွန်းသည့် ဦးစက်ဝင်းသည် အသားပင်ဆတ်ဆတ်တုန်နေရသည်။





"အခုဆင်းလေ၊ ငါ့စည်းကမ်းအတိုင်းမနေနိုင်ကြရင် အခုဆင်းသွားကြ၊ သွားကြလေ..."

ကျွန်းသည် မျက်ရည်တွေကိုသုတ်ရင်း ဖခင်ထံကြည့်လိုက်သည်။ ဖခင် ဦးစက်ဝင်းက မွေးထားသည့်သမီးမို့ ဖခင်စိတ်ဓာတ်မျိုးလည်း ကျွန်းတွင် ရှိသည်ပါ...။

"ကောင်းပြီ ဖေဖေ၊ ကျွန်း ဆင်းသွားမယ်..."

"အို..သမီး ကျွန်း..."

ကြားလိုက်ရသည့်စကားကြောင့် ဒေါ်သက်ဝင်း အလန့်တကြားဟာန့်ဖြစ်သည်။

"ကျွန်းကို မတားပါနဲ့တော့ ဒေါ်လေး၊ ကျွန်းကို ဘယ်တော့မှနားလည်မှုမရှိတဲ့ ဖေဖေ့ရဲ့အိမ်မှာ ကျွန်း မနေချင်တော့ပါဘူး...

ငယ်ငယ်ကတည်းက ဆိုရိုက်ခံခဲ့ရတဲ့ကျွန်းဟာ အမြဲစဉ်းစားတယ်၊ ကျွန်းဟာ ဖေဖေ့သမီး အရင်းမှဟုတ်ရဲ့လားဆိုတာ...

ကျွန်း သွားမယ်၊ ကျွန်း ကိုယ့်ခြေထောက်ပေါ်မှာ ဖြစ်တဲ့နည်းနဲ့ ကျွန်း ကြိုးစားရပ်တည်မယ်..."

"အေး..ဆင်း..ဆင်း၊ ဆင်းပြီးရင် ငါ့အိမ်ပေါ်ပြန်တက်လာဖို့တော့ ဘယ်တော့မှစိတ်မကူးနဲ့၊ ဆင်း..သွား..အခုသွား..."



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ ဖေဖေ၊ ကျွန်း အခုသွားပါ့မယ်၊ ကျွန်း ကြိုးစားသွားမယ်၊ ဘယ်တော့မှ ဖေဖေ့ အိမ်ပေါ်ကိုပြန်မတက်လာ တော့ဘူးလို့လည်း ကတိပေးတယ်..."

စကားအဆုံး ကျွန်း တံခါးပေါက်ဆီသို့ မျက်နှာမူလိုက်သည်တွင် အပြင်တွင်မိုးတွေရွာနေသည်ကို တွေ့လိုက်ရ၏။ အချိန်မဟုတ်ရွာသည့်မိုးကြောင့် ကျွန်း ကံဆိုးတာပဲလားဟုလည်း တွေးဖြစ်သည်။

သို့သော် မည်သို့ဖြစ်စေ ကျွန်းလည်း ဆုံးဖြတ်ပြီးပြီ၊ ကျွန်း စိတ်ကလည်းပြတ်ပြီးသားပါ။ နောက်သို့တစ်ချက် လှည့်မကြည့်တော့၊ အိမ်ထဲမှ ကျွန်း ထွက်သွားလိုက်တော့သည်။

"သမီး ကျွန်း..."

ဒေါ်လေးက လိုက်ခေါ်သော်လည်း ကျွန်း လှည့်မကြည့်တော့၊ ဦးစက်ဝင်းကား ဒေါသဖြင့်နီရဲနေသည့်မျက်လုံးကြီးတွေဖြင့် ကျွန်း နောက်ကျောလေးဆီ ရူးစိုက်ကြည့်ကျန်ရစ်ခဲ့လေ၏။

မိုးရွာကတည်းကပင် ကျွန်း ထွက်ခဲ့လိုက်သည်။ ကျွန်း တစ်ကိုယ်လုံး မိုးရေတွေစိုရွှဲသွား၏။ ခြေဦးတည့်ရာပင် ကျွန်း လျှောက်ခဲ့သည်။ ကျွန်း မျက်နှာလေးတွင်မတော့ မျက်ရည်တို့သည် မိုးရည်တို့ဖြင့်ရောနှောနေတော့၏။

ကိုယ်နှင့်စိတ်ကင်းကွာကာ မျက်ရည်တို့နှင့်ခြေဦးတည့်ရာ





လျှောက်နေဆဲ၊ ကားလေးတစ်စီးသည် ကျွန်းအနီးတွင် ညင်သာစွာ ရပ်သွားလေ၏။ ကျွန်းကား ဘာကိုမှမမြင်၊ မသိ၊ သတိလည်း မထားမိ...။

"ကျွန်း..ကျွန်း..ကျွန်း..."

"ဟင်..ဩော်..."

ကျွန်းလက်ကလေးဆီ တပေါင်း ဆွဲခေါ်လိုက်လေမှ ကျွန်းသည် ကိုယ်နှင့်စိတ်သူးပေါင်းမိကာ တပေါင်းကို မြင်ဖြစ်တော့၏။

"ကျွန်း ကားပေါ်တက်ပါ..."

"ဟင့်အင်း..ကျွန်းကို မခေါ်ပါနဲ့..."

"ကျွန်း ကိုယ့်ကိုအထင်မလွဲပါနဲ့ကွယ်၊ မိုးတွေဒီလောက်ရွာနေတာ ကြာရင် ကျွန်း ဖျားသွားမှာပေါ့၊ ကားပေါ်တက်ပါ ကျွန်း၊ ကိုယ် ခတောင်းပန်ပါတယ်၊ ကျွန်း သွားချင်တဲ့နေရာကို ကိုယ် လိုက်ပို့ပါ့မယ်..."

ကျွန်း လက်ကိုဆွဲကာ မရမက တပေါင်း ခေါ်တော့မှ ကျွန်း ကားပေါ်ရောက်သွားသည်။

"ကဲ..ပြော ကျွန်း၊ ကျွန်း ဘယ်သွားချင်လဲ..."

"ကိုယ့်အိမ်ကို လိုက်ခဲ့မလားဟင်..."

"ဟင့်အင်း..မဖြစ်ဘူး၊ ဖေဖေက ယောကျ်ားလေးတွေနဲ့ ပတ်သက်ပြီး ကျွန်းကို သိပ်အထင်သေးနေတာ၊ ကျွန်း မနေနိုင်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်းရဲ့စိတ်ခံစားချက်တွေ ဘယ်လိုရှိတယ်ဆိုတာ တစ်နေ့ ဖေဖေ သိစေဖို့ ကျွန်း ပြရမယ် ကိုတပေါင်း…"

"ပြောပါ ကျွန်း…"

"ကျွန်းကို ကျေးဇူးပြုပြီး ကျွန်း စာသွားကျက်နေတဲ့ သူငယ်ချင်း ခင်ခင်စုအိမ်ကိုပဲ ပို့ပေးပါနော်…"

"ကောင်းပါပြီ ကျွန်းရယ်၊ ကိုယ့်ကို တကယ်ယုံကြည်မှု ရှိကယ်ဆိုရင်၊ ဘာမဆို ကျွန်း ကိုယ့်ကိုတိုင်ပင်ပါနော်၊ ပြီးတော့ အခက်အခဲတွေရှိရင်လည်း ကိုယ် ကူညီပါရစေ၊ ကိုယ့်ကိုပြောပါ နော် ကျွန်း…"

"ဟုတ်ကဲ့ပါ၊ ကျွန်းကို အားပေးတာ ကျေးဇူးတင်ပါ တယ်ရှင်…"

"ကျွန်းရယ် ခုလိုဖြစ်တာ ကိုယ့်ကြောင့်ပါ၊ ကိုယ် စိတ် မကောင်းဘူးကွယ်…"

"ဒီလိုမဟုတ်ပါဘူးလေ၊ ဒီဆိုင်က ကျွန်းတို့ မုန့်တွေ အမြဲပို့နေတဲ့ဆိုင်ပါ၊ ကျွန်းတို့ မုန့်တွေပို့နေတဲ့ဆိုင်က အများကြီး ပဲလေ၊ ဖေဖေ ကြွေးလာသိမ်းရင်း တွေ့သွားတာ၊ တိုက်ဆိုင်မှုပါ ရှင်…"

"တိုက်ဆိုင်မှုကလည်း အဖြစ်ဆိုးလိုက်တာကွယ်၊ ကိုယ် လုံးဝစိတ်မကောင်းဘူး…"





"မေ့လိုက်ပါတော့ရှင်၊ ကျွန်းကတော့ အားလုံးကိုမေ့ပြီး ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်ဖို့အတွက် ကြိုးစားရတော့ မယ်…"

"ကိုယ့်တစ်ယောက်ကိုတော့ မမေ့လိုက်ပါနဲ့ ကျွန်းရယ်၊ ကိုယ် တောင်းပန်ပါတယ်နော်၊ ကိုယ် ကျွန်းကို ကူညီမယ်၊ ကျွန်းနဲ့ ကိုယ် အမြဲလာတွေ့မယ်နော်…"

"အမြဲတော့မလာပါနဲ့၊ ကိုတပေါင်းရယ်၊ ကျွန်းက စာမေး ပွဲရှိသေးတယ်လေ…"

"စာမေးပွဲပြီးရင်ကော…"

သက်မမောလေးချကာ ကျွန်း နှုတ်ဆိတ်သွား၏။ တပေါင်းကား နုပျိုသောအပြုံးချောချောလေးဖြင့် ကြည်နူးကျေနပ် စွာ ကားလေးအားဆက်မောင်းခဲ့လေ၏။ ။

ဝဝဝဝဝဝ



www.burmeseclassic.com

www.burmeseclassic.com

# - ငါး -

(…)ဟိုတယ်၊ ဒုတိယထပ်ရှိ အခန်း၏ထောင့်တစ်နေရာ နှစ်ယောက်ထိုင်စားပွဲတစ်ခုတွင်မတော့…

စမတ်ကျသော၊ စတိုင်လ်မိသော၊ ယောက်ျားပီသချော မောခန့်ညားသော၊ သပ်ရပ်ခန့်ထည်သော တစ်ကိုယ်လုံးတွင် အေးစက်မှုနှင့်ဆွဲဆောင်မှုတွေ အပြည့်ရှိသော တစ်ကိုယ်လုံးတွင် ထည်ဝါသောဟန်သွင်အပြည့်ရှိသော မြင်သူတကာငေးမောအားကျ နှစ်သက်သွားရသည့် ပျိုးတိုင်းကြိုက်သည့် နှင်းဆီခိုင်ကြီးဖြစ်သော မင်းခနဋ္ဌေးနှင့်…

ပြင်တတ်၊ ဆင်တတ်၊ ဝတ်တတ်စားတတ်၍ ရွက်ကြမ်းရည်ကျိုရုပ်ရည်သည့် တစ်ဆင့်သာနေရပြီး ပစ္စည်းဂုဏ်၊ မာနဂုဏ်





တွေသည်းသည်းလှုပ်၍ တစ်ကိုယ်လုံးတွင် လွှမ်းနေသော ဒေါသကြီး၊ စိတ်ကြီး၊ တစ်ကိုယ်ကောင်းဆန်သလောက် တစ်ကိုယ်လုံးတွင် ပူလောင်မှုအသွင်တွေနှင့်ပြည့်နေသော…

လိုချင်တာတွေမှန်သမျှ၊ ဒွတ်··ချက်ချင်းလက်ငင်း၊ မရမနေ၊ ရကိုရမှ၊ ရအောင်ယူတတ်သော တစ်ကိုယ်ကောင်းရှင် မာနရှင်မကြီး ဒေါ်ခင်မာဖြူတို့နှစ်ယောက်၏ တွေ့ဆုံပွဲ၊ ညစာစားပွဲလေးသည် ပြည့်စုံကောင်းမွန်နေသည်ကဖြင့် အမှန်ပါပင်တည်း…။

မိမိအား လွန်စွာဆွဲဆောင်နိုင်သည့် ရွှေမင်းသားကြီးနှင့် တွဲဖက်၍ ညစာစားနေရခြင်းအတွက် ဒေါ်ခင်မာဖြူအဖို့ လွန်စွာကျေနပ်အားရ ကြည်မွေ့နေသည်မှာအမှန်ပါ…။

အရာရာတိုင်းနှင့်နေရာတိုင်း၌ အထက်ဆီးမှသာနေရာရခဲ့သည့် ဒေါ်ခင်မာဖြူ၊ အထက်ဆီးမှသာနေတတ်သည့် ဒေါ်ခင်မာဖြူ၊ ယခုလည်း မိမိကိုယ်မိမိ ကျေနပ်အားရနေ၏။

မိမိဂုဏ်၊ မိမိဒြပ်၊ မိမိစတိုင်လ်၊ မိမိအလှနှင့်မိမိအခြေအနေတို့အတွက် ကျေနပ်အားရသည့်စိတ်နှင့် မိမိနှစ်လိုသော ရွှေမင်းသားကြီးနှင့်တွဲကာ စားသောက်နေရခြင်းကြောင့်၊ ဒေါ်ခင်မာဖြူတစ်ယောက် အကောင်းကြီးကောင်းလှပြီဖြစ်သည်။ အဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးဟုတ်လှပြီဖြစ်နေ၏။

ဘယ်သူ့ကိုမဆို၊ ဘယ်လိုမဆို၊ အားလုံးကိုကျွမ်းကျင်စွာ ဖတ်တတ်သည့်ဉာဏ်ရှိပြီး သားဖြစ်သူ ရွှေမင်းသားကြီးကလည်း သူ့ထုံးစံအတိုင်း ဒေါ်ခင်မာဖြူအား ကြည့်ကာပြုံးတုံ့၊ မပြုံးတုံ့ရယ် ရှိနေလေ၏။

ဒါနဲ့များ‥ကုမ္ပဏီပိုင်ရှင်တဲ့၊ တပေါင်းကုမ္ပဏီကြီးရဲ့ ပိုင်ရှင်အမျိုးသမီးတဲ့၊ အဟွန်း‥ဘယ်လိုအမျိုးသမီးပါလိမ့်၊ အံ့ပါ့ဗျာ ဒီလိုမျိုးယောက်ကတော့ ဒီအမျိုးသမီးကို သနားသေးတယ်…

ဒေါ်ခင်မာဖြူအား မစိုက်တစိုက်အကြည့်နှင့် ပြုံးတုံ့မပြုံး တုံ့ရှိနေသည့် မင်းခနွေး၏ မျက်နှာချောချော၊ မျက်ဝန်းတောက် တောက်တွေထဲမှ အနက်တွေပါ…။

မည်သို့ဖြစ်စေ ထိုသို့သော မင်းနေခွေး၏ မပြုံးတုံ့ပြုံး တုံ့နှင့် မစိုက်တစိုက်အေးစက်စက်အကြည့်၊ အပြုံးတွေကိုမှ အစွဲ ကြီးစွဲနေရသူက ဒေါ်ခင်မာဖြူ…။

အကယ်၍များ ဒေါ်ခင်မာဖြူတစ်ယောက် ရွှေမင်းသား ကြီး၏အပြုံးတွင် မွှန်တူမနေဘဲ၊ ရစ်မူးမနေဘဲ၊ ထိုအပြုံးများအား သတိရှိရှိနှင့်ဖတ်တတ်ခဲ့ပါမူ…။

မထေ့တထေ့၊ ပြုံးတုံ့မပြုံးတုံ့အပြုံးပိုင်ရှင် ရွှေမင်းသား





ကြီး မင်းခနွေး၏အပြုံးများသည် အေးစက်သော၊ ရက်စက်သော၊ အေးခဲသော၊ ဥပက္ခာလွှမ်းသော၊ ဇမ္ဗူတစ်လူသာဖြစ်လိုသည့်လူ စား၊ မိမိထက်သာသည့်လူမျိုးမဆိုနှင့် တန်းတူလူကိုပင်မထားလို‥။

လုပ်ငန်းရှင်တွေအားလုံး၊ ကုမ္ပဏီပိုင်ရှင်တွေအားလုံး ချမ်းသာကြပါသည်ဆိုသည့် သူတွေအားလုံး၊ မိမိ၏မဟာခနေသူရ ကုမ္ပဏီကြီး၏ လက်အောက်တွင်သာရှိရမည်ဖြစ်၏။

မင်းခနွေးလို စိတ်ကထိုသို့သောစိတ်၊ ထိုသို့သော မင်းခနွေး၏စိတ်ဓာတ်အား ဒေါ်ခင်မာဖြူတစ်ယောက် အလျင်း မသိ၊ နားမလည်၊ မလေ့လာနိုင်လောက်အောင်ပင် မင်းခနွေး ၏ဆွဲဆောင်မှုတွင် မိန်းမူးနေရလေ၏။

"အဟွန်း‥မဖြူ ထည့်ပေးနေတာနဲ့ ကျွန်တော့်ပန်းကန် ထဲမှာ ဟင်းတွေချည်းပဲဖြစ်နေပြီ၊ ကဲ‥ကျွန်တော်ကလည်း မဖြူကို ပြန်ထည့်ပေးပါရစေဗျာ…"

ချိုမြမြအပြုံးနှင့် မင်းခနွေး ဆိုရင်း ဒေါ်ခင်မာဖြူ ပန်းကန်ထဲ သူ ဟင်းတဖတ်ကို ခပ်ထည့်ပေးလိုက်သည်။

သူ၏ချိုမြမြအပြုံးတွင် ဒေါ်ခင်မာဖြူတစ်ယောက် စွဲ ဟကာ့စွဲသွားရပြီး၊ သူ့အယုအယနှင့်ဂရုစိုက်မှုတွင် ပို၍အရည်ပျော် သွားရလေ၏။

"အဟင်း‥ကျေးဇူးပါပဲရှင်၊ ဖြူဘာဝမှာလည်း ကိုယ့်ကို



www.burmeseclassic.com

www.burmeseclassic.com



ဂရုစိုက်မယ့်လူမရှိတော့၊ ဂရုစိုက်ခံရဖို့တောင် မေ့လျော့နေတယ်၊ ဒါပေမဲ့ ခုလို ကိုမင်းခေရွှေး ဂရုတစိုက်ရှိမှုကိုခံစားရတော့ ဖြူ့ရင်ထဲ ကြည်နူးသွားရတာအမှန်ပဲ၊ ပြီးတော့ ရှက်လည်းရှက်မိတယ်၊ အဟင်း..ဟင်း..ဟင်း..."

"ဟင်..ဘယ်လို၊ မဖြူဆိုလိုတဲ့အဓိပ္ပာယ်က ဘယ်လို၊ မဖြူမှာ အိမ်ထောင်မရှိတာလား၊ ဒါမှမဟုတ် အိမ်ထောင်ရှိလျက်နဲ့ မဖြူကို ဂရုမစိုက်တာလား..."

သိလျက်နှင့်မသိသလို မင်းခေရွှေး ဆိုမေးမေးသည်။ တစ်ဆက်တည်းလည်း ဒေါ်ခင်မာဖြူအား လွန်စွာဂရုဏာသက်ဟန်နားမလည်ဟန်၊ သနားကြင်နာဟန်နှင့်အလေးအထားဆုံးဟန်တွေ ပြရင်း ဆိုလာလေ၏...

ဒေါ်ခင်မာဖြူတစ်ယောက် ရင်တွေဗရမ်းဗတာကြီး ခုန်သွားရကာ မျက်ရည်တွေကျလာသည်အထိ မင်းခေရွှေးအပေါ် စွဲလမ်းတိမ်းမူးသွားရရင်း...

"ဟို..ကိုမင်းခေရွှေးရယ်၊ ဖြူ ဘယ်လိုပြောရမှန်းလည်း မသိတော့ပါဘူး၊ ဖြူ မညာချင်ဘူး၊ ဖြူ မှန်တာပြောရရင် အိမ်ထောင်ဘက်နဲ့ဖြူက စိတ်သဘောချင်းမတိုက်ဆိုင်တော့လို့ ကွဲသွားကြပါတယ်...

ဖြူ့မှာ သားလေးလည်းတစ်ယောက်ရှိတယ်၊ ဖြူ့သား





လေး ဆယ့်ငါးနှစ်အရွယ်မှာ ကွဲသွားတယ်၊ အခုတော့ ဖြူ့သားလေးက ဝိုင်အိုင်တီနောက်ဆုံးနှစ်ရောက်နေပါပြီ၊ မကြာခင် ကျောင်းပြီးတော့မယ်လေ..."

"မဖြူ့သားလေးက လိမ္မာပြီးသိပ်တော်တဲ့သားလေး ပဲပေါ့..."

"ဟုတ်တယ်..ကိုမင်းခေရွှေး၊ သားလေးနာမည်က တပေါင်းတဲ့၊ တပေါင်းလပြည့်ရက်မှာမွေးလို့ ဒီအမည်ကိုပေးထားတာပါ၊ သားလေးက သိပ်တော်ပါတယ်၊ လိမ်လည်းလိမ္မာတယ်...

ဖြူ့သားလေးက စာတော်ရုံတင်မကပါဘူး၊ အားကစားဘက်မှာလည်း ရေကူးချန်ပီယံပါပဲ၊ ဒီကနေ့အထိ ဖြူ့သားလေးဟာ ဖြူ့စကားဆိုရင် မြေဝယ်မကျနားထောင်တယ်...

ဖြူဟာ အရွယ်ကောင်းတုန်းအချိန်မှာပဲ အိမ်ထောင်ကွဲသွားရတယ်၊ ခင်ပွန်းရဲ့ဂရုစိုက်မှုကိုမခံရဘူး၊ မိန်းမသားဖြစ်ပြီး စီးပွားရေးကို ဦးစီးလုပ်ကိုင်နေရတယ်၊ စီးပွားရေးကလည်း အောင်မြင်တယ်...

ဒါကြောင့် သားလေးဟာ ဖြူ့အပေါ် အမြဲနားလည်ထားပေးရှာတယ်၊ ဖြူ စိတ်ချမ်းသာအောင် အမြဲထားတယ်၊ ဖြူ ကပြောပြော သားလေးက ဖြူ့စကားကိုပဲနားထောင်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဘာကြီးပဲဖြစ်နေနေ သားလေးဟာ မိခင်ရဲ့ဆန္ဒကိုပဲလိုက်လျော တယ်၊ မိခင်စိတ်ချမ်းသာမှုကိုပဲ အဓိကထားတယ်…”

“ဪ··အဟွန်း··ဟွန်း··ဟွန်း ဟုတ်တာပေါ့၊ သားတွေ ဟာ အမေကိုပိုချစ်တယ်ဆိုတဲ့ စကားလည်းရှိတာပဲ…”

မင်းခနွေး ပြုံး၍ဆိုသည်။ ဒေါ်ခင်မာဖြူ ပြောသွားသည့် အစီပွာယ်တွေနှစ်ခွနှင့်လမ်းခင်းပေးသွားသည့် စကားတွေကို အထာ သိ၊ သဘောပေါက်ထားပြီးသားဖြစ်၏။

ရှင်းရှင်းဆိုရလျှင် သူမ နောက်အိမ်ထောင်ပြုလျှင်တောင် သူမ သားကသဘောတူကြည် ဖြူပြီးသားဖြစ်ကြောင်း သူမ သဘောတစ်ခုတည်းသာလည်းဖြစ်ကြောင်း….။

“အဟင်း··ဟုတ်တယ်၊ သားက ဖြူ့ကိုပိုချစ်တယ် ကိုမင်းခနွေးရဲ့၊ တစ်နေ့တော့ ကိုမင်းခနွေးနဲ့ဖြူ့သားလေးကို မိတ်ဆက်ပေးပါဦးမယ်…”

“ဟုတ်ကဲ့··ဝမ်းသာပါတယ်ဗျာ…”

“ဪ··စကားတွေကောင်းနေလိုက်တာ၊ ကိုမင်းခနွေး ထမင်းစားပါဦးနော်…”

“ထမင်းက နေ့တိုင်းစားနေရတာပဲ မဖြူရယ်၊ မဖြူ ပြောပြလို့ မဖြူရဲ့အိမ်ထောင်ရေးအတွက် ကျွန်တော် စိတ်မကောင်း ဖြစ်မိသလို၊ မဖြူသားလေးကိုလည်း ကျွန်တော် စာနာသနားမိ





တယ်…

ပြီးတော့ မဖြူအကြောင်းတွေကိုလည်း ကျွန်တော် ပိုပြီး စိတ်ဝင်စားမိတယ်၊ အစကတော့ တပေါင်းကုမ္ပဏီပိုင်ရှင် အမျိုး သမီးတစ်ယောက်ဆိုတာပဲ ကျွန်တော် သိထားတာလေ…

မန်နေဂျာက ကျွန်တော့်ကိုပြောတယ်၊ ငပေါင်းကုမ္ပဏီ ပိုင်ရှင်က ညစာဖိတ်ထားတယ်ဆိုလို့၊ ကြားစက ကျွန်တော် တော် တော်အံ့သြသွားတာ…

ကြားစကတော့ တပေါင်းကုမ္ပဏီပိုင်ရှင်ကိုမသိတော့ စိတ်ထဲ ဘာလုပ်လို့လုပ်ရမလဲတောင်ဖြစ်နေတယ်၊ မန်နေဂျာက သွားသာသွားပါ…

သူတို့ဘက်က အစီအစဉ်တွေရှိမှာပါဆိုလို့ ကျွန်တော် လည်း မတင်မကျနဲ့ပဲလာခဲ့ရတာ၊ အဆင်မှပြေပါ့မလားဆိုတဲ့ အတွေးနဲ့ပဲ၊ ခုတော့လည်း အဆင်ပြေသွားလို့ ကျွန်တော် လာရကျိုး နပ်ပါတယ်…

ကဲ··စိတ်မကောင်းစရာတွေ မပြောပါနဲ့တော့ မဖြူ၊ ကျွန်တော်နဲ့တွေ့တုန်းမှာ စိတ်ချမ်းချမ်းသာသာနဲ့အေးအေးဆေးဆေး စားပါနော်၊ မဖြူ စားနော်…”

ဆွဲဆောင်အားပြင်းလွန်းသော မင်းခနွေး၏စကားလုံး များနှင့်အပြုံးချိုချိုချောချောတွေကြောင့် ဒေါ်ခင်မာဖြူတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



အသည်းဘဝင်ဝယ် တငြိမ့်ငြိမ့်လှိုင်းတံပိုးတွေထန်သွားရလေ၏။

အစကတည်းက မင်းခနွေးကလည်း ထိုသို့အခြေအနေကိုပင် မျှော်လင့်ထားသူ၊ ဒေါ်ခင်မာဖြူကလည်း ထိုသို့အခြေအနေကိုပင် ရေလာမြောင်းဖောက် ဖန်တီးလိုက်သည်မို့ ဒီဘူတာပင် ဆိုက်သွားရသည်။

အခြေအနေတွေက မြန်ဆန်လွန်း၍ မင်းခနွေးသည် ငြီးပင်ငြီးငွေ့သွားရသည်။

သူ နှုတ်ခမ်းကိုလက်ကိုင်ပဝါနှင့်သာသာ သုပ်လိုက်သည်။ ပြီးတော့ စပျစ်သီးနှင့်ကျွဲကောသီးအမွှားလေးတွေကို စားလိုက်သည်။

"ဟင်..ကိုမင်းခနွေး စားပြီးပြီလား..."

"အင်း..ကျွန်တော် ဒီလောက်ပဲစားပါတယ်၊ တစ်ခုတော့ရှိတယ်၊ မဖြူနဲ့စားရလို့ ဒီညစာကို ယခင်ထက် ကျွန်တော် နည်းနည်းပိုစားတယ်..."

"အဟင်း..တကယ်..."

မဒီပျိုမလေးနှယ် ဒေါ်ခင်မာဖြူ ပြောလိုက်သည့် မခိုတရိစကားလေးအတွက် မင်းခနွေးသည် သရော်ပြုံးဟန်၊ ထေ့ပြုံးပြုံးဟန်၊ လှောင်ပြုံးပြုံးဟန်နှယ် ခေါင်းတစ်ချက်သာ ညိတ်ပြလိုက်လေ၏။





တကယ်တော့ ဒေါ်ခင်မာဖြူနှင့်အတူရှိနေရခြင်း အချိန်များအား မင်းခနွေးသည် လွန်စွာငြီးငွေ့နေပါပြီ။ သို့သော် မင်းခနွေး၏အသွင်ဟန်တွေကဖြင့် သက်ဝင်စွာပီပြင်ကောင်းမွန်နေရ၏။

"ကဲ..မဖြူ..မဖြူကို ကျွန်တော် ပြန်ပို့ပေးမယ်၊ မဖြူကားကိုနောက်ကပဲ လိုက်မောင်းခဲ့ခိုင်းလိုက်ပါ..."

အဟင်း..အင်း...

မင်းခနွေးဆိုရင်း နေရာမှထထွက်ခဲ့လိုက်သည်။ ဒေါ်ခင်မာဖြူကလည်း တသွေမတိမ်းလိုက်နာ၏။

သည့်နောက်မတော့ (...)ဟိုတယ်ကြီး၏ ဆင်ဝင်အောက်မှ ဒေါ်ခင်မာဖြူကိုခေါ်ကာ မင်းခနွေး မောင်းသောကားလေးသည် ထွက်ခွာခဲ့ပြီဖြစ်၏။

လမ်းတစ်လျှောက်၌ နှစ်ဦးစလုံးသည် ကိုယ့်စိတ်ကူးတွေနှင့်ကိုယ် အတန်ကြာတိတ်ဆိတ်နေဖြစ်ကြသည်။

မင်းခနွေး အနေနှင့် မည်သို့မျှမထူးခြားသော်လည်း ဒေါ်ခင်မာဖြူကား လွန်စွာရင်တွေခုန်နေရသည် မဟုတ်ပါလား...။

တအောင့်ခန့်ကြာသည်တွင် မင်းခနွေး မောင်းလာသည့်ကားလေးသည် ဒေါ်ခင်မာဖြူ၏ တိုက်ဆင်ဝင်အောက်သို့ ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာပြီဖြစ်၏။

"ကိုမင်းခနဋ္ဌေး ဖြူ့အိမ်ထဲခဏလောက် ဝင်ပါဦးလား"

ဒေါ်ခင်မာဖြူဆိုတော့ မင်းခနဋ္ဌေးသည် ဘာရယ်မဟုတ် တိုက်ကြီးထဲသို့တစ်ချက်မျှ လှမ်းကြည့်လိုက်လေ၍...

"ဒီတိုက်မှာက ဖြူရယ်၊ သားရယ်နဲ့အလုပ်သမားတွေပဲ နေတာပါ၊ ဖြူ့မေမေနဲ့ညီမလေးတို့က ဟက္ကသိုလ်ရိပ်သာလမ်းက တိုက်မှာနေကြတယ်...

အခုအချိန်ဆိုရင် သားလည်းရှိမယ်ထင်တယ်၊ ကိုမင်းခန ဋ္ဌေး ဝင်ပါဦးလားဟင်..."

"ကျွန်တော် မဝင်သေးဘူး မဖြူ၊ ဒီည ကျွန်တော့်ကိုကို နဲ့တွေ့စရာရှိသေးလို့ သွားရဦးမယ်..."

"သြော်..ဟုတ်လား..."

"ကဲ..သွားပြီ..."

"ဟုတ်ကဲ့..သြော်..ကိုမင်းခနဋ္ဌေး ဖြူ့ကုမ္ပဏီကိုလည်း လာကြည့်ပြီး အကြံဉာဏ်တွေပေးဦးနော်..."

"အဟွန်း..စိတ်ချပါဗျာ၊ ကျွန်တော် မဖြူဆီကို ဖုန်းဆက် မယ်..."

"ဟုတ်ကဲ့..တာကယ်နော်၊ ဖြူ့ဆီ ဖုန်းဆက်ဖို့မမေ့နဲ့နော်"





"စိတ်ချ..ကဲ..သွားပြီ..."

စကားအဆုံး မင်းခနဋ္ဌေးသည် ကားလေးအား မောင်း ထွက်ခဲ့လိုက်ပြီဖြစ်၏။ လမ်းတစ်လျှောက်၌ မင်းခနဋ္ဌေး ခေါင်းထဲ ရောရင်ထဲပါ ဘာအကြောင်းဘာစိတ်ကူးမှမရှိ...။

မှန်သည်။ မင်းခနဋ္ဌေး၏ စိတ်ဓာတ်နှင့်အသွင်သည်က ထာဝစဉ်ရှင်းလင်းပေါ့ပါးနေတတ်သူ၊ ဘယ်သောအခါမှ ဘာ အကြောင်းတွေမှ မင်းခနဋ္ဌေး၏ခေါင်းထဲ ထည့်ထားတတ်သူ မဟုတ်...။

မင်းခနဋ္ဌေးသည် ကားလေးကိုမှန်မှန်မောင်းနှင်ခဲ့သည်။ တအောင့်ခန့်ကြာသည်တွင် အိမ်သို့ သူ ပြန်ရောက်ခဲ့၏။ ဆင်ဝင် အောက်၌ သူ့ကားလေးရပ်လိုက်သည်နှင့် မင်းခနဋ္ဌေးသည် ကားပေါ်မှဆင်းပြီး အိမ်ထဲသို့လှမ်းဝင်ခဲ့ရင်း...

"ဟဲလို..ဟဲလို..မဖြူလား..."

"အိုး..ကို..ကိုမင်းခနဋ္ဌေး..."

"ဟုတ်ပါတယ်၊ ကျွန်တော် မင်းခနဋ္ဌေးပါ၊ မဖြူ အခု ဘာလုပ်နေလဲ၊ အိပ်ရာဝင်ပြီလားဟင်..."

"ဟင်အင်း..ဖြူ အိပ်မပျော်သေးပါဘူး၊ မှန်တာပြောရရင် ဖြူ ကိုမင်းခနဋ္ဌေးအကြောင်းကို စဉ်းစားနေတုန်း ကိုမင်းခနဋ္ဌေး ဆီကဖုန်းလာလို့ အရမ်းကိုပျော်သွားတာပဲ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်..ဒါဖြင့် မဖြူ ကျွန်တော့်ဖုန်းကို မျှော်နေတာလား..."

"အဟင်း..."

"မဖြူ..."

"ရှင်..."

"ကျွန်တော့်ကို မနေ့လို့ပဲခေါ်ပါ၊ မဖြူ ခေါ်တဲ့နာမည်က ရှည်လွန်းပါတယ်၊ ပြီးတော့ မဖြူနဲ့ကျွန်တော်နဲ့ဆိုရင် မဖြူက ကျွန်တော့်ထက် နည်းနည်းတော့ကြီးမှာပါ၊ မနေ့လို့ခေါ်တော့ မဖြူနဲ့ ကျွန်တော်နဲ့လည်း ပိုပြီးရင်းနှီးသွားသလိုရှိတာပေါ့..."

"အဟင်း..ကောင်းပါပြီရှင်၊ မနေ..."

"ဟင်..."

"အဟင်း..ဖြူက စမ်းခေါ်ကြည့်တာပါ..."

"သြော်..အဟွန်း..."

"ဒါနဲ့မနေကော အခု ဘာလုပ်နေလဲဟင်..."

"မဖြူနဲ့စကားပြောနေတယ်လေ..."

"မအိပ်သေးဘူးလား..."

"မဖြူကို သတိရနေလို့ပါ..."

"ဟင်..ဖြူကို သတိရနေတယ်ဟုတ်လား..."

"ဟုတ်တယ်၊ ကျွန်တော်က ဟန်မဆောင်တတ်ဘူး၊





ဒါကြောင့် ချက်ချင်းဖုန်းဆက်လိုက်တာ..."

တစ်ဖက်မှ ဒေါ်ခင်မာဖြူ အသံတိတ်သွားသည်။ မင်းမနေ့ဌေးက သဘောပေါက်၏။ သူ့စကားတွေကြောင့် ဒေါ်ခင်မာဖြူ၏ အသည်းတွေ ဒန်းစီးနေပြီဟု...။

"မနေ..."

"ပြော..."

"ဖြူ့ဆီကို အချိန်မရွေးဖုန်းဆက်ပါ၊ ဖြူလည်းမျှော်နေတယ်..."

"ဟုတ်ပြီ၊ တကယ်ဆက်မှာနော်..."

"ဆက်ပါဆို..."

"ကောင်းပြီ၊ ကဲ..အခု မဖြူ အနားယူတော့၊ တော်ကြာ အိပ်ရေးပျက်လို့ မဖြူအလှတွေပျက်နေဦးမယ်၊ ဒါပဲနော်..."

စကားအဆုံး သူ ဖုန်းကိုပါပိတ်ပစ်လိုက်တော့သည်။ တစ်ဖက်မှ ဒေါ်ခင်မာဖြူတစ်ယောက် အတွေးတွေနှင့်အိပ်မပျော်တော့အောင် ရှိနေတော့မည်ကိုသိသည်။

မင်းနေ့ဌေးသည်ကဖြင့် ကိုယ်ရောစိတ်ပါ ပေါ့ပါးစွာဖြင့် အိပ်ရာဝင်အနားယူလိုက်ပြီဖြစ်၏။ ။

ØØØØØØ



www.burmeseclassic.com

www.burmeseclassic.com

## - ခြောက် -

"ဆွေရေ..ဟေ့ဆွေ၊ ဟာ..ဒီမိန်းမ..တော်တော်ခက်တာပဲ၊ ဟေ့..ဆွေ..."

"အမေ့..အိုး..ကိုကို ဘာဖြစ်တာလဲ၊ အလန့်တကြား၊ ဘာလဲပြော..."

အခန်းတံခါးဖွင့်ဝင်ကာ ဆိုလာသည့်ခင်ပွန်းသည် ဦးကျော်ခိုင် စကားကြောင့်...

မှန်တင်ခုံရှေ့ အလှပြင်၍ပြီးမဆုံးဖြစ်နေသည့် ဇနီးသည် ဒေါ်မိုးပပဆွေတစ်ယောက် လန့်ဟန်ကလေးနှင့်လိုပြောလာတော့





လည်း ဦးကျော်လှိုင်မှာ စိတ်ကိုလျှော့လိုက်ရပြီး...

"ဟင်း..မင်းတို့သားအမိက ဘယ်ကားနဲ့သွားပြီး၊ ကိုယ်က ဘယ်ကားနဲ့သွားရမှာလဲ ပြော၊ ကားသော့တွေတစ်ခုမှ မတွေ့လို့ လာပြောတာ၊ အချိန်ကနီးနေပြီ၊ ဒီနေ့ကုမ္ပဏီမှာ အစည်းအဝေးရှိတယ်..."

"အမလေး..ဒါများ ကိုကိုရယ်၊ ကားသော့တွေက ကားထဲမှာပဲရှိတယ်၊ ကြိုက်တဲ့ကားနဲ့သာသွား၊ စောစောကပဲ ဒရိုက်ဘာကို ကားနှစ်စီးစလုံး ဆွဲ ထုတ်ထားခိုင်းတာ..."

"ဟင်း..ပြီးရောကွာ၊ ကဲ..သွားပြီ..."

"ကြွ..ကြွ..."

ခင်ပွန်းသည်ကို ငေါ်ငေါ်လေး ဒေါ်မိုးပပဆွေ ဆိုသည်။ ထုံးစံအတိုင်း ခင်ပွန်းသည် ဦးကျော်လှိုင်က စီးပွားရေးကိုအဓိကထား ကြိုးစား၍လုပ်သည်။

ဇနီးနှင့်သမီးကဖြင့် တစ်နေ့တစ်နေ့ အလှတွေပြင်၊ ဈေးသွား၊ ပျော်ပါးစားသောက်၊ ဖြုန်းရမှနေကောင်းကြသူတွေဖြစ်သည်။

ခုလည်း သွားဖို့လာဖို့ကိစ္စက ဒေါ်မိုးပပဆွေတွင် အဆင်သင့်ရှိထားပြီးသား၊ သမီးချောကိုလည်း ခေါ်သွားရမည်။ ကိုယ့်ကိစ္စ သမီးချောကိစ္စ၊ သားရေးသမီးရေးကိစ္စ...။



www.burmeseclassic.com

www.burmeseclassic.com



စိတ်တိုင်းကျအလှတွေပြင်ပြီး မှန်ဘင်ခုံရှေ့မှ ဒေါ်မိုးပပ ဆွေ ထလိုက်သည်။ တစ်ဆက်တည်းလည်း ကောလက်ဖုန်းလေးကိုယူပြီး နံပါတ်လေးတွေနှိပ်လိုက်သည်။ မကြာလိုက် တင်ဖက်မှ ဖုန်းကိုင်သံကို ကြားလိုက်သည်နှင့်...

"ဟဲလို..ဟော့..သူငယ်ချင်း ဖြူ၊ တို့ပါ ဆွေ..."

"........."

"ဟင်း..ဖြူ့အသံကိုကြားတာနဲ့ ဆွေက တန်းသိတာနော်..."

"........."

"အေးလေ..အခု ဖြူ့ဆီ ဆွေတို့သားအမိလာကြမလို့ပဲ၊ စောင့်နေနော်၊ မကြာတော့ဘူး ခုပဲထွက်လာတော့မယ်..."

"........."

"ကောင်းပြီ..ကောင်းပြီ၊ စိတ်ချ..မနက်စာရောညစာပါစားပြီးမှ အေးအေးဆေးဆေး ပြန်ပါ့မယ်တဲ့ရှင်၊ အဟင်း..ဟင်းဟဲ..ဒါပဲနော် သူငယ်ချင်း..."

စကားအဆုံး ဒေါ်မိုးပပဆွေတစ်ယောက် ကြည်နူးဒီတာခူးဖြင့် ဖုန်းလေးကိုပြန်တင်ထားလိုက်တော့၏။

သည့်နောက်မတော့ ဒေါ်မိုးပပဆွေသည် နေကာမျက်မှန်ကိုတပ်၊ စလင်းဘက်ခ်အိတ်ကို လက်တွင်ချိုင်းပြီး အခန်းထဲမှလှမ်း





ထွက်ခဲ့ရင်း...

"သမီး..သမီးရေ၊ ပပလှိုင်..သမီး လှိုင်..."

"ရှင်..မေမေ၊ သမီး အပြင်ထွက်တော့မလို့၊ မေမေကလဲ..."

"မေမေကလည်းမလုပ်နဲ့ သမီး၊ မေမေလည်း အခုပဲ အပြင်သွားမလို့၊ အဲဒါ သမီးကိုပါခေါ်သွားမလို့၊ သမီးမေမေနဲ့ လိုက်ခဲ့ရမယ်..."

"ဟာ..မေမေကလည်းလုပ်ပြီ၊ လှိုင်က သူငယ်ချင်းတွေနဲ့ချိန်းထားတဲ့ဥစ္စာ..."

"တိတ်စမ်း သမီး၊ အခု သွားမှာဘယ်ကိုလဲဆိုတာ သမီးသိလား၊ သမီးရဲ့အန်တီဖြူ့အိမ်ကို..."

"ဩော်..ကိုတာပေါင်းတို့အိမ်လား မေမေ..."

"အေးပေါ့..အခု သွားမှာသမီးတို့ကိစ္စပဲ၊ ဖြူကခေါ်နေတာကြာပြီ၊ အခု ဒီည ညစာစားပြီးမှ အေးအေးဆေးဆေးပြန်ရမယ်တဲ့..."

"ဟုတ်လား မေမေ၊ ဒါဖြင့် သွားမယ်..သွားမယ်၊ အခု သွားမယ်၊ မေမေ လှိုင်တို့ကိစ္စကို အန်တီဖြူက အခုစီစဉ်တော့မှာတဲ့လား၊ ဟုတ်လား မေမေ..."

"ဒါပေါ့ သမီးရဲ့၊ ကဲ..လာ..လာ သွားကြမယ်..."



www.burmeseclassic.com

www.burmeseclassic.com



လိုက်ဖက်သည့် သားအမိနှစ်ယောက်မှာ တက်တက်ကြွကြွ ဖျတ်ဖျတ်လတ်လတ်ဖြင့် အပေါ်ထပ်မှဆင်းခဲ့ကြပြီး ကားလေး မောင်းထွက်သွားလိုက်ပါတော့၏။

မကြာလိုက်၊ ပပလှိုင် မောင်းသောကားလေးသည် ဒေါ်ခင်မာဖြူ နေထိုင်းသည့်တိုက်ဆင်ဝင်အောက်တွင် ငြိမ့်ကနဲ ထိုးရပ်သွားလိုက်ပါတော့၏။

တီး..တီး...

"ဟေး..ဆွေရေ လာပြီ..လာပြီ၊ အမလေး..ဆွေတို့သားအမိ လာမယ်ဆိုလို့ ဖြူဖြင့်ပျော်လိုက်တာ မပြောနဲ့တော့၊ အစီအစဉ်တွေလည်းဆွဲထားပြီးသား၊ ဆွဲထားပြီးသား ဆွေရေ၊ ကဲ..လာ လာ...

အမလေး..ဆွေ့သမီးကလည်း ချောလာလှလာလိုက်တာအရမ်းပဲ၊ ကဲ့..ထိုင်..ထိုင် အရင်ဆုံးအမောပြေ အအေးသောက်ဦး..."

စရိုက်တူ၊ အချိုးတူ၊ အသွင်တူတွေမို့ အပေါင်းအသင်းတွေကောင်းနေကြရသည်။ တင့်မြတ်နေကြရသည်။

"သြော်..အန်တီဖြူ..."

"ဘာလဲ သမီး၊ ပြော..."

"ဟိုလေ..ဟို..ကို..ကို..."





"သြော်..သား လာ၊ သားက အခုရေကူးကန်သွားတယ်လေ၊ ရေကူးတာက သူ့ဝါသနာ၊ သူ့အားကစားပဲ၊ ခဏကြာရင်တော့ သား ပြန်လာမှာပါ၊ မပူနဲ့အန်တီဖြူ သားဆီကို ဖုန်းဆက်ထားပြီးပြီ..."

"ဘယ်ရေကူးကန်မှာသွားကူးလဲဟင်၊ ပပ လိုက်သွားရင်ရမလား..."

"ရတာပေါ့၊ ဒါပေမဲ့ ဘယ်ရေကူးကန်သွားလည်းမှ မသိဘဲ..."

"အို..သမီးကလည်းကွယ်၊ လိုက်မနေပါနဲ့တော့၊ တပေါင်း ပြန်လာမှာပဲ၊ ဒီမှာပဲစောင့်ပါကွယ်..."

"ဟုတ်တယ် သမီးရဲ့၊ ညစာစားဖို့အချိန်မီ သားက ပြန်လာမှာပါကွယ်..."

"အဲဒါသာကြည့်တော့ ဖြူရေ၊ ဆွေ့သမီးကတော့ တပေါင်းမှတပေါင်းပဲ..."

"သိပါတယ် ဆွေရယ်၊ ဒါကြောင့်လည်း သားလေး ကျောင်းပြီးတာနဲ့ သမီးပပနဲ့သားလေးတို့ကိစ္စကို ချက်ချင်းကိုစီစဉ်တော့မှာ၊ ဒါကြောင့် အခုက သားနဲ့သမီးတို့ ရင်းနှီးအောင်နေထား ကြဖို့လိုတယ်မဟုတ်လား..."

"အင်း..ဖြူ ပြောတာလည်းဟုတ်တာပဲ..."



www.burmeseclassic.com

www.burmeseclassic.com



''စိတ်ချ အန်တီဖြူ၊ ပပလေ အန်တီဖြူတို့အိမ်ကို နေ့တိုင်းလာနေမယ်၊ ပြီးတော့ ကိုတပေါင်း ရေကူးသွားတဲ့နေရာကိုလည်း အမြဲလိုက်သွားမယ်...''

''အေး..ကောင်းတယ်..ကောင်းတယ်၊ သိပ်ကောင်းတယ် သမီးရေ လိုက်..လိုက်၊ သြော်..ကဲ စကားတွေကောင်းနေလိုက်တာ၊ ထမင်းစားချိန်တောင်ရောက်ပြီ၊ မိအေးရေ..မိအေး...''

''ရှင်..မမ...''

''ထမင်းပွဲပြင်ထားလိုက်ပါ...''

''ကရင်း..ရင်း..ရင်း...''

ဒေါ်ခင်မာဖြူတစ်ယောက် စကားဆိုဆဲ ဖုန်းသံလေးကြားလိုက်ရ၍ ပျော်ရွှင်မြူးခိုက်သွားသည်။ တစ်ဆက်တည်းလည်း ဒေါ်မိုးပပဆွေတို့သားအမိကို လက်ကာပြ၍ ဖုန်းလေးကိုသွားရောက် နားထောင်လိုက်၏။

''ဟဲလို...''

''မမဖြူ..ကျွန်တော် မင်းခနွေးပါ...''

''သြော်..အင်း၊ ပြောလေ..ဖြူ နားထောင်နေပါတယ်''

ဒေါ်ခင်မာဖြူမှာ သူငယ်ချင်းသားအမိဆီ တစ်ချက်မျှဖော့ငဲ့ကြည့်ရင်း စကားကိုအဆင်ပြေအောင်ပြောရသည်။

''ပြောစရာကတော့ ထွေထွေထူးထူးမရှိပါဘူးဗျာ၊ မမဖြူ





ကို သိပ်သတိရလို့ ဖုန်းဆက်လိုက်တာပါ၊ မမဖြူနဲ့တွေ့ချင်ပေမယ့် အလုပ်တွေများနေလို့ မလာဖြစ်ဘူး၊ ဒါကြောင့် ဖုန်းပဲဆက်လိုက်တာ...''

''သြော်..ဝမ်းသာပါတယ်၊ ဖြူလည်း အခု သူငယ်ချင်းရောက်နေလို့ ဧည့်ခံနေတာလေ၊ ညကျရင်တော့ သူငယ်ချင်းကိုဧည့်ခံရင်း မိသားစုအပြင်မှာညစာ သွားစားမလို့...''

''ဟုတ်လား..ဘယ်မှာစားမှာလဲ မမဖြူ၊ ကျွန်တော်လာခဲ့မယ်၊ မမဖြူနဲ့လာတွေ့ချင်တယ်၊ မမဖြူကို ခဏလေးဖြစ်ဖြစ်တွေ့ရရင်ပဲကျေနပ်ပါတယ်...''

ဘာစ်ဖက်မှ မင်းခနွေးစကားတွေအတွက် ဒေါ်ခင်မာဖြူတစ်ယောက် ဘဝင်ဝယ်ပုရွက်ဆိတ်ကလေးတွေ ထောင်သောင်းမကခုန်သွား၏။ ဒေါ်မိုးပပဆွေတို့ သားအမိမရိပ်မိအောင်လည်း ဟန်လုပ်ရသေးသည်ပါ....။

မှန်သည်။ တပေါင်းကုမ္ပဏီတိုက်ကြီးတွင် ဒေါ်ခင်မာဖြူတစ်ယောက် ရင်ခုန်လှုပ်ရှားမှုတွေနှင့် သဘောကျမနော်မျှကာ ကြည်နူးရွှင်မြူးမဆုံး ရှိနေဆဲအချိန်များ၌...

သားတော်မောင်ဖြစ်သူ ရွှေမင်းသားလေး တပေါင်းကလည်း ရေကူးကန်မှအပြန်၊ ကျွန်းနှင့်ဝင်တွေ့ရင်း ကြည်ကြည်နူးနူးစကားတွေဆိုဖြစ်နေသည်ပါ...။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ ကိုတပေါင်း ရေကူးကန်ကပြန်လာတာ စောသားပဲနော်..."

"တမင်စောစောပဲပြန်လာတာလေ၊ ကျွန်းဆီဝင်ဖို့အတွက် ကျွန်း အဆင်ပြေရဲ့လားလို့ တမင်ဝင်လာကြည့်တာ..."

"ဪ..ကျွန်း အဆင်ပြေပါတယ်၊ သူငယ်ချင်း ခင်စုက ကျွန်း ရောက်လာလို့အဖော်ရတယ်ဆိုပြီး ပျော်နေသေးတယ်"

"အင်း..ဟုတ်တာပေါ့လေ၊ ဒါနဲ့ အခု ကျွန်း စာမေးပွဲ ဖြေပြီးရင် ဘာဆက်လုပ်မယ်လို့စိတ်ကူးထားလဲ..."

"ကျွန်း အလုပ်ရှာမယ်လေ..."

"ကျွန်းက ဘယ်လိုအလုပ်မျိုးလုပ်ချင်တာလဲ..."

"ကျွန်းက စားသောက်ဆိုင်ရောင်းတာပဲ စိတ်ဝင်စားတယ်..."

"စားသောက်ဆိုင်မှာလုပ်မယ်ပေါ့..."

"ဟုတ်တယ်၊ သီချင်းဆိုတာတွေ၊ ဘာတွေတော့မဟုတ်ဘူးနော်၊ ကျွန်းက သီချင်းတော့မဆိုတတ်ဘူး၊ အချက်အပြုတ်ဘက်ရတယ်၊ စီစဉ်ညွှန်ကြားအကြံပေးနိုင်တယ်၊ ကျွန်း ပညာအရည်အချင်းနဲ့ ကောင်တာထိုင်ရရင်လည်းရတယ်...

ကိုယ်ပိုင်မလုပ်နိုင်သေးတော့ သူများရဲ့အလုပ်သမားအဖြစ်လုပ်ပြီး ပညာယူရဦးမယ်၊ ကိုယ်ပိုင်လုပ်နိုင်တဲ့အခါကျတော့ ကိုယ်





ပိုင်စားသောက်ဆိုင် ကျွန်း ဖွင့်မယ်..."

"ကျွန်းရဲ့ပညာရေးကိုရော..."

"ရတယ်လေ၊ အလုပ်လုပ်ရင်း အဝေးသင်ပဲတက်တော့မှာပေါ့၊ ဘွဲ့လည်းရ၊ စီးပွားရေးလည်းတတ်ပေါ့..."

"အဟွန်း..ဟွန်း၊ ကျွန်းရဲ့စိတ်ဓာတ်ကလေးကိုတော့ ကိုယ် တကယ်ပဲလေးစားမိတယ်ဗျာ..."

"ဒီလောက်ကြီးလည်း ကျွန်းက မဟုတ်သေးပါဘူးလေ၊ ကျွန်းတို့ဘဝက မပြည့်စုံသေးတော့ ဒီလိုပဲကြိုးစားနေရမှာပဲ၊ ဒါပေမဲ့ ဘဝကိုကြိုးစားရုန်းကန်နေတာတော့ ကျွန်း မကြောက်ပါဘူး..."

"ဒါဖြင့် ကျွန်း ဘာကိုကြောက်လဲ..."

"အဘာအယောင်မိတ်ဆွေတွေကို..."

"ကိုယ့်ကိုများ ရည်ညွှန်းလေရော့သလားဗျာ..."

"ဒီလိုမေးတာ ကိုယ့်ကိုယ်ကိုမယုံလို့လား..."

"အဟွန်း..ကျွန်းက တကယ်စကားတတ်တယ်..."

"မေးစရာမဖြစ်နေဘူးလား..."

"ကဲ..ကျွန်းကို အရှုံးပေးလိုက်ပြီ၊ ဒါနဲ့ ကျွန်း စာမေးပွဲ ကောရဲ့လား၊ ကျူရှင်ဘယ်မှာယူလဲ..."

"ဘာကျူရှင်မှမယူဘူး၊ ဒီလိုပဲ သူငယ်ချင်းနဲ့တိုင်ပင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



စာအတူတူပဲကျက်တယ်…"

"တော်လိုက်တာ၊ ဟုတ်တယ်၊ ကိုယ်လည်း ကျွန်းလို ပါပဲ၊ ဒီကနေ့အထိ ကိုယ် ဘယ်ကျူရှင်မှမတက်ခဲ့ဘူး…"

အပြုံးချောချောနှင့်စကားတွေ တရင်းတနှီးပြောနေသည့် တပေါင်းမျက်နှာဆီ ကျွန်း ကြည့်မိသည်။ တပေါင်းအသွင်သည် တည်ငြိမ်သိမ်မွေ့ပြီး အေးချမ်းသည်ဟု ကျွန်း ထင်သည်။

တပေါင်း၏အပြုံးသည် ချောမောသလောက် လွန်စွာနုပျိုပြီးလတ်ဆတ်သည်ဟုလည်း ကျွန်း မြင်၏။ သည့်အတွက် ကျွန်း ဝန်ခံရမည်ဆိုလျှင် တပေါင်းကိုမြင်တိုင်း၊ တပေါင်းအကြောင်းကို တွေးမိတိုင်း၊ တွေးမြင်တိုင်း၌ ကျွန်း ရင်ခုန်သည်။ စိတ်လှုပ်ရှားသည်။ ပျော်ရွှင်ကြည်နူးမိရသည်ပါ…။

"ကျွန်း…"

"ဟင်…ရှင်…"

"အဟွန်း…ကျွန်း ဘာတွေတွေးနေလဲဟင်…"

"ကိုတပေါင်း…အဲလေ၊ ဘာမှမတွေးပါဘူး…"

"အဟွန်း…ကျွန်း မညာတတ်ပါဘူးလေ၊ မညာတတ်ဘဲညာတာလေးက တကယ်ချစ်ဖို့ကောင်းတယ်…"

"အိုး…"

ကျွန်း ရှက်သွားသည်။ မျက်လွှာလေးသိမ်းသွားရ၏။





"ကျွန်း…"

ကျွန်း မထူး၊ ကျွန်း ခေါင်းလေးပို၍ငုံ့သွားသည်။

"ကျွန်း…"

တပေါင်း ထပ်ခေါ်ရင်း ကျွန်း မေးနှစ်ခွလှလှလေးမှ လက်ညှိုးလက်မနှင့် မ,ကာခေါ်သည်။ ကျွန်း မျက်နှာလေးမော့လာ၏။ သူတို့အကြည့်ချင်း ဆုံစည်းသွားသည်။ အတန်ကြာသည်အထိ ဆုံစည်းနေဖြစ်ကြသည်။

နှစ်ဦးသားမှာ ရင်တွေလည်းလှုပ်ရှားနေကြရသည်ပါ။ တစ်ဦး၏နှလုံးခုန်သံကိုပင် တစ်ဦးကကြားနေရသလိုရှိသည်။ နှလုံးသားချင်းတိမ်းမူး၍ ချစ်ရည်လူးသောမျက်ဝန်းအစုံဖြင့် သူတို့ တစ်ဦးကိုတစ်ဦး အတန်ကြာကြာမိန်းမောကြည့်နေပြီးကာမှ…

"ကျွန်းကို ကိုယ် ချစ်တယ်၊ ကိုယ့်ရဲ့အချစ်ကိုယုံပါ၊ ပြီးတော့ ကိုယ်ဟာ ဘယ်လိုလူလဲဆိုတာလည်း ကိုယ့်ရဲ့ကျောင်းမှာ ကျွန်း ကြိုက်သလိုစုံစမ်းနိုင်ပါတယ်…"

"အိုး…ကျွန်း အဲဒီလောက်အထိတော့ လိုက်မလုပ်နိုင်ပါဘူးနော်၊ ဟွန့်…"

"ကျွန်း ကိုယ့်ကိုမယုံရင်ပြောတာပါ၊ ကျွန်းကို ကိုယ် သိပ်မြတ်နိုးတယ်၊ ဒါကြောင့်လည်း ကျွန်းနောက်မှာ ကိုယ် အမြဲရှိနေတာပါ၊ ကျွန်းလည်း သတိထားမိတယ်ထင်ပါတယ်…"



www.burmeseclassic.com

သူ့စကားများအတွက် ကျွန်း ပြုံးနေလိုက်သည်။ ကျွန်း အပြုံးလေးသည် လွှမ်းစွာလှပချစ်စရာကောင်းသလို၊ ကျွန်း အပြုံးတွင် မာနကလေးတွေလည်း လွှမ်းနေသလိုပါ ...။

"ကျွန်း ကိုယ့်ကိုအဖြေပေးပါလား..."

"အိုး..ဒီလောက်မြန်ရလား..."

"အဟွန်း..ဆောရီး၊ ကိုယ် စောင့်ပါ့မယ်၊ ဘယ်အထိ စောင့်ရမလဲဟင်..."

"ဘယ်သိမလဲ..."

"ကျွန်းကရော၊ ဘယ်တော့အဖြေပေးမလဲဟင်..."

"မသိသေးဘူး၊ မိန်းကလေးဆိုတာ စဉ်းစားနိုင်မှတန်ကာ ကျတာ..."

"ကောင်းပါပြီလေ၊ ကျွန်း စဉ်းစားပါ၊ စဉ်းစားနေဆဲတော့၊ ကျွန်းဆီကို ကိုယ် အမြဲလာမယ်နော်..."

သူ့စကားတွင် ကျွန်း ပြုံးနေလိုက်သည်။ ကျွန်း လက်ကလေးကို သူ ဆုပ်ကိုင်လိုက်တော့လည်း ကျွန်း မရုန်း၊ သို့သော်လည်း၊ ကျွန်း မျက်နှာလေးကဖြင့် ပြုံးတည်တည်လေးပါပင်...။

"ကဲ..အခုပြန်တော့..."

"ဟင်..ပြန်ရတော့မလား..."





"ဟုတ်တယ်..ပြန်တော့..."

"ကောင်းပြီ..ကိုယ် ပြန်မယ်၊ မနက်ဖြန် ကိုယ် လာမယ်၊ နေ့တိုင်း ကိုယ် လာမယ်..."

သူဆိုတော့ ကျွန်းသည် ပါးချိုင့်လေးနှင့်မေးချိုင့်လေး ခွက်နေသည်အထိ ပြုံး၍နေလေ၏။

သူ လက်ပြနှုတ်ဆက်တော့ ကျွန်းလည်း ပြန်၍လက်ပြနှုတ်ဆက်သည်။

သည့်နောက်မတော့ တပေါင်းကား ကြည်ကြည်နူးနူး ကားလေးကိုမောင်းနှင်ကာ ပြန်ခဲ့လေပြီဖြစ်၏။

× × × × ×

"သြော်..သား ပြန်ရောက်လာပြီ၊ ကဲ..လာ သားနဲ့မေမေ မိတ်ဆက်ပေးရဦးမယ်..."

တိုက်ထဲသို့ တပေါင်း ဝင်လိုက်သည်နှင့် ဧည့်ခန်းတွင် ဧည့်သည်တွေနှင့်ထိုင်နေသည့် မိခင်ဖြစ်သူ ဒေါ်ခင်မာဖြူသည် သားကို ဆီးကြိုကာဆိုလာလေ၍ တပေါင်းသည် အလိုက်အထိုက် မိခင်အကြိုက်နေဖြစ်ရလေ၏။

"သား..ဒါလေ မေမေရဲ့အချစ်ဆုံးသူငယ်ချင်း ဒေါ်မိုး



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ပပဆွေတဲ့၊ ဟောဒါလေးက ဆွေရဲ့တစ်ဦးတည်းသောသမီးချော လေး ပပလှိုင်တဲ့…"

"ဟုတ်ကဲ့ခင်ဗျာ၊ ကျွန်တော် တွေ့ရတာဝမ်းသာပါ တယ်…"

ထိုမျှဖြူစင်ချောမော သန့်ပြန့်နေသည့်အားကစားသမား ရွှေမင်းသားလေးအား မြင်တွေ့ရခိုက်၊ ပပလှိုင်သည် လွန်စွာ သဘောကျသွားရလေ၏။

ဘာပြောရမှန်းမသိဖြစ်အောင်ပင် တပေါင်းမျက်နှာချော နုနုလေးဆီကြည့်ကာ ပပ ပြုံးနေဖြစ်သည်။

ရည်မွန်လွန်းသည့် တပေါင်းကလည်း အားလုံးကိုလေး စားသမှုဖြင့် ခြုံငုံကြည့်ကာ အေးချမ်းသောအပြုံးလေးဖြင့်ရှိနေ သည်ပါ။

သားနှင့်သမီးကိုကြည့်ပြီး နှစ်ဖက်မိဘနှစ်ဦးကာဖြင့် ကျေနပ်သဘောကျနေဖြစ်၏။

"ကြည့်စမ်း…ဖြူ့ရဲ့သားလေးက ဖြူ ပြောလို့နာမည်သာ ကြားကြားနေတာ၊ အခု လူတွေ့တော့မှ ဖြူ့သားလေးက ထွားထွား ကြိုင်းကြိုင်းနဲ့ တကယ့်ကိုချောတာပဲ…"

"အပေါင်း…ဟင်း ဆွေရေ သားက ထွားဆို ရေကူးချန် ပီယံလေ၊ နေ့တိုင်းရေကူးကန်တွေနဲ့ကျောင်းနဲ့ပဲ အချိန်ကုန်နေတာ"





"သြော်…အေးပေါ့ ဖြူရယ်၊ သားကကျောင်းမပြီးသေး တော့လည်း ကျောင်းနဲ့အားကစားပဲသွားနေရမှာပေါ့၊ ကျောင်းပြီး တော့လည်း ဖြူ့လုပ်ငန်းတွေကို သားက ဦးစီးပေးရမှာပေါ့ကွယ်၊ ဒါနဲ့သားက ကျောင်းပြီးခါနီးပြီလား…"

"ဟုတ်ကဲ့ခင်ဗျာ၊ ပြီးခါနီးပါပြီ…"

"ဝမ်းသာတယ်ကွယ်၊ သားကတော်လိုက်တာ၊ ကျောင်း ပြီးရင် ကိုယ်ပိုင်အလုပ်ပဲလုပ်ကွဲ့၊ အခုကြည့် အန်တီဆွေ့သမီး ကလည်း မိဘအလုပ်တွေပဲဝိုင်းလုပ်တော့ စီးပွားရေးအကြောင်း တွေ ပိုနားလည်တာပေါ့ကွယ်…"

"အဟွန်း…ဟုတ်ကဲ့၊ မပပလှိုင်က ဘယ်တုန်းကကျောင်း ပြီးတာလဲခင်ဗျာ၊ ဘယ်ဘာသာနဲ့ကျောင်းပြီးတာလဲ…"

တပေါင်းအမေးတွင် သားအမိနှစ်ယောက်စလုံး မျက်နှာ ပျက်၍ရှိန်သွားကြရရင်း…

"ဟို…အင်း…အဲ၊ ဟိုလေ…ပပက ကျောင်းမပြီးပါဘူး ကိုတပေါင်း၊ ပပက စီးပွားရေးပဲဝါသနာပါလို့ ကျောင်းထွက်လိုက် တာကြာပါပြီ…"

"သြော်…ဟုတ်ကဲ့၊ ကျွန်တော်က ကျောင်းပြီးသွားပြီထင် လို့ပါ၊ စီးပွားရေးလုပ်တော့လည်း စီးပွားရေးအကြောင်းတွေကို ကျွန်တော်တို့ထက် ပိုပြီးသိမြင်တတ်ကျွမ်းနေတာပေါ့ဗျာ…"



www.burmeseclassic.com

www.burmeseclassic.com



"အပေါင်း..ဟုတ်ကဲ့..."

သားအမိနှစ်ယောက် ကွက်ကြည့်ကွက်ကြည့်ဖြင့် အရက်ပြေ ပပလှိုင် ဆိုသည်။

တကယ်တော့ ပပလှိုင်သည် ဉာဏ်ထိုင်းသည့်အပြင် ပညာရေးကိုလည်း စိတ်ဝင်စားခြင်းမရှိ၍ သူမ သဘောနှင့်သူမ ရှစ်တန်းတွင်ကျောင်းထွက်လိုက်သည်။

ကျောင်းထွက်ပြီး မိဘစီးပွားရေးတွင် စိတ်ဝင်တစားနှင့် ဝိုင်းဝန်းကူညီသလားဆိုတော့ မိဘစီးပွားရေးလည်း စိတ်မဝင်စား၊ တစ်နေ့တစ်နေ့ သူငယ်ချင်းတွေနှင့်လျှောက်သွား လည်ပတ်စား သောက်ပျော်ပါးရင်း ပေါ့လားဝါးစားပင် နေနေသည့်သူသာ ဖြစ်၏။

"အားနာပါတယ်၊ ကျွန်တော့်ကို ခွင့်ပြုပါဦးခင်ဗျာ.."

ပြောစရာစကားမရှိတော့၍ တပေါင်းဆိုရင်း အပေါ်ထပ် သို့တက်တော့မည်အပြု၊ ဒေါ်ခင်မာဖြူသည် သားချောလက်မောင်း တစ်ဖက်ဆို ဆွဲကိုင်လိုက်ဖြစ်ရင်း...

"နေဦး သားရဲ့၊ မေမေတို့အားလုံး ဒီနေ့ညစာကို အပြင် မှာသွားစားကြမှာ၊ သား ရေသွားချိုးပြီးပြင်ဆင်လိုက်တော့နော်"

"ဟင်..ကျွန်တော်ပါ လိုက်ရမှာလား မေမေ..."

"အေးလေ..လိုက်ရမှာပေါ့ သားရယ်၊ သားက အရေး





အကြီးဆုံး၊ မွေ့တို့သားအမိကိုဧည့်ခံရမယ်လေ၊ ကဲ..ကဲ သွား၊ သား ရေချိုးပြင်ဆင်ပြီးဆင်းခဲ့၊ မေမေတို့စောင့်နေမယ်..."

"စောတော့စောပါသေးတယ် ဖြူရယ်၊ သားရေ..အေး အေးဆေးဆေးပဲလိုက်ပါကွယ်..."

"ဟုတ်ကဲ့ပါဗျာ..."

ဘယ်တုန်းကမှ မိခင်အား မဆန့်ကျင်ခဲ့ဖူးသည့် တပေါင်း၊ ခုလည်း မိမိမလိုက်လိုသော်လည်း မိခင်သဘောကျခေါင်းညိတ် ဖြစ်ခဲ့ရလေ၏။

မှန်သည်။ မိခင်စိတ်ကိုလည်း တပေါင်းက အသိဆုံး၊ မိခင်သည် ဒါဆိုဒါမှ၊ ဖြစ်လိုသည်ကိုဖြစ်ရမှ၊ ဖခင်နှင့်ကွဲရခြင်း အကြောင်းသည်လည်း မိခင်၏ဒေါသကြီးပြီး တစ်ကိုယ်ကောင်း ဆန်၊ အတ္တကြီးပြီးမာန်ပြင်းထန်လွန်းသော စိတ်ဓာတ်တွေကြောင့် ပင်ဖြစ်ကြောင်း၊ ဘွားဘွားနှင့်ဒေါ်လေးတို့ထံမှ တပေါင်း သိထား ရသည်မဟုတ်ပါလား...။

ထို့အတွက် အရွယ်တင့်တယ်နေသေးသည့်မိခင်အား ဖေဖေ့ကိုယ်စား စောင့်ရှောက်ရင်း တပေါင်းသည် မိခင် စိတ်ချမ်း သာစေရေးအတွက် မိခင်ကို အလိုလိုက်သည်။

ဘာမဆိုလည်း လိုက်လျောသည်။ မိခင်စိတ်နှင့် တပေါင်း ဘယ်သောအခါမှ မဆန့်ကျင်၊ တစ်နေ့ကျလျှင် ဖေဖေနှင့်မေမေတို့



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပေါင်းထုပ် နိုင်ရေးအတွက်လည်း တာပေါင်း၊ ကြိုးစားနေသည်ဟုလည်းဆိုက အမှန်ပါပင်တည်း…။

× × × × ×

(…)ဟိုတယ်ကြီးတစ်ခုတွင် ညစာသာစားနေရသည်။ ဒေါ်ခင်မာဖြူ၏အကြည့်တွေက ဂဏှာမငြိမ်သလို၊ ဆောင်ကြည့် မြောက်ကြည့်နှယ်ရှိနေ၏။

တစ်နည်းဆိုရသော် ဒေါ်ခင်မာဖြူသည် တစ်ဦးတစ်ယောက်အား မျှော်လင့်စောင့်စားနေသလိုပါ…။

မှန်သည်။ ဒေါ်ခင်မာဖြူသည် စားသောက်ရင်း သားနှင့်သူငယ်ချင်းတို့သားအမိကို လောဂွတ်ပျူငှာစကားတွေသာပြောနေရသည် ဒေါ်ခင်မာဖြူ၏စိတ်တွေက မငြိမ်မသက်ဖြစ်နေသည့်အဖြစ်အား ကြာတော့လည်း သားချောနှင့်သူငယ်ချင်းဖြစ်သူ ဒေါ်မိုးပပဆွေတို့မှာ အကဲခတ်ရိပ်မိလာကြလေ၏။

"ဖြူ…"

"ဟင်··ဘာလဲဆွေ၊ စားလေဘာမှာဦးမလဲ၊ လိုတာတွေအားလုံးမှာနော်၊ ဖြည်းဖြည်းပဲစား အေးအေးဆေးဆေးပေါ့…"

"အင်းပါ ဖြူရယ်၊ ဆွေက အေးအေးဆေးဆေးပါပဲ၊





ဖြူ့ကိုကြည့်ရတာသာဂဏှာမငြိမ်သလို၊ တစ်ယောက်ယောက်ကို ပဲမျှော်နေသလိုဖြစ်နေလို့…"

သားတော်မောင် ကိုလူချောလေးက မိခင်အား မည်သို့မျှ ဝေဖန်သုံးသပ်မဆိုသော်လည်း သူငယ်ချင်းဖြစ်သူ ဒေါ်မိုးပပဆွေက မနေနိုင်တော့သလို၊ သူငယ်ချင်းအချင်းချင်းမို့လည်း ပွင့်လင်းစွာဆိုမေးလိုက်လေ၏…

ဒေါ်ခင်မာဖြူသည် တစ်ချက်မျှရှက်သလို၊ မျက်နှာပျက်သွားရရင်းက…

"ဩော်··မဟုတ်ပါဘူး ဆွေရယ်၊ ဖြူ့မိတ်ဆွေတစ်ယောက်လည်း ဒီကိုလာမယ်လို့ပြောထားလို့ ရှာကြည့်တာပါ…"

မိခင်သံမှကြားလိုက်ရသော စကားအတွက် တပေါင်းသည် စားနေရင်းမှ စိတ်ထဲထင့်ကနဲဖြစ်သွားရလေသည်။

တစ်ဆက်တည်းလည်း မိခင်ထံမသိမသာ တပေါင်းကြည့်ဖြစ်ရသည်။

သို့သော် တပေါင်းကား မိခင်၏တက်ကြွလန်းဆန်းပျော်ရွှင်နေသော မျက်နှာကိုတွေ့မြင်ရ၍ နှုတ်ဆိတ်ကာသာနေဖြစ်လိုက်ရလေ၏။

"ဖြူကလည်း မိတ်ဆွေကအမျိုးသားလား၊ အမျိုးသမီး



www.burmeseclassic.com

www.burmeseclassic.com



လား၊ ဆွေထင်ပါတယ်နော် အမျိုးသမီးတော့ မဖြစ်နိုင်ဘူးလို့၊ ဘာလဲ…ဖြူနဲ့စိတ်တူကိုယ်တူတစ်ယောက် တွေ့နေပြီမို့လား၊ ဟုတ်လား ဖြူ…"

"အိုး…အဟင်း…ဟင်း ဆွေကတော့ပြောတော့မယ်ကွယ်၊ ဖြူတို့က ရိုးရိုးသားသားပါ၊ ကိုယ့်ထက်သာတဲ့စီးပွားရေးရှင်ကြီးနဲ့ကိုယ်က ပေါင်းထားရမှာပေါ့ ဆွေရယ်၊ ဒါမှ သူတို့တွေဆီက စီးပွားရေးနည်းဗျူဟာတွေ ကိုယ် ရမှာပေါ့၊ မဟုတ်ဘူးလား…"

"အမလေး…ဖြူရယ်၊ ဒီထက်ပဲစီးပွားနည်းဗျူဟာတွေ ပို့ချနိုင်မယ့်သူက ဘယ်သူမို့တုန်းကွယ်၊ ပြောပါဦး…"

"အမလေး…ဆွေ့ကို ဖြူကလည်းပြောပြလိုက်ချင်တာမှ အရမ်းပါနော်၊ ဆွေလည်းသိရင်သိမယ်၊ မသိရင်တောင် ကြားတော့ကြားဖူးမှာပါ၊ ဟို…မဟာမနသူကုမ္ပဏီပိုင်ရှင် ကိုမင်းခနွေးဆိုတာလေ…"

"ဟင်…အဲဒီကုမ္ပဏီပိုင်ရှင်လား ဖြူ…"

"အင်းလေ…"

"ဟယ်…ဒါဆိုရင်တော့ ဖြူ့ကုမ္ပဏီတော့ ကံဇာတာမြင့်လာဦးမှာပေါ့၊ ဝမ်းသာစရာသတင်းပဲ၊ ဖြူတို့ဘယ်လိုသိကြတာလဲ၊ ဆွေ ကြားဖူးတာတော့ အဲဒီမင်းခနွေးဆိုတာ သူ့အစ်ကို ဝင်းသူရ အားထက် ပိုပြီးထက်တယ်တဲ့၊ မာန်မာနလည်းအရမ်းကြီးဆိုပဲ၊





တော်ရုံကတော့ဘာကြီးပဲဖြစ်နေနေ လှည့်တောင်ကြည့်တာမဟုတ်ဘူးတဲ့…"

"အဟင်း…ဟုတ်တယ် ဆွေ၊ ဖြူနဲ့တော့ တော်တော်လေးကိုအကြောင်းထည့်နေတော့တာပဲ၊ အဟင်း…ဟင်း…ဟင်း…"

ဂုဏ်ယူဝင့်ကြွားသော အပြုံးလှလှလေးတွေနှင့် ဒေါ်ခင်မာဖြူ ပြုံးရင်းဆိုသည်။

တပေါင်းကား မိခင်မျက်နှာချောချောဆီ ကြည့်ပြီးရင်ထဲမကောင်းသလို၊ စိတ်ထဲထင့်သလိုဖြင့်ကြည့်ကာ မိခင်ကိုလည်းမပြောဝံ့၊ မပြောရက်၊ မိခင်စိတ်ညစ်ညူးသွားမည် ကိုလည်းအလွန်စိုးသည့်သားအလိမ္မာလေးမို့ သက်မမောအားရင်တွင်းကြိတ်ချကာ နှုတ်ဆိတ်၍ပင်နေဖြစ်ရပါသတည်း…။

ဘယ်သူတွေဘာဖြစ်ဖြစ် ပပလှိုင်သည်က အကြည်နူးဆုံးနှင့်ပျော်ရွှင်ဆုံးရှိကာ စားသောက်ရင်း တပေါင်း၏နုပျိုချောမွေ့သောမျက်နှာဆီသို့သာ အကြိမ်ကြိမ်ခိုးကြည့်ရင်း ရင်တွေခုန်နေရသည်မဟုတ်ပါလား…။

"ဟင်…သား…ဘယ်လဲ…"

"ခဏပါ မေမေ…"

ဆိုရင်း နေရာမှ တပေါင်း ထ,သွားလိုက်သည်။ ပပလှိုင်မှာ တပေါင်း ထ,သွား၍ စိတ်ထဲအားမလိုအားမရဖြစ်ကျန်ရစ်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရလေ၏။

"ဖြူ…"

"ဘာလဲ ဆွေ…"

"ဖြူ့ရဲ့သားတော်မောင်ရှေ့မှာ သတိလည်းထားဦးနော်"

"အဟင်း…ဟင်း ဘာမှမဖြစ်ဘူး ဆွေ၊ ဖြူတို့သားအမိမှာ ဖြူ့အတွက်သာအမိက၊ သားအပေါ်မှာ ဖြူ့ကသြဇာလွှမ်းပြီးသား၊ သားက ဖြူ့ကိုသိပ်ချစ်တာ၊ ဖြူ စိတ်ဆင်းရဲဖို့ဆိုရင် သဲတစ်မှုံလေးတောင် သားက မလုပ်ဘူး…"

"အင်း…ဟုတ်မယ်၊ ခုလည်း သားက ဖြူ့ကိုဘာတစ်ခွန်းမှကိုမပဟာဘူး၊ သူ့ခများအေးဆေးပဲနေရှာတယ်၊ မိခင်ကို သိပ်ချစ်တာတော့တအားပေါ်လွင်တယ်၊ ဪ…ဖြူ…ဖြူ့လူများ ရောက်နေပြီလားမသိဘူး၊ ဖြူ နည်းနည်းဟိုဘက်လှောက်ကြည့်လိုက်ပါလား…"

"အင်း…အဲဒါပဲ ဖြူလည်း စဉ်းစားနေတာ…"

ထိုအခိုက် (…)ဟိုတယ်ကြီး၏ ပေါ်တီကိုအောက်သို့ နောက်ဆုံးပေါ်ကားလှလှကြီးတစ်စီးသည် ငြိမ့်ကနဲထိုးရပ်လာ၏။

ဟိုတယ်ဝန်ထမ်းများက ကားတံခါးကိုဖွင့်ပေးလိုက်သည်နှင့် ကားထက်မှရွှေမင်းသားကြီး မင်းခနွေးသည် စမတ်ကျကျော့မော့စွာဖြင့် ဆင်းလာပါပြီ…။





ထို့နောက် မင်းခနွေးသည် ဟိုတယ်တွင်းသို့ ကျော့မော့စမတ်ကျသောခြေလှမ်းတွေ တင်လှမ်းချင်းချီကာ ဝင်ရောက်လာခဲ့သည်။

ညစာစားသောက်နေသည့်အခန်းသို့အရောက် ထင်ပေါ်သည့်စားပွဲတစ်နေရာတွင် စတိုင်လ်စမတ်အပြည့်နှင့် ဝင်ရောက်ထိုင်လိုက်၏။

"ဟင်…ခနွ…ခနွေ ဒီမှာကိုး၊ တစ်ယောက်ထဲလားဟင်၊ မမဖြူတို့က ဟိုအတွင်းထဲကစားပွဲမှာ ထိုင်နေကြတာ၊ ခနွေကော ဘယ်တုန်းကရောက်လဲဟင်…"

"ကျွန်တော် သိပါတယ်၊ ကျွန်တော် ရောက်နေတာလည်းကြာပြီ၊ မမဖြူကို ကျွန်တော် တစ်ချိန်လုံးစောင့်ကြည့်နေတာ…"

"ဪ…အဟင်း ခနွေရယ် မမဖြူဆီလာခဲ့ရောပေါ့၊ မမဖြူ သူငယ်ချင်းသားအမိနဲ့ရော မမဖြူသားနဲ့ပါ မိတ်ဆက်ပေးမှာပေါ့၊ အခုသွားမလားဟင်၊ မမဖြူ မိတ်ဆက်ပေးမယ်…"

"မသွားတော့ပါဘူး မမဖြူ၊ ကျွန်တော် ပြန်တော့မယ်၊ မမဖြူ့ကိုပဲ ကျွန်တော် လာကြည့်တာ၊ မမဖြူနဲ့တွေ့ပြီးပြီဆိုတော့ ကျွန်တော် ကျေနပ်ပြီ၊ ဒါပေမဲ့ ကျွန်တော် မမဖြူကို ပြောစရာတွေရှိတယ်၊ ကျွန်တော် ဖုန်းထပ်ဆက်မယ်…"



www.burmeseclassic.com

www.burmeseclassic.com



"ဒီညလားဟင်…"

ရင်ခုန်လှုပ်ရှား၊ မြူးထူးစွာမေးလိုက်သည့် ဒေါ်ခင်မာဖြူ စကားအား မင်းနေဒွေးသည် ထိုမိန်းမ၏ရင်အား ထိုးဖောက်မြင်လိုက်သည့်အလား နားလည်သည့်သဘော၊ သနားလိုက်ပါဘိဟူသောသဘောဖြင့် တစ်ချက်မျှစိုက်ကြည့်ကာပြုံးရင်း ခေါင်းညိတ်ပြလိုက်လေ၏။

"မမဖြူက အခုမပြန်သေးဘူး…"

"မမဖြူ ပြန်ရောက်မယ့်အချိန်ကို ကျွန်တော် ခန့်မှန်းတတ်ပါတယ်၊ ကျွန်တော် ဖုန်းဆက်မယ်၊ မမဖြူ စောင့်နေပါကဲ··ကျွန်တော် သွားမယ်…"

"အင်း··ကောင်းပြီ ခေ၊ မမဖြူ ဓနုဆီကဖုန်းကို မျှော်နေမယ်နော်…"

မရယ်မပြုံး သူ ခေါင်းညိတ်ကာ ·ဒေါ်ခင်မာဖြူ့ရှေ့မှ လှမ်းထွက်သွားလိုက်ပါတော့၏။

မြင်ကွင်းကိုသာ ရှင်းရှင်းထင်း ထင်းကြီး မြင်တွေ့ရသော်လည်း အနက်ကိုကား ဘာမှမသိရသည့် တပေါင်းရင်ထဲတွင်ကား…

ဩော်··မေမေရယ်၊ ဒီလူချောကြီးရဲ့ဟန်တွေရဲ့အောက်၊





ဂကားလုံးတွေရဲ့အောက် အကြည့်တွေရဲ့အောက်မှာ မေမေ သာယာနှစ်မျောရတာ ဘာမှမဆန်းပါဘူးလေ…

ဟင်း··ဒီလူချောကြီးက ငါ့ထက်ကြီးရင် ငါးနှစ်ခြောက်နှစ်လောက်ပဲကြီးမှာ၊ မေမေ့ထက်လည်း ငါးနှစ်ခြောက်နှစ်လောက်ငယ်မှာပဲ၊ လောလောဆယ်မှာ မေမေ ကြင်နာမှုတွေရမှာမှန်ပေမယ့်၊ ကြာလာတဲ့အခါတော့ နာကြင်မှုတွေကို မေမေ ခံစားရလာလိမ့်မယ်…

အဲဒီအခါ မေမေ ခံစားနိုင်ပါ့မလား မေမေရယ်၊ ကျွန်တော် ရင်လေးတယ်၊ ကျွန်တော် စိုးရိမ်တယ်၊ ဘာကြောင့်လဲဆိုတော့ ဒီလူချောကြီးက အဖက်ဖက်ကအင်အားကြီးလွန်းလို့ပါ မေမေရယ်…

ယောကျ်ားချင်းမို့ သူ့ရဲ့အင်အားတွေကိုကြည့်တာနဲ့ ကျွန်တော် မြင်တယ်·မေမေ၊ ဟင်း··ကျွန်တော် ဆုတောင်းရတော့မှာပေါ့၊ ဒီရွှေမင်းသားကြီးရဲ့အကြင်နာတွေကိုသာ မေမေ သက်ဆုံးတိုင်ရပါစေလို့…

ဖေဖေ··ကျွန်တော့်ရဲ့ကြိုးစားမှုတွေ အလကားဖြစ်ကုန်ပြီ ဖေဖေရယ်၊ ကျွန်တော်က မေမေ့ကိုသိပ်ချစ်တဲ့သားမို့ မေမေ စိတ်ချမ်းသာပြီး ပျော်ရွှင်တာကိုသာ မြင်ချင်ပါတယ် ဖေဖေ၊ ဖေဖေနဲ့မေမေ ရေစက်မကုန်သေးရင်တော့ ပြန်ဆုံမှာပါ ဖေဖေ



www.burmeseclassic.com

www.burmeseclassic.com



ရယ်…

တပေါင်း ရင်ထဲမှခြောက်သွေ့မှုတွေဖြင့် ဆိုနေဖြစ်ခြင်းပါ။ မှန်သည်။

ခုနက မလှမ်းမကမ်းကပင် မိခင်နှင့်ဆွဲဆောင်မှုတွေ တစ်ကိုယ်လုံးလွှမ်းနေသည့် ရွှေမင်းသားကြီး မင်းမနေ့ငွေးအား မြင်တွေ့လိုက်ရလေ၍…

မိခင်စိတ်ကိုသိမြင်နားလည်လိုက်ရပြီဖြစ်သည့် တပေါင်းကား ထိုညကအိမ်ပြန်ရောက်သည်အထိ ရင်ထဲမလန်း၊ သို့တိုင် မိခင်၏ပျော်ရွှင်မှုနှင့်စိတ်ချမ်းသာမှုကိုသာ အဓိကထားလိုက်လျှော ဖို့ရန်လည်း ဆုံးဖြတ်ချက်သည် ရှိပြီးသားပါတည်း…။

× × × × ×

“ဒေါက်‥ဒေါက်‥သား၊ မေမေပါ‥သား အိပ်ပြီလား၊ မေမေ သားနဲ့စကားနည်းနည်းပြောချင်လို့…”

စာလည်းမကျက်နိုင်၊ ဘာမှပင်မတွေးနိုင်အောင် မိခင်စိတ်ကြောင့် ရင်ထဲမွန်းကြပ်နေရှာသည့် တပေါင်းကား တံခါးခေါက်သံနှင့် မိခင်စကားသံကြောင့် မိမိ၏ညှိုးနွမ်းနေသောအသွင်ကို ပြင်ဆင်ကာ စာကျက်ဟန်စာအုပ်တစ်အုပ်ကို ကောက်လှန်





ထားလိုက်ရင်းက…

“မအိပ်သေးပါဘူး မေမေ၊ ဝင်လာလေ…”

သူ့စကားအဆုံး ဒေါ်ခင်မာဖြူသည် လှပသောညဝတ်၊ ဝတ်စုံလေးဖြင့် အခန်းထဲသို့ဝင်ရောက်လာ၏။

တပေါင်းသည် မိခင်ထံ လှမ်းကြည့်လိုက်သည်။ မိခင် အသွင်သည် ပျော်ရွှင်နေ၏။ မိခင်လက်တွင်လည်း ဟန်းဖုန်းလေး ကိုကိုင်လာသည်ကို သူ တွေ့လိုက်ရ၏။

“သား…”

“ဗျာ‥မေမေ…”

“ဒီနေ့လာတဲ့ ဆွေ့သမီးလေး ပပလှိုင်နဲ့သားနဲ့ပေးစားဖို့ မေမေတို့သူငယ်ချင်းနှစ်ယောက် သဘောတူပြောဆိုထားတယ် သားရဲ့…”

“ဟင်‥ဗျာ…”

“ဘာလဲ‥သားက မေမေ စီစဉ်တာကိုလက်မခံနိုင်ဘူး လား၊ ဟင်း‥ဒီမှာ သား မေမေဟာ သားဖေဖေကြောင့်လည်း စိတ်ဆင်းရဲခဲ့ရပြီးပြီ၊ အခုတစ်ခါအရွယ်ရောက်ပြီး ပညာစုံလာတဲ့ သားကြောင့် မေမေ ထပ်တစ်ခါစိတ်မဆင်းရဲချင်ဘူး…”

“ဟို‥မဟုတ်ပါဘူး မေမေရယ်၊ မေမေလည်း စိတ်

www.burmeseclassic.com

www.burmeseclassic.com



မဆင်းရဲစေရပါဘူး၊ မေမေ စိတ်ချမ်းသာတာကိုပဲ ကျွန်တော် လည်းမြင်ချင်တာပါ၊ ဒါပေမဲ့ ကျွန်တော် ကျောင်းလည်းမပြီးသေးဘူး၊ အိမ်ထောင်ရေးကိုလည်း ခုအချိန်မှာစိတ်မဝင်စားသေးလို့ပါ''

''အင်းပါ..မေမေကလည်း ခုလောလောဆယ်ကြီး သားတို့ကိုပေးစားမှာမှမဟုတ်ဘဲ၊ သားတို့ကိုသဘောတူထားရုံပါပဲ ကွယ်၊ ပေးစားတာကတော့...''

''ကျွန်တော် ကျောင်းပြီးလို့ မေမေ့လုပ်ငန်းမှာ ကျွမ်းကျင်အောင် နှစ်နှစ်၊ သုံးနှစ်လုပ်ပြီးမှ လက်ထပ်ဖို့ကို စဉ်းစားပါ့မယ် မေမေ...''

''ကောင်းပြီလေ၊ သား ပြောတာကို မေမေ လက်ခံမယ်၊ မေမေ့စကားကိုလည်း သားနားထောင်ရမယ်၊ သား မေမေ့ကို ကတိပေးရမယ်၊ မေမေ သဘောတူတဲ့မိန်းကလေးကလွဲရင် သား ဘယ်မိန်းကလေးကိုမှ လက်မထပ်ရဘူး၊ မယူရဘူးဆိုတဲ့ကတိ မေမေ့ကိုပေးပါ...''

မေမေ့စကားကြောင့် တပေါင်းရင်လေးသွားရသည်။ မေမေ၏ တဇွတ်ထိုးစိတ်နှင့်ဒေါသကြီးပြီး မာနကြီးသောစိတ်ကို လည်း တပေါင်း သိသည်။

ထိုစိတ်တွေကြောင့် မေမေ့ကို တပေါင်းမှာ ငယ်ငယ်က





တည်းက ချစ်ကြောက်ရိုသေခဲ့ရသည်။

ခုဖြင့် မေမေသည် သူ့အားစကားဖြင့် ချည်နှောင်းလာလေပြီ၊ သူ့တွင်ထွက်ပေါက်မရှိ၊ သည့်အတွက် သူ့အဖို့ လောလောဆယ် ထွက်ပေါက်အဖြစ် သူသည် ခေါင်းညိတ်ကတိပေးရတော့မည်ဖြစ်သည်။

''ပြောလေ သား၊ မေမေ့ကိုကတိပေးလေ၊ ဒီမှာ သား၊ သားမှာချစ်သူတွေ၊ ရည်းစားတွေရှိတာ ဘာမှ မေမေ မလိုချင်ဘူးနော်၊ ဘာမှလည်း မေမေ မကြားချင်ဘူး၊ ဒါကြောင့်လည်း သားမှာ ရည်းစားရှိလားတောင် မေမေ မမေးဘူး...

မေမေ စီစဉ်ထားသလိုပဲ မေမေ ဖြစ်ချင်တယ်၊ မေမေ့စိတ်ကိုလည်း သားအသိဆုံးပဲမဟုတ်လား၊ သား မေမေ့ကို ကတိပေးပါ...''

''ဟင်း..ဟုတ်ကဲ့ပါ မေမေ၊ ကျွန်တော် ကတိပေးပါတယ်...''

ကရင်း..ရင်း..ရင်း...

သူ့စကားပင်မဆုံး၊ မေမေ့လက်ထဲကိုင်ထားသည့် ဖုန်းသံကမြည်လာသည်။ မေမေ့မျက်နှာသည် သူ့ထံမှကတိတောင်းနေသည့်အသွင်နှင့် လုံးဝခြားနားသွားသည်။

ရုတ်ချည်းပြောင်းလဲ သွားသည်။ မေမေသည် ဖုန်းလေး



www.burmeseclassic.com

www.burmeseclassic.com



ကိုငုံ့ကြည့်ပြီး မေမေ့မျက်လုံးအစုံသည် တောက်ပသွားရလေသည် မဟုတ်ပါလား…။

"ကောင်းပြီ သား၊ မေမေ ဝမ်းသာတယ်၊ ကဲ..မေမေ ဖုန်းသွားပြောလိုက်ဦးမယ်…"

စကားအဆုံး ဒေါ်ခင်မာဖြူတစ်ယောက် သားဖြစ်သူ အခန်းထဲမှထွက်ကာ၊ သူမအိပ်ခန်းဆီသို့ ပြန်ရောက်လာခဲ့၏။ အခန်းထဲအရောက် အခန်းတံခါးကိုပိတ်လိုက်ပြီး…

"ဟဲလို..ခနေ၊ မမဖြူပါ ပြော…"

"ဘာပြောရမှာလဲ မမဖြူ…"

"မနှောင့်နဲ့ကွယ်၊ ခနေပဲ မမဖြူကိုပြောစရာတွေရှိတယ်ဆို…"

"အဟွန်း..ဟွန်း၊ မမဖြူ ကျွန်တော့်ဖုန်းကိုမျှော်နေတာ မဟုတ်လား၊ မှန်မှန်ပြော…"

"ဟုတ်ပါသတဲ့ရှင်၊ ကဲ..ကျေနပ်ပြီလား…"

"အဟွန်း…"

တစ်ဖက်မှ မင်းခနွေး၏ ခပ်ပေါ့ပေါ့သွေ့သွေ့ရယ်သံအား ဒေါ်ခင်မာဖြူတစ်ယောက် သံရုပ်မခွဲနိုင်လောက်အောင်ဖြစ်နေ၏။

တစ်ဘက်မှ မင်းခနွေးကလည်း ပမာဆိုရသော် မိမိ





ပစ်သွင်းသမျှဘောလုံးတိုင်းက ဂိုးဝင်နေတော့မည်ကိုသိရှိပြီးသားမို့ ငြိမ့်ငြေ့နေဖြစ်ရ၏။

"မမဖြူ…"

"ဟင်..ပြောလေ…"

"မမဖြူနဲ့ကျွန်တော် လက်ထပ်မယ်…"

"ဟင်..အိုး၊ ဘယ်..ဘယ်လို မမဖြူကို လက်ထပ်မယ်၊ ဟုတ်လား ခနေ..အိုး…"

ဒီအဆင့်အထိတော့ လုံးဝမျှော်လင့်မထားသည်ကအမှန်မို့ လုံးဝမယုံကြည်နိုင်အောင် ဖြစ်သွားရသည်။ အံ့သြတုန်လှုပ်သွားရသည်။

မင်းခနွေးကလည်း ဒေါ်ခင်မာဖြူ အသည်းထိမှန်သွားသည်ကို သိပြီးသား၊ အချိန်ဆွဲပြီးတွဲနေရမည်ကို ငြီးငွေ့လွန်း၍ ခပ်မြန်မြန်ပဲ မင်းခနွေးကလည်း အကောင်အထည်ဖော်လိုက်ခြင်းပါ…။

လုပ်စရာရှိသည့်ကိစ္စတစ်ခု မြန်မြန်လုပ်မြန်မြန်ပြီးလျှင် မြန်မြန်နားအေးသည့်သဘော၊ ဒေါ်ခင်မာဖြူကဖြင့် မင်းခနွေး၏ ချောမောမှုနှင့်ဂုဏ်အရှိန်အဝါကလွှဲလျှင် အခြားဘာကိုမှမသိ၊ မင်းခနွေး၏ အတွင်းစိတ်ဓာတ်အားသိရဖို့မှ ပို၍ဝေး၏။

www.burmeseclassic.com

www.burmeseclassic.com



"မမဖြူ ဘယ်လိုလဲ၊ ကျွန်တော် မမဖြူနဲ့အမြန်ဆုံး လက်ထပ်ချင်တယ်..."

"ခနု..ခနုက မမဖြူကို တကယ်ချစ်..."

"မမဖြူ ကျွန်တော့်ကိုဒါတွေဘာမှမမေးပါနဲ့၊ မမဖြူ ကျွန်တော့်ကို လက်ထပ်မထပ်ဘဲ အဖြေပေးပါ၊ မမဖြူ သဘောတူတယ်ဆိုရင် ကိစ္စတွေကို အမြန်ဆုံးစီစဉ်မယ်..."

"ကောင်းပြီလေ၊ မမဖြူလည်း သဏ္ဍာန်ရှိပြီဆိုးဖြတ်လိုက်ပါပြီ၊ မမဖြူ ခနုကိုလက်ထပ်မယ်၊ ဒါပေမဲ့ မမဖြူရဲ့မေမေနဲ့ ညီမလေးကိုတော့ မနက်ဖြန်အသိသွားပေးရမယ်၊ ခနု ဘက်ကရော အသိပေးရမယ့်သူရှိလား..."

"အသိပေးရမယ့်သူတော့ရှိတာပေါ့ဗျာ၊ ကျွန်တော့်အစ်ကိုနဲ့မရီးပါ၊ ကိစ္စတော့မရှိဘူး၊ ကျွန်တော်က အသိပေးရုံပါပဲ..."

"ဟုတ်တယ်၊ မမဖြူဘက်ကလည်း အသိပေးရုံကလွဲရင် အခြားပြဿနာမရှိပါဘူး..."

"ဒါဖြင့် အသိပေးရမယ့်သူတွေကို အသိပေးပြီးရင် ကျွန်တော်တို့ ရုံးတက်လက်မှတ်ထိုးကြမယ်၊ ပြီးရင် ရင်းနှီးတဲ့သူတွေလောက် ညစာကျွေးလိုက်မယ်..."

"အင်း..ခနု သဘောပါ၊ ခနု အစီအစဉ်ကောင်းပါ





တယ်..."

"ဒါဖြင့် ကျွန်တော် ဖုန်းချလိုက်တော့မယ်၊ မမဖြူ အိပ်ပျော်အောင်အိပ်နော်၊ အေးချမ်း..."

စကားအဆုံး တစ်ဖက်မှ မင်းခနုငွေကား ဖုန်းချသွားလေပြီ၊ ထေ့ပြုံးသယောင်ပြုံးနှင့် အကြင်နာပြုံးအား ခွဲခြားနိုင်စွမ်းမရှိတော့သည့် ဒေါ်ခင်မာဖြူတစ်ယောက်ကား ကြည်နူးပျော်ရွှင်မှုများဆင့်ဆင့်ပြားကာ စိတ်ကူးယဉ်ချစ်ဗိမ္မာန်ကြီးထဲကိုသာ မွန်းမံတည်ဆောက်နေဖြစ်ရပါတော့သတည်း...။ ။

ØØØØØØ



www.burmeseclassic.com

www.burmeseclassic.com

## - ခုနစ် -

ဟင်း…

ဒေါ်နှင်းသာဖြူတစ်ယောက် သက်မမောကြီးကိုသာ ကြိတ်ချဖြစ်လိုက်ရ၏။ မြေးဖြစ်သူ တပေါင်းထံ လှမ်းကြည့်လိုက်တော့ တပေါင်း မျက်နှာလေးမှာ မကောင်းရှာသည်ကိုတွေ့ရသည်။

တစ်ဆက်တည်း မိမိ၏သမီးကြီးဖြစ်သူ ဒေါ်ခင်မာဖြူထံ ဒေါ်နှင်းသာဖြူ ကြည့်လိုက်သည်။ ဒေါ်ခင်မာဖြူမျက်နှာအသွင်က ခပ်တင်းတင်း၊ ဘာဖြစ်ဖြစ် ဇွတ်ကြီးပင်လုပ်မည့်ပုံစံကြီးနှင့်မျိုး ရှိ၏။

မိမိမွေးထုတ်ထားသည့်သမီးမို့ ဒေါ်နှင်းသာဖြူကလည်း





မိမိ၏သမီးကြီးစိတ်ခတ်ကိုအသိဆုံး၊ ငယ်ငယ်ကတည်းက ညီမလေးနှစ်ယောက်ရှိတာ၊ အကြီးဟူသည့်စိတ်ကို တစ်ခါမှမမွေးဖူးခဲ့၊ အငယ်ဖြစ်သူအပေါ် အမြဲအနိုင်ယူတတ်သည်။ လူတကာပေါ်လည်း အနိုင်ယူရမှ…။

မိမိ လုပ်သမျှအမှန်၊ မိမိ ပြောသမျှတွေသာအမှန်၊ မိမိသဘော၊ မိမိစိတ်တိုင်းကျ၊ ဘာမဆို မိမိဖြစ်ချင်တာတွေဖြစ်ရမှ၊ မိမိပြောသလိုဖြစ်မှ တစ်ကိုယ်ကောင်းဆန်မှုသည် နေရာတကာ အစွန်းထွက်လွန်းသည်။ စိတ်ရှိသူ ဒေါ်ခင်မာဖြူပါ…။

ခုလည်း မိမိနောက်အိမ်ထောင်ပြုမည့်ကိစ္စအား မိခင်နှင့် ညီမဆီလာပြီး တိုင်ပင်ဆွေးနွေးခြင်းဖြင့်မဟုတ်။ မိမိအိမ်ထောင်ပြုမည့်ကိစ္စ အာပါတ်လွတ် အသိပေးယုံမျှသာဖြစ်၏။

သားဖြစ်သူအနေနှင့်လည်း ကန့်ကွက်၍မရ။ ဆန္ဒပြ၍မရ။ တပေါင်းလိုသားမျိုးကလည်း မိခင်ကိုလွန်စွာချစ်သည့် သား၊ မိခင်စိတ်ချမ်းသာဖို့ကိုသာ အစဉ်ရှေ့ရှုသည့်သား၊ ဘာဖြစ်ဖြစ် မိခင်စိတ်ချမ်းသာလျှင် ပြီးပြီ၊ ခံစားရသမျှတွေကို သူသာ ကြိတ်၍ ခံစားမည့်သားမျိုးဖြစ်၏။

ဘယ်သောအခါကမျှ မိခင်နှင့်မဆန့်ကျင်၊ မိခင်ကို အတိုက်အခံမလုပ်၊ စိတ်ဆင်းရဲစရာရှိလျှင် မိမိသာ စိတ်ဆင်းရဲခံလိုက်မည်။ မိခင် မသိစေရ။ မိခင်အတွက် အမြဲအနိုင်ဆန္ဒတွေ



www.burmeseclassic.com

www.burmeseclassic.com



ပြည့်ဝနေစေရမည့်သားမျိုးပါ။

ထိုသို့သော အကြောင်းအချက်များအား ဘွားအေဖြစ်သူ ဒေါ်နှင်းသာဖြူကလည်း သိသည်။ သမီးဖြစ်သူ၏ အတွင်းစိတ်ကိုလည်း သိသည်။ တစ်ဦးတည်းသော မြေးဖြစ်သူ၏ ရင်ထဲက ခံစားမှုတွေကိုလည်း သိ၏။

သမီးငယ်ဖြစ်သူ အပျိုကြီးဇင်မာဖြူထံကြည့်တော့ တူချစ်ကလေးထံ သနားဂရုဏာတွေနှင့် ကြည့်နေရှာ၏။ အစ်မဖြစ်သူကိုလည်း စိတ်ပျက်ခြင်း၊ မပြောရဲခြင်းတို့ဖြင့် ကြည့်ပြီး မိခင်ထံ ပြန်၍ကြည့်ဖြစ်ခိုက် သားအမိခြင်း အကြည့်ခြင်းဆုံသွားကြလေ၏။ ပြီးမှ . . .

"ဒါဆို မမက ကိုမင်းမနေ့ညနေက တကယ်ပဲယူတော့မှာပေါ့၊ ဟုတ်လား…"

"ဟဲ့ မိဇင်မာ၊ နင်ကလည်း နားဝေးလိုက်တာ၊ အခုငါ့လင်ယူဖို့အတွက် ဒီလာပြီး အသိပေးနေတာပေါ့ဟဲ့…"

"အေးပါ မိဖြူရယ်၊ ညည်းကိုလည်း ဘယ်သူကမှ မကန့်ကွက်ပါဘူး၊ မကန့်ကွက်ရဲပါဘူး၊ ဒါပေမယ့် ညည်း သေချာကော စဉ်းစားပြီးရဲ့လား…"

"ဘာကိုစဉ်းစားရမှာလဲ မေမေရဲ့…"

"အခု ညည်းယူမယ့် ကောင်လေးက ညည်းထက်





ငယ်ပြီး ရုပ်ကတော်တော်ချောတာဆို…"

"ဟုတ်တယ်လေ အဲဒါ ဘာဖြစ်လဲ မေမေ…"

"ဖြစ်တာ မဖြစ်တာ ငါမသိဘူး၊ တစ်နေ့ ညည်းဒုက္ခဖြစ်မှာစိုးလို့ ပြောတာ၊ သတိပေးတာ…"

"အမေ…သူက ဖြူ့ထက်ငယ်ပေမယ့် သူက လုပ်ငန်းကြီးရှင်ပါ၊ ဖြူတို့ချင်း နားလည်မှုတွေရှိတယ်၊ စိတ်ဝင်စားကြတယ်၊ ပြီးတော့ မနက မိန်းမတွေနဲ့လည်း ကင်းရှင်းတယ်…"

"အင်း…မိန်းမတွေနဲ့ ကင်းရှင်းတာတော့ ဟုတ်ပါပြီ၊ ဒါပေမဲ့ သိပ်ကိုမာနကြီးတာပဲလို့ ပြောသံကြားနေရတယ်…"

"သြော်…ဇင်မာရယ်၊ သူ မာနကြီးတော့ပိုမကောင်းဘူးလား၊ သူက ငါနဲ့တွေ့မှပစ်ကျသွားတာ၊ နင့်အစ်မရဲ့အစွမ်းသတ္တိတွေ နင် သိပြီမဟုတ်လား၊ ငါလိုမိန်းမကလည်း တော်ရုံကိုစိတ်ဝင်စားတာမှမဟုတ်တာ၊ သားရဲ့အဖေနဲ့က မေမေတို့စီစဉ်လို့သာ ငါ့သဘောနဲ့ငါဆိုရင် ဒီလိုလူပျော့မျိုးကို စိတ်ကိုးမကူးသေးဘူး၊ ခုကြည့်လေ…ငါက ပြတ်ပြတ်ပဲမဟုတ်လား…"

"အမလေး…မဖြူ၊ ညီး ငါ့မြေးရလးရှေ့မှာ ညီးကိုယ်ညီး ပါဝါတွေယူမနေစမ်းပါနဲ့၊ ဒါဟာ ဂုဏ်ယူစရာကောင်းတဲ့အရာလား၊ ညီးလိုမိန်းမကို မောင်ထွန်းနောင်လိုလူတော်မှ သည်းမခံနိုင်တာ၊ အခုညီးယူမယ့်လင်ကို ငါ ကြည့်ခဲ့လိုက်ဦးမယ်…"



www.burmeseclassic.com

www.burmeseclassic.com



"အမေ..ဖြူကိုတော့ ဒီလိုမပြောပါနဲ့၊ ကိုထွန်းနောင်ဆိုတဲ့ လူက အလကားလူပါ၊ သူ့လိုလူပျော့လူညံ့လူဖျင်းတစ်ယောက်ကို ဖြူက သားတစ်ယောက်ရသည်အထိ ပေါင်းလိုက်မိလို့ ဖြူ့ကိုယ် ဖြူတောင် နမျောနေတာ..."

"အေး..မိဖြူ ညီး အဲဒီလိုအမြဲလက်မ,ထောင်ပြီး၊ အဲဒီ လိုလေသံမျိုးနဲ့ အဲဒီစကားမျိုးတွေ အမြဲပြောသွားနိုင်ပါစေလို့ ငါ ဆုတောင်းပေးပါ့မယ်တော်..."

"တော်ပြီ မေမေရယ်၊ မေမေတို့ဆီလာလိုက်ရင် ဖြူ့ကို သရော်ဖို့ငေါ့ဖို့ပဲသိတယ်၊ ဒါကြောင့် ဖြူလည်း မေမေတို့ဆီကို မလာချင်တာ၊ ကဲ..သား သားနေခဲ့ဦးမှာလား၊ မေမေ သွားမယ်"

မိခင်အပြောကိုပင် ဒေါ်ခင်မာဖြူ မခံနိုင်၊ ဘယ်တုန်း ကမှမခံခဲ့၊ စိတ်တိုတိုနှင့်နေရာမှထကာ ပြန်ဖို့ပြင်ဆင်ရင်း သား တော်မောင်ကိုပါ တစ်ဆက်တည်းဆိုဖြစ်သည်။

တာပေါင်းမှာ မိခင်စိတ်ဆိုးသွားသည်ကို စိုးရိမ်ခြင်း၊ သနား ခြင်းတွေနှင့်ကြည့်ရင်း...

"မေမေ..မေမေစိတ်ဆိုးပြီး ကားမောင်းလို့မဖြစ်ဘူး၊ ကျွန်တော် လိုက်ပို့ပေးပါ့မယ်၊ ဘွားဘွား..တီတီ ကျွန်တော် နောက်မှပဲ အေးအေးဆေးဆေးလာခဲ့ပါဦးမယ်နော်၊ ခွင့်ပြုပါဦး"

"ကောင်းပြီ သားလေး..."





"ကောင်းပြီ မြေးလေးရေ..."

နှုတ်ဆက်ပြီး သားအမိနှစ်ယောက်မှာ ကားမောင်းထွက် သွားလေပြီ...။

"ဟင်း..ခက်တယ်..ခက်တယ်၊ မိဖြူနဲ့တော့ ရှေ့ လျှောက်တော်တော်ခက်ဦးမယ် သမီးရေ..."

"မေမေရယ် ဇင်မာကတော့ သားလေးကိုပဲသနားတယ်၊ သားလေးရဲ့မျက်နှာလေးက ဒေါသမောဟတွေကင်းပြီး နူးညံ့သိမ် မွေ့လိုက်တာ၊ စိတ်ကောင်းတာတောင်မှ သူ့အမေရှေ့မှာ စိတ် မကောင်းပုံကိုမပြရှာဘူး..."

"ဟုတ်တယ် ငါ့မြေးလေးဟာ တကယ့်ကိုအေးဆေးတဲ့ ကလေး၊ မျက်နှာလေးဟာ အမြဲအေးချမ်းနေတာပဲ၊ သူ့အမေ မိဖြူကြောင့် ကလေးကစိတ်ဆင်းရဲနေရှာတယ်၊ ငါ့မြေးလေး မျက်နှာမှာပေါ်လွင်နေတယ်..."

"ငါ့မြေးလေးပဲ ငါ သနားတယ်၊ မောင်ထွန်းနောင်က လည်း သူ့ကိုသိပ်ကြောက်တာ၊ ဒီမိဖြူတစ်ယောက်ကတော့ ဘယ်အချိန်ကျမှ သူ့ရဲ့တာလွဲမာနတွေကျမလဲမသိတော့ဘူး သမီး ရယ်၊ ဟင်း..."

"ဟင်း..."

စိတ်ပျက်စိတ်ဆင်းရဲလှစွာဖြင့် သားအမိနှစ်ယောက် ၇



www.burmeseclassic.com

www.burmeseclassic.com



စကားတွေဆိုရင်း နောက်ဆုံးသက်မမောကြီးများအား ပြိုင်တူချ ဖြစ်လိုက်ရပါသတည်း…။

× × × × ×

"ဟင်…ဘာ၊ ဘယ်လို…ညီညီ မင်း လက်ထပ်တော့မယ်ဟုတ်လား၊ ခိုင်ရေ မေးပါဦး၊ ဒီမှာ မင်းမောင်က လက်ထပ်တော့မလို့တဲ့၊ မောင့်ကိုလာပြောနေလို့…"

"ဟင်…ဟုတ်လား ခနဲ့၊ မင်း ကိုကိုပြောတာ တကယ်ပဲလား၊ ဟုတ်မှလည်းလုပ်ပါ ခနဲရယ်၊ ဘာလဲ မိန်းမရမှာစိုးလို့ ယတြာချေတာလား၊ မင်းလောက်မိန်းမဆိုတာကျိန်နဲ့လား၊ လောကကြီးမှာ မိန်းမတွေမရှိသလိုနေနေတတ်တဲ့သူကများ၊ အခုမိန်းမယူမယ်ဆိုတော့ နည်းနည်းပါးပါးရှင်းလင်းစမ်းပါဦး ငါ့မောင်ရယ်"

ညီဖြစ်သူ မင်းခနဲ့ထံမှ လက်ထပ်ရန်စကား ကြားလိုက်ရသည့် အစ်ကိုဖြစ်သူနှင့်မရီးဖြစ်သူ စံစပွယ်ခိုင်တို့ဇနီးမောင်နှံတို့မှာ ကမ္ဘာဦးလူတို့မီးကိုစတွေ့၍ အံ့သြကုန်နိုင်ဖွယ်အရာလိုဖြစ်သွားကြရလေ၏။

"အဟွန်း…ကိုကိုနဲ့မမကလဲ ကျွန်တော်က အသိပေးပြောပြန်တော့လည်းတစ်မျိုးဗျာ…"





"မတစ်မျိုးပါနဲ့ ညီညီရာ၊ ညီညီ တကယ်လက်ထပ်မှာလား…"

"ခက်လိုက်တာ၊ ကဲ…ဒီမှာ ကိုကို သဘက်ခါအင်္ဂါနေ့ ကျွန်တော် နံနက်ကိုးနာရီမှာ ရုံးတက်လက်မှတ်ထိုးတော့မှာ၊ ကဲ…ယုံပြီလား၊ အားလုံးလည်းပြင်ဆင်ထားပြီးပြီ…"

"ဟင်…ရုံးတက်လက်မှတ်ထိုးမှာဟုတ်လား၊ နေပါဦး အခု ညီညီယူမယ့်မိန်းကလေးကိုလည်း ပြောပြပါဦး…"

"မိန်းကလေးမဟုတ်ဘူး မိန်းမလတ်၊ အဲဒီမိန်းမက တစ်ခုလပ်မ…သားလူပျိုတစ်ယောက်လည်းရှိတယ်…"

"ဟေ…ညီညီ မင်း…"

"ဟယ်…ညီညီ၊ ဘယ်လိုဖြစ်လို့…"

"ကျွန်တော့်ကို ကိုကိုရောမမပါ ဘာအကြောင်းမှ မမေးပါနဲ့၊ ကျွန်တော် အဲဒီအမျိုးသမီးကိုလက်ထပ်တာ ဘာမှမခက်ခဲဘူး၊ အပန်းလည်းမကြီးဘူး…"

"မဟုတ်သေးဘူး ညီညီ၊ ကိုကို မေးချင်တာက ညီညီ သူ့ကိုတကယ်ချစ်လို့ လက်ထပ်တာလားဆိုတာ…"

"ကိုကို ကျွန်တော် ပြောတယ်မဟုတ်လား၊ ကျွန်တော့်ကို ဘာမှမမေးပါနဲ့လို့၊ ကျွန်တော်လည်း ဘာမှဖြေမှာမဟုတ်ဘူး၊ တစ်ခုပဲပြောမယ်၊ ကျွန်တော် သူ့ကိုလက်ထပ်ရမယ်၊ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ရင်းနှီးတဲ့သူလောက် နည်းနည်းခေါ်ပြီး ညစာဖိတ်ကျွေးလိုက်မယ်၊ အဲဒီပွဲကို ကိုကိုနဲ့မမတို့ တက်စရာလည်းမလိုဘူး…"

ဟင်…

အစ်ကိုဖြစ်သူ ဝင်းသူရအေးနှင့်မရီးဖြစ်သူ စံစပွယ်ခိုင်တို့မှာ သူ့စကားသံပြတ်ပြတ်ဆတ်ဆတ်ကြီးတွေကြောင့် အံ့သြပြီးရင်း အံ့သြဖြစ်နေကြရလေ၏။

"ဟုတ်တယ်၊ အဲဒီပွဲကိုတက်စရာမလိုဘူး၊ ကျွန်တော် ကိုကိုနဲ့မမကို အသိပေးတာလောက်ပဲပြောပြတာ၊ ပြီးတော့ ကျွန်တော့်အနေနဲ့ ဒီအမျိုးသမီးကိုလက်ထပ်လိုက်တယ်ဆိုပေမယ့်၊ ကိုကိုနဲ့မမတို့အနေနဲ့ အဲဒီအမျိုးသမီးကို ပတ်သက်စရာမလိုဘူး…

ဘာအကြောင်းနဲ့မှ သူ့ကိုရောသူ့အသိုင်းအဝိုင်းနဲ့ပါ ဆက်ဆံစရာမလိုဘူး၊ စဉ်းစားကြည့်ရင် ဒီအမျိုးသမီးကို ကျွန်တော် သိပ်ရယ်ချင်တာပဲ…"

ဆိုရင်း မင်းခန့်ငြေးသည် သမ်းသမ်းလေးမှုပြုံးသည်။ သူ့မျက်နှာချောချောဆီသို့ မရီးဖြစ်သူ စံစပွယ်ခိုင်သည် ရူးစိုက်ကြည့်နေလိုက်မိသည်။ အစ်ကိုဖြစ်သူသည်လည်း ညီရဲ့အသွင်ဆီကြည့်ပြီး စိတ်ထဲမသက်မသာဖြစ်နေရလေ၏။

မှန်သည်။ အဘယ်ကြောင့်ဆိုသော် မင်းခန့်ငြေး၏ စိတ်တတ်၊ ခံစားမှုအကျင့်အကြံတွေ၊ ခံယူချက်ကြိုးပမ်းမှုများအား





အစ်ကိုဖြစ်သူနှင့်မရီးဖြစ်သူတို့သာ အသိဆုံးဖြစ်နေရသည်မဟုတ်ပါတကား…။

"ဟင်း…ညီညီ ကိုကို စကားနည်းနည်းပြောလို့ရမလား"

"ကျွန်တော့်အလုပ်ကိစ္စနဲ့ ပတ်သက်တဲ့စကားမျိုးမဟုတ်ဘူးဆိုရင်ပြောပါ…"

"ဟင်း…ခနေ၊ မမခိုင်ပြောချင်တယ်၊ ခနေ ဘာကယ် မချစ်ရင် ဒီအမျိုးသမီးကို မယူပါနဲ့လားကွယ်…"

"ဆက်မပြောပါနဲ့တော့…"

"ညီညီ…သိလျှက်နဲ့တော့ ကိုကိုလည်း ပြောရမှာပဲကွာ၊ စီးပွားရေးနဲ့ပဲဖြစ်ဖြစ်၊ လူမှုရေးနဲ့ပဲဖြစ်ဖြစ် တစ်ဖက်သားကို ဒီလောက်အထိတော့ မတိုက်ခိုက်ပါနဲ့လား ညီညီ၊ ကိုကို အားမပေးချင်ဘူး…

ညီညီ့ဘဝမှာလည်း ဒီလောက်ထိပြည့်စုံနေတာပဲ၊ ဒီအမျိုးသမီးကို ညီညီ ဘာအတွက် ဒီလိုလုပ်ရတာလဲ…"

"မုန်းလို့…ရယ်ချင်လို့…"

မင်းခန့်ငြေးထံမှ ကြားလိုက်ရသောစကားများအတွက် စံစပွယ်ခိုင်သည် လွန်စွာအံ့သြတုန်လှုပ်စွာဖြင့် ကြည့်ဖြစ်သွားရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့်လဲ ညီညီ၊ ဘာနဲ့ပတ်သက်လို့လဲ···"

"အဟွန်း··အဲဒီမိန်းမက တပေါင်းကုမ္ပဏီပိုင်ရှင်လေ၊ ကျွန်တော်တို့ကုမ္ပဏီနဲ့ပူးပေါင်းဖို့တောင် သူလိုမိန်းမက ခြေလှမ်းပြင်နေတာ၊ ဒါကြောင့်ဆုံးမမလို့၊ သူ့ကိုယ်သူလည်း သိပ်အထင်ကြီးတဲ့မိန်းမ၊ ပညာပေးရမယ်···"

"ညီညီ မလုပ်သင့်ဘူး၊ လက်မလွှန်ခင် ရပ်တန်းကရပ်လိုက်ပါလား ညီညီ···"

"ကိုကိုဟာ ကျွန်တော့်ရဲ့စိတ်ဓာတ်ကို အသိဆုံးလို့ ကျွန်တော် ထင်ထားတာ···"

"ကိုကို သိပါတယ်၊ အခု ကိုကို တောင်းပန်နေတာပါ၊ ဘာကြောင့်လဲဆိုတော့ ညီညီ့အတွက်ပါပဲ၊ တကယ်လို့ ညီညီ မြတ်နိုးတဲ့ မိန်းကလေးတစ်ယောက်ယောက်နဲ့ တွေ့လာတဲ့အခါကျရင်···"

"အဟွန်း··ဟွန်း၊ စကားလုပ်ပြီးပြောစရာမလိုပါဘူးဗျာ၊ ဘယ်မိန်းမဂိုမှ ဒီကနေ့ဒီအချိန်အထိ ကျွန်တော် စိတ်မဝင်စားဘူး၊ ဒါကြောင့် ကိုကိုတို့အနေနဲ့ အဲဒီမိန်းမအသိုင်းအဝိုင်းနဲ့လုံးဝ မပတ်သက်ပါနဲ့၊ ကဲ··ကျွန်တော် သွားမယ်၊ ဒီနေ့ဂေါ့ဖ်ရိုက်ပြိုင်ပွဲရှိတယ်··"

"ညီ လက်ထပ်ပွဲအတွက် ဘာလိုအပ်လဲ၊ ကိုကို ဘာလုပ်





ပေးရမလဲ···"

"ဘာမှမလိုအပ်ဘူး၊ ကဲ··သွားပြီ···"

စကားအဆုံး ရယ်မပြုံး၊ မာန်ပါသောခြေလှမ်းတို့ကို ချိုကာ မင်းခနွေးကား အိမ်ထဲမှလှမ်းထွက်သွားလေပြီတည်း။

မရီးဖြစ်သူ ခံစပ္ပယ်ခိုင်ကား မင်းခနွေး၏ နောက်ကျော ဖြောင့်ဖြောင့်လှလှခန့်ခန့်ကြီးဆီ ငေးကြည့်ရင်း လွန်စွာမှအံ့ဩ တုန်လှုပ်နေဖြစ်ရပါသတည်း···။ ။



www.burmeseclassic.com

www.burmeseclassic.com

## - ရှစ် -

စားမေးပွဲပြီးသွား၍ ကျွန်း စိတ်တွေပေါ့ပါးသွားသည်။ ယခင်နေ့တွေက ကျွန်းမှာ စာမေးပွဲကတစ်ဖက်၊ အလုပ်ထွက်ရှာနေရသည်ကတစ်ဖက်၊ အချိန်တွေမလုံလောက်၍ ကသီလင်တဖြစ်နေရ၏။

သည်နေ့တော့ဖြင့် လွတ်လွတ်လပ်လပ် ကျွန်း အလုပ်ထွက်ရှာတော့မည်ဖြစ်သည်။

ရန်ကုန်မြို့တွင် အောက်ခြေသိမ်း အလုပ်တွေကဖြင့်





မရှားပါ။ ဝမ်းစာတစ်ခုတည်းအတွက် တစ်ဝမ်းတစ်ခါးရှာစားဖို့အတွက်မူ ဘယ်အလုပ်မဆိုလုပ်နိုင်သည်။

သည့်အတွက် ကျွန်းသည်လည်း သူဌေးဖြစ်ဖို့မလိုသေး၊ လောလောဆယ် စားဖို့ဝတ်ဖို့နှင့်ကျောင်းစရိတ်လေး ကာမိလျှင်ပင် တော်လှပြီဟူသောအတွေးဖြင့် အလုပ်တစ်ခုကိုအမြန်ဆုံးရှာဖွေနေရခြင်းဖြစ်၏။

"ခင်စုရေ ကျွန်း သွားတော့မယ်နော်..."

"အေး..အေး ငါ နင့်ကိုထမင်းစား စောင့်နေမယ်နော်၊ ထမင်းစားချိန်တော့ပြန်လာပေါ့ဟယ်..."

"မစောင့်ပါနဲ့ ခင်စုရယ်၊ ငါကအလုပ်လိုက်ရှာတာဆိုတော့ တနေကုန်ချင်လည်းကုန်သွားမှာပေါ့၊ ငါ လမ်းမှာအကြော်လေးဘာလေးပဲ ဝယ်စားလိုက်မယ်..."

"နေပါဦး ကျွန်းရဲ့၊ အခု နင် အလုပ်သွားရှာမှာ ဘာအလုပ်ကိုရှာမှာလဲ..."

"ရတဲ့အလုပ်ပေါ့၊ ကောင်းတဲ့အလုပ်ဆို အကုန်လုပ်မယ်၊ တစ်ခုတော့ရှိတယ်၊ ငါက စားသောက်ဆိုင်အလုပ်နဲ့ပတ်သက်ရင် ပိုပြီးကျွမ်းကျင်တာဆိုတော့ စားသောက်ဆိုင်မှာလုပ်ရမယ့်အလုပ်ကို ငါ ဦးစားပေးရှာမယ်...

www.burmeseclassic.com

www.burmeseclassic.com



ငါ ဆုံးဖြတ်ထားတယ် ခင်စုရဲ့၊ ငါ ကျောင်းပြီးလို့ စီးပွားရေးလုပ်ရင် စားသောက်ဆိုင်အလုပ်ပဲလုပ်မယ်လို့၊ နင်ကော ဘယ်လိုလဲ၊ ငါနဲ့ရှယ်မလုပ်ချင်ဘူးလား…"

"အေးပါ..ငါလည်း နင့်ကိုအားကျပါတယ်၊ အခုတော့ မတတ်နိုင်သေးဘူး…"

"ငါလည်း အခုပြောတာမှမဟုတ်တာ၊ နောက်မှ.. နောက်မှ၊ ကဲ..ငါ သွားပြီ ခင်စု…"

စကားအဆုံး ချိုသောမျက်နှာလှလှလေးနှင့် ခင်စုကို နှုတ်ဆက်ပြီး ကျွန်း ထွက်သွားလိုက်လေ၏။ ခင်ခင်စုမှာ သူငယ်ချင်း ကျွန်း၏နောက်ကျောလေးဆီ ငေးကြည့်ကျန်ရစ်ရင်း ကျွန်းအား အားကျနေမိ၏။

မှန်သည်။ ခင်စုသည် ကျွန်း၏စိတ်ဓာတ်နှင့်ကျွန်း၏ နေထိုင်ကြိုးစားပုံလေးတွေကိုကြည့်ပြီး ကျွန်းကိုတွေ့ကတည်းက ပင် ချစ်ခင်စိတ်များ ဖြစ်ခဲ့ရ၏။

ပြီးတော့ ကျွန်းနှင့်ခင်စုသည် ပထမနှစ်ခြင်းလည်းတူ သည်။ ဘာသာရပ်ခြင်းလည်းတူပြီး ခုံနံပါတ်ခြင်းလည်း အထက် အောက်ဖြစ်နေ၍ ပို၍တွဲဖြစ်သွားကြ သည်။

အနေနီးပြီးအတွဲများလာတော့ ပို၍ခင်မင်သွားကြသည်။





တစ်ယောက်အကြောင်းလည်း တစ်ယောက်သိကြသည်။ တစ် ယောက်စိတ်ဓာတ်လည်း တစ်ယောက်ပိုသိလာကြသည်။ တစ် ယောက်ကိုတစ်ယောက်လည်း ပို၍ချစ်ခင်တွယ်တာလာကြရ၏။

ခင်စု အကြိုက်ဆုံးနှင့်အားအကျဆုံးက ကျွန်း၏စိတ်ဓာတ် နှင့်ကြိုးစားမှုပင်ဖြစ်သည်။

ကျွန်းသည် မိန်းကလေးနုနုငယ်ငယ် ချောချောလှလှလေး ပေမယ့် စိတ်ဓာတ်ကရင့်ကျက်တည်ငြိမ်သည်။

အဖေတူသမီးမို့ နေရာတကာတိကျ၍ မာန်လည်းရှိသည်။ ဘာမဆိုမဖြစ်မနေကြိုးလည်းကြိုးစားသည်။ ဇွဲလည်းရှိသည်။

စနစ် လည်းကျသည်။ စည်းကမ်းလည်းရှိသည်။ တော် လည်းတော်သည်။ ထက်လည်းထက်သည်။

ကျွန်းသည် အောင်မြင်ချင်သည့်စိတ်လည်း အမြဲရှိသည်။ အောင်မြင်ရမည်ဟုလည်း ကျွန်း ယုံကြည်မှုရှိသည်။ ကျွန်းစိတ် ဓာတ်လေးက လွန်စွာချစ်စရာကောင်းသည်။

ငယ်ရွယ်သူမို့ လောကကြီး၏ ပရိယာယ်အကြောင်းတွေ ကိုတော့ ကျွန်း ကောင်းကောင်းမသိ၊ နားမလည်သေးသည်က အမှန်…။

နုငယ်လှပသည့် မိန်းကလေးအရွယ်မို့ တချို့နေရာတွင် ကျွန်းသည် ကလေးလေးတစ်ယောက်လို ဖြစ်နေခြင်းသည်။ စည်း



www.burmeseclassic.com

www.burmeseclassic.com



ကမ်းတင်းကြပ်လွန်းသည့် ဖခင်လက်အောက်တွင် ကြီးပြင်းလာရ၍ တခြားကိစ္စများအတွေ့အထူးကိုဖြင့် ကျွန်း နားမလည်…။

အထူးသဖြင့် ချစ်ရေးချစ်ရာကိစ္စများအား ကျွန်း မကြုံဖူး၊ ဒီလိုနေရာတွင် ကျွန်းစိတ်က,ကလေးစိတ်၊ မဝေခွဲတတ်သေး၊ မဆုံးဖြတ်တတ်သေးပါ။ ကျွန်း မျက်စိရှေ့တွင် အဆိုးလုပ်တာမမြင်သရွေ့ ဘယ်သူ့ကိုမဆို ကျွန်း အကောင်းပဲမြင်သည်။

သို့သော်လည်း တိကျပြတ်သားသည့် ကျွန်းစိတ်က ထက်ထက်နှင့်မဟုတ်မခံ ဇတ်ဇတ်ကျဲ၊ မဟုတ်မမှန်တာဆိုလျှင်တော့ ကျွန်းတို့က ပက်ကနဲပင် ရင်ဆိုင်ပြီးသားဖြစ်သည်။

နုငယ်သောအရွယ်လေးမို့လည်းဖြစ်မည်။ ကျွန်းသည် စိတ်ကိုထိန်းချုပ်ခြင်းမှာ မစွမ်းနိုင်သေးပါ။ ကျွန်း၏စိတ်ဖြစ်ပေါ်နေခြင်းသည် ကျွန်းမျက်နှာလှလှလေးတွင် ထင်းထင်းကြီးပေါ်လွင်နေတတ်၏။

စသည်ဖြင့် အရာအားလုံးသည် ကျွန်းအား ချစ်စရာအကောင်းဆုံးနှင့်ဆွဲဆောင်စရာတွေချည်းပင် ဖြစ်နေရသည်မဟုတ်ပါလား…။

သည့်အတွက်ကြောင့်လည်း ခင်ခင်စုအနေနှင့် ကျွန်းကိုအကူအညီအတတ်နိုင်ဆုံး ပေးဖြစ်သည်။ ကျွန်းတို့သားအဖနှစ်ယောက်အနေအထား မည်သို့ရှိရှိ၊ ကျွန်း၏ကြိုးစားမှုနှင့်ကျွန်း၏





အရည်အချင်းကိုသိ၍ ခင်ခင်စုသည် ကျွန်းအား ကူညီဖြစ်ခြင်းပါ။

× × × × ×

'စံမမိ' စားသောက်ဆိုင်ဆိုပဲ၊ လူရည်သန့်တွေနေထိုင်တဲ့ (…)ရပ်ကွက်ကြီးထဲမှာဆိုပေမယ့်လည်း ဆောက်ထားတဲ့ဆိုင်ကြီးကတခမ်းတနားကြီးဆိုတော့ လူတွေကိုဆွဲဆောင်နေစေတယ်၊ စိတ်ဝင်စားစေတယ်…

ဆိုင်ရှေ့မှာက ကားလေးနှစ်စီးသုံးစီးလောက်ပဲရှိတယ်၊ လူအလာနည်းတယ်ထင်တယ်၊ ဘာကြောင့်လူအလာနည်းတာလဲဆိုတော့ ငါ အထဲဝင်ကြည့်ပြီး လေ့လာရင်ကောင်းမယ်…

စားသောက်ဆိုင်တစ်ခု အောင်မြင်ဖို့ဆိုတာ အလုပ်သမားကောင်းရဖို့လည်းလိုတယ်၊ စားသောက်စရာတွေ အရသာရှိဖို့နဲ့ ဈေးနှုန်းလည်းလိုတယ်…

ခုခေတ်မှာ နေရာကောင်းဖို့ကအဓိကမကျတော့ဘူး၊ စားသောက်ဖို့ကောင်းဖို့၊ ဈေးနှုန်းသင့်တင့်ဖို့နဲ့အလုပ်သမားကောင်းရဖို့ပဲ၊ တစ်ချက်ခုတ်နှစ်ချက်ပြတ် ငါ ဒီဆိုင်ထဲဝင်ကြည့်လိုက်မယ်၊ အလုပ်သမားအလိုရှိတယ်လို့တော့ မကြေငြာထားပေမယ့် ဝင်ကြည့်လိုက်မယ်၊ အနည်းဆုံးတော့ သူများရဲ့စိတ်ကူးကို သိရတော့ပေါ့…



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးတွေနှင့် စံမမီစားသောက်ဆိုင်ထဲသို့ ကျွန်း ဝင်ခဲ့လိုက်လေ၏။

ဆိုင်ထဲသို့ဝင်လိုက်သည်နှင့် စားပွဲတွေကအများကြီး။ သို့သော်လည်း စားသောက်နေသူက တစ်ဦးနှစ်ဦးသာရှိသည်။

ဆိုင်ရဲ့အပြင်အဆင်နဲ့အခမ်းအနားက အတွင်းရောအပြင်ပါ အရမ်းကောင်းတာပဲ၊ ငွေကြေးတော်တော့်ကိုတတ်နိုင်တဲ့သူဖြစ်မယ်ထင်တယ်၊ ကြည့်ရတာခန့်ထားတဲ့အလုပ်သမားတွေလည်း မဆိုးဘူး၊ သန့်တယ်…

ကျွန်း တွေးဆဲအမျိုးသမီးတစ်ယောက်သည် အနောက်ဘက်အခန်းတစ်ခုထဲမှ ထွက်လာသည်။ ထိုအမျိုးသမီး၏အရွယ်သည် ကျွန်း၏ဒေါ်လေးအရွယ်မျှသာဟု ထင်၏။ အမျိုးသမီးကိုကြည့်ပြီး ရုတ်တရက်မို့လည်း ကျွန်းသည် ပါးစပ်ကလေးဟဟပင်ဖြစ်သွားရသည်။

ကျက်သရေရှိလိုက်တာ…

စိတ်ထဲမှရေရွတ်ဆဲ ကျွန်းသည် အမျိုးသမီးချောကြီးထံငေးကြည့်နေဖြစ်ဆဲ၊ အမျိုးသမီးချောကြီးသည်လည်း ကျွန်း၏ဆွဲဆောင်မှုအားပြင်းသော မျက်နှာဖူးဖူးလှလှ၊ ဝင်းဝင်းပပလေးဆီကြည့်ဆဲမှ ကျွန်းအနီးသို့ရောက်လာခဲ့ရင်း…

"ဘာအလိုရှိလဲကွယ်၊ လာစားတာလား၊ ပါစယ်မှာချင်





လို့လား၊ ထိုင်လေ…"

"ဩော်…ဟင်အင်း၊ မဟုတ်ပါဘူးရှင်…"

"ဟင်…"

ကျွန်းစကားအတွက် အမျိုးသမီးကြီးသည် အံ့သြဟန်ပြုံးယောင်ယောင်ရှိသွားရသည်။

"ဟို…အန်တီ၊ အန်တီက အံ့နာလားဟင်…"

"ဟုတ်ပါတယ်ကွယ်…"

"မန်နေဂျာရောရှိလား အန်တီ…"

ကျွန်းစကားအတွက် အမျိုးသမီးချောကြီးသည် ကျွန်းထံကစ်ချက်မျှစိုက်စိုက်လေး ကြည့်လိုက်သည်။

ပြီးမှ တစ်စုံတစ်ရာကို သဘောပေါက်သလိုလိုနှင့် ကျွန်းအသွင်လေးကိုကြည့်ပြီး စိတ်ဝင်စားမှုတွေလည်း ဖြစ်ပေါ်နေ၍…

"ကဲ…သမီး၊ ဟိုကောင်တာစားပွဲမှာ သွားထိုင်ရအောင်၊ စကားလည်းအေးအေးဆေးဆေး ပြောလို့ရတာပေါ့…"

အမျိုးသမီးချောကြီးက ခုလိုဆိုတော့ ကျွန်းလည်း အံ့သြသွားရရင်း နောက်မှလိုက်ပါဖြစ်သွား၏။

"ထိုင်ပါကွယ်…"

"ဟုတ်ကဲ့…"



www.burmeseclassic.com

www.burmeseclassic.com



စကားပြောကောင်းပြီး စကားသံကအေးချမ်းသာယာသည့် အမျိုးသမီးချောကြီးအား ကျွန်း ငေးကြည့်နေမိသည်။

"သမီးနာမည်က ဘယ်လိုခေါ်လဲ..."

"ကျွန်းပါ အန်တီ..."

"ကျွန်း..."

"ဟုတ်ကဲ့..."

"နာမည်ကအဆန်းပါပဲလားကွယ်၊ အဟင်း..ဟင်း..."

အမျိုးသမီးကြီးရယ်ရင်းဆိုတော့ ကျွန်းလည်း ပြုံးဖြစ်ရသည်။

"ကျွန်းအမည်ဆန်းတယ်ဆိုလို့ ဘာပဲဖြစ်ဖြစ် ကျွန်း အန်တီကို ကျေးဇူးတင်ပါတယ်ရှင်..."

"သမီးကအပြောလည်းကောင်းတယ်၊ ရုပ်လေးလည်း သိပ်ချောတယ်၊ သမီးရဲ့မျက်နှာလေးက ကြည်လင်ဝင်းပနေတာပဲ၊ အန်တီတွေ့တာနဲ့ကို သမီးကိုစိတ်ဝင်စားသွားတယ်..."

ကျွန်းမှာ ဘာပြောရမှန်းမသိ၍ ရှက်ရှက်ကလေးနှင့် မေးချိုင့်လေးပေါ်အောင် ပြုံးနေဖြစ်ရလေ၏။

"အန်တီရဲ့ဒီဆိုင်ကဖွင့်တာ မကြာသေးဘူး၊ ဒါကြောင့် မန်နေဂျာလည်းမရှိသေးဘူး၊ မန်နေဂျာက လက်ရှိတော့ အန်တီပဲပေါ့ကွယ်..."





"သြော်..ဒါဖြင့် အန်တီ ဝန်ထမ်းခေါ်ဖို့အစီအစဉ်ရှိဦးမှာပေါ့နော်..."

"ဟုတ်တာပေါ့၊ သမီးက အန်တီဆီမှာ အလုပ်လာလုပ်ချင်လို့လား..."

"ဟုတ်ကဲ့၊ ကျွန်းက စာမေးပွဲဖြေပြီးလို့ အလုပ်လိုက်ရှာနေတာပါ..."

"သြော်..ဟုတ်လား၊ ဘယ်နှစ်တန်းဖြေထားလဲကွဲ့..."

"ပထမနှစ်ပါ..."

"ဒီလိုစားသောက်ဆိုင်အလုပ်ကိုမှ ကျွန်းက လုပ်ချင်တာလား..."

"ဟုတ်ကဲ့၊ ဒီအလုပ်ကို ကျွန်း ဝါသနာပါတယ်၊ ကျွမ်းလည်းကျွမ်းကျင်တယ်၊ ဘာကြောင့်လဲဆိုတော့ ကျွန်းဖေဖေက ကျွန်းငယ်ငယ်ကတည်းက ရသာစုံလက်ဖက်ရည်ဆိုင်ကြီးကို ဖွင့်ထားတာ ဒီကနေ့အထိပါပဲ..."

"ဟင်..ဟုတ်လား၊ ဒါဖြင့် ကျွန်းက ဒီမှာဘာဖြစ်လို့ အလုပ်လာလုပ်တာလဲ..."

ထိုအမေးအတွက် ကျွန်း တစ်ချက်မျှစဉ်းစားသည်။ ပြီးမှ ကျွန်းသည် မိမိနှင့်ဖခင်တို့၏ဖြစ်သမျှအကြောင်းအား ကုန်စင်



www.burmeseclassic.com

www.burmeseclassic.com



ပြောပြလိုက်လေ၏။

"အိုး..ဒီလိုလား၊ ဒါပေမဲ့ ဖခင်ကတော့စိုးရိမ်စိတ်နဲ့ပါ ကျွန်းရယ်..."

"ကျွန်း နားလည်ပါတယ် အန်တီ၊ ဒါပေမဲ့ ဖေဖေ့ဆီကို ကျွန်း မပြန်တော့ဘူး၊ ကျွန်းဟာကျွန်း ကြိုးစားသွားဖို့ ဆုံးဖြတ်လိုက်ပြီ..."

ကျွန်း စကားများအား အမျိုးသမီးချောကြီးသည် သေချာစွာနားထောင်နေဖြစ်သည်။ အတန်ကြာမှ ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ရင်း...

"အန်တီရဲ့နာမည်က ဒေါ်စံစပယ်ခိုင်ပါ၊ ဒီလိုစားသောက်ဆိုင်တွေလုပ်ငန်းကတော့ အန်တီ့လုပ်ငန်းတွေပေါ့ကွယ်၊ အန်တီ့မှာ ဒီလိုစားသောက်ဆိုင်မျိုး ခြောက်ဆိုင်တိတိရှိတယ်၊ ဒီဆိုင်က နောက်ဆုံးဆိုင်ခွဲပဲ...

ဒီဆိုင်ကိုဖွင့်တာ တစ်ပတ်တောင်မရှိသေးဘူး၊ ဒါကြောင့် အလုပ်သမားလည်းမစုံသေးဘူး၊ စားဖိုမှူးတွေကတော့ စုံပါပြီ၊ မန်နေဂျာလည်းမခန့်ရသေးဘူး၊ တကယ်လို့ ကျွန်းက ဆုံးဖြတ်ထားတယ်ဆိုရင် ကျွန်းကို အန်တီ အလုပ်ပေးမယ်၊ ဘယ်လိုလဲ"

"ဝမ်းသာလိုက်တာ အန်တီ၊ ကျွန်းက ဆုံးဖြတ်ပြီးသားပါ၊ ကျွန်း ကျောင်းပြီးရင်တောင်မှ စားသောက်ဆိုင်ပဲလုပ်သွား





မှာပါ၊ ကျွန်း မုန့်တွေလည်းလုပ်တတ်တယ်၊ ဆိုင်လုပ်ငန်းနဲ့ပတ်သက်ရင် ကျွန်း အားလုံးနားလည်ပါတယ်..."

"ကောင်းပြီ၊ အန်တီက ကျွန်းကို စားပွဲထိုးနေရာမပေးပါဘူး၊ ကောင်တာထိုင်တဲ့နေရာကိုပေးမယ်၊ အလုပ်သမားတွေအတွက် အုပ်ချုပ်သူတစ်ယောက်လည်းလိုသေးတယ်..."

"အန်တီ ကျွန်းရဲ့သူငယ်ချင်းနှစ်ယောက်ရှိတယ်၊ တစ်ယောက်ကတော့ ဖေဖေ့ဆီမှာလုပ်နေတယ်၊ နောက်တစ်ယောက်ကတော့ ကျွန်းနဲ့အတူစာမေးပွဲဖြေထားပြီးလို့ အားနေတယ်၊ တစ်နေ့ကျရင် ကျွန်းတို့ကစုပြီး စားသောက်ဆိုင်ဖွင့်ဖို့တိုင်ပင်ထားကြတယ်၊ အဲဒါ အန်တီ သူတို့ကို အလုပ်ပေးနိုင်မလား..."

"အန်တီ့အနေနဲ့ကတော့ မိန်းကလေးဝန်ထမ်းတွေကို ပိုပြီးနှစ်သက်ပါတယ်၊ ကျွန်းနဲ့ပတ်သက်တဲ့သူတွေဆိုတော့ ကျွန်းလိုပဲယုံကြည်မှုထားချင်တယ်၊ အန်တီ အလုပ်ပေးနိုင်ပါတယ်၊ ဒီဆိုင်ကို ကျွန်းရဲ့စိတ်ကူးနဲ့ကျွန်း အောင်မြင်အောင်လုပ်ကြည့်လေ"

"ရှင်..အန်တီ တကယ်ပြောနေတာလားဟင်..."

"တကယ်ပေါ့ကွယ်၊ ကျွန်းကိုကြည့်တာနဲ့ အရည်အချင်းတွေကို အန်တီ မြင်နေသလိုပဲ၊ ကဲ..အန်တီက ကျွန်းကိုရော၊ ကျွန်းရဲ့သူငယ်ချင်းတွေကိုပါ အလုပ်ခန့်ပြီးပြီနော်၊ ကျွန်းတို့က ဘယ်တော့အလုပ်ဝင်မလဲ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟို..အန်တီ၊ ကျွန်းနဲ့ခင်စုကတော့ မနက်ဖြန်ဆိုရင် အလုပ်ဝင်ပါမယ်၊ ဒါပေမဲ့ ဖေဖေ့ဆီမှာလုပ်နေတဲ့ နွဲ့မူကိုတော့ ချက်ချင်းခေါ်ထုတ်လို့မဖြစ်သေးဘူး၊ သူ့ကိုတော့အကြောင်းကြား ထားမယ်..."

"ကျွန်းရဲ့ဖေဖေဆီက အလုပ်သမားကို ခေါ်လို့ကောင်း ပါ့မလားကွယ်..."

"ကျွန်းနဲ့နွဲ့မူကလည်း တိုင်ပင်ထားတာပါ၊ ဖေဖေ့ဆီက နေခွဲထွက်ပြီး သီးခြားလုပ်ဖို့၊ ဒါပေမဲ့ ဖေဖေကတော့ ကျွန်းတို့ရဲ့ လက်ဦးဆရာပါပဲ အန်တီ..."

"ဒါပေါ့ကွယ်၊ မိဘကျေးဇူးလည်းမမေ့နဲ့၊ ဆရာသမား ကျေးဇူးရှင်လည်း မမေ့နဲ့နော်..."

"ကျွန်းဟာ မိုက်မဲပြီးကျေးဇူးမသိတတ်တဲ့သူမဟုတ်ပါ ဘူး အန်တီ၊ ဒါပေမဲ့ ဖေဖေနဲ့ကျွန်းရဲ့ကြားမှာတော့ အကြိတ်အခဲ လေးတွေရှိတာ အမှန်ပါပဲ..."

ကျွန်းဆိုရင်း မျက်နှာလေးကတည်ခဲသယောင်၊ ညှိုးမှိန် သယောင်ရှိသွားသည်။ ဒေါ်စံစပယ်ခိုင်သည်လည်း နားလည်စွာ နှုတ်ဆိတ်သွားသည်။ ပြီးမှ...

"ကျွန်း အန်တီ့ကို ဘာပြောချင်သေးလဲ..."

"ကျွန်း ဘာမှပြောစရာမရှိတော့ပါဘူး၊ အန်တီ့ကို အထူး





ပဲကျေးဇူးတင်ပါတယ်၊ ကျွန်း မနက်ဖြန်အလုပ်ဆင်းပါ့မယ်၊ ခင်စု ကိုတော့ ဒီနေ့မှပြန်ပြောရမှာဆိုတော့ သူကတော့ မနက်ဖြန်ပါလာ ချင်မှပါလာမယ်၊ အခု ကျွန်း ပြန်တော့မယ်..."

"ကောင်းပါပြီကွယ်..."

ဒေါ်စံစပယ်ခိုင်အား ကျွန်း နှုတ်ဆက်ပြီးပြန်ခဲ့လိုက်သည်။ အိမ်အပြန်လမ်းတစ်လျှောက်၌ ကျွန်း ဝမ်းသာလာခဲ့သည်မှာ အမှန်။

တစ်ဆက်တည်းလည်း ဖေဖေ့မျက်နှာထားမှုံမှုံကြီးကို ကျွန်း မြင်ယောင်မိသည်။

ပြီးတော့ ဘာကြောင့်မှန်းမသိ၊ ကိုတပေါင်း၏နုပျို ချောမောသည့် မျက်နှာချောချောကိုလည်း ကျွန်း မြင်ယောင် နေဖြစ်ရလေ၏။

မှန်သည်။ ကျွန်းသည် မိမိအလုပ်ရပြီဖြစ်ကြောင်း၊ ဝမ်း သာစရာသတင်းအား မိမိရင်ခုန်နေရသည့် ကိုတပေါင်းရွှေမင်းသား လေးအား အားပါးတရကြီး ပြောပြချင်နေရသည်မဟုတ်ပါ တကား...။

× × × × ×

(...)မြို့နယ်၊ တရားရုံးတွင်ဖြစ်သည်။ (...)မြို့နယ် တရားသူကြီးနှင့်အသိသက်သေများ ရှေ့မှောက်တွင် မင်္ဂလာဆောင်ခြေး



www.burmeseclassic.com

www.burmeseclassic.com



ဝတ်စုံလေးနဲ့၊ ဝင်းမှည့်နေတဲ့မိန်းကလေးမဟုတ်လား သူ့ဒွေး၊ သူ့စလင်းဘက်ခ်လေးလွယ်ထားတယ်၊ ဟုတ်တယ်မဟုတ်လား…"

"မှန်တယ်၊ ဒီနေ့ အခုအချိန်ကစပြီး မင်းတို့သူ့နောက်မှာ အမြဲရှိနေရမယ်၊ သူ့ကိုစောင့်ရှောက်ရမယ်၊ ပြီးတော့ သူ ဘယ်မှာနေပြီးဘာလုပ်တယ်ဆိုတာ ငါ့ဆီချက်ချင်းသတင်းပို့ရမယ်…

သူ့နားမှာ မင်းတို့တွေစက္ကန့်တိုင်း၊ မိနစ်တိုင်းစောင့်ကြည့်နေပါ၊ သူ့အနီးဝဲလာတဲ့ပိုးဖလံတိုင်းကို အားလုံးရှင်းပစ်လိုက်၊ ကဲ··မင်းတို့အလုပ်ဆက်လုပ်တော့၊ သူ ကားပေါ်တက်သွားပြီ…"

စကားအဆုံး သူ ဖုန်းကိုပိတ်လိုက်သည်။ ဒေါ်ခင်မာဖြူသည် ကားပေါ်မတက်သေးဘဲ၊ ဘာလုပ်နေတာလဲဟူသော အကြည့်နှင့် သူ့ထံလှမ်းအကြည့်၊ သူသည်လည်း ကားပေါ်အတက်နှင့်ဆုံသွား၏။

သို့သော် သူ့အသွင်သည်က ဒေါ်ခင်မာဖြူအားရှိတယ်ဟုပင်မထင်၊ သူသည် နေရာမှကားကိုမောင်းထွက်ခဲ့လိုက်လေ၏။ ဒေါ်ခင်မာဖြူသည်က ချစ်မြတ်နိုးလွန်းသောအကြည့်တွေနှင့် ဂရုတစိုက်အလေးထားစွာ တကြည့်ကြည့်နှင့်ရှိသည်။

သူသည်က ကားကိုမှန်မှန်မောင်းရင်း မျက်ဝန်းတင်မက အသည်းတွင်ပါ စွဲထင်ကျန်ရစ်နေသည့် ပျော့ပျောင်းနူးညံ့ဝင်းဖန့်သော သဏ္ဌာန်လေးကိုသာ တသသတစွဲစွဲရှိကာ မြင်ယောင်နေဖြစ်





ရပါသတည်း။

တအောင့်ခန့်ကြာသည်တွင် သူတို့အိမ်သို့ရောက်လာကြသည်။

အိမ်ဆိုသည်က ဒေါ်ခင်မာဖြူ နေထိုင်သောအိမ်ဖြစ်၏။ ဆင်ဝင်အောက်တွင် ကားရပ်ပြီးနောက်ကားပေါ်မှ သူတို့ဆင်းလိုက်ကြသည်။

"ခနရေ··အိမ်မှာ သားလည်းရှိတယ်၊ သားကို မှာခဲ့တယ်စောင့်နေလို့၊ ခနနဲ့သားကို မမဖြူ မိတ်ဆက်ပေးမယ်…"

ဆိုရင်း တိုက်ထဲသို့ သူတို့လှမ်းဝင်ခဲ့ကြသည်။ ဧည့်ခန်းထဲအရောက် အသင့်စောင့်ကြိုနေဟန်ရှိသည့် တပေါင်းနှင့်မျက်နှာချင်းဆိုင် ဆုံလိုက်ကြရလေ၏။

ခနနှင့်တပေါင်းတို့ အကြည့်တွေမှာ မျဉ်းတစ်ကြောင်းတည်း၌ ကျရောက်နေကြလေသည်။

ပြီးတော့ သူတို့နှစ်ဦးစလုံး ပြုံးလိုက်ကြသည်။ ကိုယ်စီအပြုံး၏နောက်ကွယ်တွင်မတော့ ခန၏မျက်လုံးတွေသည် မိမိမိခင်နှင့်ပတ်သက်၍ ဘာတစ်ခုမှအလေးမထား၊ အသိအမှတ်မပြုသည်ကို တပေါင်း မြင်နေရသကဲ့သို့ရှိသည်။

ထိုနည်းတူစွာ တပေါင်း၏မျက်ဝန်းတွေထဲမှ မိခင်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထိခိုက်မှု၊ သိမ်ငယ်မှုတွေကို ခန မြင်တွေ့နေရ၏။

"သား··ခနကို ဘာကြည့်နေတာလဲ၊ သားကစပြီး နှုတ်ဆက်လိုက်လေကွယ်···"

"ဟုတ်ကဲ့ခင်ဗျာ၊ မေမေနဲ့ပတ်သက်ပြီး ကိုခနကို ကျွန်တော် ကြိုဆိုပါတယ်···"

"အင်း··ကိုယ့်ညီကိုကျေးဇူးတင်ပါတယ်၊ ညီရဲ့ရည်မွန်မှုကိုလည်း ကိုယ် နှစ်သက်ပါတယ်၊ ဒါပေမဲ့ ကိုယ်ကတော့ ညီ့ကို ကြိုပြောထားမယ်၊ ကိုယ်ကတော့ ဘာမဆိုတစ်ကိုယ်ကောင်းဆန်တတ်တယ်၊ အဟွန်း···"

အပြုံးနှင့်သူဆိုရင်း ဒေါ်ခင်မာဖြူထံ ကြည့်သည်။ ဒေါ်ခင်မာဖြူသည်က ခနနှင့်ပတ်သက်လျှင် အရာရာစုံလုံးကန်းနေသည်ဟု ဆိုကမှန်၏။

"ကဲ··သားရေ၊ မေမေတို့အပေါ်တက်ပြီး အနားယူဦးမယ်၊ ညနေကျရင်လည်း ရင်းနှီးတဲ့သူလောက်ပဲခေါ်ပြီး ဧည့်ခံစရာ ရှိသေးတယ်လေ၊ လာ··ခန··အပေါ်တက်ကြရအောင်···"

ဆိုရင်း မင်းခနဒွေးလက်ကိုဆွဲကာ ဒေါ်ခင်မာဖြူတစ်ယောက် အပေါ်ထပ်လှေကားထစ်များဆီ လှမ်းအတက်၊ မင်းခနဒွေးသည် ဒေါ်ခင်မာဖြူ၏ လက်ကိုဖြုတ်ချကာ နောက်တွင်ချန်နေရစ်ခဲ့ရင်း···





"မဖြူ အရင်တက်နှင့်ပါ၊ ကိုယ် နောက်မှတက်လိုက်လာခဲ့မယ်၊ မဖြူရဲ့သားနဲ့ကိုယ်မိတ်ဖြစ်ဆွေဖြစ် စကားနည်းနည်းပြောချင်သေးလို့ပါ···"

"မြန်မြန်တက်ခဲ့နော် ခန···"

ဒေါ်ခင်မာဖြူ အပြောကအပြောပင်ရှိသည်။ မင်းခနဒွေးသည်က တပေါင်းနှင့်မျက်နှာချင်းပြန်ဆိုင်လိုက်ပြီး···

"ကိုယ်နဲ့ကိစ္စတွေကို သိထားမယ်ထင်တယ်···"

"ဟုတ်ကဲ့··မေမေက အားလုံးကိုအသိပေးပြီး၊ သူ့စိတ်တိုင်းကျလုပ်ချင်တာ လုပ်တတ်တဲ့သူတစ်ယောက်ပါ···"

"အဲဒါ ကိုယ်လည်းသိတယ်၊ မဖြူရဲ့စိတ်ဓာတ်ကလည်း ကိုယ်နဲ့မခြားပါဘူး၊ ဒါပေမဲ့ ကိုယ်က အဲဒီစိတ်ဓာတ်ရှိတဲ့သူကို သိပ်မုန်းတယ်၊ မိန်းမတစ်ယောက်က အဲဒီစိတ်ဓာတ်မျိုးရှိတယ်ဆိုရင် ပိုပြီးကိုမုန်းတယ်၊ ကဲ··ကိုယ် အပေါ်တက်လိုက်ပါဦးမယ်"

စကားအဆုံး မင်းခနဒွေးသည် အပြုံးချောချောကြီးဖြင့် ကြည့်ကာ အပေါ်ထပ်သို့ လှမ်းတက်သွားလိုက်ပါတော့သတည်း။ သူ့အပြုံးသည်ကသရော်ပြုံး၊ ထေ့ပြုံး၊ အောင်နိုင်ပြုံး၊ မထိမဲ့မြင်အပြုံး၊ အထက်စီးမှရသောအပြုံးမျိုးပါတည်း···။

တပေါင်းသည် ရွှေမင်းသားကြီး၏အပြုံး၌ မရှုံးနိုင်၊ မရှိက်နိုင်သကဲ့သို့ဖြစ်ရင်း ရွှေမင်းသားကြီး၏စကားများနှင့် အပြုံး



www.burmeseclassic.com

www.burmeseclassic.com



အား အံ့သြဘနန်းလည်းဖြစ်ကျန်ရစ်ခဲ့ရပါသတည်း…။

ထိုနေ့ကဖြင့် တပေါင်းသည် မိမိ၏မိခင်နှင့်ရွှေမင်းသားချောကြီးအား တစေ့တစောင်းလေ့လာကြည့်နေဖြစ်ရသည်။

မေမေသည်က ခုနချင်းထပ်မှ ရေထွက်သလိုတစ်ချိန်လုံးခေါ်ကာ စိုးစဉ်းလေးမျှမညီညင်စေရ၊ လိုရာကိုချက်ချင်းပင်ရှေ့မှလိုက်၍ လုပ်ပေး နေရှာ၏။

မေမေကိုကြည့်ရတာ သူ့ကို မေမေ သိပ်ချစ်တယ်ထင်တယ်၊ မေမေ့ကိုကြည့်တာနဲ့သိသာပါတယ့်လေ…

တပေါင်းရင်ထဲမှ ညီးတွားရင်း မင်းခနွေး၏အသွင်ကိုမြင်ယောင်သည်။ စကားတွေကိုကြားယောင်သည်။ မင်းခနွေး၏အသွင်သည် တည်ခဲအေးစက်၍ မင်းခနွေး၏စကားများသည်က အထက်ဆီးဆန်နေသည်ဟု နားလည်ရ၏။

ဟင်း··မေမေရယ်၊ အချစ်သစ်နဲ့တွေ့ပြီဆိုတော့ ဖေဖေနဲ့မေမေကတော့ ပိုဝေးပြီပေါ့…

မိခင်အတွက် စိုးရိမ်ကြောင့်ကျခဲ့တ်များနှင့် ဖခင်ဦးထွန်းနောင်ကို မြင်ယောင်ကာ တပေါင်း ရင်ထဲမှညီးတွားနေဖြစ်သည့်စကားတွေပါတည်း…။ ။

ØØØØØØ



- ကိုး -

တပေါင်းကုမ္ပဏီ၏ မန်နေဂျာချုပ်ရုံးခန်းကြီးတွင်ဖြစ်၏။ ယခင်ကဆိုလျှင် ရုံးခန်းထဲတွင် ဒေါ်ခင်မာဖြူတစ်ယောက်တည်း။ ယခုဖြင့် ဒေါ်ခင်မာဖြူ ထိုင်တတ်သည့်ဆုံလည်ဆိုဖာကုလားထိုင်ကြီးထက်တွင် မင်းခနွေးတစ်ယောက် ထိုင်နေပြီဖြစ်၏။

ဒေါ်ခင်မာဖြူသည်က မင်းခနွေး၏နံဘေးတွင် ရောက်သွားပြီဖြစ်သည်။ မှန်သည်။

ဒေါ်ခင်မာဖြူအနေနှင့် ခင်ပွန်းသည် လည်းဖြစ်သော၊ ကုမ္ပဏီစီးပွားရေးလောကတွင်လည်း ထိပ်တန်းရှိနေသည့် ခင်ပွန်းသည် မင်းခနွေးအား ယုံကြည်ကိုးစားခြင်း များစွာဖြင့်နေရာပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်ခြင်းပါတည်း…။

သို့ဖြစ်၍ သည်နေ့တွင်မတော့ မင်းခနဒွေးသည် တပေါင်းကုမ္ပဏီသို့ စီးပွားရေးအခြေအနေမည်သို့ရှိသည်ကို လေ့လာရန်အတွက် စောစောရောက်ခဲ့ပြီ၊ ဒေါ်ခင်မာဖြူသည်က နောက်မှအေးအေးဆေးဆေး လိုက်ခဲ့မည်ဖြစ်၏။

မင်းခနဒွေးသည် တပေါင်းကုမ္ပဏီသို့ရောက်သည်နှင့် သူ ဦးစွာလုပ်ဖြစ်သောအလုပ်သည်က တပည့်ဖြစ်သူ ဘိုသောင်းထံသို့ ဖုန်းဆက်လိုက်ခြင်းဖြစ်၏။

"ဘိုသောင်း ငါ ခိုင်းထားတဲ့အလုပ်အတွက် မင်း ငါ့ကို အခုပြော…"

"ဟုတ်ကဲ့ ဆရာ၊ မိန်းမချောလေးနာမည်က ကျွန်းလို့ ခေါ်ပါတယ်၊ အခြေအနေကတော့ အလယ်အလတ်တန်းစားရှိပါတယ်၊ ပညာအရည်အချင်းက အခုတက္ကသိုလ်တက်နေပါတယ်၊ သူ့အဖေနဲ့အဒေါ်က (…)ရပ်ကွက်က(…)လမ်းမှာ ရသာစုံလက်ဖက်ရည်ဆိုင်ကြီး ဖွင့်ထားပါတယ် ဆရာ…

ပြီးတော့ အခုမိန်းကလေးက သူ့အိမ်မှာမနေဘူး၊ သူငယ်ချင်းနဲ့နေတယ်၊ အလုပ်လုပ်ရင်းကျောင်းနေတယ်၊ သူ လုပ်တဲ့နေရာက သူဌေးရဲ့မရီးဖွင့်ထားတဲ့ စံမမီစားသောက်ဆိုင်ကြီးမှာပါပဲ၊





မနက်ဆိုရင် ဆယ်နာရီအလုပ်သွားတယ်၊ ညဆိုရင် ဆယ့်တစ်နာရီ ဆယ့်နှစ်နာရီပြန်တတ်ပါတယ် သူဌေး၊ ပြီးတော့…"

"ပြီးတော့ဘာဖြစ်လဲ၊ ဆက်ပြောလေ၊ မင်းကို ငါ စုံစုံစေ့စေ့စုံစမ်းထားခိုင်းတာနော်၊ ပြီးတော့ဘာဖြစ်လဲပြော…"

"သူဌေး…ကျွန်တော် စုံစမ်းတဲ့တစ်ပတ်အတွင်းထဲမှာ အဲဒီအမျိုးသမီးလေးနဲ့တွဲတဲ့ အမျိုးသားလေးတစ်ယောက်ကိုပါ တွေ့ရတယ်…"

"ဘာပြောတယ်…"

"ဟို…သူဌေး သူတို့ကိုသုံးရက်အတူတူတွဲသွားတွဲလာတာတွေ့ရတယ်…"

"အဲဒီကောင်က ဘယ်ကလဲ…"

"သူဌေးက ဘာမှမပြောထားတော့ ကျွန်တော်လည်း ့စုံစမ်းထားမိပါဘူး…"

"ငါ့တပည့်လုပ်လာတာကြာပြီ၊ အသုံးမကျလိုက်တဲ့ ကောင်ကွာ၊ ဒီမိန်းကလေးအကြောင်းကို ငါ စုံစမ်းထားခိုင်းတယ် ဆိုကတည်းက သူနဲ့သက်ဆိုင်တာမှန်သမျှ မင်း အကုန်သိအောင် လုပ်ထားရမှာပေါ့ကွ…

အခု ငါ ပြောမယ်၊ မင်း သေအောင်မှတ်ထားပါ ငါ့ရဲ့ မိန်းကလေးနဲ့ပတ်သက်လာရင် ဘာမဆိုသိအောင်စုံစမ်းပြီး ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းအကြောင်းကြားပါ၊ သတင်းပို့ပါ၊ ခုအချိန်ကစပြီး ငါ့ရဲ့ မင်းသမီးလေးအနားမှာ ဝဲနေတဲ့အကောင်ဘလောင်မှန်သမျှ ရှင်းပစ်...''

''ဟုတ်ကဲ့ပါ သူဌေး...''

''နေဦး..ငါ ပြောစရာရှိသေးတယ်၊ မင်း သေချာနားထောင်၊ သူဟာ ငါ့ရဲ့မင်းသမီး၊ ငါ့ရဲ့ရွှေနတ်သမီး၊ ငါ့ရဲ့ဘဝ၊ ငါ့ရဲ့သခင်မလေးပဲဖြစ်ရမယ်၊ သူ့ရဲ့အနားမှာ ငါကလွဲရင် အခြားဘယ်သူ့ကိုမှမရှိရဘူး၊ ငါ မတွေ့ချင်ဘူး၊ တွေ့ရင်ဘယ်သူဖြစ်ဖြစ်၊ ငါ အရေးယူမယ်၊ ငါ တုံ့ပြန်မယ်၊ ပြင်းပြင်းထန်ထန် ငါ တုံ့ပြန်မယ်...''

''ကျွန်တော် သဘောပေါက်ပါပြီ သူဌေး...''

''ရှိသေးတယ်နားထောင်ဦး၊ ငါ့ရဲ့မင်းသမီးလေးနဲ့ ငါ တွေ့ဆုံချင်တယ်၊ မင်းတို့တစ်ခုခုစီစဉ်ပါ၊ ဒီနေ့မကုန်ခင်မှာ ဖြစ်တဲ့နည်းနဲ့ ငါ တွေ့ဆုံသိကျွမ်းချင်တယ်၊ အဲဒါ...''

''စိတ်ချပါ သူဌေး လွယ်ပါတယ်၊ သူဌေးရဲ့ဆန္ဒပြည့်ဝရပါစေ့မယ်...''

''ကောင်းပြီ၊ ဒါပဲ..ငါ ပြောထားတဲ့စကားတွေကို လုံးဝ မမေ့ပါနဲ့...''

စကားအဆုံး မင်းခန့်ဌေးသည် ဟန်းဖုန်းလေးအား ပိတ်





ပစ်လိုက်၏။

သူ့အသွင်က ဒေါသတွေထွက်နေဟန်၊ အကြည့်မျက်ဝန်းတွေက တစ်နေရာတည်း၌တည်နေ၍ တောက်ပကာ စူးရှနေ၏။ မျက်နှာထားမှာတင်း၍ နှုတ်ခမ်းမှာတိရိနေ၏။

တောက်..ဘယ်လိုဖြစ်မှန်းကိုမသိဘူး၊ တကယ်ဒေါသထွက်ဖို့ကောင်းတယ်၊ ဒီရင်ပတ်ထဲကအသည်းနှလုံးကြီးက သူလေးနဲ့တွေ့မှပဲ ဒီလောက်ပဲဖြစ်ရတယ်လို့...

တိုက်တိုက်ဆိုင်ဆိုင် ခင်မာဖြူဆိုတဲ့မိန်းမကို လက်ထပ်တဲ့အချိန်ကျမှပဲ သူလေးနဲ့တွေ့လိုက်ရတယ်၊ ဒီတစ်ချက်တော့ ငါ အကြီးအကျယ်ကို မှားသွားတာပဲ...

ဘာကြောင့်များ ငါ့ကိုက ခင်မာဖြူကို လက်ထပ်ရလောက်အောင် စီစဉ်ရတာလဲ၊ ခင်မာဖြူဆိုတာ ငါ့တစ်ကိုယ်လုံးမှာဘယ်နေရာကမှရှိမနေတဲ့ မိန်းမတစ်ယောက်ကိုများ ငါက ဘာကြောင့်လက်ထပ်ရတဲ့အထိတောင် ဖြစ်သွားရတာပါလိမ့်...

တောက်..အလွဲလွဲအချော်ချော်တွေတော့ဖြစ်ကုန်ပြီ၊ ကိုကိုကြီးက ငါ့စိတ်ဓာတ်ကိုသိလို့ သတိပေးတာတောင် ငါ သတိမရခဲ့ဘူး၊ ငါလိုလူအတွက် ကံတရားကဘယ်လိုဖြစ်ရတာလဲ...

ဟွန့်..ကံတရား..ကံတရား၊ လာထားစမ်းပါ၊ ကံတရားကပဲ ငါ့ကိုချယ်လှယ်နိုင်မလား၊ ငါကပဲချယ်လှယ်နိုင်မလားဆို



www.burmeseclassic.com

www.burmeseclassic.com



တာ သိရသေးတာပေါ့…

ငါ့ရင်ထဲမှာပွင့်လန်းတဲ့အသည်းပန်းလေးကို ငါကလွဲရင် ဘယ်သူမှမြတ်နိုးခွင့်မရှိစေရဘူး၊ ဒီပန်းကိုခူးခွင့်မရှိဘူး၊ နမ်းခွင့်မရှိဘူး…

လောလောဆယ် ခင်မာဖြူကြောင့် ဒီပန်းကို ငါ မယူယနိုင်သေးပေမယ့်၊ ပင်ယံထက်မှာပဲ ငါအလှကြည့်ပြီး မြတ်နိုးနေမယ်၊ တစ်သက်လုံး ငါ ကိုယ်တိုင်မဆင်မြန်းနိုင်ခဲ့ဘူးဆိုရင်လည်း ဘယ်သူမှလည်း တစ်သက်လုံးဆင်မြန်းခွင့်မရှိစေရဘူး…

ဟုတ်တယ်..ဒီပန်းဟာ ငါ့အသည်းဦးပန်းတစ်ပွင့်မို့ ပင်ယံထက်မှာပဲ မွှေးကြိုင်လန်းဆန်းနေရမယ်၊ အဲဒီလိုထာဝရမွှေးကြိုင်လန်းဆန်းစေဖို့အတွက် ငါက ထာဝရတယုတယ၊ မြတ်မြတ်နိုးနိုးထားမယ်၊ ငါ့အသည်းပန်းလေးနားမှာ ဘယ်ပျားပိတုန်းမှလည်း ဝဲပျံခွင့်မရှိဘူး…

အတွင်းသွားများအားစေ့ကြိတ်ရင်း သူ ရင်ထဲမှဆိုနေခြင်းပါ။

ယခင်ကတည်းက တည်ငြိမ်လွန်းသည့် သူ့မျက်နှာ ချောချောသည် ဒေါသတွေဖြင့် ပို၍တည်တင်းနေရလေ၏။ တစ်ဆက် တည်း သူသည် အံဆွဲတွေကိုတစ်ခုချင်းဆွဲဖွင့်ကြည့်ပြီး





အထဲမှ ဖိုင်တွေကိုယူထုတ်ပြီး တစ်ခုချင်းကြည့်သည်။

ဟင်..ဒီဖက်စ်က ယူကေကပို့ထားတဲ့ဖက်စ်ပဲ၊ အဝတ်ထည်တွေနဲ့အိမ်သုံးပစ္စည်းတွေ ပို့ထားတဲ့ဖက်စ်ကို၊ ဒါကြောင့် တပေါင်းကုမ္ပဏီက ရောင်းချတဲ့ပစ္စည်းတွေဆို အကောင်းစားကြီးပဲလို့ တစ်ခါက ငါ ပြောသံကြားမိတာကို…

ပြည်တွင်းထဲမှာလည်း တပေါင်းကုမ္ပဏီကပစ္စည်းတွေ တော်တော်ကျယ်ပြန့်နေတာပဲ၊ ဒါကြောင့် တပေါင်းကုမ္ပဏီက အသေးအမွှားလို့ထင်ရပေမယ့် အခိုင်အမာဖြစ်နေတာကို…

ဒါကြောင့်လည်း ငါတို့ကုမ္ပဏီကြီးနဲ့ဆက်သွယ်ပြီး ပစ္စည်းဖလှယ်နိုင်တာဖြစ်မယ်…

အဟွန်း…ခင်မာဖြူ..ခုချိန်ကစပြီး ခင်ဗျားရဲ့တပေါင်းကုမ္ပဏီဟာ ကျုပ်လက်ထဲရောက်ပြီ၊ မဟာခနေသူရကုမ္ပဏီလိမိတက်ရဲ့လက်အောက်ခံပဲဖြစ်ရတော့မယ်၊ ခင်ဗျားကို လက်မထပ်ဘဲနဲ့တောင်လုပ်နိုင်တဲ့ကိစ္စတစ်ခုကို ကျုပ်ကခင်ဗျားကိုလက်ထပ်ဖြစ်ခဲ့ရတယ်…

ဒီတော့ ဘာဖြစ်ဖြစ်ခင်ဗျားကိုမချစ်မနှစ်သက်ဘဲနဲ့ ကျုပ်အတွေးတွေမှောက်မှားပြီး ခင်ဗျားကိုလက်ထပ်ဖြစ်ခဲ့ရတဲ့အဖြစ်တွေကို ခင်ဗျား ပြန်ခံစားစေရမယ်၊ ကျုပ်ကိုလျှော်ကြေးပေးရမယ်

သွားတို့စေ့ကာ အတွေးများအဆုံး၌ ဖိုင်တွဲတွေကိုအံဆွဲထဲ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ထည့်ထားလိုက်လေ၏။ ထိုအချိန်၌ပင် ရုံးခန်းတံခါးခေါက်သံ ကြားလိုက်ရ၍…

"ဝင်ခဲ့ပါ…"

သူ့စကားအဆုံး အုပ်ချုပ်ရေးမှူးမန်နေဂျာတစ်ယောက် ရုံးခန်းထဲသို့ဝင်ရောက်လာပြီး စာရွက်စာတမ်းတွေကို သူ့ကိုပြသည်။

သူ ကြည့်လိုက်သည်တွင် ဝန်ထမ်းအသစ်ရွေးချယ်ခန့်မှုနှင့်ဝန်ထမ်းတချို့ ရာထူးတက်ပေးဖို့ဖြစ်၏။ နောက်ဖိုင်တွေက ကွန်တင်နာတွေ ဝင်ရောက်လာမည့်ကိစ္စတွေဖြစ်နေ၏။

စာရွက်စာတမ်းတွေကြည့်ပြီး သူ အားလုံးကိုလက်မှတ်ထိုးပေးလိုက်သည်။ အုပ်ချုပ်ရေးမန်နေဂျာ ပြန်ထွက်သွားသည်တွင် သူသည် အကြောင်းတစ်စုံတစ်ရာအား စေ့ငုစွာတွေးနေဆဲ၊ ဒေါ်ခင်မာဖြူသည် အလှဆုံးပြင်ဆင်မှုတွေနှင့်ရုံးခန်းထဲသို့ ဝင်ရောက်လာပြီဖြစ်၏။

ဒေါ်ခင်မာဖြူထံ သူ ကြည့်လိုက်သည်။ ဒေါ်ခင်မာဖြူသည် ရုပ်ဆိုးသောမိန်းမ မဟုတ်၊ ခေတ်မီစွာဝတ်စားပြင်ဆင်မှုတွေနှင့်ချောမောလှပပြီး ဆွဲဆောင်မှုလည်းရှိသည့်အမျိုးသမီးပါ။

သို့သော် သူသည် ဒေါ်ခင်မာဖြူအား လုံးဝစိတ်မဝင်စား၊ ဒေါ်ခင်မာဖြူအား ချစ်လည်းမချစ်၊ မုန်းလည်းမမုန်း…။





အတိအကျဆိုရသော် သူ လုပ်ရမည့်အလုပ်တစ်ခုကလွဲ၍ ခင်မာဖြူဆိုသည့်အမျိုးသမီးသည် သူ့ခန္ဓာအစိတ်အပိုင်းတွင် ဘယ်နေရာမှာမှမရှိ၊ ထို့ပြင် သူ့အသည်းပလ္လင်တွင် နေရာယူစံမြန်းမည့်သူရှိလာ၍ ဒေါ်ခင်မာဖြူတစ်ယောက် ပို၍ပင်ကံဆိုးတော့မည်ကို သူ အသိဆုံးဖြစ်၏။

"မောင်··အလုပ်တွေများနေလား၊ မမဖြူလည်း နည်းနည်းနောက်ကျသွားတယ်ကွယ်၊ စိတ်ဆိုးနေလားဟင်…"

ငြိမ်သောအကြည့်တွေနှင့်သူ ကြည့်ဆဲ၊ ခင်မာဖြူ မေးလာသောစကားအတွက် သူသည်ဟက်ကနဲပင်ရယ်ပစ်လိုက်ရင်း…

"အဟွန်း··ဘာအကြောင်းကြောင့် ကိုယ်က မဖြူကိုစိတ်ဆိုးရမှာလဲ၊ ကိုယ်က စိတ်ဆိုးတတ်တာကလွဲရင် စိတ်ကောက်တတ်တဲ့ယောကျ်ားတစ်ယောက် မဟုတ်ဘူး၊ အလုပ်လည်းမများဘူး၊ ဒီအလုပ်တွေဆိုတာကလည်း ကျွမ်းကျင်ပြီးသားအလုပ်တွေပဲ၊ စောစောကလည်း ပစ္စည်းအဝင်တွေအတွက် လက်မှတ်ထိုးပေးလိုက်တယ်၊ တစ်ဆက်တည်းလည်း ပြောရဦးမယ်…"

"အင်း··ပြောလေ မောင် ဘာလဲ၊ မဖြူ ဘာလုပ်ပေးရမလဲ…"

"တခြားမဟုတ်ဘူး၊ ဒီကုမ္ပဏီမှာ ထိထိရောက်ရောက်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် လုပ်ကိုင်နိုင်ဖို့အတွက် ပိုင်ဆိုင်မှုစာချုပ်မှာ ကိုယ့်အမည်ကို ထည့်ပေးပါ...

ဒါမှ ကိုယ် အလုပ်ကိုလုပ်နိုင်မယ်၊ ကိုယ်တို့ရဲ့ ကုမ္ပဏီကြီးမှာလည်း ဒီလိုပဲ၊ ကိုယ်တို့ညီအစ်ကိုနှစ်ယောက်ရဲ့ နာမည်နဲ့ပဲလုပ်ထားတယ်၊ ကုမ္ပဏီမှာအဓိက,ကတော့ ကိုယ်ပါပဲ"

"ဟုတ်တယ်၊ မောင် ပြောတာ ဖြူ လက်ခံပါတယ်၊ ဖြူလည်း မောင့်နာမည်ပါထည့်မလို့ပါ၊ ဖြူတို့ကုမ္ပဏီမှာ မောင့်နာမည်တစ်လုံးထည့်လိုက်ပြီဆိုတာနဲ့ အားလုံးကရှိန်သွားကြပြီလေ"

"ဒါဖြင့် စာချုပ်စာတမ်းကိစ္စတွေကို ဒီနေ့အခုချက်ချင်းပဲ မဖြူ ဆောင်ရွက်ပါ..."

"စိတ်ချပါ မောင်ရယ်၊ မောင့်မာနကို ဖြူကသိပြီးသား၊ ဖြူ အခုပဲလုပ်မယ်၊ ဒါပေမဲ့ အခုတော့ ထမင်းစားချိန်ရောက်နေပြီ၊ လာ..မောင် ဖြူတို့နေ့လယ်စာ သွားစားလိုက်ကြရအောင်"

ဒေါ်ခင်မာဖြူ စကားအတွက် သူ့မျက်နှာချောချောသည် ထော့ထော့အပြုံးနှင့် ခပ်ငြိမ်ငြိမ်ရှိနေ၏။ တစ်ဆက်တည်းပင် သူ နေရာမှထလိုက်သည်။

ချောမောသလောက်ထည်ဝါသော ဟန်သွင်နှင့်ဖြောင့်စင်းသော ခြေတံသည် ခြေလှမ်းလှမ်းလိုက်တိုင်း၌ ရှင်းထင်း၍လှန်စွာ ကြည့်ကောင်းနေရလေ၏။





ရုံးခန်းထဲမှ သူ ဦးစွာပင်လှမ်းထွက်သွားသည်။ ချောမော လွန်းသောသူ့ဟန်သွင်က ဘာမထိ၊ ဒေါ်ခင်မာဖြူသည် ရှိသည်ဟု ပင်မထင်...။

ဘယ်အခါကြည့်ကြည့် သူ့ဟန်ပန်အသွင်သည်က ဇမ္ဗူ တစ်လွှ၊ အေးစက်ခြင်း၊ ရက်စက်ခြင်းနှင့်ဥပက္ခာတွေသာ သူ့တစ် ကိုယ်လုံးတွင် လွှမ်းနေလေ၏။

× × × × ×

သည်နေ့ဆိုလျှင် ကျွန်း အလုပ်လုပ်နေသည်မှာ တစ်ပတ် ပြည့်ပြီဖြစ်သည်။

ကျွန်း၏အရည်အချင်းနှင့် ကျွမ်းကျင်မှုအား ဆိုင်ရှင် ဒေါ်စံစပွယ်ခိုင်ကလည်း သဘောကျသည်။ ကျွန်းကိုလည်း သမီးလေးလို၊ ညီမလေးတစ်ယောက်လို ချစ်ခင်ဂရုစိုက်သည်။

ခင်စုလည်း ကျွန်းနှင့်အတူပင် စံမမီစားသောက်ဆိုင်တွင် အလုပ်လုပ်သည်။

ခင်စုက အလုပ်တွင်မကျွမ်းကျင်သေး၍ ကျွန်းက အလုပ်တွင်လည်း ခင်စုကို သင်ကြားပေးသည်။ ပြောဆိုပြသည်။

စံမမီစားသောက်ဆိုင်ကြီးတွင် ကျွန်းက ကောင်တာထိုင်ရ



www.burmeseclassic.com

www.burmeseclassic.com



သူဖြစ်သော်လည်း တစ်ဆိုင်လုံးကိုလိုက်ကြည့်ပြီး လိုအပ်တာမှန်သမျှ ကျွန်းကိုယ်တိုင် လုပ်သွားတတ်သည်။

အခြားဝန်ထမ်းတွေကို ကျွန်းက ဆရာကြီးလုပ်၍မပြောမဆို၊ လက်တွေ့လျှောက်လုပ်ပြပြီး အတုယူစေသည်။ အထူးသဖြင့် စားသောက်ဆိုင်တစ်ဆိုင်၏ အရေးအကြီးဆုံးသည် မျက်နှာထားနှင့်ဆက်ဆံပြောဆိုမှုပင် ဖြစ်သည်။

ကျွန်း၏ အပြုံးကိုဆောင်၍ လှိုက်လှဲစွာကြိုဆိုပြောဆိုမေးမြန်း ဆက်ဆံတတ်ပုံလေးများအား ခင်စုက လွန်စွာသဘောကျအတုယူသည်။

အထူးသဖြင့် ဒေါ်စံပယ်ခိုင်သည် ကျွန်း၏လုပ်ကိုင်ပုံနှင့်အရည်အချင်းများအား တစ်နေ့တစ်ခြား ပို၍သဘောကျနှစ်သက်မဆုံးအောင် ရှိနေရလေ၏။

သည်နေ့တော့ ခင်စုက အိမ်မှအဒေါ်နေမကောင်း၍အလုပ်မဆင်းဖြစ်၊ ကျွန်းတစ်ယောက်တည်း အလုပ်ဆင်းရ၍ အိမ်ပြန်ချိန်တန်တော့လည်း ကျွန်းတစ်ယောက်တည်းပင် ပြန်ခဲ့ရ၏။

သည်နေ့ညအဖို့ ပိုင်ရှင်ဖြစ်သူ ဒေါ်စံပယ်ခိုင်သည်ကျွန်းတို့ဆိုင်ဘက်သို့ရောက်ရှိမလာ၊ အခြားဆိုင်ခွဲတွေဘက်သို့ သွားရောက်ကြည့်နေ၍ ကျွန်းတို့ဆိုင်ဘက်သို့ ရောက်မလာသည်ကိုကျွန်း သိ၏။ ဆိုင်ရှင်လာကြည့်ကြည့်၊ မကြည့်ကြည့် ကျွန်း





အတွက်ကိစ္စမရှိ…။

ကျွန်း လုပ်ရမည့်အလုပ်တွေကို တာဝန်ကြေပြွန်စေရန်ကျွန်း လုပ်ဆောင်ရဖို့ပင်ရှိသည်။

သည်နေ့အဖို့ အလုပ်တွေပြီး၊ ဆိုင်သိမ်းပြီးလို့ ကျွန်းတစ်ယောက်တည်းပင် ပြန်ခဲ့လိုက်သည်။

ကျွန်းသည် ဆိုင်မှယူနီဖောင်ကိုလဲပြီး ကျောပိုးအိတ်ကလေးကိုလွယ်သည်။

သည့်နောက် လက်မှနာရီလေးဆီ တစ်ချက်ကြည့်ပြီးကားဂိတ်ဆီသို့ လှမ်းထွက်ခဲ့လိုက်လေ၏။

ကားဂိတ်က နည်းနည်းလှမ်းသည်မို့ ကျွန်းသည် ခပ်သွက်သွက်ကလေးလျှောက် ခဲ့ရ၏။

ဟူး‥ဆယ့်တစ်နာရီထိုးတော့မယ်၊ ဒါတောင်ဆိုင်ကို နည်းနည်းစောပြီးပိတ်လို့၊ ဟင်း‥ဘုရား ဟိုမှာလူသုံးယောက်၊ ကြည့်ရတာဟန်ပုံတော့မပေါ်ဘူး၊ ဘုရားရေ ငါကလည်းတကယ်ထဲ အချိန်ကလည်းမလှတော့ဘူး…

ကျွန်း ရင်ထဲဒိန်းကနဲမြည်သွားရင်း နောက်ပဲပြန်လှည့်ရမလို၊ ရှေ့ဘက်ပဲသွားရမလို ဆုံးဖြတ်ချက်မချနိုင်သေးခင်မှာလူသုံးယောက်သည် ကျွန်းကိုတွေ့သွားပြီး ကျွန်းထံသို့အပြေး

www.burmeseclassic.com

www.burmeseclassic.com



လာကြလေ၏။

အို..လူရမ်းကားတွေလာကုန်ပြီ...

သွေးပျက်မတတ် ကျွန်း ချောက်ချားတုန်လှုပ်သွားသည်။ သို့သော် ကျွန်းသည် သတိတော့ဖြင့်သေချာရှိနေ၍ ချက်ချင်းပင် ဖိနပ်ကိုကုန်းချွတ်ပြီး စကတ်ထဘီလေးအား ဗြိကနဲဆွဲဖြဲကာ တချိုး တည်းနောက်လှည့်ပြေးပါတော့၏။

သို့သော် ခြေလှမ်းခြင်းကကွာသည်။ သုံးယောက်နှင့်တစ် ယောက်လည်းဖြစ်၍ တစ်ချီမတော့ လူတစ်ယောက်သည် ကျွန်း၏ ကျောပိုးအိတ်လေးအား လှမ်းဆွဲလိုက်သည်တွင် မိသွားရသည်။ ကျွန်း ရုန်းသော်လည်းမရတော့၊ ကျွန်းကလည်း ခေသူမဟုတ်၊ ကျောပိုးအိတ်ကိုချွတ်ပစ်ခဲ့သည်။ ဆက်ပြေးသည်။

သို့သော် ကျွန်း ကြိုးစားသော်လည်း မအောင်မြင်၊ ခြေလှမ်းချင်းကမတူ၍ ကျွန်းကို လူရမ်းကားကြီးတွေမိသွားကြ သည်။

ကျွန်းကို ဝိုင်းထားကြသည်။ လူတွေကိုကြည့်ပြီး ကျွန်း အော့အံချင်လာရ၏။

"ရှင်..ရှင်တို့ ကျွန်မ..ကျွန်မ အော်လိုက်မယ်..."

"ဟဲ..ဟဲ..ဟဲ အော်လိုက်မယ်၊ ဟုတ်လား..အော်လိုက် လေ..."





ပြောသည့်လူက ကျွန်းအနီးကပ်လာသည်။ ကျွန်း ခြေ လှမ်းလေးတွေ နောက်ဆုတ်သွားတော့ အနောက်မှလူတစ်ယောက် က ကျွန်းကို သိုင်းဖက်လာ၏။

"အိုး..ရှင်တို့..."

ကျွန်း မျက်လုံးတွေပြာဝေသွားသည်။ တစ်ချီဖြင့် ပက် ပက်စက်စက်အဆုံးစွန် ကိုယ်ကျိုးနည်းရပြီဟူသောအသိနှင့် ကျွန်း တုန်လှုပ်ကာ ချောက်ချားနေဆဲ၊ ကံအားလျော်စွာပင် ကားတစ်စီး၏ ရှေ့မီးကြီးနှစ်လုံးအောက်တွင် ဘရုပ်သုတ်ခဖြစ်နေသောမြင်ကွင်း သည် ပေါ်လွင်သွားလိုက်ရလေ၏။

ကားကရပ်သွားသည်။ မီးမောင်းကြီးနှင့်ထိုးထားသလိုဖြစ် နေ၍ အဖြစ်အပျက်တွေကရှင်းနေ၏။ တစ်ဆက်တည်းပင် ကားတံခါးလေးပေါက်က ပြိုင်တူပွင့်လာပြီး ကားပေါ်မှလူလေး ယောက်ဆင်းလာသည်။

မင်းခနွေးနှင့်တပည့်တွေသာဖြစ်၏။ မင်းခနွေးသည် ကားနားတွင်ပင်ရပ်နေလိုက်ပြီး ဘိုသောင်းတို့သုံးယောက်က ချည်း ကပ်သွားကြ၏။

"ရန်ဖြစ်ချင်ရင်ရတယ်၊ စကားများများမပြောဘူး၊ မိန်း ကလေးကိုလွှတ်လိုက်..."



www.burmeseclassic.com

www.burmeseclassic.com



ဘိုသောင်း ဆိုသည်။ ဘိုသောင်းက ဆရာကြီး၊ ကျွန်းမှာ ကယ်တင်ရှင်တွေဆီ အားကိုးတကြီးလှမ်းကြည့်ဖြစ်သည်။

ကျွန်း ဝမ်းသာသွား၏။ တစ်ဖက်လူသုံးယောက်ကလည်း အနေအထားတွေဆီ ကြည့်လိုက်သည်။

ကိုယ့်ဘက်ကသုံးယောက်၊ သူတို့ဘက်ကလေးယောက်၊ ပြီးတော့ သူတို့ကကားနှင့်၊ သူတို့မှာဘာလက်နက်တွေပါလာမှန်း လည်းမသိ၊ ဘိုသောင်းတို့သုံးယောက်က ထပ်၍ချဉ်းကပ်လာသည်။

ကျွန်းသည် မိမိအားချုပ်ကိုင်ထားသည့် လူလက်ထဲမှ ရုန်းထွက်လိုက်သည်တွင် ဟိုလူကရုတ်တရက်မလွတ်ပေး၍...

ခွပ်...

အင်...

"ဟာ..ချက္ကာ..."

ခွပ်..ခွပ်..ခွပ်...

အား..အင့်..အီး...

လူသုံးယောက်သတ်ပုတ်လုံးထွေး ရှုပ်သွားကြသည်။ အော်သံ၊ အုသံတွေကလည်း အဆက်မပြတ်ထွက်နေ၏။

ကျွန်းသည် သတ်ပုတ်ထိုးကြိတ်နေသည့် လူတွေကိုရှောင် ရင်းကပင် မင်းခနွေးအနီးသို့ ရောက်လာ၏။



BURMESE CLASSIC .com



မင်းခနွေးသည် လက်ပိုက်၍ငြိမ်လွန်းသောအသွင်ဖြင့် သာ' ကြည့်နေလေ၏။

မင်းခနွေး၏ ထိုအသွင်သည်ကပင် တစ်ဖက်လူများအား ဆွဲဆောင်ထားစေသည်ပါ...။

မင်းခနွေး၏အသွင်သည်က ကျွန်းအား ဘာရယ်မဟုတ် ဟန်နှင့်ကြည့်သလို၊ မကြည့်သလို...။

"ကျေးဇူးတင်လိုက်တာ အစ်ကိုကြီးရယ်၊ နို့ဖြစ်ဆိုရင် ကျွန်းတော့ မတွေးရဲဘူး..."

"ကိစ္စမရှိပါဘူး ရပါတယ်၊ ဒီအချိန်ကြီး မင်းကရော တစ်ယောက်ထဲလား..."

"ဟို..ဟုတ်ကဲ့၊ ဒီနေ့မှတစ်ယောက်ထဲပါ၊ အခါတိုင်း ဖယ်ရီရှိပါတယ်၊ ဒီနေ့မှဖယ်ရီကပျက်နေလို့ပါ၊ တချို့ကတော့ ဆိုင်မှာပဲအိပ်ကြတယ်၊ ကျွန်းကတော့ မပြန်မဖြစ်လို့ပြန်ရတာပါ"

"ဘယ်မှာနေလဲ..."

"(...)လမ်းမှာပါ..."

"ဝေးတာပဲ..."

"ဟုတ်ကဲ့..."

"အလုပ်က ဒီနားတဝိုက်မှာပေါ့..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်..."

"ကဲ..အချိန်မရှိဘူး၊ ကားပေါ်တက်၊ ပြန်ပို့ပေးမယ်..."

"ဟင်..အစ်ကိုကြီး၊ အစ်ကိုကြီးရဲ့တပည့်တွေကော ပြန်မခေါ်သွားဘူးလား..."

"သူတို့ရန်ပွဲကို ကိုယ် စောင့်ကြည့်မနေနိုင်ဘူး၊ ကိစ္စပြီးရင် သူတို့ဟာသူတို့ပြန်သွားကြလိမ့်မယ်၊ မင်းကဲ မိန်းကလေး အချိန်မရှိဘူး၊ ကားပေါ်တက်၊ ပြန်ပို့ပေးမယ်..."

အသံကစည်းပိုင်သည်။ ဩသောအသံပါသည်။ ဒီအမိန့်ကို မည်သူကမျှငြင်းပယ်နိုင်လိမ့်မည်မဟုတ်၊ ကျွန်းသည် မရဲတရဲ ယုံကြည်အားကိုးလေးစားခြင်းတို့ဖြင့် သူကိုယ်တိုင်ဖွင့်ပေးသည့် ကားပေါ်သို့ တက်လိုက်ရပါတော့၏။

မှန်သည်။ ထိုညမှစခဲ့၍ ကျွန်းသည် မင်းခနွေးအပေါ်၌ လွန်စွာမှယုံကြည်အားကိုး၊ အားထားအထင်ကြီးလေးစား ရှိသေခဲ့ရလေသည်တကား...။ ။

ØØØØØØ



BURMESE CLASSIC .com

- တစ်ဆယ် -

"ခနရေ..ဒီမှာ ခနပဲယူထား၊ စာချုပ်စာတမ်းတွေ၊ ပြီး...တော့ သားကိုလည်းတစ်ခါထဲပဲ ပြောပြထားလိုက်မယ်..."

ကော်ဖီဝိုင်းတွင် မိခင်ကစကားတွေဆိုရင်း ခင်ပွန်းဖြစ်...မှု မင်းခနွေးအတွက် ကော်ဖီတွေထည့်ပေးပြီး ပေါင်မုန့်ထော...က်သုပ်သကြားလေးဖြူးပြီး ကြင်နာစွာပေးသည်။

တပေါင်းသည် မိခင်က ခင်ပွန်းသည် မင်းခနွေးအား ...ပွန်စွာမှအလေးထား ဂရုစိုက်ပြုစုယုယကြင်နာမှုတွေနှင့် လုပ်ပေး...သမျှ နူးညံ့သိမ်မွေ့အေးဆေးသော မျက်နှာအသွင်နုနုချောချော...လေးနှင့် ငြိမ်းအေးစွာကြည့်နေဖြစ်လေ၏။

"ခနရေ..ရော့၊ ဖြူကိုယ်တိုင်ပြုတ်ထားတဲ့ အမဲကြက်



www.burmeseclassic.com

www.burmeseclassic.com



ဦကလေး၊ နေ..နေ ဓနု မလုပ်တတ်ပါဘူး၊ ဖြူ လုပ်ပေးမယ်၊ ဟော်ကြည့်..လက်မှာထောပတ်တွေပေနေပြီကွယ်၊ လာ..သုပ်ပေးမယ်…"

"ဓနု စားကောင်းရဲ့လားဟင်၊ နေ့လယ်စာရော အပြင်မှာ စားကြမှာလား၊ အိမ်ပြန်စားမလား၊ အိမ်ပြန်စားမယ်ဆိုရင် ဘာဟင်း တွေချက်ပေးခိုင်းရမလဲဟင်၊ ဓနက ဆိတ်ကလီစာကြိုက်တော့ ကလီစာဟင်းလည်း တစ်မျိုးချက်ခိုင်းရမယ်…"

သြော်..ကြည့်ပါဦး၊ မေမေက ကိုဓနုကို ဂရုစိုက်လိုက် တာ၊ ကိုဓနုအကြိုက်၊ ကိုဓနုဆန္ဒတွေဘာမဆို မေမေကဖြည့်ဆီ ပေးရှာတယ်၊ မေမေ ပျော်နေရှာတယ်၊ အင်းလေ မေမေ ပျော် တယ်၊ မေမေ စိတ်ချမ်းသာတယ်ဆိုလည်း ငါလည်း စိတ်ချမ်းသာ ပါတယ်လေ…

"သြော်..သားရေ ခုနစကားပြန်ဆက်ရဦးမယ်၊ တခြား မဟုတ်ပါဘူး၊ မေမေတို့ရဲ့တပေါင်းကုမ္ပဏီကို ဓနုလည်း ပိုင်ဆိုင် မှုရှိကြောင်း စာချုပ်တွေပြောင်းချုပ်လိုက်တာပါ၊ ဒါမှလည်း ဓနုက ကုမ္ပဏီကို ဦးစီးပြီးပိုင်ပိုင်နိုင်နိုင်လုပ်ကိုင်နိုင်သလို၊ ဝန်ထမ်းတွေ ကလည်း အလေးထားမယ်မဟုတ်လား…"

ကြားလိုက်ရသော မေမေ့စကားများအတွက် သူ ရင်ဝဲ အုံသွားသည်။ မေမေ့ကို ပို၍အံ့သြမိသည်။ သို့သော်လည်း၊





သူ့မျက်နှာချောချောနုနုလေးကိုမှ မပြောင်းလဲအောင် သူ နေ၏။ မသိမသာ ကိုဓနုဘက် သူ ကြည့်တော့ ကိုဓနုက ဘာမှအလေး မထားသလို၊ ခပ်ငြိမ်ငြိမ်နှင့်အေးစက်စက်သာရှိရင်း ကော်ဖီကို သောက်နေ၏။

"ဟုတ်ကဲ့ပါ မေမေ၊ ဒီကိစ္စ ကျွန်တော်နဲ့ပတ်သက်ပြီး ဘာမှပြဿနာမရှိပါဘူး…"

"အင်း..ပြောမယ့်သာပြောတာပါ၊ မေမေကလည်း သားရဲ့စိတ်ဓာတ်ကို သိပါတယ်ကွယ်…"

တီး..တီး…

ထမင်းစားခန်းထဲ သူတို့နံနက်စာစားသောက်နေကြဆဲ ဧည့်ဝင်အောက်မှကားဟွန်းသံ ကြားလိုက်ရ၍ ဒေါ်ခင်မာဖြူသည် လွန်စွာပျော်ရွှင်သွားရရင်း…

"ဟော..သားရေ၊ မေမေ့ရဲ့ခမည်းခမက်လောင်း သား အမိတော့လာပြီ၊ အတော်ပဲ ဓနုနဲ့ပါမိတ်ဆက်ပေးပြီး သားတို့ကိစ္စ တွေ ဆွေးနွေးရမယ်…"

"ဖြူရေ..ဆွေပါ…"

"အန်တီဖြူရေ ပပလာပြီ…"

ထမင်းစားခန်းဆီသို့ ဝင်လာကြတော့မည့်ခြေသံတွေနှင့်



www.burmeseclassic.com

www.burmeseclassic.com



သားအမိနှစ်ယောက်၏အသံတွေကို ကြားငိုက်ကြရသည်။

မင်းခနသည် တပေါင်းမျက်နှာဆီ တစ်ချက်ကြည့်လိုက်သည်။ တပေါင်းသည် အေးဆေးသော်လည်း စိတ်မသက်မသာရှိနေပုံအား ခန သတိထားဖြစ်ရလေ၏။

"သူငယ်ချင်းရေ လာ..လာ၊ သမီးရေ ပပ၊ လာခဲ့ကွဲ့၊ အတော်ပဲ တစ်ခါထဲကော်ဖီ သောက်ကြရအောင်..."

"မေမေ..ကျွန်တော်က ဒီနေ့သင်တန်းပြိုင်ပွဲရှိလို့ စောစောသွားရမယ်..."

"ဪကွယ်..ခဏနေပါဦးသားကလည်း၊ လာ..သူငယ်ချင်း၊ သမီး ထိုင်ကြ..ကော်ဖီထည့်ပေးမယ်..."

ဒေါ်ခင်မာဖြူတစ်ယောက် ဆယ်ကျော်သက်သမီးလေးလိုလည်း လန်းဆန်းလတ်ဆတ်ကာ ပျော်ရွှင်တက်ကြွနေလေ၏။

မင်းခနွေးသည် ဒေါ်မိုးပပဆွေနှင့်ပပလှိုင်တို့သားအမိနှစ်ယောက်ဆီ အကဲခတ်ကြည့်လိုက်သည်။ ရဲတင်းသွက်လက်သလောက်၊ အကျလွယ်သည့်သားအမိဟု မှတ်ချက်ချဖြစ်လိုက်၏။

"ကိုတပေါင်း ဘယ်သွားမလို့လဲဟင်..."

"ဟို..ကျွန်တော်က ပြိုင်ပွဲရှိလို့ပါ..."

"ဟင်..ဟုတ်လား၊ အတော်ပဲ၊ ဒါဖြင့် ကိုတပေါင်းနဲ့အတူ ပပပါ လိုက်မယ်လေ..."





"အဲ..အင်း..ဟိုလေ ကျွန်တော်က ဆရာ့ဆီအရင်သွားရဦးမှာမို့ပါ..."

"ဪ..သားကလဲကွယ်၊ ပပလေးကိုခေါ်သွားလို့ရရင်လည်း ခေါ်သွားရောပေါ့ကွယ်..."

"မဖြူကလည်းဗျာ၊ တပေါင်း သင်တန်းပြိုင်ပွဲကို လွတ်လွတ်လပ်လပ်ပဲသွားပါစေ၊ ညီ့သည်ပါသွားတော့ ညီ့သည်အတွက် နောက်ဆံတင်းနေရဦးမယ်..."

"ဪ..ဟုတ်တယ်..ဟုတ်တယ်၊ သဘောပေါက်ပြီ၊ ခန ပြောတာမှန်တယ်၊ ကဲ..သမီးရယ် သား သင်တန်းပြိုင်ပွဲမရှိတဲ့နေ့ကျမှပဲ လိုက်သွားပါတော့နော်..."

ခန ဝင်ပြောသည်နှင့် ဒေါ်ခင်မာဖြူတစ်ယောက် ချက်ချင်းသဘောပေါက်ရသည်။

တပေါင်းသည် ကိုခနမျက်နှာဆီ တစ်ချက်ကြည့်ဖြစ်သည်။ ကျေးဇူးတင်ကြောင်း အကြည့်မျိုးပါ...။

"မေမေ ကျွန်တော် သွားဦးမယ်နော်၊ အားလုံးပဲခွင့်ပြုပါဦးခင်ဗျာ..."

အားလုံးကိုနှုတ်ဆက်ပြီး နေရာမှလစ်ကနဲ တပေါင်းထထွက်ခဲ့လိုက်တော့သည်။

တပေါင်း ထွက်သွားသည်နှင့် မင်းခနွေးသည်လည်း



www.burmeseclassic.com

www.burmeseclassic.com



နေရာမှထကာ မည်သူ့ကိုမျှနှုတ်မဆက်ဘဲ ထွက်ခဲ့လိုက်ပါတော့၏။

× × × × ×

BURMESE CLASSIC .com

ကရင်း..ရင်း..ရင်း...

စားပွဲထက်တင်ထားသည့် ဟန်းဖုန်းလေးမြည်လာ၍ နယ်စာရင်းများကြည့်နေသည့် မင်းခနွေးတစ်ယောက် မှအားဟုထင်နေသည့် ဒေါ်ခင်မာဖြူသည် ခနေ၏ဖုန်းလေးအား လှမ်းကိုင်နားထောင်လိုက်မည်ပြုဆဲ...

"ကိုယ့်ဖုန်းကို ကိုင်စရာမလိုပါဘူး မဖြူ..."

ဆိုရင်း ခနသည် ဖုန်းလေးအားဆတ်ခနဲယူကာ ဖွင့်၍နားထောင်လိုက်သည်။

ခနစကားအတွက် ဒေါ်ခင်မာဖြူသည်က မာန်ရှိသော ယောကျ်ားတစ်ယောက်အနေနှင့် ထိုသို့သာစကားပြောတတ်သည်ဟူသော လက္ခဏာမှုနှင့်ကျေနပ်စွာရှိလေ၏။

"အင်း..ပြော ဘိုသောင်း..."

"သူဌေး..သူဌေးရဲ့မင်းသမီးလေးနဲ့ ချာတိတ်ချောချောလေးတစ်ယောက်တွဲပြီး ပလာဇာမှာရောက်နေတယ်၊ သူတို့ကို





ကြည့်ရတာလည်း တော်တော်လေးရည်ငံနေကြတဲ့ပုံပဲ၊ ချာတိတ်ကလည်း တော်တော်ချောတယ် သူဌေး၊ အဲဒါ ကျွန်တော်တို့ဘာဆက်လုပ်ရမလဲဆိုတာ သူဌေးဆီအကြောင်းကြားတာပါ..."

တစ်ဖက်မှကြားလိုက်ရသောစကားအတွက် မင်းခနွေး၏မျက်နှာချောချောသည် လွန်စွာမှငြိမ်ကျသွားသည်။

ဆိုရသော် ငြိမ်သက်နေသောကန်ရေပြင်ကဲ့သို့ ရှိနေလေ၏။ မျက်ဝန်းအစုံသည်က စူးတောက်၍နက်ရှိုင်းလွန်းသည်။

"သူဌေး..ကောင်လေးနဲ့ကောင်မလေးက တစ်ယောက်လက်တစ်ယောက်ဆွဲပြီး ပလာဇာအနှံ့လျှောက်သွားနေတယ်၊ သူဌေး မြန်မြန်ပြောပါ၊ ကျွန်တော်တို့ဘာလုပ်ရမလဲ၊ ဒီလိုပဲလိုက်ကြည့်နေရမလား..."

"ဟုတ်တယ်..လိုက်ကြည့်၊ ပြီးတော့ဆုံးမလိုက်၊ ဒါပဲ"

စကားအဆုံး သူ ဖုန်းကိုပိတ်ပစ်လိုက်သည်။ ဒေါ်ခင်မာဖြူထံ သူ လှမ်းကြည့်တော့ ဒေါ်ခင်မာဖြူသည် အိမ်ပြန်ရန်ပြင်ဆင်နေပြီဖြစ်၏။

"မောင်ရေ ဘာကိစ္စလဲ၊ ဘယ်ကဖုန်းလဲဟင်..."

"အကြောင်းထူးမဟုတ်ပါဘူး၊ ကိုယ့်ကုမ္ပဏီကဖုန်း..."

"ဒါဖြင့်လည်း မောင်ရေ ဖြူတို့ပြန်ကြရအောင်နော်၊



www.burmeseclassic.com

www.burmeseclassic.com



ညစာကော ဘယ်မှာစားရင်ကောင်းမလဲ မောင်၊ အိမ်မှာစားမလား၊ အပြင်ထွက်စားမလား…"

"နောက်မှစဉ်းစားမယ်…"

"ဒါဖြင့် အခုက…"

"မဖြူပဲ အိမ်ပြန်တော့မယ်ဆို…"

"ဩော်…အင်း…အင်း၊ ကဲ…သွားစို့…"

ဆိုရင်း ဒေါ်ခင်မာဖြူသည် မင်းခနွေး၏လက်တစ်ဖက်ကို ဟန်ပါပါချိတ်ဆွဲလျှက် ရုံးခန်းထဲမှထွက်ခဲ့လိုက်ပါတော့၏။ တပေါင်းကုမ္ပဏီမှအထွက်တွင် ဝန်ထမ်းအားလုံးသည် ပြိုင်စံရှားနှာမည်ကြီးကုမ္ပဏီကြီးပိုင်ရှင် မင်းခနွေး၏အရှိန်အဝါကြီးကိုဖြင့် တွန့်ကြရသည်က အမှန်ပါတည်း…။

ယခင်ကတည်းက မာန်မာနကြီးသလောက် ဒေါသပါကြီးလွန်းသည့် ဒေါ်ခင်မာဖြူတစ်ယောက်ကဖြင့် ပို၍ဆိုဖွယ်မရှိပါတော့၊ ခင်ပွန်းသည်၏ထပ်လောင်းသော အရှိန်အဝါဖြင့် ပို၍မော်ကြွားဝင့်ထငေ်နေတော့၏။

ကုမ္ပဏီ၏ဆင်ဝင်အောက်အရောက် ကားပေါ်သို့ သူတို့တက်လိုက်သည်နှင့် ဒရိုင်ဘာသည် ကားလေးအားငြင်သာစွာမောင်းထွက်သွားလိုက်လေတော့၏။





× × × × ×

(…)ပလာဇာထဲတွင်ဖြစ်၏။ ကျွန်းသည် စံမမီစားသောက်ဆိုင်ကြီးရှိ ဝန်ထမ်းအတွက်ယူနီဖောင်းဝတ်စုံချုပ်ရန် အထည်များ လိုက်၍ဝယ်နေခြင်းပါ…။

ပစ္စည်းများလိုက်ဝယ်ရင်း ကျွန်း ပျော်ရွှင်နေသည်ကတော့ အမှန်၊ မှန်သည်။

အဘယ်ကြောင့်ဆိုသော် ကျွန်းသည် ချစ်သူလက်ကိုဆွဲ၍ အင်အားတွေရှိနေရသည်မဟုတ်လား…။

လက်ချင်းဆွဲလျှက်မှ ကျွတ်ကျွတ်အိတ်တစ်လုံးစီကို တစ်ဖက်စီဆွဲကိုင်ထားကြသည်။

တစ်ချီတစ်ချီမတော့ တပေါင်းသည် ချစ်သူပခုံးလေး မှသိုင်းဖက်ထားဖြစ်၏။

"ကျွန်း…ကိုက်တစ်ရာပြည့်နေပြီလေ၊ ဒီပလာဇာမှာတော့ ဒီအရောင်မျိုးကုန်နေပြီ၊ တခြားနေရာသွားကြည့်ဦးမလား…"

"ဟုတ်တယ် အစ်ကို၊ ဒါပေမဲ့ နောက်တစ်နေရာတော့ မသွားတော့ပါဘူး အစ်ကိုရယ်၊ နောက်နေ့မှပဲဆက်ပြီးဝယ်တော့မယ်နော်၊ ဒီနေ့က အလုပ်လည်းရှိသေးတယ်လေ၊ ပြီးတော့ အစ်ကို



www.burmeseclassic.com

www.burmeseclassic.com



လည်း ပြန်ရဦးမယ်မဟုတ်လား...''

''အစ်ကိုက ကိစ္စမရှိပါဘူးကွာ၊ ကျွန်း ပင်ပန်းမှာပဲ အစ်ကိုကစိုးတာ၊ ဒါကြောင့် ကျွန်း ဈေးဝယ်မယ်ဆိုရင်တော့ အစ်ကို့ကိုခေါ်ဖို့ မမေ့နဲ့နော်...''

''စိတ်ချ..စိတ်ချ၊ ကိုယ်ရံတော်တပ်မှူးကြီးကို ခေါ်ရမှာပေါ့ရှင်၊ အဟင်း..ဟင်း..ဟင်း...''

''အဟွန်း..ဟွန်း..ဟွန်း...''

စကားတွေတီးတိုးတီးတိုးဆိုရင်း သူတို့ရယ်မောဖြစ်ကြသည်။ ပျော်သည်။ တကယ့်ကို သူတို့ပျော်ရွှင်ကြည်နူးမဆုံးပါ။

''ကျွန်း...''

''ရှင်..ဘာလဲ အစ်ကို...''

''ကျွန်း..ကိုယ့်ကိုတကယ်ပဲ သိပ်ချစ်လားဟင်...''

''အိုး..သူ မေးပုံကြီးက ပိုင်စိုးပိုင်နင်း၊ ဒီလိုပဲမေးရလား၊ မိန်းကလေးရှက်သွားမှာကို နည်းနည်းမှထည့်မတွက်ဘူး...''

''အဟွန်း..ဟွန်း၊ မဟုတ်ပါဘူး ကျွန်းရယ်၊ ကိုယ်လေ တကယ်ပဲ ကျွန်းကိုသိပ်ချစ်လို့ ခုလို ကျွန်းနဲ့သွားနေရတာ အရမ်းပျော်လို့၊ အရမ်းစိတ်ချမ်းသာလို့ပါ...''

''ကိုယ့်ကိုပြောပါလား ကျွန်းရယ်၊ ချစ်တယ်လို့...''

''မပြောဘူး...''





မျက်လုံးလေးဝေ့ကြည့်ကာ ကျွန်း ပြုံး၍ဆိုသည်။ နှစ်ဦးသားမှာပျော်မဆုံး၊ မော်မဆုံး ဈေးဝယ်ပြီးသည်နှင့် ပလာဇာထဲမှ ထွက်ခဲ့လိုက်လေတော့၏။

ဘိုသောင်းတို့လူတွေကလည်း ကျွန်းနှင့်တပေါင်းတို့နောက်တွင် အရိပ်လိုအမြဲလိုက်ပါ၍နေသည်။

ထိုအဖြစ်ကိုပင် တပေါင်းလည်းမသိ၊ ကျွန်းလည်းမသိ၊ မကြာခင် ကြမ္မာဆိုးတစ်ခု ကျရောက်လာတော့မည့်အဖြစ်ကိုလည်း သူတို့မတွေးဖြစ်မိ...။

ကားများထားသည့်နေရာသို့ အရောက်မတော့ ဝယ်လာသည့်ပစ္စည်းထုတ်တွေကို တပေါင်းကိုယ်တိုင် ကားထဲသေသပ်စွာ ထည့်ပေးလိုက်သည်။ ပြီးမှ တပေါင်းနှင့်ကျွန်းသည် မျက်နှာချင်းဆိုင်လိုက်ကြပြီး...။

''အစ်ကို..ကျွန်း သွားတော့မယ်နော်၊ အစ်ကိုလည်း ပြန်တော့၊ မိုးချုပ်တော့မယ်၊ စာလည်းကျက်ဦးနော်...''

''စိတ်ချ..မင်းကိုချစ်လို့ ပိုပြီးကြိုးစားနေတယ်...''

ကျွန်း နဖူးလှလှလေးဆီ ဖွဖွထုပြီး တပေါင်းဆိုတော့ နှစ်ဦးသား ချစ်ရည်တူကာကြည်နူးကြရလေ၏။

''ကဲ..ကျွန်း ကားပေါ်တက်တော့...''

''အစ်ကို အရင်သွား၊ အစ်ကို သွားတာ ကျွန်း ကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



မယ်...''

''ကားဆရာရေ ကောင်းကောင်းမောင်းသွားနော်...''

''စိတ်ချပါ အစ်ကို၊ ကျွန်တော်က စံမမီမှာပဲကားမောင်း လာတာ ငါးနှစ်ရှိပါပြီ...''

''ဒါဖြင့်စိတ်ချပါပြီဗျာ၊ ကဲ..ကျွန်း အစ်ကို သွားပြီနော်''

''ဟုတ်ကဲ့...''

ချစ်ရသူလေးကိုနှုတ်ဆက်ပြီး တပေါင်းကား ပြိုင်ဘီးလေး နင်းကာ ထွက်သွားပါလေပြီ။ တပေါင်း ပြိုင်ဘီးလေးနှင့်ထွက် သွားသည်နှင့် နောက်မှကားတစ်စီးက လိုက်သွားသည်။

ကျွန်းကား ချစ်သူကိုစိတ်ချသွား၏။ တပေါင်းသည် နေ့ စဉ်ပြန်နေကျလမ်းလေးအတိုင်း ပြိုင်ဘီးလေးကိုနင်း၍လာခဲ့သည်။

အချိန်မှာ ခြောက်နာရီတော့ရှိပြီဖြစ်သည်။ လမ်းမီးများပင် လင်းနေပြီဖြစ်၏။

တပေါင်းသည် ပြိုင်ဘီးလေးအား တစ်ကိုယ်တည်း ကြည်နူးစွာညီးလာခိုက်၊ တစ်နေရာအရောက်မတော့...။

''ဟင်..ဟာ..ဟာ..ကျွီး..ကျွီး..အား...''

ရုတ်တရက်ကားတစ်စီးသည် တပေါင်း သွားမည့်လမ်း ရှေ့တွင်ပိတ်ရပ်လိုက်သဖြင့် တပေါင်းသည် ပြိုင်ဘီးဘရိတ်ကို





ဖမ်းရင်း နောက်ဆုံးကားနှင့်ဝင်မတိုက်ခင် လူအနာခံပြီး စက်ဘီး အားလှဲပစ်လိုက်ရပါတော့၏။

အား..ကျွတ်..ကျွတ်...

တပေါင်းမှာလဲကျသွား၍ ပြန်မှမထနိုင်သေးခင်၊ ကားပေါ် မှလူသုံးယောက်သည် ကပျာကယာဆင်းလာပြီး တပေါင်းကို ထပ်ပြီးထိုးကြိတ်ကန်ပြန်၏။

ဘုန်း..ခွပ်...

''ဘုန်း..ခွပ်..မှတ်ထား...''

ဘုန်း..ဘုန်း...

ခွပ်..ခွပ်...

''ဘုံး..ခွပ် မှတ်ထားနောက်တစ်ခါ မင်း အဲဒီမိန်းကလေး နဲ့မင်း ခပ်ဝေးဝေးကနေပါ၊ စကားနားမထောင်ရင် နောက်တစ်ခါ မင်း ဒီထက်ပိုပြီးနာမယ်မှတ်...

ကဲ..ဟောကောင်တွေတော်ပြီ၊ ဒီလောက်ပဲ လာ..သွားကြ မယ်...''

ဘုန်း..ဒိုင်းကန်ကြောက်ထိုးကြိတ်ပြီး၍ ဘိုသောင်းတို့အဖွဲ့ ကား ကပျာကယာကားပေါ်တက်၍ ကားမောင်းထွက်သွားလေပြီ။ တပေါင်းကား လူသုံးယောက်၏ဝိုင်းပြီး ကန်ကြောက်ထိုးကြိတ် ညဉ်ကအသံပင် မထွက်နိုင်အောင်ပါ...။



www.burmeseclassic.com

www.burmeseclassic.com



နေရာ၌ တပေါင်း လဲနေပါပြီ။ စက်ဘီးနှင့်လဲစဉ်က တည်းက မထနိုင်အောင်ဖြစ်နေရသည့်ကြားထဲ ဝိုင်း၍ထိုးကြိတ် ခြင်းခံရပြန်၍ ပို၍ဆိုးရ၏။

တပေါင်းမှာ ခြေတွေလက်တွေလည်းနာ၊ နဖူးတွေလည်း ယောင်၊ မျက်ခုံနှင့်နှုတ်ခမ်းတွေလည်း ကွဲ၍သွေးတွေထွက်နေရ၏။ မှောင်ကလည်းမှောင်လာပြီဖြစ်၍ တပေါင်းသည် နေရာမှမနိုင် အင်ကာထပြီး မိမိစက်ဘီးလေးကိုပါ ဆွဲယူရသည်။

သည့်နောက် တပေါင်းသည် တွေ့သည့်ကားတားလိုက် သည်။

ကံအားလျော်စွာ ကားသမားတစ်ယောက်က လျောလျော ရှူရှူရပ်ပေးလာပြီး တပေါင်းကို ဆင်းကြည့်သည်။

"ဘာဖြစ်တာလဲ ကားတိုက်သွားတာလား…"

"တိုက်မလို့ကံကောင်းပဲ၊ ဒါပေမဲ့ လူမှားပြီး ကျွန်တော့် ကိုရိုက်သွားကြသေးတယ်…"

"အင်း..လုပ်စားကိုင်စားရမကောင်းရတဲ့ကြားထဲ၊ လူငယ် တွေကတော့ ဒါပဲ၊ ကဲ..ကဲ..လာ..လာ ကားပေါ်တက်၊ ဘယ်ပို့ ပေးရမလဲပြော…"

"ကျေးဇူးပါပဲ အစ်ကိုရယ်၊ ကျွန်တော့်ကို (…)လမ်းက၊ ခြံနံပါတ်(…)ကိုပို့ပေးပါ…"





တပေါင်းစကားအဆုံး ကားလေးသည် နေရာမှမောင်း ထွက်ခဲ့လေ၏။

လမ်းတစ်လျှောက်မတော့ တပေါင်းသည် ဒဏ်ရာ တွေနှင့်မှိန်းနေရင်းမှ မိမိအားပြောသွားသည့်စကားတွေကို ပြန်လည် ကြားယောင်ကာ တွေးတောစဉ်းစားနေဖြစ်ရလေ၏။

တစ်အောင့်ခန့်ကြာသည့်တွင် အိမ်သို့ပြန်ရောက်လာခဲ့လေ သည်။

ဆင်ဝင်အောက်၌ကားရပ်ပြီး ကားပေါ်မှ ဒရိုင်ဘာတွဲ ချလာသည့် တပေါင်းအား သွေးတွေနှင့်မြင်တွေ့လိုက်ရသည့် အလုပ်သမားတွေမှာ လွန်စွာအံ့သြထိတ်လန့်သွားကြရင်း…

"ဟင်း..အ..အမလေး..မမဖြူရေ..မမဖြူ ဒီမှာ မမဖြူ သားမှာသွေးတွေနဲ့၊ ဒဏ်ရာတွေနဲ့…"

"ဟင်..ဘာ၊ ငါ့သားဘယ်လိုဖြစ်လို့လဲ…"

အလုပ်သမားတွေ အော်ပြောလိုက်သည့်စကားသံတွေ ကြောင့် စိုးရိမ်တကြီးဖြင့် ဖျတ်ဖျတ်ခါစွာဖြင့် ဒေါ်ခင်မာဖြူမှာ ယောက် အပေါ်ထပ်မှပြေးဆင်းခဲ့သည်။

ဒေါ်ခင်မာဖြူနောက်မှ မင်းဝနှင့်ရွှေသည့်လည်း ထိုးနှံ့ ဝေတိုင်းတည်ကြည့်၍ ငြိမ်သက်သောအသွင်ဖြင့် လိုက်ပါလာ၏။

www.burmeseclassic.com

www.burmeseclassic.com



"အမလေး သားရယ်၊ အမလေး..ငါ့သားဘာဖြစ်တာလဲ၊ ငါ့သားကို ဘယ်သူတွေကလုပ်လိုက်တာလဲ၊ ပြောစမ်း..ပြောစမ်း မေမေ့ကိုပြောစမ်း..."

ဒေါ်ခင်မာဖြူမှာ သားကိုပိုက်ထွေးရင်း ဖျတ်ဖျတ်ခါစွာဆိုသည်။ တပေါင်းကိုကြည့်ပြီး မင်းခနွေးသည်လည်း အံ့သြဖြစ်ရ၏။

"မေမေ ရပါတယ်၊ လူမှားတာပါ၊ အခု ကျွန်တော် ဘာမှမဖြစ်တော့ပါဘူး၊ မေမေ..ဘွားဘွားနဲ့အန်တီလေးတို့ကိုတော့ ဘာမှမပြောလိုက်ပါနဲ့နော်..."

"အို..သား နေဦးလေ၊ မေမေ ဆေးထည့်ပေးမယ်..."

"နေပါစေ မေမေ၊ ကျွန်တော့်ဟာကျွန်တော် ဆေးထည့်လို့ရပါတယ်၊ ဘာမှမဖြစ်စလောက်ပါဘူး..."

"အိုး..မဖြစ်ဘူးလေ၊ မေမေကိုယ်တိုင်လုပ်ပေးရမယ်"

ဆိုရင်း ဒေါ်ခင်မာဖြူတစ်ယောက် ပြာယာခတ်စွာနှင့်ဆေးသေတ္တာယူရန် အခန်းတစ်ခုထဲလှမ်းဝင်သွားသည်တွင် မင်းခနွေးသည် တပေါင်းထံကြည့်လိုက်ပြီး...

"တပေါင်း..."

"ဗျာ..."

"ရန်ဖြစ်လာတာလား..."





"မဟုတ်ပါဘူး၊ ကျွန်တော် တကယ်လူမှားပြီးအရိုက်ခံရတာပါ၊ ဘာမှတော့မဖြစ်ပါဘူး..."

"အဲဒီလူတွေကို တပေါင်း မှတ်မိလား၊ ကိုယ် ဘာကူညီပေးရမလဲ၊ မှတ်မိတယ်ဆိုရင် တရားစွဲလိုက်မယ်..."

"ရပါတယ် အကိုခနေ၊ ကျေးဇူးတင်ပါတယ်၊ ကျွန်တော်လည်း ဘာမှမဖြစ်ပါဘူး..."

စကားအဆုံး တပေါင်း အပေါ်ထပ်သို့လှမ်းတက်သွားလိုက်တော့သည်။

မင်းခနွေးကား စိတ်တွင်သိပ်များများမတွေး တော့ဖြစ်၊ လူမှားပြီးအရိုက်ခံရကြောင်း တပေါင်း စကားအတိုင်းသာ ယုံကြည်မှုဖြင့်ခပ်ပေါ့ပေါ့ပင် နေဖြစ်လိုက်လေ၏။ ။

ØØØØØØ



www.burmeseclassic.com

www.burmeseclassic.com

## - တစ်ဆယ့်တစ် -

သည်နေ့ညနေ ညစာကိုဖြင့် သူငယ်ချင်း မိုးပပဆွေတို့သားအမိနှင့်အတူ အပြင်ထွက်ထွက်စားဖြစ်ကြ၏။

စားဖြစ်ကြ သည်ဆိုသော်လည်း သည်တစ်ချီ ညစာဖိတ်ကျွေးသူက ဒေါ်ပပ ဆွေတို့သားအမိဘက်မှဖြစ်၏။

စီးပွားပြေလည်၍ အချိန်ပြည့်ပိုက်ဆံရှိနေတော့လည်း ဘယ်အချိန်မှာ ဘာလုပ်ချင်လုပ်ချင် ဖြစ်နေရသည်။

အထူးသဖြင့် သမီးဖြစ်သူ ပပလှိုင်အတွက် တပေါင်းနှင့် အမြန်ဆုံးနီးရရေးအဖို့ ကြိုးစားပေးခြင်းဟုဆိုက အမှန်ဆုံးဖြစ်၏။

ဒေါ်ခင်မာဖြူနှင့်ဒေါ်ပပဆွေတို့ သူငယ်ချင်းနှစ်ယောက်





သည်က ပေါင်းလာသည်မှာလည်းကြာပြီ၊ အချစ်ဆုံးသူငယ်ချင်းလည်းဖြစ်၊ အလိုက်ဖက်ဆုံးသူငယ်ချင်းနှစ်ယောက်လည်းဖြစ်၏။

နှစ်ယောက်စလုံးက ယောကျ်ားရက်ကောင်းကြသည်ဟု ဆိုရလေမလား၊ ခင်ပွန်းသည်တွေကို ဘယ်အခါကမှအရေးအရာမသွင်း၊ အမြဲရှောင်ထိုးထားတတ်ကြသည်။

ခင်ပွန်းသည်တွေကလည်း စီးပွားရေးသာအပတ်တကုတ်လုပ်ပြီး အေးဆေးစွာနေတတ် ကြသူတွေမို့သာဖြစ်၏။

ယခုဖြင့် ဒေါ်ခင်မာဖြူသည်က ပထမအိမ်ထောင်နှင့်ကွဲပြီး နောက်အိမ်ထောင်သစ်ကိုထူထားသည်။

ဒုတိယအိမ်ထောင်က အသက်ငယ်သည်မှလွဲ၍ ကြွယ်ဝမှုသည် မည်သူမျှလိုက်မမှီ နိုင်အောင်မို့ ပို၍ကံကောင်းသည်ဟုဆိုလေမလား၊ အားကျစရာဟု ဒေါ်မိုးပပဆွေတစ်ယောက် ဒေါ်ခင်မာဖြူအား အားကျနေဖြစ်ရ လေ၏။

ဒေါ်ခင်မာဖြူကလည်း မင်းသားရုပ်ချောမောထည်ဝါသည့်ခင်ပွန်းသည်အား သည်းသည်းလှုပ်ဖျတ်ဖျတ်ခါနေအောင် ချစ်လှသည်ဟု ဆိုရမလောက်ပါ…။

တစ်ခါတစ်ရံတော့ ဒေါ်ခင်မာဖြူ ချစ်ပုံကမျက်စိနောက်စရာ၊ ရှက်စရာ၊ ကလက်တက်စေတယ်၊ ကလေးဆန်ဆန်ဟုဆိုရမလိုလို၊ ထိုအခါမျိုးတွင် အားကျနေရာမှ စိတ်ပျက်သွားမိတတ်ပြန်



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဒေါ်မိုးပပဆွေတစ်ယောက် သူငယ်ချင်းဇနီးမောင်နှံကို အားကျသလို တစ်ချိန်လုံးမသိမသာ ကြည့်နေဖြစ်ရသကဲ့သို့ သမီးဖြစ်သူ ပပလှိုင်သည်လည်း မိမိရှေ့၌ရှိသည့်လူကြီးများကိုပင် အလေးမထားနိုင်အောင် တပေါင်းအား မျှော်လင့်နေရလေ၏။

မင်းခနဌေးသည်ကဖြင့် သူ့စတိုင်လ်အတိုင်း ခပ်တည်တည်နှင့်ခပ်ငြိမ့်ငြိမ့်ပင်ရှိသည်။

မည်သူ့ကိုမျှလည်း အလေးမထား အရေးမလုပ်၊ ဒေါ်ခင်မာဖြူက အကဲပိုနေသလောက် မင်းခနဌေးကဖြင့် အေးစက်စက်ပါတည်း...။

"မောင်ရေ..ညစာစားဖို့စောပါသေးတယ်နော်၊ အအေးသောက်ရင်း စကားပဲပြောကြတာပေါ့၊ ဩော်..ဒါနဲ့ ညစာစားရင် မောင့်အကြိုက် စားစရာနှစ်မျိုးသုံးမျိုးလောက် ဘာမှာထားပေးရမလဲဟင်...

ဆွေရေ..မောင်ကလည်း ဟင်းလျာလည်းတော်ရုံတန်ရုံကမစားတတ်ဘူးလေ၊ ဒါကြောင့် မောင့်အတွက်ဆိုရင် အထူးပဲစီစဉ်ထားပေးရတာ ဆွေရဲ့..."

"ဩော်..ဖြူရယ်၊ ပြောရမယ့်သူတွေလား၊ အခု ဆွေတို့





သားအမိကညှော်ခဲ့တာပဲလေ၊ ဖြူတို့အကြိုက်မှာသာမှာပါ၊ ဘာမှအားမနာနဲ့ ဖြူရေ..."

"ဒါနဲ့ အန်တီဖြူ ကိုတပေါင်းလည်း ခုထိမလာသေးပါလား..."

"လာမှာပါ သမီးရယ်၊ အန်တီဖြူ ကြိုပြီးဖုန်းဆက်ထားပြီးသားပါ၊ သားကကျောင်းတစ်ဖက်နဲ့ ဝါသနာကတစ်ဖက်ဆိုတော့ အလုပ်ကများတယ်လေ၊ အခု အန်တီဖြူထပ်ပြီးဖုန်းဆက်လိုက်ဦးမယ်..."

"ဩော်..သမီးကလည်းကွယ်၊ မောင်တပေါင်း လာဖို့က စောပါသေးတယ်၊ ဟိုမှာ ဦးမင်းခန ဖန်ခွက်ထဲကို ဖျော်ရည်ထည့်ပေးလိုက်ဦး သမီး..."

"ဟုတ်ကဲ့ မေမေ..."

တည်ငြိမ်ငြိမ်ကြီးရှိနေသည့် မင်းခနဌေးအား ရောနှော ျင်သည့် ဆန္ဒတွေကြောင့် သမီးဖြစ်သူနှင့်လှည့်ကာ ဇည့်ဝတ်ပြု ိုင်းသလို ဒေါ်မိုးပပဆွေ ဆိုသည်။

"ရတယ်..တော်ပြီ..."

ပပလှိုင်တစ်ယောက် ဖျော်ရည်ထည့်ပေးမည့်ဆဲဆဲ၊ င်းခနဌေးသည် မိမိသောက်နေသည့်ဖန်ခွက်ကိုဆွဲယူရင်း တား ိုလိုက်၍ ဒေါ်ခင်မာဖြူမှာ အားနာသွားလိုက်ရရင်း...



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း··သမီးရေ၊ ခနက အိမ်မှာလည်းဒီလိုပဲ၊ အချို့သိပ်မသောက်ဘူး၊ အန်တီဖြူ ထည့်ပေးလို့သာ ခနကသောက်တာ···"

"အန်တီဖြူ နောက်တစ်ခါဆိုရင် ကိုတပေါင်း ရေကူးတဲ့နေရာကို ပပ လိုက်သွားမယ်နော်···"

"လိုက်သွား··လိုက်သွား သမီး၊ ပပ လိုက်သွားတော့ ပိုကောင်းတာပေါ့ကွယ်··,"

"မဟုတ်တာ မဖြူရယ်၊ မဖြူ သားက လေ့ကျင့်ခန်းတွေလုပ်ပြီး သင်တန်းသားတွေရှိရင်လည်း သင်ကြားပေးနေရတဲ့ဟာ၊ သူက လိုက်သွားရင် တပေါင်းကသည့်မခံနိုင်တော့ အားနာစရာဖြစ်ရဦးမယ်ဗျာ···

တပေါင်းနဲ့တွေ့ချင်ရင် ညခုနစ်နာရီနဲ့ရှစ်နာရီလောက် အိမ်လာတွေ့ရင်ရပါတယ်၊ အေးအေးဆေးဆေး တွေ့ရတာပေါ့၊ တပေါင်းက နောက်ဆုံးနှစ်ဆိုတော့ စာလည်းကျက်နေရသေးတယ်···"

ကရင်း··ရင်း··ရင်း··ရင်း···

ဒီလိုမိန်းကလေးမျိုးကို မနှစ်သက်လွန်း၍ မင်းခနဋ္ဌေး ဝင်ရောက်ဆိုလိုက်သည်။

တစ်နည်းအားဖြင့် တပေါင်းအတွက် ထွက်ပေါက်လုပ်





ထားပေးခြင်းပါ။

တက်ဆက်တည်း စကားပြောဆဲ ဖုန်းမြည်သံကြောင့် မင်းခနဋ္ဌေးသည် မိမိဟန်းဖုန်းလေးကိုယူပြီး စားပွဲမှခပ်လှမ်းလှမ်းသို့ ထထွက်ခဲ့လိုက်လေ၏။

"ဘိုသောင်း ပြော···"

"သူဌေး··အခု သူဌေးရဲ့မင်းသမီးလေးက ဟိုတစ်ပတ်က ကျွန်တော်တို့ ဝိုင်းဆုံးမလိုက်တဲ့ချာတိတ်လေးနဲ့ပဲ ပြန်တွဲနေပြီ···"

"ဩော်···"

တစ်ဖက်မှကြားလိုက်ရသော စကားကြောင့် မင်းခနဋ္ဌေးသည် ဩော်ဟုဆိုကာ အတွင်းသွားတို့ပင်ကျလိကနဲ့မြည်အောင် ကြိတ်ပစ်လိုက်၏။

"သူတို့ပုံစံတွေကဘယ်လိုလဲ···"

"ကြည့်ရတာ သူတို့ကချစ်သူတွေပဲဖြစ်မယ်ထင်တယ်သူဌေး၊ လမ်းသွားရင်တောင် တစ်ယောက်လက်တစ်ယောက်ကိုင်ထားတယ်၊ တစ်ယောက်ကပခုံးဖက်ပြီး တစ်ယောက်ကခါးကိုဖက်ထားတတ်တယ်···"

မနမျက်နှာချောချောကြီးက ပြုံးတော့မည့်မိုးနယ် ဖြစ်နေ၏။ ပြီးမှ···



www.burmeseclassic.com

www.burmeseclassic.com



"သူတို့အခုဘယ်မှာလဲ၊ ဘာလုပ်နေလဲ၊ ငါ့ကိုမြန်မြန်ပြောစမ်း..."

"သူတို့ အခု(...)စားသောက်ဆိုင်မှာပါ သူဌေး..."

"ဟင်..ဘာ..."

"သူတို့အခု (...)စားသောက်ဆိုင်မှာရှိနေတယ်လို့ ပြောတာပါ၊ ကျွန်တော်တို့လည်း သူတို့နဲ့မနီးမဝေးမှာရှိနေတယ်၊ အဲဒါ ဘာလုပ်ရမလဲဆိုတာ ကျွန်တော် ဖုန်းဆက်လိုက်တာ..."

"သူတို့ရောက်လာတာ ကြာပြီလား..."

"ခုလေးတင်ပါပဲ သူဌေး..."

"ကောင်းပြီ၊ ဒီနေ့ ဘာမှမလုပ်နဲ့၊ သူတို့ကိုလမ်းခွဲတဲ့အထိ ဒီလိုပဲစောင့်ကြည့်ထားလိုက်၊ နောက်မှ ငါ ဖုန်းဆက်မယ်"

"ဟုတ်ကဲ့ သူဌေး..."

မင်းခေ ဖုန်းကိုပိတ်လိုက်သည်။ ရင်ထဲမှဒေါသတွေက အပြည့်၊ (...)စားသောက်ဆိုင်သည် ယခု သူ ရောက်နေသည့် စားသောက်ဆိုင်ဖြစ်သည်။

မိမိက စပယ်ရှယ်အခန်းထဲတွင်ရှိနေ၍ မသိမမြင်ရခြင်းဖြစ်၏။ သူ အပြင်ထွက်မည့်ဟန်ပြင်လိုက်သည်။

"ခေ..ဘယ်သွားမလို့လဲ..."

"ဘာဖြစ်လို့မေးတာလဲ၊ ဘာကြောင့်မေးတာလဲ၊ နေရာ





တကာ ဒီလိုလိုက်ပြောတာ လုံးဝမကြိုက်ဘူး..."

"သြော်..မဟုတ်ပါဘူး ဖြူက..."

ဖြူ စကားမဆုံး၊ ခေသည် အခန်းထဲမှထွက်သွားလိုက်ပြီဖြစ်၏။

သူငယ်ချင်းသားအမိရှေ့တွင် ဒေါ်ခင်မာဖြူမှာ ရှက်ကိုးရှက်ကန်းအသွင်ဖြင့် ကျန်ခဲ့ရသည့်တိုင် အရှက်ပြေပြုံးရင်း...

"ဆွေရေ..ခေက စကားပြောရင်တော့ ဒီအတိုင်းပဲ၊ ဖြူထက်အသက်ငယ်တာလည်းပါတယ်လေ၊ ပြီးတော့ တစ်သက်လုံး ချမ်းသာတဲ့ဂုဏ်မောက်တာလည်းပါတာပေါ့၊ ဖြူကိုတော့ သိပ်ချစ်ရှာတာပါ...

ခေအနေနဲ့ ဖူးဖူးနုနုလေးတွေကို အချိန်မရွေးယူနိုင်တယ် မဟုတ်လား၊ ဒါပေမဲ့ ခေက ဖြူကိုပဲရအောင်ယူခဲ့တာ..."

"အင်း..ဖြူရယ်၊ ဆွေ့အနေနဲ့ကတော့ သူ့လိုလူကို ဖြူရသွားတာ တကယ်အံ့ဩချီးမွမ်းတာအမှန်ပဲ၊ ဒါပေမဲ့ သူ့ရုပ်ကတော့ သူကမလိုက်လို့သာ၊ သူကသာလိုက်ရင် မျက်စိတစ်ချက်အကြည့်နဲ့တင် တစ်ပုံကြီးကျကြမှာ..."

"ဟုတ်တာပေါ့ ဆွေရယ်၊ ဒါပေမဲ့ ခေကဖြူမှဖြူပါ"

"အန်တီဖြူရေ၊ ဒီလိုချည်းပဲလို့တော့ အမြဲမယုံထားလိုက်နဲ့နော်၊ ခုခေတ်မိန်းကလေးအများစုက မဆွတ်ခင်ကတည်းက



www.burmeseclassic.com

www.burmeseclassic.com



ကြွေနေကြတာ၊ ကိုခနကြီးကိုတော့ အန်တီဖြူ ကောင်းကောင်း ကိုင်နိုင်ရမယ်...''

''ဟုတ်တော့ဟုတ်ပါတယ် သမီးရယ်၊ ဒါကြောင့်လည်း အန်တီဖြူက ခန ဘယ်သွားသွားအနားကကိုမခွာဘဲ အမြဲကပ်လိုက်နေတော့တာလေ၊ အဟင်း..ဟင်း..ဟင်း...''

စပယ်ရှယ်စားသောက်ခန်းထဲတွင် ဒေါ်ခင်မာဖြူတို့ စကားတွေပြောကောင်းနေဆဲ၊ အပြင်ဘက်ရှိစားပွဲများထဲတွင်ကား ထောင့်ကလေးတစ်ထောင့်တွင် တပေါင်းနှင့်ကျွန်းတို့နှစ်ယောက် ညစာစားရင်း အေးဆေးစွာပြုံးလျှက်နေကြသည့်မြင်ကွင်းအား မင်းခနဋ္ဌေးတစ်ယောက် တွေ့မြင်သွားပြီဖြစ်၏။

ထိုမြင်ကွင်းအား မင်းခနဋ္ဌေးသည် တစ်ချိန်လုံးစူးစိုက်ကာ လှမ်းကြည့်နေဖြစ်သည်။

ကြည့်ဆဲမှ ခနသည် ဟန်းဖုန်းကိုထုတ်ပြီး တပေါင်း ဟန်းဖုန်းဆီလှမ်းခေါ်လိုက်သည်။ တပေါင်း ဟန်းဖုန်းကား ပိတ်ထား၏။

တောက်...

မင်းခနဋ္ဌေး ဒေါသထွက်သွားသည်။ ဘာလုပ်ရမည်ကို ချက်ချင်းစဉ်းစားဆုံးဖြတ်လိုက်ပြီဖြစ်သည်။ မှန်သည်။ မိမိ သီးခြားစိုက်ပျိုးထားသည့်ပန်းသည် မည်သူ့အတွက်မျှမဟုတ်...။





ထိုပန်းအား မိမိတစ်ဦးတည်းသာ ပိုင်ဆိုင်သည်။ မိမိပိုင်ဆိုင်သောပန်းအား မည်သူမျှခူးဆွတ်ပိုင်ခွင့်မရှိ၊ နမ်းပိုင်ခွင့်လည်း မရှိ...။

ထိုပန်းသည် မိမိအမြတ်နိုးဆုံးပန်း၊ မိမိဝါန်ဘိုးထားလွန်းသောပန်းကလေး၊ မိမိ မြတ်နိုးလွန်းသောပန်းကလေး၊ ထိုပန်းမြတ်မာလာလေးအား မိမိလည်းမခူး၊ မနမ်းရသကဲ့သို့ မည်သူမျှလည်း မည်သည့်အခွင့်အရေးမျှမရှိလေပါ...။

တောက်..တပေါင်း၊ လက်စသပ်တော့မင်းကိုး၊ ငါ့ရဲ့တန်ဘိုးထားမြတ်နိုးရတဲ့ပန်းလေးကိုမှ မင်းကဆွတ်ခူးချင်တဲ့သူ၊ နမ်းချင်တဲ့သူဖြစ်နေတာကိုး...

အဟွန်း..ရတယ်..ရပါတယ်၊ တပေါင်း မင်း သိထားဖို့က မင်းလိုလူက ငါ့အတွက်အလွယ်ကူဆုံးဆိုတာပဲ၊ ငါနဲ့မင်း ယှဉ်ချင်ယှဉ်လိုက်စမ်းပါ၊ မင်း ဒီအဆင့်ကနေရပ်တန်းကရပ်လိုက်ပါ တပေါင်း၊ မင်းကို ငါ တရားဝင်ပြောမယ်၊ တကယ်လို့ မင်း ငါ့စကားကိုနားမထောင်ဘူးဆိုရင်...

အဟွန်း...

တပေါင်းထံစိုက်စိုက်ကြည့်ရင်း မင်းခနတစ်ယောက် ရင်ထဲမှပြောကြားနေသည့် စကားတွေပါ။ တစ်ဆက်တည်းလည်း



www.burmeseclassic.com

www.burmeseclassic.com



မင်းခနသည် လက်မှနာရီဆီတစ်ချက်ကြည့်ပြီး တပေါင်းနှင့်ကျွန်းတို့ထံ လှမ်းကြည့်လိုက်ရင်းက အခန်းထဲသို့ပြန်ဝင်သွားလိုက်လေ၏။

"ခနရေ ခုထိ သားလည်းမရောက်သေးဘူးကွယ်၊ ဒီမှာ ထမင်းဟင်းတွေကရောက်နေပြီ၊ ပပလေးကလည်း မျှော်လှပြီ"

"ကြိုတင်ဖုန်းဆက်ပြောထားတယ် မဟုတ်လား..."

"အင်း..ပြောထားပါတယ်..."

"ဒါဆို မကြာခင်ရောက်လာမှာပါ၊ မပူပါနဲ့..."

ခန တွက်ထားပြီးသားဖြစ်သည်။ ကျွန်းနှင့်စားသောက်ပြီးလျှင် တပေါင်းတစ်ယောက် ဒီကိုရောက်လာလိမ့်မည်ဟု၊ ခန တွက်ကိန်းကမှန်သည်။

တပေါင်းသည် မိခင်ဖုန်းဆက်မှာထားသည်မို့ မိခင်အား လွန်စွာချစ်သည့် တပေါင်းသည် ကျွန်းနှင့်ကိစ္စ ပြီးသည်နှင့် ရောက်လာခဲ့ပြီမဟုတ်ပါလား...။

"ဟော..ကိုတပေါင်း ရောက်လာပြီ..."

"တပေါင်း...ဒီဘက်မှာလာထိုင်လိုက်ပါ..."

ပပလှိုင်အနီးရှိထိုင်ခုံတွင် ခန ဝင်ထိုင်ခိုင်းလိုက်လေ၍ အားလုံးရှေ့မို့ မငြင်းသာ၊ တပေါင်း ဝင်ထိုင်လိုက်လေ၍ အားလုံးရှေ့မို့ မငြင်းသာ၊ တပေါင်း ဝင်ထိုင်လိုက်၏။





တပေါင်း ရောက်လာသည်နှင့် ပျော်ဆုံးက ပပလှိုင်ပင်ဖြစ်သည်။

တပေါင်း ပန်းကန်ထဲစားစရာတွေကို ပပလှိုင် ထည့်ပေးရင်း စကားတွေပြောသည်။

တပေါင်းလက်ကိုကိုင်လိုက်၊ ထုလိုက်၊ ဆွဲလိုက်ဖြင့် ပပလှိုင်၏ခရာတာတာအမူပိုပို လုပ်ရပ်များတွင် တပေါင်းတစ်ယောက် စိတ်အနေကျဉ်းကျပ်နေမည်ကိုသိ၍ မင်းခနသည် ပြုံးယောင်ဟဟဖြင့် မသိမသာကြည့်ဖြစ်ရလေ၏။

တပေါင်းအား မည်သည့်အညာကို ကိုင်ရမည်ကို မင်းခနက အသိဆုံး၊ တပေါင်းသည် မိခင်ကိုလွန်စွာချစ်သည်။

မိခင် အတွက်ဆိုလျှင် တပေါင်းသည် ဘာတစ်ခုမှ မငြင်းပယ်၊ မိခင်ပြော သမျှလည်း တပေါင်းသည် မြေဝယ်မကျဆိုသလို နားထောင်၏။

ထိုသို့သောအတွေးတို့ဖြင့် မင်းခနသည် ငြိမ်သောအသွင်နှင့်ရှိနေသော်လည်း မျက်ဝန်းတွေကမူ ပြုံး၍နေသည်ပါ...။

မှန်သည်။ မင်းခနကိုလူက တစ်ကိုယ်ကောင်းဆန်[illegible]နှင့်အတ္တအကြီးဆုံးလူ၊ စိတ်ဓာတ်သည်လည်း [illegible]။ မိမိလုပ်ချင်သည့်အလုပ်ကို မှားမှားမှန်မှန်လုပ်တိုလုပ်ရသည်။

မိမိမြတ်နိုးသောအရာကိုလည်း ရအောင်ယူသည်။ လိုချင်



www.burmeseclassic.com

www.burmeseclassic.com



သောအရာကို ယူခြင်းနှင့်မြတ်နိုးသောအရာအား ရအောင်ယူခြင်းသည် မနေအတွက်ဖြင့် ခြားနား၏။

ဒေါ်ခင်မာဖြူက လက်ထပ်ခဲ့သည်က မာန်မာန၏ ဆုံးဖြတ်ချက်စောသွားခြင်းမျှသာဖြစ်သည်။ ယခု ကျွန်းသည်က မိမိမြတ်နိုးသောပန်း၊ မိမိတန်းဘိုးထားသောပန်း၊ မိမိအမြတ်နိုးဆုံးပန်း...။

ဒေါ်ခင်မာဖြူအား လက်ထပ်လိုက်သည်မှာ မကြောသေး၍ မိမိ မြတ်နိုးရဆုံးသောပန်းကိုတွေ့ခိုက် မိမိ မခူးရက်နိုင်အောင်ဖြစ်ရ၏။

သည့်အတွက် မိမိမခူးရသည့်ပန်းအား အခြားမည်သူမျှလည်း ခူးခွင့်မရှိ...။

မိမိ မနမ်းရသည့်ပန်းအား အခြားမည်သူမျှလည်း နမ်းခွင့်မရှိ၊ မိမိမြတ်နိုးဆုံးပန်းလေးသည် ကျောက်ပန်းဖြစ်သွားပါစေ၊ ဖန်ပေါင်းကျောင်ထဲတွင်ထားကာ မိမိထာဝရအလှကြည့်သွားမည်။

မိမိအမြတ်နိုးဆုံးသောပန်းအား ဆွတ်ခူးရန်ရည်ရွယ်သူသည် မိမိ၏မဟာရန်သူ၊ မည်သူမဆို မိမိ၏ရန်သူ၊ နတ်ပြည်က သကြားမင်းနှင့်ပင် မိမိယှဉ်ပြိုင်မည်ဖြစ်၏။

မှန်သည်။ သည့်အတွက် တပေါင်းကား...





× × × × ×

"ဟူး...ကဲ...မောင်ရေ ဖြူတော့ သိပ်ပင်ပန်းသွားပြီကွယ်၊ အဝတ်လဲပြီးမြန်မြန်ပဲ အနားယူတော့မယ်..."

ညစာစားပြီး အိမ်သို့ပြန်အရောက် ဒေါ်ခင်မာဖြူတစ်ယောက်ဆိုရင်း ဦးစွာအပေါ်ထပ်သို့ ခပ်သွက်သွက်ကလေး ပြေးတက်သွားလိုက်လေ၏။

အောက်ထပ်တွင်မတော့ မင်းခနွေးက တပေါင်းကို အကဲခတ်ရင်း တပေါင်းကလည်း မင်းခနွေးအား အကဲခတ်ရင်းဖြင့် ကျန်ရစ်၏။

ပြီးမှ မင်းခနွေးသည် အပေါ်ထပ်သို့ဆက်ရန် ခြေလှမ်းပြင်ပြီးကာမှ တပေါင်းထံ လှည့်ကြည့်ဖြစ်ရင်း...

"တပေါင်း..."

"ပြောပါ ကိုနေ..."

"စားသောက်ဆိုင်ကို ကိုယ် အပြင်ကိုခဏထွက်ကြည့်တော့ တပေါင်းနဲ့မိန်းကလေးတစ်ယောက်ကို ကိုယ် တွေ့လိုက်တယ်၊ အဲဒီမိန်းကလေးနဲ့တပေါင်းနဲ့က ဘယ်လိုပတ်သက်နေလဲ..."

ထိုအမေးအတွက် မင်းခနထံ တပေါင်း ဝေဝေဝါးကြည့်

www.burmeseclassic.com

www.burmeseclassic.com



လိုနှင့် ထူးဆန်းသလိုကြည့်သည်။ ပြီးမှ အေးဆေးစွာပင် တပေါင်း ဖြေလိုက်၏။

"ကျွန်တော်တို့က ချစ်သူတွေပါ…"

"ဘာပြောတယ်…"

ခနေ ထပ်မေးသည်။ သူ့စကားသံနှင့်ဟန်တို့က လွန်စွာမှ လေးနက်၍ငြိမ်လွန်း၏။

"ချစ်သူတွေပါ၊ ဘာဖြစ်လို့လဲ…"

"ဖြစ်တယ်..ကိုယ် ပြောမယ်၊ တပေါင်း မင်း မှတ်ထားပါ၊ ကိုယ် ဒီတစ်ကြိမ်ပဲပြောမယ်၊ ဒီမိန်းကလေးနဲ့မင်းထပ်ပြီး လုံးဝမပတ်သက်ပါနဲ့…"

"ဘာဖြစ်လို့လဲ…"

"ခုအချိန်မှာ မင်း ကိုယ့်ကိုဘာမေးခွန်းမှမမေးပါနဲ့၊ ကိုယ် ပြောပြဖို့အချိန်မလုံလောက်သေးလို့၊ မင်းသာ ကိုယ်ပြောတဲ့အတိုင်း ဒီမိန်းကလေးနဲ့ အဆက်ဖြတ်လိုက်ပါ…"

"ဒါမဖြစ်နိုင်ဘူး၊ ဘယ်လိုမှမဖြစ်နိုင်ဘူး၊ ကျွန်တော် ကလည်း လုံးဝအဆက်မဖြတ်ဖူးဆိုရင်ကော…"

"ဒါဖြင့် မင်း နောင်တမရမိစေနဲ့၊ ကိုယ်က ကိုယ့်စကား ကိုနားထောင်မှ သဘောကျတယ်၊ အဟွန်း…"

လှောင်သယောင်ပြုံးထေ့ထေ့ အပြုံးချောချောဖြင့် စကား





အဆုံး၌ မင်းခနွေးကား အပေါ်ထပ်သို့တက်သွားလိုက်ပါတော့၏။

တပေါင်းသည် လှေကားထစ်များအား နင်းတက်သွားသည့် မင်းခနွေးထံ လှမ်းကြည့်နေဖြစ်ဆဲ၊ မင်းခနွေးသည် ဖျတ်ကနဲနောက်လှည့်ကာ သူ့ထံပြန်ကြည့်လာရင်းက…

"အပေါ်ထပ်မှာ မင်းရဲ့အမေ ကိုယ့်ကိုစောင့်နေလိမ့်မယ်၊ သူ့အနားမှာ ကိုယ်မရှိရင် သူ ဘယ်တော့မှစိတ်ချလက်ချအိပ် မပျော်ဘူး…"

မင်းခနေသည် ထိုစကားများအား အပြုံးချောချောတွေဖြင့် ဆိုရင်း ဆက်တက်သွားလိုက်လေ၏။

ဘာရယ်ကြောင့်မသိ၊ တပေါင်းသည် တွေးတောရင်းစဉ်း စားရင်း၊ စိုးထင့်ရင်းဖြင့် မင်းခနွေး ရွှေမင်းသားကြီး၏ နောက် ကျောလုလုဖြောင့်ဖြောင့်ကြီးအား ငေးကြည့်ကျန်ရစ်ခဲ့ဖြစ်လေ၏။

တပေါင်းသည် မင်းခနွေး၏အပြုံးချောချောအား မြင် ယောင်ရင်းမှ အဓိပ္ပာယ်ကိုခွဲခြားမတတ်သော်လည်း အလားအလာ တော့ဖြင့် ကောင်းခြင်းမရှိသည့်လက္ခဏာအဖြစ် သဘောပေါက် နားလည်နေသလိုပါ…။

မင်းခနွေး၏အပြုံးအား မြင်ယောင်ဆဲ၊ တွေးတောဆဲဖြင့် တပေါင်းသည် ဆိုဖာကြီးထက်၌ လေးတွဲစွာဝင်ရောက်ထိုင်ဖြစ် လိုက်သည်။ အတွေးထဲနစ်မျောကာ သူ မည်မျှအထိုင်နေဖြစ်သည်



www.burmeseclassic.com

www.burmeseclassic.com



မသိ…။

ဆင်ဝင်အောက်၌ရပ်လာသည့် ကားမီးရောင်ကိုတွေ့လိုက်ရသည်။ မည်သူမည်ဝါရယ် သူ မသိ၊ နာရီကိုကြည့်လိုက်တော့ ရှစ်နာရီခွဲနေပြီဖြစ်၏။

သူ စောင့်ကြည့်နေဆဲပင် အိမ်ဖော်အမျိုး သမီးတစ်ဦးကား တံခါးသွားရောက်ဖွင့်ပေးလိုက်သည်။ အိမ်ထဲဝင် လာသူအား သူတွေ့လိုက်ရသည်မတော့…

"ဟင်…မပပလှိုင်၊ ဘာကိစ္စ…"

"အိုး…ကိုတပေါင်းပဲ ပပနဲ့စကားပြောချင်တယ်ဆို၊ အဲဒါ ကိုတပေါင်းက ပပဆီကို ဖုန်းမဆက်ရဲလို့ အန်တီဖြူက ပပဆီ ခုပဲဖုန်းလှမ်းဆက်ပေးလိုက်တာလေ၊ ဒါကြောင့် ပပလည်း ဝမ်းသာပြီး ချက်ချင်းလာခဲ့တာပါ…"

"သြော်…ဟို…မပပလှိုင်ရယ် အားနာစရာဗျာ၊ မိုးတောင် အတော်ချုပ်နေပြီပဲ…"

"အိုး…ကိုတပေါင်းကလဲ ညရှစ်နာရီဆိုတာ အစောကြီး ရှိသေးတာပါ၊ အဟင်း…"

အကျဉ်းအကြပ်ရိုက်သွားသည်။ ဘာပြောရမှန်းလည်းမသိ တစ်ဆက်တည်းလည်း ကိုမင်းနေသွေး၏ လက်ချက်ဆိုသည်ကို တပေါင်း အတတ်သိလိုက်ပြီးသား…။





ဝါး…

"ဟင်…ကိုတပေါင်းကလည်း ပပကိုခေါ်ပြီး စကား တောင်မပြောသေးဘူး၊ အိပ်ချင်နေပြီလား၊ လာလေ…အထဲမှာ ငြိမ်းစိစိကြီးနဲ့ခြံထဲဆင်းပြီး သွားစကားပြောကြတာပေါ့…"

"ဟုတ်ကဲ့…"

လွန်စွာမှအားနာတတ်သည့် တပေါင်း၊ ပြောရအလွန် ခက်နေ၍ ပပလှိုင်နှင့်အတူပင် ခြံထဲဆင်းဖြစ်ခဲ့ရ၏။ ခြံထဲ အရောက်၌ လမ်းလျှောက်ရင်း ပပလှိုင်က ဟိုကိုင်ဒီကိုင်ဖြင့် သူ့ကို စကားတွေဆိုသည်။ သူမှာက လွန်စွာသတိထားနေဖြစ်ရ၏။

ခြံထဲတစ်နေရာအရောက်၌ ပြတင်းတစ်ခုမှ သူ့ထံပြုံး ကြည့်နေသည့် မင်းနေသွေး၏အသွင်အား တပေါင်း တွေ့လိုက်ရ ၏။

ဟင်း…

သူ သက်မမောအား ကြိတ်ချလိုက်သည်။ သူ ချစ်ရသော ဖြိုးခင်အတွက်ပါ။ မှန်သည်။ မိခင်သည် မင်းနေသွေးမည်သော ရွှေမင်းသားကြီးက ရေဆိုရေ၊ ရွှေဆိုရွှေ၊ ငွေဆိုငွေ၊ သေဆိုသေ၊ ရှင်ဆိုရှင်ရသည့်သူ ဖြစ်နေလေသည်မဟုတ်ပါတကား…။

ထိုညကဖြင့် တပေါင်းသည် ယခင်ကတည်းကလည်း



www.burmeseclassic.com

www.burmeseclassic.com



သိမ်မွေ့အေးဆေးယဉ်ကျေးစွာ နေထိုင်ပြောဆိုတတ်သူပီပီ၊ အားနာခြင်းတွေပါစွက်ကာ ပပလှိုင် ပြောသမျှဘာမှန်းမသိ…။

အင်းအဲလိုက်ရင်း တဝါးဝါးသန်းရင်းဖြင့် ပပလှိုင်၏ ပွတ်သီးပွတ်သတ်တွေကိုလည်း ရှောင်ရှားရင်း ပပလှိုင် မပြုန်မခြင်းဝဋ်ဒုက္ခအား ကြီးစွာ ခံခဲ့ရလေသည်တကား…။ ။

ØØØØØØ

## - တစ်ဆယ့်နှစ် -

"မဖြူ…"

"ဘာလဲ မောင်၊ မောင် ဘာဖြစ်ချင်လို့လဲ၊ မဖြူ ဘာလုပ်ပေးရမလဲ…"

ဒေါ်ခင်မာဖြူတစ်ယောက် ပြာနေအောင်ဆိုသည်။ ဒေါ်ခင်မာဖြူ စကားအတွက် မင်းခနဋ္ဌေးသည်က စိတ်ထဲမှပြုံးဖြစ်ရသည်။ သူ့အသွင်ချောချောကဖြင့် တည်ငြိမ်လွန်းစွာရှိရင်း…

"မဖြူသူငယ်ချင်း ဒေါ်မိုးပပဆွေက တဂေါင်းနဲ့သူ့သားကို ကော်တော်သဘောတူပုံရတယ်…"

"ဟုတ်တယ် မောင်၊ မဖြူကလည်း ဆွေ့သမီးလေးနဲ့သားကို သဘောတူတယ်၊ မဖြူနဲ့ဆွေနဲ့က အချစ်ဆုံးသူငယ်ချင်း





www.burmeseclassic.com

www.burmeseclassic.com



တွေလေ၊ ကျောင်းထဲကတွဲခဲ့တာခုထိပဲ…''

''အင်း‥ကိုယ်ကြည့်ရတာလည်း ပပလှိုင်ဆိုတဲ့ကောင်မလေးက တပေါင်းကို တော်တော်သဘောကျနေတဲ့ပုံပဲ၊ ဒါဖြင့်လည်း မဖြူရယ် သူတို့ကိုတရားဝင်လက်မထပ်ပေးသေးရင်တောင် တရားဝင်စေ့စပ်ထားပေးလိုက်ပါလား…

ဒါမှ သူတို့နှစ်ယောက်လည်း အတူတူရဲရဲတင်းတင်း တွဲသွားတွဲလာတော့ တစ်ယောက်အကြောင်းတစ်ယောက်သိပြီး ပိုပြီးလည်းရင်းနှီးသွားကြတာပေါ့…''

''အင်း‥ဟုတ်တယ်နော်၊ မောင် ပြောတာလည်းမှန်တယ်၊ ဆွေနဲ့တိုင်ပင်ပြီး စေ့စပ်ကြောင်းလမ်းတာလောက်ကို အမြန်ဆုံးလုပ်လိုက်မယ်၊ လက်ထပ်တာကတော့ သားလေးကျောင်းပြီးမှ အေးအေးဆေးဆေးလုပ်တာ ကောင်းပါတယ်နော် မောင်''

''ဒါတော့ သူတို့အခြေအနေကိုကြည့်လိုက်ပေါ့၊ စေ့စပ်ပြီးမြန်မြန်လက်ထပ်ပေးသင့်လည်း မြန်မြန်ပဲလက်ထပ်ပေးလိုက်ပေါ့ဗျာ…''

အလုပ်လုပ်ပင်မပျက် မင်းခနဌေး ဆိုသည်။ တပေါင်းကုမ္ပဏီတွင် မင်းခနဌေး လုပ်နေသည့်အလုပ်က မိမိ၏မဟာခနသူရကုမ္ပဏီမှ လုပ်ငန်းစာရင်းတွေဖြစ်၏။

''ဟုတ်တယ်‥မောင် ပြောတာလည်းမှန်တာပဲ၊ သူတို့





ကိုစေ့စပ်ပေးလိုက်မယ်၊ ပြီးတော့ အခြေအနေကြည့်ပြီး လက်ထပ်ပေးလိုက်မယ်၊ နေရာကျသွားတော့လည်း စိတ်အေးသွားရတာပေါ့ မောင်ရယ်…''

''အင်း‥ဟုတ်တာပေါ့၊ မြန်မြန်သာစီစဉ်လိုက်ပါ…''

''စီစဉ်မယ် မောင်၊ မမဖြူ စီစဉ်မယ်၊ စီစဉ်မယ်ဆိုရင် ခုပဲဆွေ့ဆီကိုဖုန်းဆက်ပြီး၊ ဆွေ့သမီးလေးနဲ့သားနဲ့တွေ့ဖို့ ပြောရမယ်၊ သား ရေကူးတဲ့နေရာကို ပပ လိုက်သွားပစေ၊ ဒါမှသူတို့ပိုရင်းနှီးမယ်…''

ဒေါ်ခင်မာဖြူဆိုရင်း စိတ်မြန်လက်မြန်သူပီပီ ဒေါ်မိုးပပဆွေထံသို့ ဖုန်းကောက်ဆက်လိုက်တော့သည်။ မင်းခနဌေးသည်ကရင်ထဲမှပြုံးနေ၏။

သည့်နောက် မင်းခနဌေးသည် ဖိုင်တွေကိုပိတ်ကာ နေရာမှထလိုက်ပြီး ကားသော့လေးလှမ်းယူလိုက်လေ၏…

''မောင်‥ဘယ်သွားမလို့လဲဟင်…''

''ကိုယ့်အစ်ကိုနဲ့ကိစ္စတစ်ခု စကားသွားပြောမလို့…''

''ဖြူလည်း လိုက်မယ်လေ မောင်…''

''မလိုက်ပါနဲ့၊ မဖြူနဲ့ပတ်သက်ပြီး ကိုယ် ဘယ်သူနဲ့မှ စကားမပြောချင်ဘူး…''

''ဒါဖြင့်လည်း ဖြူကိုဖြူကုမ္ပဏီမှာ ထိပ်ခါထဲချပေး



www.burmeseclassic.com

www.burmeseclassic.com



ခဲ့လေ၊ မောင် ဟိုကပြန်လာရင် ကုမ္ပဏီပဲလာခဲ့ပေါ့...''

''ဒါဖြင့်လည်းမြန်မြန်ပြင်ဆင်လိုက်ပါ၊ အောက်ထပ်မှာစောင့်နေမယ်...''

''ကောင်းပြီ မောင်၊ ဖြူက မြန်ပြီးသားပဲ...''

ဒေါ်ခင်မာဖြူတစ်ယောက် ဘာပဲပြောပြော မင်းခနွေးကား အခန်းထဲမှထွက်သွားလေပြီဖြစ်၏။

''တီး..တီး..အန်တီဖြူရေ...''

မြန်လိုက်သည့်ဖြစ်ခြင်း၊ မင်းခနွေးသည် စိတ်ထဲမှပြုံးဖြစ်ရပြန်၏။

မှန်သည်။ သူ အောက်ထပ်သို့ရောက်သည်နှင့် ပပလှိုင်၏ကားလေးသည် ဆင်ဝင်အောက်တွင်ထိုးရပ်ကာ ပပလှိုင်သည် အိမ်ထဲသို့ပြေးဝင်လာခဲ့သောကြောင့်ပါတည်း...။

ထိုအခိုက်.အပြင်ထွက်တော့မည့် တပေါင်းသည်လည်း ဧည့်ခန်းထဲသို့ရောက်လာ၍ ပပလှိုင်နှင့်ပက်ပင်းကြီး တွေ့သွားရသည်။

တစ်ဆက်တည်းပင် အပေါ်ထပ်မှ ဒေါ်ခင်မာဖြူသည်လည်း ဆင်းလာ၍ ဧည့်ခန်းတွင်အားလုံးဆုံစည်းသွားကြလေ၏။

''ဟယ်..သမီးပပတောင် ရောက်နေပြီ၊ အတော်ပဲ သား





လည်းအပြင်ထွက်တော့မယ်မဟုတ်လား၊ သား ရေကူးတဲ့နေရာပပကိုပါ ခေါ်သွားလိုက်ပါ သားရယ်...''

''ဟင်..မေမေ ကျွန်တော်က ကျောင်းသွားမှာလေ...''

''ပပက တပေါင်းရဲ့ကျောင်းကိုလည်း လိုက်မယ်တဲ့၊ တပေါင်း ကျောင်းကပြန်တဲ့အထိ စောင့်နေမှာတဲ့၊ ကောင်းပါတယ်တပေါင်းရယ်၊ အခမဲ့အကြိုအပို့တောင်ရသေးတယ်မဟုတ်လား''

''ဟုတ်တယ်..ဟုတ်တယ်၊ ကိုခနေ ပြောတာမှန်တယ်၊ ကိုတပေါင်း ဘယ်သွားသွား ပပကလိုက်ချင်တာပဲ၊ အဟင်း..ဟင်း ကိုတပေါင်းကသာခေါ်မယ်ဆိုရင် ပပက ငရဲပြည်အထိလည်းလိုက်ရဲတယ်၊ အဟင်း..ဟင်း...''

တပေါင်းသည် မင်းခနွေးထံ ကြည့်လိုက်သည်။ မင်းခနွေးသည်လည်း တပေါင်းအား ကြည့်လိုက်၏။

မျက်လုံးခြင်း စကားပြောလိုက်ကြသည်။ တပေါင်းကား မိခင်ကလည်းရှိနေ၍ မငြင်းသာတော့...။

''သား..ဘာလုပ်နေလဲ၊ သွားတော့လေကွယ်...''

''ဟုတ်ကဲ့ပါ မေမေ...''

စိတ်မသက်မသာဖြင့် တပေါင်း လှမ်းထွက်သွားလိုက်ရသည်။ မင်းခနွေး ရှေ့မှအဖြတ် သူတို့အကြည့်ဆုံခိုက် မင်းခနွေး၏ အဓိပ္ပာယ်ရှိသောအပြုံးကိုတွေ့ရ၏။ တပေါင်းရင်ထဲမှ



www.burmeseclassic.com

www.burmeseclassic.com



သက်မမောအား ချဖြစ်လိုက်သည်။ သည်နေ့တွင် ကျွန်းနှင့်ရေကူးကန်တွင် ချိန်းထားပြီးသား...။

ပပလှိုင်ကလည်း သည်နေ့မှလိုက်မည်ဆိုတော့ တပေါင်း အခက်တွေ့နေရသည်။

သို့သော်လည်း တပေါင်းတွင် အချစ်၏ခွန်အား၊ အစွမ်းသတ္တိနှင့်အရည်အချင်းတွေရှိနေသည်မို့ တပေါင်းသည် အတွင်းနှုတ်ခမ်းအား တစ်ချက်မျှဖိကိုက်ကာ ပပလှိုင်နှင့် အတူ ထွက်သွားလိုက်လေတော့၏။

× × × × ×

တပေါင်းကုမ္ပဏီတွင် ဒေါ်ခင်မာဖြူအား ချပေးခဲ့ပြီး၍ မင်းနေဌေး မောင်းလာသောကားလေးသည် ခေတ်မီလှပကောင်းမွန်သောစံမမီ စားသောက်ဆိုင်ကြီးဆီသို့ ရောက်လာခဲ့လေ၏။

"ဟင်..နေပါလား၊ အမလေး..ငါ့မောင်လည်းပျောက်နေတာကြာပြီ၊ ကဲ..ပြော အခုလာ၊ ဘာစားချင်လို့ မမ ဆိုင်ကို လာတာလဲ..

အိမ်ကိုရောရောက်ခဲ့သေးလား၊ နေကိုကိုနဲ့တွေ့ခဲ့သေးလား၊ နေကိုကိုကလည်း ပြောနေတယ်၊ မနနဲ့မတွေ့တာကြာပြီတဲ့"





"ဘာတွေ့စရာလိုလဲ မမစပယ်ရယ်၊ ဖုန်းဆက်လည်းရတာပဲ၊ တွေ့ချင်သပဆိုရင်တော့လည်း ကျွန်တော် ကုမ္ပဏီမှာရှိတဲ့ အချိန်လာတွေ့ပေါ့..."

"သွားတွေ့ပါတယ်ရှင်၊ မတွေ့ဘူးတဲ့..."

"ဪ..အင်း၊ ဖြစ်နိုင်ပါတယ်၊ ကျွန်တော်က ကုမ္ပဏီ နှစ်ခုထိုင်နေရတော့ အချိန်တွေကိုခွဲထားရတယ်၊ မနက်ကိုးနာရီကနေ ဆယ့်နှစ်နာရီခွဲကို မဟာစနေမှာရှိတယ်ဆိုရင် တစ်နာရီကနေ လေးနာရီအထိ တပေါင်းကုမ္ပဏီမှာရှိတယ်...

တကယ်လို့ ကိုးနာရီကနေဆယ့်နှစ်နာရီအထိ တပေါင်းမှာ ရှိမယ်ဆိုရင် ဆယ့်နှစ်နာရီခွဲကနေ ညနေငါးနာရီအထိ မဟာစနေမှာ ကျွန်တော်ရှိပါတယ်...

တစ်ခါတစ်လေတော့လည်း ကုမ္ပဏီတွေမှာ ကျွန်တော် တစ်နာရီလောက်ပဲနေပြီး အပြင်ထွက်တတ်တယ်..."

"သိပါတယ်..သိပါတယ် ရွှေမင်းသားရယ်၊ ကဲ..ပြောပြော အခုဘာစားချင်လဲ၊ မမစပယ် လုပ်ခိုင်းလိုက်မယ်၊ ကျွန်းရေ သမီး ဒီမှာခဏလာပါဦးကွယ်..."

"ဟုတ်ကဲ့၊ လာပါပြီ..."

ခေါ်သံကြောင့် ကျွန်းသည် ဘောလ်ပင်လေးနှင့်စာရွက်သေးသေးလေးကိုယူကာ သွက်သွက်ကလေးသွားလိုက်၏။ စားပွဲ



www.burmeseclassic.com

www.burmeseclassic.com



ဆီသို့အရောက်မတော့ ကျွန်းသည် မင်းမနေ့ဌေးအား တွေ့လိုက်ရလေ၍ အံ့သြသွားရ၏။

"သြော်..မင်းက ဒီမှာအလုပ်လုပ်တာလား..."

"ဟုတ်ပါတယ် အစ်ကိုကြီး၊ အစ်ကိုကြီးနဲ့ပြန်တွေ့ရတာ ဝမ်းသာပါတယ်၊ အစ်ကိုကြီးကို ကျေးဇူးတင်စကားပဲ ကျွန်းထပ်ပြောပါတယ်ရှင်..."

"ဟင်..ကျွန်းနဲ့မောင်လေးတို့က သိနေကြတာကိုး၊ ဘယ်တုန်းကတည်းကသိနေကြတာလဲ..."

"အဟွန်း..မထူးဆန်းပါဘူးဗျာ..."

ဘာရယ်မဟုတ်သလိုမျိုးနှင့် ခပ်ပေါ့ပေါ့ပင် မင်းမနေ့ဌေးအသွင်ရှိပြီးဆိုသည်။

တကယ်တော့ သူသည် ကျွန်း၏အကြောင်း မှန်သမျှအပ်ကျသည်မှအစသိပြီးသား၊ ကျွန်းကမူ မင်းမနေ့ဌေးလို လူချောလူသန့်လူခန့်ကြီးအား အလွန်မှရှိသေလေးစားအထင်ကြီး ယုံစားနေဖြစ်သည်ပါ...။

"ဟိုတစ်ခါက ညအချိန် ကျွန်း ပြန်တော့တစ်ညမှာ လူရမ်းကားတွေနဲ့တွေ့ပြီး ကျွန်း ဒုက္ခဖြစ်နေတုန်း အစ်ကိုကြီးက ကူညီထားပါတယ် မမကြီး..."





"သြော်..ဒီလိုလား၊ တော်သေးတာပေါ့ကွယ်၊ မနေ့နဲ့တွေ့လို့သာပဲ၊ မမလည်းကျေးဇူးတင်ပါတယ် မနေ့ရယ်..."

"မမစပယ်တို့က ဝန်ထမ်းတွေအတွက် လုံခြုံမှုထားပေးမှပေါ့ဗျာ..."

"အပြစ်ပြောရင်လည်းခံရမှာပဲ မောင်လေးရေ၊ အဲဒီအချိန်က လူတွေခေါ်စဆိုတော့ ဒရိုင်ဘာလည်းအခက်အခဲရှိနေလို့ပါ..."

ကဲ..ကဲ အခုဘာစားချင်လဲပြော၊ ကျွန်းရေ ဒါ..မမကြီးရဲ့မတ်ပဲကွဲ၊ ဂရုစိုက်ပေးပါဦးကွယ်..."

"ဟုတ်ကဲ့ပါ မမကြီး၊ ကျွန်းရဲ့ကျေးဇူးရှင်မို့ ကျွန်းလည်းဂရုစိုက်ရမှာပါ၊ ကဲ..အစ်ကိုကြီး ဘာစားမလဲဟင်..."

"မနက်စာသဘောမျိုး တစ်ခုခုပြင်ဆင်ပြီး ကျွေးပါကျွန်း..."

"ဟင်..မောင်လေးက မနက်စာတောင်မစားခဲ့ရသေးဘူးလား၊ ကိုးနာရီပဲခွဲနေပြီလေ..."

"မစားချင်လို့မစားခဲ့တာ..."

"ကဲ..ဒါဖြင့်လည်း ကျွန်းရေ စီစဉ်ပေးလိုက်ပါကွယ်၊ မနေ့ရေ..မမစပယ်တော့ ဟိုဘက်ဆိုင်တွေဆီပြေးလိုက်ဦးမယ်ကွယ်"

သူ့ကိုနှုတ်ဆက်ပြီး ဒေါ်စံစပယ်ခိုင်ကား ထွက်သွားလေ



www.burmeseclassic.com

www.burmeseclassic.com



ပြီ။

သူ့ခေါင်းထဲ၌ မရီးဖြစ်သူ ဒေါ်စပယ်ခိုင်ကား ရှိကိုမရှိ၊ တကယ်တော့ စံမှီစားသောက်ဆိုင်ကြီးဆီသို့ သူ တမင်လာခဲ့ခြင်း ဖြစ်သည်။

အကြောင်းက ကျွန်းမျက်နှာလေးကိုကြည့်ဖို့ဖြစ်၏။

"အစ်ကိုကြီး ကျွန်း စီစဉ်ပေးမယ်နော်၊ ခဏစောင့်ပါ"

"ရပါတယ်၊ ဖြည်းဖြည်းလုပ်ပါ..."

သူဆိုရင်း ထိုင်ရာမှထကာ ဆိုင်ထဲသို့ဟိုဟိုဒီဒီလိုက်၍ ကြည့်သည်။

ကျွန်းသည်က သူ့အတွက်စားစရာတွေပြင်ဆင်ပေးနေ၏။

"အစ်ကိုကြီး မနက်စာဒင်းဆမ်းစီစဉ်ထားပေးပါတယ်၊ သုံးဆောင်ပါရှင်၊ ထမင်းစားချိန်ရောက်လည်း ထမင်းစားမပျက် အောင်ပါ..."

ကျွန်း သူ့ကိုလာခေါ်ပြီးဆိုသည်တွင် သူ ကြည်နူးစွာဖြင့် စားပွဲသို့သွားရောက်ကာ စားဖြစ်သည်။ ကျွန်းသည်က သူ့ကို ကောင်းမွန်စွာဧည့်ခံရှာ၏။

သူသည် သူ့ရှေ့၌ကျွန်းရှိနေ၍ သူ ချမ်းမြေ့ကြည်နူး စွာရှိသော်လည်း သူ့အသွင်သည်ကဖြင့် လွန်စွာတည်ကြည်၍ ငြိမ်သက်၏။





သူ့စိတ်ခံစားမှုအား မည်သူကမျှခန့်မှန်း ၍မရသည်က အမှန်ပါ...။

"ကျွန်းက ဒီဆိုင်ကဘာအဆင့်လဲ..."

"ကျွန်းက ဒီဆိုင်ခွဲအသစ်မှာ မမကြီးက မန်နေဂျာခန့် ထားပါတယ် အစ်ကိုကြီး၊ ခုမှပဲသိတော့တယ်၊ မမကြီးနဲ့အစ်ကိုကြီး တို့က မတ်နဲ့မရီးမောင်နှမတွေကိုး..."

"ဒီဆိုင်မှာ ကျွန်း အလုပ်လုပ်ရတာအဆင်ပြေလား၊ အဆင်မပြေရင် ကုမ္ပဏီမှာလုပ်မလား..."

"အဆင်ပြေပါတယ် အစ်ကိုကြီး၊ ကျွန်းက စားသောက် ဆိုင်လုပ်ငန်းကိုပဲ ဝါသနာပါတာပါ..."

"သြော်..အဆင်ပြေရင်တော့လည်း ပြီးတာပါပဲ၊ ကိုယ့် မရီးဆိုင်ဆိုတော့ အဆင်မပြေတာရှိရင်ပြောနော်၊ အစ်ကို စီစဉ်ပေး မယ်..."

"အားလုံးအဆင်ပြေပါတယ် အစ်ကိုကြီး၊ မမကြီးက လည်း ကျွန်းကို ဂရုစိုက်ပါတယ်၊ ယုံကြည်အားကိုးမှုလည်းရှိပါ တယ်..."

"မန်နေဂျာ ဖုန်းလာနေပါတယ်..."

သူတို့စကားပြောနေဆဲ အလုပ်သမားအမျိုးသမီးငယ်လေးတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက် ဖုန်းလာကြောင်းအကြောင်းကြား၍ ကျွန်းသည် သူ့ထံ အကြည့်နှင့်ခွင့်ပန်လိုက်ပြီး ဖုန်းသွားပြောလိုက်သည်။

မင်းနေဒွေးသည် စားသောက်နေရင်းမှ ဖုန်းပြောနေသည့် ကျွန်းထံသို့သာ စိတ်ဝင်စားနေဖြစ်သည်။ မကြာလိုက်၊ သူ့ထံ ကျွန်း ပြန်ရောက်လာသည်။

"အော်ဒါမှာတဲ့ဖုန်းလား ကျွန်း…"

"မဟုတ်ပါဘူး အစ်ကိုကြီး၊ ကျွန်းရဲ့မိတ်ဆွေဆီကဖုန်းပါ၊ ကျွန်းတို့ရေကူးကန်မှာချိန်းထားကြလို့ပါ၊ ဒီနေ့ပြိုင်ပွဲရှိတယ်တဲ့ လာကြည့်ပါတဲ့…"

သူ ကျွန်းကိုမကြည့်၊ ဘာရယ်မဖြစ်သလို၊ သူ့အသွင် သည်ငြိမ်နေပြီး မှန်မှန်ပင် သူ စားသောက်နေသည်။

သူ့ရင်ထဲမတော့ ဒေါသမုန်တိုင်းသည် ဝုန်းဝုန်းထနေ၏။ တစ်ချက်မျှတော့ သူ အတွင်းသွားတို့စေ့လိုက်သည်။

"အစ်ကိုကြီး ပြီးပြီလား၊ ဝပြီလား၊ စားလို့ရောကောင်း ရဲ့လားဟင်…"

"ဝပါပြီ··စားလို့လည်းသိပ်ကောင်းပါတယ်၊ ကဲ··ကိုယ် သွားစရာရှိသေးလို့ သွားလိုက်ဦးမယ်၊ နောက်မှထပ်တွေ့သေးတာ ပေါ့…"

"ဟုတ်ကဲ့ အစ်ကိုကြီး၊ နောက်လည်းမကြာခဏလာစား





ပါနော်…"

အင်း…

ကျွန်း မျက်နှာလှလှလေးဆီ သူ စေ့စေ့ကြည့်ကာ နှုတ်ဆက်ပြီးနောက် စားသောက်ဆိုင်ထဲမှထွက်ခဲ့လိုက်လေ၏။ သူ့အဲသွင့်စိတ်ကူးနှင့်အကြံအစည်တွေက ရှိနေရသည်မဟုတ်ပါ တကား…။

ဟန်းဖုန်းနံပါတ်ကလေးတွေကို သူ နှိပ်လိုက်သည်။ တစ် ဖက်မှ ဘိုသောင်းအသံကို ကြားလိုက်သည်နှင့် သူ ပြောချင်သည့် စကားတွေကို ပြောလိုက်၏။

"ဘိုသောင်း (…)ရေကူးကန်ကို ကျွန်း သွားလိမ့်မယ်၊ အဲဒီမှာ သူတို့ချိန်းထားတယ်၊ ဒါပေမဲ့ မင်း တပေါင်းကိုလက်ဖျား နဲ့တောင်မထိပါသေးနဲ့ဦး…"

"ဟင်··သူဌေး၊ တပေါင်းက ကျောင်းမှာပဲအမျိုးသမီး တစ်ယောက်နဲ့လေ၊ သူတို့ကိုစောင့်ကြည့်ဖို့တောင် ကျွန်တော် စိန်အေးကို လွှတ်ထားတယ်…"

"အေး··ငါပြောတာ မင်း နားထောင်၊ သူတို့ကအဆက် အသွယ်လုပ်ထားပြီးသားပဲ၊ တပေါင်း ဘာလုပ်တယ်ဆိုတာ မင်းလို စောင့်ကြည့်…

ကောင်မလေးနှစ်ယောက်ကြားမှာတော့ သူ့ အခက်



www.burmeseclassic.com

www.burmeseclassic.com



တွေ့နေမှာပဲ၊ မင်းတို့က တပေါင်းကို ပိုပြီးအခက်တွေ့အောင် စီစဉ်လိုက်ပါ…

ငါ ဆိုလိုတာက တပေါင်းနဲ့ပပလှိုင်တို့စုံတွဲကို ကျွန်း မြင်သွားရစေသလို၊ တပေါင်းနဲ့ကျွန်းတွဲနေတာကိုလည်း ပပလှိုင် ဆိုတဲ့ကောင်မ မြင်တွေ့သွားပါစေ၊ ဒါမှ အကြောင်းတွေသိပြီး ရှုပ်သွားကြမယ်…"

"ကျွန်တော် သဘောပေါက်ပါပြီ၊ သူဌေးပြောတဲ့အတိုင်း ကျွန်တော် ဖြစ်အောင်ဆောင်ရွက်လိုက်ပါ့မယ်…"

"ကောင်းပြီ၊ ငါ စိတ်ချမယ်…"

စကားအဆုံး သူ ဖုန်းကိုပိတ်လိုက်၏။

× × × × ×

(…)ရေကူးကန်တွင်ဖြစ်သည်။

ကျွန်းသည် ချစ်သူနှင့်ချိန်းထားသည့်အချိန်ထက် ဆယ့်ငါး မိနစ်နောက်ကျပြီးမှ ရောက်ရှိလာ၏။

ကျွန်းကိုတွေ့သည်နှင့် ဘိုသောင်းတစ်ယောက်လည်း မရောင်မလည်နှင့် ကျွန်းနှင့်မလှမ်းမကမ်းတွင် ရှိနေပြီဖြစ်သည်။

ကျွန်းသည်က မိမိနောက်ကျနေပြီမို့ ရေကူးကန်အတွင်းသို့





ဝင်ခဲ့လိုက်ပြီး ချစ်သူ တပေါင်းအား လိုက်၍ရှာဖွေနေဖြစ်သည်။

ရေကူးကန်အတွင်းရှိ ပွဲကြည့်ပရိသတ်များထိုင်သည့်နေရာ တွင်မတော့ တပေါင်းသည် ပပလှိုင်နှင့်အတူရှိကာ လွန်စွာစိတ် ညစ် အခက်တွေ့နေရလေ၏။

"ကိုကို ဒီနေ့ပြိုင်ပွဲရှိလားဟင်…"

"မရှိပါဘူး…"

"ဒါဖြင့် ကိုကို ဘာဖြစ်လို့ ဒီကိုလာတာလဲ…"

"ကျွန်တော်က အမြဲလေ့ကျင့်နေလို့ပါ…"

"ကိုကို…ကိုကိုနဲ့ပပတို့ကိစ္စကို မေမေတို့က အမြန်ဆုံး စီစဉ်တော့မယ်တဲ့…"

ထိုစကားအတွက် တပေါင်းမှာ ဘာမှမပြောဘဲ ဆိတ် ဆိတ်ပင်နေလိုက်၏။

သည်မိန်းမနှင့်ကြာကြာနေလျှင် သူ အသက်တိုတော့ မယ်ကအမှန်မို့ တပေါင်းသည် လစ်ပြေးရန်အကွက်ချောင်း နေရ၏။

တစ်နည်းအားဖြင့်လည်း သူ စိတ်ပူနေရသည်။ ခုလောက် ဆိုလျှင် ကျွန်း ရောက်လာတော့မည်။

ကျွန်း ရောက်လာ၍ သူနှင့်ပပကိုတွေ့လျှင် ကျွန်း



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဆိုးအထင်လွဲတော့မည်ကို သူ သေမလောက်ကြောက်နေရ၏။

"ကိုကို နာရီပဲကြည့်နေတာပဲ၊ ဘာဖြစ်လို့လဲဟင်..."

"ဩော်..ဟို၊ ကျွန်တော်နဲ့ရေကူးပြိုင်မယ့်သူငယ်ချင်းကို စောင့်နေတာပါ၊ သူ ရောက်နေပြီလားတောင်မသိဘူး၊ အဝတ်လဲခန်းမှာ ကျွန်တော် တစ်ချက်သွားကြည့်လိုက်ဦးမယ်..."

"ပပလည်း လိုက်မယ်..."

"ဟာ..ဘယ်ဖြစ်မလဲဗျာ၊ ဟိုမှာကယောကျ်ားလေးတွေ အဝတ်လဲခန်းလေ၊ ဒီမှာပဲနေခဲ့ပါ..."

"ဒါဖြင့် ကိုကို မြန်မြန်ပြန်လာနော်..."

သူ အင်းအဲမဆိုပဲ ပပလှိုင်နားမှ လွတ်လျှင်ပြီးရောဆိုသည့်စိတ်နှင့် ထလစ်ထွက်ခဲ့လိုက်ပါတော့၏။

ပပလှိုင်အနီးမှ သူ လစ်ခဲ့သည်နှင့် အပြေးအလွှားပင် ကျွန်းကို လိုက်ရှာနေသည်။

တစ်နေရာအရောက်၌ သူ့ကိုလိုက်ရှာနေသည့် ကျွန်းကို တွေ့သည်တွင် ကျွန်းလည်း ဝမ်းသာသွားသည်။

သူကမူ ကျွန်း လက်ကလေးကိုဆွဲထားပြီး အသက်ကို ဝအောင်အရင်ဆုံး ရှူလိုက်ရ၏။

"ဟင်..အစ်ကို အခုမှရောက်တယ်ဟုတ်လား၊ ကြည့်ပါဦး မောနေလိုက်တာ၊ ကျွန်းက..ကျွန်း နောက်ကျနေပြီလို့တောင် ထင်နေတာ..."





"အဟွန်း..ကျွန်းရယ်၊ ဆောရီးနော်၊ ကိုယ်နည်းနည်း နောက်ကျသွားတယ်၊ ကဲ..လာ..လာ ကိုယ်တို့တစ်နေရာသွားကြရအောင်..."

"ဟင်..အစ်ကို ရေကူးမယ်ဆို..."

"အခုစိတ်ပြောင်းသွားပြီ၊ ဈေးနည်းနည်းဝယ်ပြီး ကျွန်းအိမ်ကိုပဲသွားကြရအောင်၊ ကျွန်း အားသွားပြီမဟုတ်လား..."

"အင်း..ကျွန်းက ခြောက်နာရီခွဲလောက်မှ အလုပ်ပြန်ဝင်ရတော့မှာ၊ ကဲ..သွားမယ်ဆိုလည်းသွားကြရအောင်..."

"အင်း..နေဦး ကျွန်း..."

"ဘာလဲ အစ်ကို၊ အစ်ကို ဘာဖြစ်နေတာလဲ၊ အစ်ကို့ကို ကြည့်ရတာလည်း ဘာဖြစ်နေမှန်းမသိပါဘူး..."

"ဟို..ကျွန်းရယ်၊ ဘာမှမဖြစ်ပါဘူး၊ ပြေးလာရတာဆိုတော့ မောနေလို့ပါ..."

သူ့ဆိုရင်း စိတ်ထဲမတော့ သင်္ချာတစ်ပုဒ်ကိုတွက်နေရသလိုရှိသည်။ မှန်သည်။

အဘယ်ကြောင့်ဆိုသော် ပပလှိုင်သည် ပွဲကြည့်စင်တွင် သူ့ကိုထိုင်၍စောင့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူနှင့်ကျွန်းသည် ပွဲကြည့်စင်ရှေ့မှဖြတ်၍ ထွက်ရမည် ဖြစ်သည်။

သူနှင့်ကျွန်းအထွက် ပပလှိုင် မြင်လျှင် သူနောက်သို့ပြေး လိုက်ခေါ်လျှင်အခက်ဟူသောအတွေးနှင့် သူ ဘယ်လိုသွားရင် ကောင်းမလဲဟုတွေးဆဲ...

"အစ်ကို သွားမယ်လေ၊ အမောမပြေသေးဘူးလား..."

"အင်း..ပြေပါပြီ ကျွန်းရယ်၊ ကဲ..လာ အစ်ကိုတို့သွား ကြရအောင်..."

သူဆိုရင်း ကျွန်းလက်ကိုဆွဲကာ ပွဲကြည့်စင်ရှေ့မှဖြတ်၍ ပြေးထွက်သွားလိုက်တော့သည်။

"အို..အစ်ကို၊ ဖြည်းဖြည်းသွားလေ၊ ဘာဖြစ်လို့ပြေး သွားရတာလဲ..."

ကျွန်းဆိုသော်လည်း တပေါင်းကမရပ်၊ ကျွန်းလက်ကို ဆွဲပြီး ဆက်၍ပြေးသွားသည်။

ပပလှိုင်သည်လည်း ရှေ့တည့်တည့် သို့သာကြည့်နေသည် မို့ တပေါင်းနှင့်ကျွန်းတို့ လက်ချင်းဆွဲကာ ပြေးသွားသည်ကိုတွေ့ လိုက်ရ၏။

သို့သော်လည်း ပပလှိုင်မှာ ရုတ်တရက်မို့ သည်သို့လည်း ထင်ထားပုံမရှိ၍ တူပါတယ်ဟုကြည့်နေဆဲပင် တပေါင်းမှန်းသိ





လိုက်ချိန်၌ လုံးဝနောက်ကျသွားပြီဖြစ်၏။

"ဟင်..ဟောတော့..ဟိုမှာ ကိုကိုနဲ့ကောင်မတစ်ယောက် နဲ့ အိုး..ဒုက္ခပဲ၊ ကိုကို..ကိုကို..."

ပပလှိုင်တစ်ယောက် နေရာမှထကာ အပြေးလိုက်၍ခေါ် သော်လည်း တပေါင်းနှင့်ကျွန်းကား ပျောက်သွားလေပြီဖြစ် သတည်း...။

မှန်သည်။

မင်းခနဋ္ဌေးက လက်ဖျားနှင့်တောင်မထိပါနှင့် ဟုဆိုထား သဖြင့် ဘိုသောင်းတို့ရှေ့မှပင် တပေါင်းသည် ကျွန်း လက်ကို ဆွဲကာ ရေကူးကန်ထဲမှပြေးထွက် ပျောက်ကွယ်သွားလေ ပြီတကား...။

ပပလှိုင်တစ်ယောက် နောက်မှပြေးလိုက်ခေါ်သည့်အဖြစ် ကိုလည်း ဘိုသောင်းတို့တွေ့မြင်ရသည်။

ထိုအဖြစ်၊ ထိုမြင်ကွင်းများအား ဘိုသောင်းသည် မင်းခန ဋ္ဌေးထံ ချက်ချင်းဖုန်းဆက်၍ အစီရင်ခံလိုက်လေ၏။

× × × × ×



www.burmeseclassic.com

www.burmeseclassic.com



ညရှစ်နာရီခွဲ…။

ညစာစားပြီး၍ လမ်းလျှောက်ဦးမည်ဟုဆိုကာ မင်းခနွေးသည် ပန်းခြံထဲတွင်တစ်ကိုယ်တည်းရှိနေ၏။

သူ့မျက်နှာချောချော သည်က ဒေါသတွေဖြင့် ပို၍တည်ငြိမ်နေရသည်။ သူ့မျက်ဝန်း အစုံသည်လည်း ပို၍နက်ရှိုင်းနေရလေ၏။

မှန်သည်။ တကယ်တော့ သူသည် ပန်းခြံထဲလမ်းလျှောက်ရင်း အကြံတွေထုတ်ရင်းဖြင့် တပေါင်းတစ်ယောက် ပြန်အလာအား စောင့်နေဖြစ်ခြင်းပါတည်း…။

သူ သိပ်မစောင့်လိုက်ရပါ။ တပေါင်းကား သူ့ပြိုင်ဘီးကလေးနှင့်ပြန်ရောက်လာခဲ့ပြီဖြစ်၏။

ခြံထဲသို့ဝင်လိုက်သည်နှင့် မင်းခနွေးအား တွေ့လိုက်သည်တွင် တပေါင်းသည်လည်း အလိုအလျောက်စိတ်တွေ ကျဉ်းကျပ်သွားလိုက်ရလေ၏။

ဆင်ဝင်အောက်၌ သူ့ပြိုင်ဘီးလေးအားအရပ် သူ့နောက်တွင် မင်းခနွေးသည်ရောက်လာခဲ့ပြီဖြစ်၏။

"တပေါင်း မင်းအခုဘယ်ကပြန်လာလဲ…"

"ကျွန်တော်က အစီရင်ခံရဦးမှာလား…"





"အဟွန်း…မင်းကို အစီရင်ခံဖို့လို့ ငါ မဆိုလိုပါဘူး၊ ဒါပေမဲ့ ငါ့ကိစ္စရှိလို့ မင်းကို ငါ မေးတာ…"

"ခင်ဗျားကိစ္စဘာလဲ၊ ကျွန်တော်နဲ့ဘယ်လိုပတ်သက်နေလို့လဲ…"

"ပတ်သက်တာပေါ့၊ ဒီမှာ ကိုယ် ရှင်းရှင်းပဲမေးမယ်၊ မင်းနဲ့ကျွန်းကဘာလဲ၊ ဘယ်လိုပတ်သက်လဲ၊ ဘယ်အဆင့်လဲ၊ ငါ့ကိုပြောပါ…"

"ဗျာ…"

တပေါင်း အံ့သြသွားသည်။ သူ၏ချောမောစ္ပငြိမ်လွန်းသော မျက်ဝန်းမျက်နှာဆီကြည့်ပြီး တပေါင်း စိတ်ထဲဝေဝေဝါဝါတော့ဖြစ်သွားရ၏။

"ပြောလေ…"

"ကျွန်တော်တို့က ချစ်သူတွေ…"

"ဘယ်တုန်းကချစ်သူတွေဖြစ်သွားတာလဲ…"

"ငါးလခြောက်လလောက်ရှိပြီ…"

ကြားရသောစကားအတွက် မင်းခနွေးသည် အတွင်းသွားများအား စေ့ကြိတ်ဖြစ်ရသည်။

မိမိသည် ဆယ့်ငါးရက်တစ်လခန့် နောက်ကျသွားခဲ့ရသည် မဟုတ်ပါလား…။



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ..ဘာပဲဖြစ်ဖြစ် မင်းကို ငါ ပြောမယ်၊ ငါ ပြောတဲ့စကားကို မင်းအလေးတော့ထားရလိမ့်မယ်၊ မင်းအလေး မထားဘူးဆိုရင်တော့ နောင်တရလိမ့်မယ်...

မင်း ကျွန်းနဲ့အဆက်ဖြတ်လိုက်ပါ၊ ကျွန်းနဲ့လုံးဝမပတ်သက်ပါနဲ့၊ ခုချိန်ကစပြီး မင်း ကျွန်းနဲ့အဆက်ဖြတ်ပါ၊ နောက်ကို မင်းနဲ့ကျွန်းတွဲနေတယ်ဆိုတဲ့သတင်းမျိုး ငါ ထပ်မကြားချင်ဘူး"

တပေါင်း အံ့သြဆဲရှိသည်။ သူ့မျက်နှာကိုမှင်သက်သလို ကြည့်နေမိသည်။ သူတို့အကြည့်ချင်းလည်း အတန်ကြာဆုံနေမိ၏။

"ကျွန်တော် နားမလည်ပါလား..."

"မလိုဘူး..."

"ဘာကြောင့်လဲ..."

"မင်းကိုပြောပြဖို့ မလိုအပ်ဘူး..."

"အံ့သြစရာပဲ၊ ဘာကြောင့်နဲ့ပဲဖြစ်ဖြစ် ကျွန်တော့်ချစ်သူကို ဘယ်တော့မှမဖြတ်ဘူး.."

"ဒါဖြင့် မင်း နောင်တရစေရမယ်..."

သူတို့အကြည့်ခြင်း ထပ်ဆုံသည်။ နှစ်ဦးစလုံးကငြိမ၍ အတန်ကြာသည့်တိုင်အောင် အကြည့်ခြင်းထဲကအဖြေရှာကာ ဆုံစည်းနေကြပြီးမှ မင်းခနွေးသည် တော့တော့တော့ဟန်ဖြင့် အပေါ်





ထပ်သို့ လှမ်းတက်သွားလိုက်ပါတော့၏။

ဟင်း...

တပေါင်းသည် သက်မမောအားတစ်ချက်ချကာ မျက်ဝန်းအစုံကိုတစ်ချက်မှိတ်လိုက်သည်။ မျက်ဝန်းအရိပ်ထဲ၌ မင်းခနွေး၏ချောမောသော ပြုံးစေ့စေ့မျက်နှာကိုသာ တွေ့မြင်နေရလေ၏။

မှန်သည်။ ထိုညက တပေါင်းသည် စားကျက်၍လည်း မရ၊ အိပ်၍လည်းမပျော်နိုင်အောင်၊ မင်းခနွေးနှင့်ကျွန်းတို့၏ ပတ်သက်မှုအားတွေးတောကာ ဇဝေဇဝါဖြစ်ရသကဲ့သို့...

တစ်ဆက်တည်းလည်း တပေါင်းသည် မိမိချစ်ရသော မိခင်မျက်နှာနှင့်ဖခင်မျက်နှာတို့ကို မြင်ယောင်ကာ ဝမ်းနည်းစိတ်မကောင်းဖြစ်မိရပါသတည်း...။ ။

ØØØØØØ



www.burmeseclassic.com

www.burmeseclassic.com

\- တစ်ဆယ့်သုံး -

ထုံးစံအတိုင်း အိမ်တွင် မင်းခနွေးအကြိုက် စားသောက်စရာဟင်းလျာများကို ကိုယ်တိုင်စီစဉ်ပြီးမှ ဒေါ်ခင်မာဖြူသည် တပေါင်းကုမ္ပဏီသို့ တစ်ကိုယ်တည်း ကားမောင်းထွက်ခဲ့လေ၏။

ယခင်ကဆိုလျှင် ဒေါ်ခင်မာဖြူသည် ကုမ္ပဏီသို့ အချိန်မှန်ရောက်တတ်သူ၊ ကုမ္ပဏီကိုဦးဆောင်သူ၊ အရာရာကိုဦးဆောင်တတ်သူ၊ ယခုဖြင့် ဒေါ်ခင်မာဖြူသည် ခင်ပွန်းသည် မင်းခနွေးအားကိုးရှိနေပြီဟူသော ဂုဏ်ယူမှုတွေနှင့်ကိုယ်စိတ်နှစ်ပါး သွားလာနေထိုင်လုပ်ကိုင်တတ်ပြီဖြစ်၏။





သို့ဖြစ်၍ ဒေါ်ခင်မာဖြူသည် အိမ်တွင်စီစဉ်စရာတွေရှိတာစီစဉ်ပြီးမှ ရေမိုးချိုးအလှတွေစိတ်တိုင်းကျ ဖီးလိမ်းပြင်ဆင်ဝတ်ဆင်ပြီးမှ ကုမ္ပဏီသို့ တစ်ကိုယ်တည်းရောက်လာခဲ့ခြင်းပါတည်း။

မှန်သည်။

ကားပါကင်များရှိရာနေရာသို့ ဒေါ်ခင်မာဖြူ ကားလေးမောင်းဝင်ခဲ့ပြီး ဒေါ်ခင်မာဖြူသည် ကားတံခါးကိုပိတ်ကာ ကျော့ကျော့လေးကိုယ်လေးအား လှည့်လိုက်ခိုက်ပင်…။

ဟင်…

ဒေါ်ခင်မာဖြူသည် စကားပင်ဆုံးအောင်မပြောနိုင်၊ တစ်ယောက်ပြီးတစ်ယောက်က တစ်ပြိုင်တည်းဝိုင်းရိုက်ခြင်းကိုခံရ၍ နောက်ဆုံးသော် ဒေါ်ခင်မာဖြူကား မိမိကားနားတွင်ပင် ခွေခွေလေး အရုပ်ကြိုးပြတ်ဖြစ်သွားရပါတော့သတည်း…။

မှန်သည်။

ဒေါ်ခင်မာဖြူတစ်ယောက် မည်မျှအထိ သတိလစ်မေ့မျောသွားသည်မသိ ဒေါ်ခင်မာဖြူတစ်ယောက် သတိပြန်ရလာချိန်တွင် ဆေးရုံတက်ရောက်နေရပြီမဟုတ်ပါတကား…။

ဒေါ်ခင်မာဖြူတစ်ယောက် သတိရရခြင်း၊ အနီးတွင်သူနာပြုဆရာမတစ်ဦးတည်းကိုသာ တွေ့လိုက်ရသည်။

ဒေါ်ခင် မာဖြူသည် မိမိအဖြစ်အတွက် စိတ်လည်း



www.burmeseclassic.com

www.burmeseclassic.com



ထိတ်လန့်၊ ဒေါသလည်းထွက်နေရရင်း...

"ဆရာမ..."

"ဩော်..ဟုတ်ကဲ့၊ ပြောပါရှင်..."

"ကျွန်မကို ဘယ်သူကဆေးရုံလာတင်သွားတာလဲ..."

"အတိအကျတော့မသိဘူး၊ ကြားတာကတော့ လဲနေတာတွေ့လို့ လူတွေကဆေးရုံလာပို့သွားကြတာတဲ့..."

"လူယုတ်မာတွေ၊ လူမဆန်တဲ့ဟာတွေ၊ ဆရာမ..ကျွန်မကို အခုဖုန်းဆက်ပေးပါ..."

"ဟုတ်ကဲ့..ကျွန်မ ဘယ်ကိုဆက်ပေးရမလဲ..."

ဖုန်းနံပါတ်နှစ်ခုကို ဒေါ်ခင်မာဖြူ ပြောလိုက်သည်တွင် ဆရာမသည် မှတ်ထားပြီးတစ်ခုပြီးတစ်ခုဆီသို့ ဆက်လိုက်သည်။

ဖုန်းဆက်ပြီးတအောင့်ကြာသည်နှင့်ပင် မင်းခနွေးတစ်ယောက် ရောက်လာသည်။ မင်းခနွေး၏အသွင်က အေးအေးဆေးဆေးပင်။

ရှေ့ဆင့်နောက်ဆင့်ပင် ဒေါ်မိုးပပဆွေတို့သားအမိတွေလည်း ရောက်လာကြလေ၏။

"မောင်ရယ်..ဖြူ့ကိုကြည့်ပါဦး၊ ဖြူ့ရဲ့မျက်နှာတစ်ခုလုံးညိုမဲသွားပြီမဟုတ်လားဟင်၊ ဖြူတစ်ကိုယ်လုံးလည်း နာကျင်နေတာပါပဲ မောင်ရယ်..."





"ဖြစ်စတော့ဒီလိုပေါ့၊ နောက်တော့ပျောက်သွားမှာပါ မဖြူရယ်..."

"အဟင်း..ဟင်း မောင်ရယ်၊ ဖြူတော့မျက်နှာမှာ ဒဏ်ရာတွေနဲ့ဆိုတော့ တစ်ပတ်ဆယ်ရက်လောက်တော့ ရုပ်ဆိုးနေမှာပဲနော် မောင်..."

"ဒါတွေမစဉ်းစားပါနဲ့လေ၊ နောက်တော့ကောင်းသွားမှာပါ..."

ဒေါ်မိုးပပဆွေမှာ သူငယ်ချင်းအား ရောက်လာကတည်းက စိတ်မကောင်းသည့်စကားပြောချင်နေသော်လည်း ခင်ပွန်းသည်ကိုချွဲပြဆဲပြနေသည့် သူငယ်ချင်း၏အပြုအမူတွေနှင့် စကားတွေကြောင့် ခပ်ရှုက်ရှက်ဖြစ်နေရသလိုရှိ၏။

"ကဲ..ကဲ ဒေါ်မိုးပပဆွေ ခင်ဗျားသူငယ်ချင်းကို အားပေးလိုက်ပါဦးဗျာ..."

မင်းခနွေးဆိုရင်း မလှမ်းမကမ်းတွင်သွားရောက်နေသလိုနှင့် ဟန်းဖုန်းနံပါတ်လေးတွေကို နှိပ်နေလိုက်၏။

မင်းခနွေး ခွာသွားမှပင် ဒေါ်မိုးပပဆွေနှင့်ပပလှိုင်တို့မှာ ဒေါ်ခင်မာဖြူအနီးကပ်ပြီး စကားပြောပြုစုကြရတော့သည်။

"အဟင့်..ဟင့် ဆွေရယ်၊ ဖြူတော့ ဖြူ့မျက်နှာကိုမှန်



www.burmeseclassic.com

www.burmeseclassic.com



တောင်မကြည့်ရဲတော့ပါဘူးကွယ်...''

''ပျောက်သွားမှာပါကွယ်၊ ဖူးယောင်ညိုမည်းတာလောက်ပဲရှိတာပါ၊ အကြီးအကျယ်ဒဏ်ရာမျိုးမရှိပါဘူး၊ ဒါနဲ့ ဘယ်လိုဖြစ်ရတာလဲ ဖြူ...''

''မသိဘူးလေ..ဖြူလည်းတစ်ခါမှမကြုံဖူးဘူး၊ လူတွေကတကယ့်လူရမ်းကားတွေ ဆွေရဲ၊ ဖြူကိုတွေ့တာနဲ့ရိုက်တော့တာ...''

''ဖြူ အဲဒီလူတွေကိုမှတ်မိလား...''

''ဘယ်မှတ်မိမလဲ၊ ဖြူမှာသူတို့ကိုကြည့်ချိန်၊ စကားပြောချိန်တောင်မရဘူး၊ ဝိုင်းရိုက်လိုက်ကြတာ...''

''လူမှားတာပဲထင်တယ်...''

''လူမှားတာပဲလား၊ စီးပွားရေးပြိုင်တွေပဲလား မသိတော့ဘူး ဆွေရေ၊ ဖြူဖြင့် တော်တော့်ကိုကြောက်သွားတာပဲ...''

''သြော်..ဒေါ်လေးဖြူ ကိုတပေါင်းကော၊ ဒေါ်လေးဖြူကိစ္စသိပြီးပြီလားဟင်...''

''သားကိုတော့ ဖုန်းမဆက်ဖြစ်သေးပါဘူး သမီးရယ်၊ သား စိတ်မကောင်းဖြစ်မှာစိုးလို့ပါ...''

''ဘယ်ဟုတ်မလဲ ဒေါ်လေးဖြူရယ်၊ အခု ပပ ဆက်





လိုက်မယ်နော်...''

ပပဆိုရင်း တပေါင်း၏ဟန်းဖုန်းနံပါတ်ကလေးတွေကို နှိပ်လိုက်သည်။

ပပတစ်ယောက် တပေါင်းနှင့်စကားပြောနေဆဲအချိန်များ၌...

''ဘိုသောင်း..အပိုအလိုမရှိဘူး၊ မင်းတို့လက်မှန်းမဆိုးဘူး၊ ပထမအဆင့်အနေနဲ့ အဲဒီလောက်အတော်ပဲ၊ မင်းတို့အားလုံးကို နောက်မှ ငါ ဘောက်ဆူးချမယ်၊ ကဲ..ဒါပဲ...''

စကားအဆုံး မင်းခနဋ္ဌေးသည် ကျေနပ်စွာဖုန်းကိုပိတ်လိုက်လေ၏။

ဖုန်းပြောပြီး သူ လှည့်ကြည့်တော့ ပပလှိုင်တစ်ယောက် တပေါင်းထံ ဖုန်းဆက်နေသည်ကို သူ ကျေနပ်စွာတွေ့လိုက်ရလေ၏။

မင်းခနဋ္ဌေးသည် ချောမောသောမျက်နှာ၊ ငြိမ်သော အသွင်နှင့်စမတ်ကျသော ခြေလှမ်းတွေကိုချီကာ ဒေါ်ခင်မာဖြူနှင့် လက်တစ်ကမ်းအကွာတွင် သွားရောက်နေလိုက်သည်။

''သမီးပပ တပေါင်းကဘာလဲတဲ့...''

''သူ အခုပဲလာမယ်တဲ့ မေမေ...''

''သြော်..အေ..အေ...''



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မိုးပပဆွေတို့ သားအမိနှစ်ယောက် ပြောနေသည့် စကားများအတွက် မင်းခနွေးသည် ကျေနပ်ပြုံးအားယောင်ယောင်မျှ သူ့နှုတ်ခမ်းလှလှတွင် တွဲခိုထားလေ၏။

မကြာလိုက်ပါ။

တပေါင်းသည် ဆေးရုံသို့ရောက်လာ၏။ မိခင်ထံအပြေး ရောက်လာပြီး မိခင်မျက်နှာကိုကြည့်ကာ တပေါင်း အံ့သြသွားရသည်။

"ဘယ်လိုဖြစ်ရတာလဲ မေမေရယ်..."

"လူမှားတာပါ သားရယ်၊ သား ဘာမှစိတ်မပူနဲ့၊ တစ်ပတ်ဆယ်ရက်ဆိုရင် မေမေ အားလုံးကောင်းသွားပြီ..."

မိခင်အတွက် တပေါင်း စိတ်မကောင်းဖြစ်သွားသည်။ မိခင်ထံကြည့်ပြီး အလိုအလျောက်အကြည့်တစ်ချက်က မင်းခနွေးထံရောက်ခိုက်၊ စိတ်သည်မတင်မကျဖြစ်သွားရ၏။

သည့်အတွက် တပေါင်းသည် မင်းခနွေး၏ မျက်လုံးတွေဆီ စိုက်စိုက်ကြည့်ဖြစ်လိုက်သည်။

ထိုအခါ...

မင်းခနွေး၏မျက်လုံးများနှင့် နှုတ်ခမ်းသည် မိမိအား စကားတွေပြောနေကြသည်ဟု တပေါင်းစိတ်တွင် ခံစားဖြစ်ရလေ၏။





မှန်သည်။

မင်းခနွေးသည် ‥ဘောင်းဘီအိတ်ထဲလက်နှစ်ဖက် ထိုးထည့်ကာ စကားပြောသောမျက်လုံးနှင့်အပြုံးထွေထွေဖြင့် မိမိအား ကြည့်နေလေသည်မဟုတ်ပါတကား...။

"မင်း..ကျွန်းနဲ့ထပ်ပြီးအဆက်အသွယ်မလုပ်ပါနဲ့၊ မင်း ကျွန်းနဲ့ဖြတ်လိုက်ပါ၊ နောက်ထပ် မင်း ကျွန်းနဲ့တွဲတယ်ဆိုတဲ့သတင်းမျိုး ငါ ထပ်မကြားချင်ဘူး၊ ငါ ပြောတဲ့စကားကို မင်း အလေးမထားရင် မင်း နောင်တရစေရမယ်..."

"မင်း နောင်တရစေရမယ်..."

မင်းခနွေး ပြောထားသည့်စကားတွေ တပေါင်း ပြန်လည်ကြားယောင်နေဖြစ်ခြင်းပါ။ တပေါင်း သူ့ကိုပြန်ထပ်ကြည့်သည်။

သူ့အသွင်ချောချောသည်ကမပြောင်းလဲ၊ သူ့အသွင်သည် ချောမောသလောက် ရက်စက်သည်။ ခန့်ညားသလောက်လည်း အေးစက်၏။

သူတကယ်ပဲ ဒီလိုလုပ်သလား ဟူသောအတွေးက တပေါင်းစိတ်တွင် မတင်မကျဖြစ်၍နေသည်။ ယုံလည်းယုံချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယုံလည်းမယုံချင်သေး၊ တကယ်တော့ ဒီနေ့ကဖြင့် သူနှင့်ကျွန်းတို့သည် အတူတွဲ၍ဈေးဝယ်သည်။

လျှောက်လည်သည်။

စားသောက်ကြသည်ကဖြင့်အမှန်ပါ…။

ဟင်း…

သူ ရင်မောစွာသက်မမောအား ချဖြစ်ရသည်။ မေမေ့အတွက် သူ ရင်အမောရဆုံးဖြင်နေ၏။

သူ ဘာတွေလုပ်ရမလဲ၊ သူ ဘာဆုံးဖြတ်ရလဲ၊ ရုတ်တရက်မို့ သူ ဘာမှမလုပ်နိုင်…။

“သား…”

“ဗျာ…မေမေ…”

“မေမေအတွက် စိတ်မကောင်းမဖြစ်ပါနဲ့ကွယ်၊ ကဲ…အခု သမီးလေး ပပကိုခေါ်ပြီး သားတို့နေ့လည်စာသွားစားကြနော်…”

“အိုး…မောင်ရေ ဖြူကိုလာတွဲပါဦး မောင်ရယ်၊ ဖြူမျက်နှာကို သေချာကြည့်ပါဦး၊ ပြီးတော့ ဖြူကိုအကောင်းစားခေးတွေဝယ်ပေးနော် မောင်၊ ခုလိုဖြစ်တာ မောင် မပါလို့သိလား၊ မောင်နဲ့အတူဖြူသွားရင် ဖြူ ဘာအန္တရာယ်မှရှိမှာမဟုတ်ဘူး၊ နောက်ဆို





ရင်တော့ မောင်နဲ့ပဲဖြူ သွားတော့မယ်…”

မိခင်စကားတွေအတွက် တပေါင်းရင်ထဲ မချိတရိခံစားရသည်။

မိခင်ကဖြင့် အသွေးရောအသားရော ပုံအောပေးပြီး ချစ်လိုက်သည့်ဖြစ်ခြင်း၊ မိခင်ကရှုးမတတ်ချစ်ရသမျှ မင်းခနွေးကဖြင့် အေးစက်စက်မလှုပ်တလှုပ်…။

သူ အခံရဆုံးက မင်းခနွေးသည် သူ့ကိုပြုံးတေ့တေ့ကြည့်ရင်းက သူ့မိခင်အနီး သွားရောက်ကာ မိခင်ပခုံးဆိသိုက်ဖက်ထားလိုက်လေ၏။

သူ့အသွင်သည်က အသက်မပါ…။

မင်းအမေလိုမိန်းမမျိုးကတော့ ငါ ဒီလိုပခုံးလေးသိုင်းဖက်တာလောက်နဲ့ ရူးနေပြီကွဟူသောစကားမျိုးအား မင်းခနွေး၏မျက်လုံးနှင့်အပြုံးတွေက ပြောကြားနေသယောင်၊ သူ ထင်မြင်ယူဆနေဖြစ်ရခဲလေ၏။

“သား…သွားလေကွယ်၊ ဟိုမှာ အန်တီခွေနဲ့ပပတို့ကိုအားနာစရာ…”

“မေမေ့ကို ကျွန်တော် စိတ်မချလို့ပါ မေမေ…”

ထိုစကားအား မင်းခနွေးထံကြည့်ပြီး သူ ပြောလိုက်ခြင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



"အမလေး သားရယ်၊ အဟင်း..ဟင်း မေမေ့ကိုဘာ စိတ်မချစရာရှိလဲကွယ်၊ မေမေ့နားမှာ မေမေ့ခင်ပွန်းတစ်ယောက် လုံးရှိနေတာ မေမေ့အတွက် လုံခြုံနေပြီးသားပါ သားရဲ့၊ ကဲ သွား..သွား..."

အဟွန်း..အဟွန်း...

မင်းခနဋ္ဌေး ပြုံးရယ်ဖြစ်လိုက်သည်။ သူ့အပြုံးသည် သရော်ပြုံး၊ ခနဲ့ပြုံး၊ ရွဲ့ပြုံး၊ အမေ့ကိုပဲပြုံးသလား၊ သားကိုပဲပြုံး သလား၊ သားအမိနှစ်ယောက်စလုံးကိုပဲပြုံးသလားဆိုသည်ကိုဖြင့် ကာယကံရှင်သာ အသိဆုံးဖြစ်တော့မည် မဟုတ်ပါတကား...။

ချစ်လှစွာသောမိခင်တစ်ယောက်လုံးက သူ့ဘက်တွင်ရှိ၍ သူ့ကိုမှလုံးလုံးယုံကြည်အားကိုး၊ ယုံစားနေတော့လည်း တပေါင်းကား သူ့အပြုံးတွေဆီ စေ့စေ့ကြည့်ရင်း...

ခင်ဗျားရဲ့အပြုံးတွေကို ကျွန်တော် သိတယ်၊ ခင်ဗျားရဲ့ အပြုံးတွေဟာ ဘယ်လောက်ကြောက်စရာကောင်းတယ်ဆိုတာ ကျွန်တော် သိတယ်...

မင်း ဒီလောက်ပါးနပ်ရဲ့သားနဲ့ ဘာကြောင့်ငါ့စကားတွေကို အလေးမထားတာလဲ၊ ဒါပထမသင်ခန်းစာပဲရှိသေးတယ်နော်၊ ဒုတိယသင်ခန်းစာက ဘာလဲဆိုတာသိချင်ရင် မင်း ထပ်စမ်းကြည့်လိုက်ဦးပေါ့၊ အဟွန်း..ဟွန်း...





ကိုယ့်ဆီမျက်လုံးတွေမှ စကားတွေဆိုဖြစ်လိုက်ခြင်းပါ။ မှန်သည်။ တပေါင်းကား မိခင်အားချစ်ကြောက်ရှိသေရခြင်းနှင့် မိခင်စိတ်ထိခိုက်မည်ကိုစိုး၍ ရင်ဝယ်ကြိတ်မှိတ်ခံစားနေသည်ပါ။

ထိုသို့သော တပေါင်း၏အညာကိုလည်း ရှစ်စပ်ကလည်းသည့် မင်းခနဋ္ဌေးတစ်ယောက် ကောင်းစွာသိနေရသည်မဟုတ်ပါတကား...။ ။



www.burmeseclassic.com

www.burmeseclassic.com

## - တစ်ဆယ့်လေး -

စိတ်ဆင်းရဲသော်လည်း ချစ်သူနှင့်တွေ့လျှင် တပေါင်း ပျော်သည်။

စိတ်ညစ်စရာ၊ စိတ်ဆင်းရဲစရာတွေမှန်သမျှလည်း တပေါင်း အကုန်မေ့သည်။

မှန်သည်။

တပေါင်းအနေနှင့်ချစ်သူနှင့်တော့ ဘယ်လိုမှခွဲ၍မနေနိုင်၊ ချစ်သူနှင့်မတွေ့ဘဲလည်း တပေါင်း မနေနိုင်…။

သည့်အတွက် တပေါင်းသည် ဘာဖြစ်ဖြစ် မင်းခနွေး





ကိုလည်း ဂရုမစိုက်သောစိတ်နှင့်ပင် ချစ်သူနှင့်အားလပ်လျှင်အား လပ်သလို တွေ့မြဲတွေ့သည်။

တွဲမြဲတွဲသည်။ ချစ်သူနှင့်နေနေရ သောအချိန်များသည် တပေါင်းအတွက် . ချိုမြိန်ဆုံးသောအချိန်တွေပင် မဟုတ်ပါ တကား…။

"အစ်ကို…"

"ဟင်…"

"နေမကောင်းဘူးလား၊ မျက်နှာမကောင်းသလိုပဲ…"

"ကောင်းပါတယ် ကျွန်းရယ်၊ ကိုယ့်ချစ်သူနဲ့နေတာပဲ မျက်နှာမကောင်းရှိပါ့မလား…"

"အမယ်··ဘာကိုယ့်ချစ်သူလဲ…"

"ချစ်သူတွေမဟုတ်သေးဘူးလား…"

"မဟုတ်သေးဘူး…"

"ချစ်သူမဟုတ်ရင် ကြိုက်သူကွာ၊ အဟွန်း··ဟွန်း·· ဟွန်း…"

အဟင်း··ဟင်း··ဟင်း…

တပေါင်းဆိုရင်း ချစ်သူကိုယ်လေးအား ထွေးဖက်ထား လိုက်လေ၍ ချစ်သူနှစ်ဦးမှာ ကြည်ကြည်နူးနူးလေး ပြုံးပျော်နေ မောဖြစ်ကြရ၏။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို..."

"ဟင်..."

"ကျွန်း··တကယ်ပြောတာပါ၊ ကျွန်းလည်းအကဲခတ်မညံ့ပါဘူး၊ တစ်ချက်တစ်ချက် အစ်ကို မျက်နှာမကောင်းဘူးလို့ထင်တယ်၊ အစ်ကိုဘာဖြစ်နေလဲဟင်၊ ဖြစ်နိုင်ရင် ကျွန်းကိုပြောပြပါလား..."

"အင်း···ကိုယ် ချစ်တဲ့သူက ကိုယ့်ကိုဂရုထားတယ်ဆိုတာသိရတော့ ကိုယ် တကယ်ကြည်နူးကျေနပ်မိပါတယ် အချစ်ရယ်၊ ကိုယ့်ဆီမှာခံစားချက်တွေတော့ရှိတာအမှန်ပဲ၊ ကိုယ် ပြောပြပါ့မယ်၊ ကိုယ့်ရဲ့မိသားစုအိမ်တွင်းရေးအကြောင်းပါ..."

ချစ်သူချင်း တစ်ဦးကိုတစ်ဦး ပိုက်ထွေးကာ တပေါင်းသည် စကားအစချီရင်း မိမိ၏မိသားစုအခြေအနေအကြောင်းများအား ပြောပြလိုက်လေ၏။

"ဟင်··ဒါဆို အစ်ကို့မှာအဖေအရင်းကြီးက ရှိသေးတာပေါ့..."

"ဟုတ်တယ်··ရှိတယ်၊ ဖေဖေက အေးဆေးပြီးတည်ငြိမ်တယ်၊ ကိုယ့်မေမေရဲ့စိတ်ကတော့..."

"အစ်ကိုပြောတဲ့စကားတွေ နားထောင်ရတဲ့အတိုင်းဆိုရင်တော့ အစ်ကို့မေမေက ငါဆိုတဲ့အတ္တကြီးတာပဲ..."





"ကျွန်းပြောတာမမှားပါဘူး၊ မေမေက နေရာတကာအနိုင်လိုချင်တယ်၊ ဖြစ်ချင်တာတွေလည်းဖြစ်ရမှ၊ မေမေ့စိတ်ကအစွန်းရောက်တယ်..."

"ဒါဆိုရင် အစ်ကို၊ အစ်ကိုနဲ့ကျွန်းနဲ့ကိစ္စကို အစ်ကို့မေမေသိရင်ဘယ်လိုမှသဘောတူမှာမဟုတ်ဘူးလို့ ကျွန်း ထင်တယ်..."

ကျွန်းစကားအတွက် တပေါင်းမှာ မျက်နှာလေးတစ်ချက်ပျက်သွားရသည်။

မာနကြီးသော၊ တိကျသော၊ မဟုတ်မခံတတ်သော ချစ်သူလေး၏စိတ်ဓာတ်ကိုလည်း တပေါင်း သိထားရသည် မဟုတ်ပါလား...။

"အစ်ကို ပြောလေ၊ ကျွန်း ပြောတာ မှန်တယ်မဟုတ်လား..."

"သူ့အကြောင်းတော့မမေးပါနဲ့ ကျွန်းရယ်၊ အစ်ကို မပြောချင်ဘူး..."

"အင်း··ကျွန်းတို့သားအဖလည်းတစ်မျိုး၊ အစ်ကိုတို့သားအမိကလည်းတစ်မျိုးနော်၊ ကျွန်းဖေဖေကတော့ စည်းကမ်းကြီးပြီးတိကျလွန်းတယ်...

ဒေါသလည်းကြီးတယ်၊ ကျွန်းကလည်း အဖေတူသမီး၊ ဖေဖေ့စိတ်ထက် မပိုရင်တောင်မှ ဖေဖေ့စိတ်ထက်တော့



www.burmeseclassic.com

www.burmeseclassic.com



မလျှော့ဘူး…

အခု ကျွန်း ကြိုးစားနေတယ်၊ ကျွန်းရဲ့ကိုယ်ပိုင် ဆိုင်ဖွင့်နိုင်အောင် ကျွန်း ကြိုးစားနေတယ်၊ ကျောင်းကတစ်ဖက်ရှိသေးလို့သာပဲ…

အလုပ်ရှင်ကလည်း သိပ်သဘောကောင်းတယ်၊ ကျွန်းပညာရေးကိုလည်းအားပေးတယ်၊ ကျွန်း အလုပ်ရှင်က ကျွန်းကို ညီမလေးတစ်ယောက်လို၊ သမီးလေးတစ်ယောက်လိုချစ်တယ်…

ကျွန်းက ဖေဖေ့သမီးဆိုတော့ ဖေဖေ့လက်ထက်မှာကတည်းက အရည်အချင်းကပြည့်ထားပြီးသားမဟုတ်လား၊ ဒါကြောင့် အလုပ်ရှင်က ကျွန်းကို မန်နေဂျာတန်းခန့်တော့တာပဲ…

ဒါပေမဲ့ ကျွန်းက အားရင်အားသလို ဟင်းလျာနဲ့မုန့်တွေလည်း စီစဉ်လုပ်ကိုင်ပေးတယ်၊ ကျွန်းကိုယ်၌ကစားသောက်ဆိုင်အလုပ်ကို ဝါသနာပါတယ်…"

"အစ်ကို သိပါတယ် ကျွန်းရယ်၊ ကျွန်းရဲ့စိတ်ဓာန်နဲ့ဖွဲ့လုံ့လဝီရိယတွေကို အစ်ကို အကုန်သိတယ်၊ အစ်ကိုလည်း ကျွန်းကို အားပေးပါတယ်၊ ပြီးတော့ အစ်ကိုလည်း ကျောင်းပြီးခါနီးပါပြီ၊ ကျောင်းပြီးတာနဲ့ ကျွန်းနဲ့အစ်ကို လက်ထပ်ချင်တယ်"

"အစ်ကို့မေမေသဘောကရော…"

"အစ်ကို့ဘက်ကတော့ အစ်ကို လုပ်သင့်လုပ်ထိုက်တဲ့





အလုပ်ကိုလုပ်မယ်၊ မေမေ့ကို အစ်ကို ဖွင့်ပြောမယ်၊ ကျွန်းလည်း မေမေနဲ့တစ်နေ့လိုက်တွေ့ပါနော်၊ မေမေက သဘောမတူဘူးဆိုရင် အစ်ကို့တာဝန်ကျေပါပြီ…"

ဟင်း…

ချစ်သူစကားတွေနားထောင်ပြီး ကျွန်း သက်မမောလေးအား ချလိုက်ဖြစ်သည်။

ကျွန်းကိုယ်လေးအား တပေါင်းသည် တင်းတင်းလေးဖက်လိုက်သည်တွင် ကျွန်းသည်လည်း တပေါင်းအား ပြန်လည်တွေးပိုက်ထားဖြစ်ရလေ၏။

"ကျွန်း…"

"ရှင်…အစ်ကို…"

"ညနေကျရင် ကျွန်း အလုပ်ကို အစ်ကို လိုက်ပို့ပေးမယ်…"

ချစ်သူ၏အလေးထား ကြင်နာမှုအတွက် ကျွန်းသည် ကြည်နူးစွာအပြုံးနှင့်ခေါင်းညိတ်၏။

"ဒါနဲ့ ကျွန်းသူငယ်ချင်းနဲ့ဒေါ်ဒေါ်တို့ရော ဘယ်သွားကြလဲ…"

"ခင်စုက ဆိုင်မှာလေ၊ ခင်စုဒေါ်လေးကတော့ ပြန်သွားတယ်၊ ခဏဆိုပေမဲ့ ကျွန်းရှိနေတော့စိတ်ချပြီး ဒေါ်လေး



www.burmeseclassic.com

www.burmeseclassic.com



လည်း ရွာမှာပဲအနေများနေပါပြီ အစ်ကိုရယ်...

ခင်စုဒေါ်လေးက ရန်ကုန်မှာနေရတာပျင်းတယ်တဲ့လေ၊ ဒါနဲ့ အစ်ကိုရော၊ ကျောင်း မသွားဘူးလား၊ ရေကူးကန်ရောမသွားဘူးလား..."

"အစ်ကို ကျောင်းသွားမယ်၊ တစ်နာရီလောက်အချိန်ရပါသေးတယ်၊ ကျွန်းကို အစ်ကို ပြောစရာရှိတယ်..."

"ဘာလဲပြောလေ..."

"တကယ်လို့ အစ်ကို့အပေါ်မှာ အထင်လွဲစရာအကြောင်းချင်းရာလေးတွေကို ကျွန်း မြင်ခဲ့တွေ့ခဲ့ရင် တစ်ဖက်သတ်ကြီး အစ်ကို့ကို အထင်မလွဲပါနဲ့၊ စိတ်မဆိုးပါနဲ့လို့၊ အစ်ကို့ကို ပွင့်ပွင့်လင်းလင်းပြောပါလို့ အစ်ကို ပြောချင်တာပါ..."

"ဒီစကားပြောတာဘာလဲ၊ အစ်ကို့မှာ အဲဒီလိုအထင်လွဲစရာကိစ္စလေးတွေရှိနေလို့လား..."

"အစ်ကို့မှာတော့ မရှိတာအသေချာဆုံးပဲ၊ ဒါပေမဲ့ အခြေအနေဆိုတာပြောလို့မရဘူးမဟုတ်လား၊ အစ်ကို့ဘဝအတွက်ကတော့ ကျွန်းတစ်ယောက်ထဲပဲ၊ အစ်ကို့ကို ကျွန်း ယုံပါနော်..."

ချစ်သူကိုမျက်လွှာလေးပင့်ကြည့်ကာ အပြုံးလေးနှင့် ကျွန်းခေါင်းလေးငြိမ့်ပြသည်။

ချစ်သူနှစ်ဦးကား သာယာကြည်နူးချမ်း မြေ့နေရသည်က





အမှန်ပါ။

တပေါင်းအနေနှင့် ချစ်ရသူအပေါ်၌ သစ္စာစောင့်သိရိုးမှန်သော်လည်း...

မိမိမိခင်၏အစီအစဉ်တွေနှင့် ပပလှိုင်၏အနေအထိုင် အပြောအဆိုရဲတင်းလွန်ကဲမှုတွေ၊ ပြီးတော့ ကိုမင်းနေဌေး၏အကြံအစည်တွေကလည်း ဘာတွေမှန်းမခန့်မှန်းနိုင်သည်မို့ တပေါင်းသည် ချစ်သူအားစကားပလ္လင်ခံထားရခြင်းပါတည်း...။

မည်သို့ဖြစ်စေ ချစ်သူနှစ်ဦးကား အားလပ်သလို၊ အချိန်တွေရသလို၊ တွေ့ဆုံကာချစ်ကြင်နာခြင်းတွေနှင့် ကြည်နူးပျော်ရွှင်စွာ ရှိနေကြသည့်အချိန်များ၌...

တပေါင်း၏အိမ်တွင်ကား...

"မဖြူ..."

"ပြော..မောင်၊ ဘာကိစ္စလဲ၊ မောင် ဘာပြောမလို့လဲ"

"အကြောင်းကြီးငယ်တော့မဟုတ်ပါဘူး၊ မဖြူကို ကိုယ်အသိပေးထားရုံပါပဲ..."

"ဘာများလဲ မောင်ရဲ့..."

"တပေါင်းက မဖြူရဲ့အစီအစဉ်ကို လက်ခံမယ်တဲ့လား၊ မဖြူက မဖြူရဲ့သူငယ်ချင်းသမီးနဲ့တပေါင်းကို သဘောတူထား



www.burmeseclassic.com

www.burmeseclassic.com



တဲ့ကိစ္စကိုပြောတာပါ…"

"အို..မောင်ကလဲ၊ ဖြူ စိစဉ်တာဆိုရင်မဖြစ်ဘူးဆိုတာ ဘာမှမရှိဘူး၊ သားက ဖြူစကားကိုသိပ်နားထောင်တဲ့ သားပါ မောင်ရဲ့၊ ဒီကနေ့အထိ ဖြူကိုဆန့်ကျင်တဲ့အလုပ်မျိုး သား ဘာ တစ်ခုမှမလုပ်သေးဘူး၊ သားကအမေကို သိပ်ချစ်တဲ့သားပါ…"

"အင်းလေ..မဖြူ စိစဉ်သလိုဖြစ်ရင်တော့ ကောင်းတာ ပေါ့ဗျာ၊ ဒါပေမဲ့ ကိုယ်ကတော့ထင်တယ်၊ တာပေါင်းမှာ ချစ်သူရှိ နေတယ်လို့…"

"ဟင်..ဘာ..ဘယ်လို၊ မောင် ဘာပြောတယ်၊ သားမှာ ချစ်သူရှိတယ်ဟုတ်လား၊ မောင့်ကို ဘယ်သူပြောလဲဟင်၊ ဒါမှ မဟုတ် သားကိုမိန်းကလေးတစ်ယောက်နဲ့တွဲတာ မောင် တွေ့ထား လို့လား…"

"ဟုတ်တယ်၊ ကိုယ် တွေ့ထားလို့ပြောနေတာ၊ မဖြူ သားမှာချစ်သူရှိနေတယ်၊ ဒါကြောင့် မဖြူ စိစဉ်မယ်ဆိုတဲ့ကိစ္စကို မြန်မြန်စိစဉ်ပေါ့…"

"ဟင်..ကြည့်စမ်း၊ ဒီသား..အမေက လက်နဲ့ရေးတာ သူက ခြေနဲ့ဖျက်ချင်နေပြီနဲ့တူတယ်၊ ဖြူကို ဒီလိုမျိုးလုပ်လို့တော့ မရဘူး…

ဖြူက ဒါဆိုရင်ဒါပဲ၊ နေဦး..သားကို ပြန်လာမှစစ်ဆေး





ရမယ်၊ ပြီးတော့ ဟိုမိန်းကလေးက ဘယ်လိုအမျိုးအစားဆိုတာ လည်း သေသေချာချာစုံစမ်းရမယ်…"

စကားတွေဆိုရင်း ဒေါ်ခင်မာဖြူတစ်ယောက် အသား တွေဆတ်ဆတ်တုန်အောင်ပင် ဒေါသတွေထွက်နေရသည်။

ဒေါ်ခင်မာဖြူအဖြစ်အား မင်းခနွေးသည်က အပြင် ထွက်ရန် ပြင်ဆင်ရင်း နှုတ်ခမ်းထောင့်လေးတစ်ဖက် ကွေးရုံမျှပြုံး ကြည့်ဖြစ်လိုက်လေ၏။

× × × × ×

ညနေလေးနာရီခွဲ…။

ကရင်း..ရင်း..ရင်း…

မင်းခနွေးသည် မီမိတ္တီညီအစ်ကို နေထိုင်သည့်တိုက်ကြီး တွင်ပင် အေးဆေးစွာပြန်၍အနားယူနေထိုင်ဆဲ၊ ဟန်းဖုန်းလေးမြည် လာ၍ မင်းခနွေးသည် သဘောပေါက်လိုက်သည်မို့ ချက်ချင်း ပင် ဖုန်းလေးဖွင့်ကာနားထောင်လိုက်၏။

"ပြော..ဘိုသောင်း…"

"သုဇွေး..အခု သုဇွေးရဲ့မဒ္ဒူသကနတ်ပန်းကလေးကို အမြဲတွေ့နေကျချာတီတ်ကလေးနဲ့ပဲ အခုတွဲလာတာမြင်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်က ခုထိအမှတ်မရှိသေးဘူး၊ ကျွန်တော် ဒီတစ်ခါတော့ ခပ်နာနာလေး ဆုံးမလိုက်မှဖြစ်မယ်ထင်တယ်...''

တစ်ဖက်မှ ဘိုသောင်း ပြောသောစကားများအတွက် မင်းမနေ့ခြွေးသည် အတွင်းသွားတို့တစ်ချက်မှုခေ့လိုက်ပြီးမှ...

''ဟုတ်တယ်၊ ဒီလောက်ခေါင်းမာတဲ့ကောင်ကိုတော့ ခပ်နာနာလေးဆုံးမရတော့မယ်၊ ဒါပေမဲ့ ဘိုသောင်း...''

''ဗျာ..သူဌေး ပြောပါ...''

''သူတို့ဘယ်သွားတယ်ဆိုတာ လိုက်ကြည့်၊ အဲဒီကောင် မှာကားပါလား...''

''မပါဘူး သူဌေး၊ ပြိုင်ဘီးပဲပါတယ်...''

''အေး..ဒါဖြင့် သူတို့ဘယ်သွားတယ်ဆိုတာ လိုက်ကြည့် ငါ့ရဲ့မင်းသမီးလေးရှေ့မှာတော့ မင်းတို့ ဘာမှမလှုပ်ရှားကြနဲ့၊ သူတို့ လမ်းခွဲတဲ့အချိန်ကိုစောင့်၊ အဲဒီတော့မှဆုံးမလိုက် အသက်အန္တရာယ် တော့မဖြစ်စေနဲ့၊ အရင်ကထက်တော့ပိုနာပစေ...''

''ကောင်းပါပြီ သူဌေး၊ စိတ်ချပါ သူဌေး...''

မင်းမနေ့ခြွေးသည် ဖုန်းကိုပိတ်ပစ်လိုက်သည်။ စိတ်သည် သိသိသာသာလှုပ်ရှားနေ၏။

သူ့မျက်ဝန်းတွေသည် တောက်ပနက် ရှိုင်း၍နေသည်။ သူ၏တိရိလှပသောနှုတ်ခမ်းသည် တင်းတင်းစေ့စေ့ကြီး ပိတ်ထား





၏။

တင်ဆက်တည်း၍ပင် သူ့ခေါင်းထဲသို့ စိတ်ကူးတစ်ခု သည်လည်း ငင်ရောက်လာလေ၏။

သို့သော်လည်း မင်းမနေ့ခြွေးအသွင်ကဖြင့် တည်ငြိမ်၍ အေးစက်နေသည်ပါ။

မှန်သည်။

မင်းမနေ့ခြွေး၏ အသွင်ချောချောသည် ဘယ်တုန်းကမှ လှုပ်ရှားသည်ဟူ၍မရှိခဲ့၊ သူ့အသွင်သည် စိတ်၌ခံစားမှုရှိလေ ပို၍အေးခဲနေလေ့ရှိ၏။

ယခုလည်း သူ့တွင်စိတ်ခံစားမှုတွေများထပ်ဆင့်၍နေ သည်။

ပထမခံစားမှုသည် သူ ဘာကြောင့် ဒေါ်ခင်မာဖြူအား လက်ထပ်လိုက်မှန်းမသိသည့် ခံစားမှုပင် ဒေါ်ခင်မာဖြူအား လက် ထပ်လောက်ရအောင် သူ့စိတ်ကူးတွေရူးသွပ်ရသည့်ခံစားမှုပင်..။

နောက်တစ်ခုခံစားမှုက သူသည် ကျွန်းဟူသော ရွှေပင်း သမီးလေးအား အတွေ့နောက်ကျရခြင်းပါ။

ဘာကြောင့် တပေါင်း နောက်မှ ကျွန်းကိုသူ တွေ့ရတာလဲ၊ ဘာကြောင့် ဒေါ်ခင်မာဖြူ နှင့်လက်ထပ်ပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်းကို သူ တွေ့ရတာလဲ၊ ထိုခံစားမှုက သူ့အတွက် အပြင်းထန်ဆုံးနှင့်ခံပြင်းရဆုံးဖြစ်ရ၏။

အဟွန်း…ခင်မာဖြူ၊ ခင်ဗျားကတော့ ကျုပ်လိုလူနဲ့လက်ထပ်ရလို့ ပျော်ရွှင်မှုတွေအတွက် ကျုပ် လျော်ကြေးပြန်ယူမယ်၊ တစ်နည်းနည်းနဲ့ ကျုပ် လျော်ကြေးပြန်ယူရမယ်…

တပေါင်း မင်းက ငါ့ညီရဲ့အရွယ်ပါ၊ ဒါပေမဲ့ ငါဆိုတဲ့လူက ဘယ်သူ့အတွက်မှငဲ့တတ်၊ ကြည့်တတ်တဲ့သူမဟုတ်လေတော့၊ ငါ မင်းကိုတာဝန်မယူဘူး၊ မင်းဟာ ဦးနှောက်တောင်းရဲ့သားနဲ့ ငါ့ကိုမလေးစားတဲ့အတွက် မင်းကို ငါ ဒဏ်ခတ်ရမယ်…

မင်းမနေ့ငွေးတစ်ယောက် လွတ်လပ်စွာကြုံးဝါးနေခဲ့အချိန်များ၌…

စံမမီစားသောက်ဆိုင်ကြီးတွင်ကား…

စားသောက်ဆိုင်ထဲသို့ ဒေါ်ခင်မာဖြူ ခေါင်းဆောင်ပြီး ဒေါ်မိုးပပဆွေနှင့်ပပလှိုင်တို့ သားအမိနှစ်ယောက် နောက်မှလိုက်ပါလာလေ၏။

ထိုအချိန်၌ ကျွန်းသည် ကောင်တာတွင်ရှိပြီး စာရင်းတွေတွက်ချက်နေ၏။

ခင်စုသည် စားသောက်မည့်သူများအမှတ်နှင့် ဒေါ်ခင်





မာဖြူတို့ထံ သွားရောက်ကြိုဆိုဖြစ်၏။

"ဩော်…ဒီကစားကြမှာလားရှင်…"

"တို့လာတာ စားဖို့မဟုတ်ဘူးကွဲ့…"

"ရှင်…ဒါဖြင့်…"

"ကျွန်းဆိုတဲ့မိန်းကလေးကို တွေ့ချင်လို့ တို့လာခဲ့တာ…"

"ကျွန်း…"

ခင်စုဆိုရင်း အမျိုးသမီးသုံးယောက်ကို အကဲခတ်လိုက်သည်။

အကြောတွေကတင်းနေ၏။ အခြေအနေကတော့ မဟန်ဟု ခင်စု တွေးရင်း…

"ဟုတ်ကဲ့…ဒါဖြင့် ဒီမှာခဏစောင့်ပါ၊ ကျွန်မ သွားခေါ်ပေးပါ့မယ်…"

ခင်စုဆိုရင်း ကျွန်းထံ ရောက်လာသည်။ တစ်ဆက်တည်းပင် ဒေါ်စံစပယ်ခိုင်သည်လည်း ရုံးခန်းထဲမှထွက်ခဲ့ပြီး ကျွန်းထံ ရောက်လာ၏။

"ကျွန်း…"

"ဟင်…ဘာလဲ ခင်စု…"

"ဟိုမှာ နင့်ကိုတွေ့ချင်လို့တဲ့၊ အမျိုးသမီးသုံးယောက် စောင့်နေတယ်…"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်..ဘယ်ကလဲ..."

ကျွန်းဆိုရင်း လှမ်းကြည့်တော့ ဒေါ်စံစပယ်ခိုင်ပါ လှမ်းရှုကြည့်သည်။

ဒေါ်ခင်မာဖြူတို့ပုံစံတွေကို ကျွန်းရောဒေါ်စံစပယ်ပါ စိတ်နှင့်မတွေ့ဖြစ်သွားရ၏။

သို့သော်လည်း ကျွန်းသည် မိမိ အားတွေ့ချင်၍လာသည်ဆိုမှတော့ ဘာကိစ္စမှန်း မိမိလည်းသိရရန် အတွက် ဒေါ်ခင်မာဖြူတို့ရှိရာသို့ လှမ်းခဲ့လေ၏။

အခြေအနေကိုအကဲခတ်ရင်း ကျွန်း နောက်မှဒေါ်စံစပယ်ရော ခင့်စုရော နောက်ထပ်ဝန်ထမ်းနှစ်ယောက်ပါ ကျွန်းနောက်မှ လိုက်ခဲ့ကြသည်။

"ကျွန်မက ကျွန်းပါပဲ၊ ကျွန်မကိုတွေ့ချင်တာ ဘာကိစ္စများရှိလဲမသိဘူး..."

ထိုမျှလှပနုနယ်သည့် ကျွန်းအသွင်လေးကြောင့် တစ်ချက်တော့ဖြင့် ဒေါ်ခင်မာဖြူတို့သုံးယောက်စလုံး တွေသွားကြရသည်။ ပြီးမှ...

"ဒီမှာမိန်းကလေး..မင်းကို တိုတိုနဲ့လိုရင်းပဲပြောချင်တယ်..."

"ရပါတယ်၊ ပြောပါ..."





"မင်း ငါ့သားနဲ့နောက်ထပ် လုံးဝမဆက်သွယ်ပါနဲ့၊ ဒီမှာကြည့်ထားပါ၊ ဒီမိန်းကလေးက ငါ့သားနဲ့စေ့စပ်ထားတဲ့မိန်းကလေးပဲ၊ မင်း ငါ့သားနဲ့နောက်ထပ်မပတ်သက်ပါနဲ့..."

"ကျွန်မက ရတယ်၊ အန်တီ့သားကိုသာ အန်တီ နိုင်အောင်ပြောထားပါ၊ အန်တီ့သားက ကျွန်မဆီလာနေရင်တော့ ကျွန်မ မတတ်နိုင်ဘူး..."

"ဟင်..နင် အောက်တန်းစားပီပီ တော်တော်မိုက်ရိုင်းတဲ့ကောင်မ၊ ကဲဟယ်..."

"ဒီမှာ ဒေါ်ယဉ်ကျေးမကြီးရဲ့..."

"ဟင်..."

ကျွန်းပါးလေးထက် ဒေါ်သနှင့်ရိုက်ချလိုက်တော့မည့် ဒေါ်ခင်မာဖြူ၏လက်အား ဒေါ်စံစပယ်ခိုင်သည် မြဲမြံစွာဖမ်းဆုပ်ကိုင်ထားလိုက်ရင်းက ဆိုလိုက်လေ၍ ဒေါ်ခင်မာဖြူ အံ့သြမှင်သက်သွားရသည်။

"နင်ကဘယ်သူလဲ..."

ဒေါ်ခင်မာဖြူ မေးသည်၊ ဒေါ်စံစပယ်ခိုင်သည် ဒေါ်ခင်မာဖြူ၏လက်ကို ဆောင့်တွန်းလွှတ်လိုက်ပြီး...

"သိချင်ရင်ပြောပြမယ်၊ နင် မှတ်ထား ငါ ဘယ်သူလဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ၊ မဟာခနေသူရကုမ္ပဏီပိုင်ရှင် ဝင်းသူရဌေးရဲ့ဇနီး ဒေါ်စံစပယ်ခိုင်ဆိုတာငါပဲ၊ နင်က ငါ့ဆီက ကလေးတွေကို ခုလိုမှိုချိုးမျှစ်ချိုးလာပြောရမယ့် အခွင့်အရေးမျိုးမရှိဘူးဆိုတာ နင့်ကိုယ်နင်သိထားစမ်းပါ...

နင့်လိုမိန်းမက ဘာမိန်းမလဲ၊ နင့်လိုအဆင့်က ဘာအဆင့်လဲ၊ နင် ဘာဖြစ်ဖြစ် ငါ ဂရုမစိုက်ဘူး၊ အခုချက်ချင်း နင် ငါ့ဆိုင်ထဲကထွက်သွားပါ၊ အသက်ကြီးပြီးအချိန်မစီးတဲ့ ရမ်းကားတဲ့မိန်းမတွေ...

နင့်ပါးစပ်ကပြောတာ ငါ့ကလေးတွေက အောက်တန်းစားဟုတ်လား၊ နင်မှအောက်တန်းစားစစ်တာ၊ နင့်အဆင့်အတန်းကို နင် မသိတာ...

နင့်ပါးစပ်က ဒီလိုစကားတွေ ပြောထွက်တယ်ဆိုကတည်းက နင့်မှာငါ့ကလေးတွေလောက် အသိဉာဏ်မရှိ၊ ဆင်ခြင်တုံမရှိတာပေါ်လွင်လွန်းတယ်...

နင့်စိတ်ဓာတ်က နင့်မျက်နှာမှာပေါ်တယ်၊ ဒါ နင့်သမီးအရွယ်၊ နင်သမီးချင်းမစာနာတတ်ရင်တောင်မှ နင်လည်း မိန်းမပဲ နင့်ကိုယ်နဲ့နှိုင်း ကိုယ်ချင်းစာတတ်ရမှာပေါ့၊ စာနာစိတ်မထားတတ်တဲ့ မိန်းမတွေ၊ သွား..အခု ငါ့ဆိုင်ထဲကချက်ချင်းထွက်သွား...





ငါ့ကို စကားတစ်ခွန်းမှပြန်မပြောနဲ့၊ အခုချက်ချင်းထွက်သွား၊ ဟဲ့ကောင်တွေလာကြစမ်း၊ ဒီမိန်းမရိုင်းသုံးယောက်ကို ဆွဲထုတ်သွားလိုက်ကြစမ်း..."

"အို..အန်တီဖြူ၊ မေမေ လာ..သွားမယ်..သွားမယ်၊ ရှက်စရာကောင်းလိုက်တာ..."

"အေး..အဲဒီလိုရှက်စရာကောင်းတဲ့အလုပ်ကို နင်တို့က လာလုပ်တာ၊ လူတိုင်းမှာကိုယ့်မာနနဲ့ကိုယ်ရှိကြတယ်၊ နင်တို့က သူဌေးတွေဆိုပြီး ငါးရောင်းတဲ့မိန်းမကို အသလွတ်ပါးသွားရိုက်လို့မရဘူး...

ငါးရောင်းတဲ့မိန်းမမှာ သူ့လက်ထဲမှာဓားနဲ့၊ နင်တို့ကိုဓားနဲ့ ပြန်ခုတ်လိမ့်မယ်..."

ဒေါ်စံစပယ်၏ပိုက်နက်၊ ဒေါ်စံစပယ်၏စကားလုံးများအောက်တွင် အရှက်ဖြန်းဖြန်းကွဲကာ ဒေါ်ခင်မာဖြူ၊ ဒေါ်မိုးပပဆွေနှင့်ပပလှိုင်တို့သုံးယောက်ကား အလုအယက် စံမမီစားသောက်ဆိုင်ထဲမှ ပြေးထွက်သွားလိုက်ကြရပါတော့၏။

မှန်သည်။ ဒေါ်ခင်မာဖြူတစ်ယောက် စံမမီစားသောက်ဆိုင်တွင် အရှက်ဟက်တက်ကွဲကာ ပြေးထွက်ခဲ့ရသည့်အချိန်များ၌ တစ်နေရာတွင်ကား...

တပေါင်းသည် ပြိုင်ဘီးလေးနှင့်အိမ်ပြန်လာ[illegible] တစ်နေ



www.burmeseclassic.com

www.burmeseclassic.com



ရာအရောက်မတော့ လူလေးယောက်သည် တပေါင်းရှေ့တွင် ဆီးကာရပ်လာလေ၍ တပေါင်းကား သဘောပေါက်လိုက်ပါပြီ။

သည့်အတွက် တပေါင်းသည် ပြိုင်ဘီးလေးအားပြန်ကွေ့ပြီး နောက်ကြောင်းပြန်လှည့်နင်းထွက်သွားလိုက်သည်။

"ဟာ..ဟိုကောင်လှည့်ပြေးပြီကွ၊ တက်..တက်..ကားပေါ်တက်၊ ကားနဲ့လိုက်မယ်..."

ဘိုသောင်းဆိုသည်တွင် အားလုံးမှာအလုအယက် ကားပေါ်သို့တက်လိုက်ကြသည်။

"ဟာ..ဘိုသောင်း အရမ်းမလုပ်နဲ့နော်၊ သူဌေး ပြောတာတာက နည်းနည်းနာရုံပဲပြောတာ..."

"ကျွတ်..ငါ သိပါတယ် စိန်အေးရာ၊ သူ့ပြိုင်ဘီးကိုကားနဲ့ဆွဲပွတ်လိုက်ရင် လမ်းဘေးကိုသူလဲကျသွားရုံပါပဲ၊ မင်း ကြည့်နေဘာမှဝင်မပြောနဲ့..."

ဘိုသောင်းဆိုရင်း တပေါင်း ပြိုင်ဘီးလေးဆီ အမီလိုက်သည်။

အနေးယဉ်နှင့်အမြန်ယဉ်မို့ မယှဉ်နိုင်၊ တပေါင်း စက်ဘီးလေးဆီ ဘိုသောင်း မီလာသည်နှင့်ကားနှင့်ပွတ်ဆွဲလိုက်သည်။

အား...

ဘိုသောင်း ကားအရှိန်မပျက်ဆက်၍ မောင်းထွက်သွားလေပြီ၊ တပေါင်းသည်က စက်ဘီးရောလူပါ လုံးထွေးကာလမ်းဘေးကုန်းဆင်းလေးအတိုင်း လိမ့်ဆင်းကျသွားရလေ၏။

မှန်သည်။

တပေါင်းကား နက်ရှိုင်းသောအမှောင်ထုကြီးအတွင်းသို့ ရောက်သွား လိုက်ရပါတော့သတည်း...။ ။

ØØØØØØ







www.burmeseclassic.com

www.burmeseclassic.com

## - တစ်ဆယ့်ငါး -

တပေါင်း သတိရလာသည်။ ရုတ်တရက်မို့ ကိုယ့်ကိုယ်ကို ဘယ်ရောက်နေမှန်းမသိ၊ ကိုယ်လက်တွေနာကျင်နေသည်။ တစ်နေရာရာကလည်း လွန်စွာနာကျင်နေသည်ဟုထင်ရ၏။

မပီ ဝါးဝါးခံစားမှုတွေနှင့် တဖြည်းဖြည်းချင်း တပေါင်းမျက်ဝန်းအစုံ ပွင့်လာသည်။

"အို..သား..သားလေး သတိရလာပြီ၊ သားလေး သတိရလာပြီ၊ ဝမ်းသာလိုက်တာ၊ ဝမ်းသာလိုက်တာ သားရယ်၊ မေမေ





ဖြင့် စိတ်ပူလိုက်ရတာကွယ်..."

ချစ်သောသားလေး သတိရလာသည်နှင့် ဒေါ်ခင်မာဖြူ တစ်ယောက် ဝမ်းသာအားရနှင့်ပျာယာခတ်စွာဆိုသည်။ တပေါင်းသည် မီခင်ထံကြည့်ပြီး တစ်ဆက်တည်းလည်း ဒေါ်မိုးပပဆွေနှင့်ပပလှိုင်တို့သားအမိနှစ်ယောက်ကိုပါ တွေ့လိုက်ရ၍...

"မေမေ ကျွန်တော် ဘယ်ရောက်နေတာလဲ..."

"ဩော်..သား ဆေးရုံရောက်နေတာလေ သားလေးရယ်၊ မသေကောင်းမပျောက်ကောင်းကွယ်၊ မဖြစ်ဘူး..မဖြစ်ဘူး နောက်ဆိုရင် သား ပြိုင်ဘီးမစီးရတော့ဘူး၊ အန္တရာယ်များတယ်၊ ကားနဲ့ပဲသွားရမယ် ကြားလား သား၊ သားကိုအစကတည်းကပြောတယ် ကားပဲကောင်းပါဆိုတာ သားက မေမေ့စကားကိုနားမှမထောင်ဘာကိုး...

ခုတော့ကြည့်စမ်း၊ မသေကောင်းမပျောက်ကောင်း၊ ကံကောင်းလို့ သားလေး တခြားဘာမှမဖြစ်တာ၊ ပပလှိုင်လေးဆိုရင် သားအတွက် တစ်ချိန်လုံးစိတ်ပူနေတာ၊ သားအနားမှာနေပြီး သားကို ပဲပြုစုနေတာ..."

မိခင်စကားတွေနားထောင်နေရင်း မိမိအဖြစ်တွေကို တဖြည်းဖြည်းစဉ်ကာပတ်ကုံး တပေါင်း သတိရလာသည်။ ပပလှိုင်က မိမိအားလာရောက်ကြည့်ရှုပေးနေသည်ဟူသော စကား



www.burmeseclassic.com

www.burmeseclassic.com



အတွက်လည်း တပေါင်းသည် အားနာနေမိရ၏။

ဆိုရသော် အားနာခြင်းထက် တပေါင်း စိတ်ကျဉ်းကြပ်နေရသည်ပါ။

အရေးထဲ ပပလှိုင်က မိမိအားနဖူးလေးစမ်းလိုက်၊ ဆံပင်လေးသပ်လိုက်၊ လက်ကလေးကိုင်လိုက်နှင့် မွတ်သီးမွတ်သပ်လို၊ ပြုစုသလို၊ ဂရုစိုက်သလို တစ်ချိန်လုံးလုပ်နေ၍ တပေါင်းမှာ ပို၍စိတ်ညစ်အခက်တွေ့နေရ၏။

ထိုမြင်ကွင်းအား အားရခြင်းနှင့်သဘောကျစွာကြည့်၍ ကျေနပ်နေကြသူတွေက မိမိ၏မိခင်နှင့်ပပလှိုင်၏မိခင်ပင်ဖြစ်လေ၏။

အရာအားလုံးသည် တပေါင်း၏စိတ်ရောခန္ဓာပါ ကျဉ်းကြပ်၍ အခက်ပွေနေရဆဲပင် ကိုမင်းနေရွှေသည် မိမိအားလာရောက် ကြည့်သည့်သဘောနှင့် ဆေးရုံသို့ရောက်လာလေ၏။

မှန်သည်။

မင်းနေရွှေသည် အခန်းထဲသို့လှမ်းဝင်လာ သည့်စတိုင်လ်ကိုက မြင်ရသူငေးမောရလောက်အောင် သူ့အသွင် သူ့စတိုင်လ်က ဆွဲဆောင်နေသည်ပါ။

တစ်ဖက်လူတွေကသာ သူ့ကိုသဘောကျသည်။ သူကမူ





ဘာကိုမှအလေးထားသူမဟုတ်။

မင်းနေရွှေသည် အခန်းတွင်းရှိအမျိုးသမီးသုံးယောက်နှင့် သူနာပြုတစ်ယောက်ကို ဂရုမစိုက်၊ ပတ်ဝန်းကျင်သည် သူ့တွင်မရှိသလိုပင်။

သူသည် ဘောင်းဘီအိတ်ထဲလက်နှစ်ဖက်ကိုနှိုက်ကာ တစ်လှမ်းချင်းလှမ်း၍ တပေါင်းအနီး လှမ်းခဲ့လေ၏။

မြင့်သောအရပ်နှင့် လက်ဖက်သောခန္ဓာအချိုးအစားကြောင့် သူခြေလှမ်းချီလိုက်တိုင်း ခြေလှမ်းသည် ရှင်း၍လွန်စွာကြည့်ကောင်းနေရ၏၊

အမျိုးသမီးလေးယောက်မဆိုနှင့် တပေါင်းပါ သူ့အသွင်ချောချောကြီးထံ ငေးမောမှင်သက်နေရလေသည်။

သူသည် တန်းမတ်စွာပင် တပေါင်းအနီးလှမ်းဝင်ခဲ့သည်။ တပေါင်းအနီးရောက်ခိုက် တပေါင်းမျက်နှာချောနုနုလေးဆီ သူ့အပြုံးနှင့်ငုံ့ကြည့်လာရင်းက...

"ဘယ်လိုလဲ တပေါင်း နေရထိုင်ရတာသက်သာရဲ့လား၊ တော်သေးတယ်နော် မင်းရဲ့ပခုံးတစ်ဖက်လောက်ပဲ ပွန်းပဲ့သွားလို့ ဒါပေမဲ့ ငုတ်တစ်ခုစူးဝင်သွားတာ ခွဲထုတ်ထားတယ်၊ ဖြစ်စလောက်ပါဘူးကွာ..."



www.burmeseclassic.com

www.burmeseclassic.com



"ကိုမင်းခနွေး အခုမှဆေးရုံကိုရောက်လာတာမဟုတ်လား…"

"ဒါပေါ့ ..ဖြစ်ဖြစ်ခြင်း ကိုယ်မလာနိုင်ဘူး၊ ကိုယ် မအားဘူးလေ…"

"ဒါဖြင့် ကျွန်တော့်ပခုံးမှာဒဏ်ရာရတဲ့အကြောင်း ကိုမင်းခနွေး ဘယ်လိုသိနေလဲ…"

"ဆေးရုံမှာ မင်းအမေတစ်ယောက်လုံးရှိနေတာပဲ၊ မင်းအမေက ကိုယ့်ဆီဖုန်းဆက်ထားပြီးသားပေါ့ကွာ၊ အဟွန်း ..ဟွန်း မင်း သိတယ်မဟုတ်လား…"

ထိုစကားတွင် သူတို့အကြည့်ချင်းတစ်ချက် စူးစိုက်စွာ ဆုံစည်းနေလိုက်ကြသည်။

မျက်လုံးတွေနှင့်စကားတွေပြောနေ လိုက်ကြသလိုပါ။ ပြီးတော့ မင်းခနွေး စကားကိုဆက်ဆိုသည်။

"အခုရတဲ့ဒဏ်ရာက မပြောပလောက်ဘူးဆိုပြီး လျှော့တော့မတွက်လိုက်နဲ့ဦး တပေါင်းရေ၊ မင်းမဆင်ခြင်ရင်တော့ နောက်ဆိုရင် ဒီထက်ပိုဆိုးသွားလိမ့်မယ်…"

ထိုစကားအတွက် သူတို့အကြည့်တွေဟာမ်းမတ်စွာ ဆုံနေလိုက်ကြပြန်သည်။





ဒေါ်ခင်မာဖြူသည်က ခင်ပွန်းသည်က သားကို ဂရုစိုက်သည်ဟူသောသဘောနှင့် ပြုံး၍ကြည့်နေလေသည်။

ဒေါ်မိုးပပဆွေကလည်း အားကျသောအကြည့်တွေနှင့် ကြည့်နေ၏။

ပပလှိုင်ကမူ အခွင့်အရေးရတုန်း တပေါင်းအား လူကြီးတွေရှေ့ပင် မရှောင်ဘဲ သဲကဲစွာဂရုစိုက်နေတော့၏။

"ခင်ဖျားသဘောကဘာလဲ ကိုခနွေး…"

"ရှင်းနေတာကို မင်း နားလည်ဟန်ဆောင်ပြီး ပြောနေတာပဲကိုးကွ…"

"ဒါဖြင့် ကျွန်တော့်အမေကို ခင်ဖျားလက်ထပ်တာက ဘာသဘောလဲ…"

"လက်ထပ်တာဟာ ပညတ်တစ်ခုကလွဲရင် တခြားဘာနဲ့မှမဆိုင်ဘူးဆိုတာ မင်း မသိဘူးလား…"

"ကျွန်းကို ခင်ဖျားကဘယ်လိုသဘောထားလို့လဲ၊ ကျွန်းကခင်ဖျားနဲ့ ဘာဆိုင်လို့လဲ…"

"မှတ်ထားစမ်းပါ၊ အဲဒီကျွန်းဆိုတဲ့ပန်းလေးက ဘယ်သူမှနမ်းခွင့်မရှိတဲ့ပန်းတစ်ပွင့်ကွ…"

"ကျွန်းဟာ အစကတည်းက ကျွန်တော့်ရဲ့ချစ်သူဗျ…"

"အစကတည်းကပဲဖြစ်ဖြစ်၊ နောက်ကျမှဖြစ်ဖြစ်၊



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားရဲ့အလုပ်ကို မင်းဟန့်တားလို့မရဘူး…"

"ဒါဆို ခင်ဗျား ကျွန်းကို ဘာဆက်လုပ်မှာလဲ၊ ကျွန်းက ခင်ဗျားအကြောင်းတွေကို သိသွားရင်ကော…"

"ပြဿနာမဟုတ်ပါဘူး၊ ကျွန်းအလှမင်းသမီးလေးကို ငါ တစ်ဦးတည်းပဲထိန်းသိမ်းစောင့်ရှောက်မယ်၊ တခြားဘယ်သူနဲ့မှ မပတ်သက်စေရဘူး…"

"ကျွန်တော်ကလည်း ကျွန်တော့်ချစ်သူကို ဘယ်တော့မှ လက်လွှတ်ဆုံးရှုံးခံမှာမဟုတ်ဘူးဆိုတာ ခင်ဗျားသိပါ…"

"လုပ်လိုက်လေ၊ ကြာသလားလို့ကွာ…"

"အဟွန်း…ဘာလဲ၊ ခင်ဗျားက ကျွန်တော့်အသက်ကို ရန်ရှာမယ်ပေါ့…"

"အဟွန့်…ဟွန့်၊ မင်းရဲ့အနာဂတ်ကို မင်း သိချင်ရင် ဆက်လုပ်ကြည့်ပေါ့၊ ငါ မင်းကို ဘာမှမပြောဘူး၊ အဟွန်း…ဟွန်း ဟွန်း၊ တပေါင်း…တပေါင်း မင်း ငယ်ပါသေးတယ်ကွာ…"

ထိုစကားတွေက သူတို့မျက်လုံးချင်းပြောနေသည့် စကားတွေပါ။

နောက်ဆုံး မင်းနေဌေးသည် ပြုံး၍နှုတ်မှပင်အားပါးတရ ဖွင့်ဆိုလိုက်ခြင်းဖြစ်လေ၏။ တပေါင်းရင်ထဲခံပြင်းနေသည်က အမှန်။





သို့သော်လည်း တပေါင်းသည် မိခင်ကို လွန်စွာချစ်သော သားမို့ မိခင်ရှေ့တွင် သုံးဝဟာန်မပျက်နေရရှာ၏။

မိခင်ကိုလွန်စွာချစ်ပြီး၊ မိခင်အမိန့်ကိုလုံးဝမလွန်ဆန်ရဲသည့် တပေါင်း၏အညာကိုလည်း ဓနကနောကြေအောင်သိထားသူမို့ မင်းမနေဌေးသည် ဓနီးသည် ဒေါ်ခင်မာဖြူနှင့်ပပလှိုင်တို့ထံ ငြိမ်သောအကြည့်တွေနှင့် ကြည့်လိုက်ပြီး…

"မဖြူရေ…တပေါင်းကို ကောင်းကောင်းဂရုစိုက်ပါ၊ အထူးသဖြင့် ပပလှိုင်က ကိုယ့်ရဲ့ခင်ပွန်းလောင်းကို ဒီလိုအချိန်မှာ ပိုပြီးဂရုစိုက်ရမယ်၊ တပေါင်းအနားကမခွာပဲနဲ့ကို ဂရုစိုက်ရမယ်၊ ဒါမှ တစ်ယောက်နဲ့တစ်ယောက်လည်း ပိုပြီးပွင့်ပွင့်လင်းလင်းရှိလာတာပေါ့။ ကိုယ်ပြောတာမဟုတ်ဘူးလား ပပ…"

"ကိုမင်းနေဌေးပြောတာမှန်ပါတယ်၊ ဒါကြောင့် ပပက လည်း ကိုတပေါင်းကို ဂရုစိုက်ပြုစုတာပေါ့၊ အဟင်း…တခြား တော့ဘာမှမလုပ်တတ်ဘူးလေ၊ ကိုတပေါင်းနားမှာ မခွာဘဲစောင့် ပေးနေတာ…သာရာကကိုပဲ လိုအပ်တာလုပ်ခိုင်းတာပေါ့…"

"ဒါဆိုလုံလောက်ပါတယ်ကွာ၊ အရေးကြီးတာက မင်း တပေါင်းနားမှာရှိဖို့လိုတယ်၊ ဆေးရုံကမဆင်းမခြင်း မင်း တပေါင်း နားမှာပဲနေနော်၊ ဆေးရုံကဆင်းလည်း တပေါင်းနဲ့အတူသွား၊



www.burmeseclassic.com

www.burmeseclassic.com



အတူလာ၊ အတူစားတတွဲတွဲနေလို့ရပြီ၊ မင်းတို့ကိုလည်း အမြန်ဆုံး လက်ထပ်ပေးဖို့ မဖြူက စီစဉ်ထားပြီးသားပဲလေ...''

''ဟုတ်ကဲ့ ကိုမင်းခနွေး၊ ကိုမင်းခနွေးလည်း သဘောတယ်တယ်ဆိုတော့ ပပ အရမ်းဝမ်းသာပါတယ်...''

''ကိုယ်နဲ့ကတော့ ဒီကိစ္စတွေကဆိုတယ်တော့မဟုတ်ပါဘူး၊ ဒါပေမဲ့ မင်းတို့ခြင်းအရွယ်ညီတော့ သဘောမတူစရာအကြောင်းမရှိပါဘူး၊ ကဲ..ကဲ တပေါင်းကိုဂရုစိုက်ပါ၊ ဩော်.. မဖြူ၊ ကိုယ် သွားလိုက်ဦးမယ်၊ ကိုယ် မအားဘူး၊ မအားတဲ့ကြားက တပေါင်းအခြေအနေကို တမင်လာကြည့်တာ၊ အဟွန်း..ဟွန်း ကဲ..တပေါင်းရေ ကိုယ် သွားပြီကွာ...''

မင်းခနွေးဆိုရင်း တပေါင်းထံလှည့်ကြည့်ပြီး ချော့မွေ့စွာပြုံးသွားသည်။

သူ့အပြုံးတွေက ဘယ်လိုနည်းနှင့်ပဲပြုံးပြုံး သူသည် ချောမောလွန်းသည်ကဖြင့်အမှန်ပါ။

သူ အခန်းထဲမှလှမ်း ထွက်သွားသည်တွင် သူများတွေတော့မသိပေမယ့်...

တပေါင်းသည်ကဖြင့် ရင်မောခြင်း၊ စိုးရိမ်ခြင်း၊ တွေးဆခြင်းတွေဖြင့် စိတ်တွေလှုပ်ရှားနေရသော်လည်း တပေါင်းအသွင်





သည် ဆိတ်ဆိတ်ငြိမ်ငြိမ်ပင် ရှိကျန်ရစ်ခဲ့ရရှာပါသတည်း။

× × × × ×

ညဆယ်နာရီ၊ အပြင်တွင်လူခြေတွေလည်းတိတ်ပြီဖြစ်သည်။

တစ်ချီတစ်ချီ၌သာ ကားဟွန်းသံတချို့ကိုကြားရသည်။ သို့သော်လည်း ဦးစက်ဝင်း၏စိတ်တွင်ကား ဘာမျှမရှိ၊ ဦးစက်ဝင်းသည် ညစာကိုပင်မစား၊ စားပွဲတစ်ခုတွင် တစ်ကိုယ်တည်းထိုင်ပြီး ရေနွေးခရားတစ်အိုးနှင့် ပန်းကန်တစ်လုံးနှင့်သာ တစ်ကိုယ်တည်းရှိ၏

မှန်သည်။ တကယ်တော့ ဦးစက်ဝင်းသည် မိမိ၏တစ်ဦးတည်းသောသမီးလေးအား သတိရနေသည်ပါ။

မိမိလွန်စွာချစ်သော သမီး၊ လူမမယ်သမီးလေးကို မိထွေးနှိပ်စက်မည်စိုး၍ သမီးလေးစိတ်ဆင်းရဲပြီး မျက်နှာငယ်ရမည်စိုး၍ မိမိသည် နောက်အိမ်ထောင်ကိုပင်မပြုခဲ့...။

မိမိသမီးလေးအတွက် ညီမအပျိုကြီးကို အားကိုးပြီး စီးပွားရေးကိုသာ စနစ်တကျလုပ်ကိုင်ရှာဖွေခဲ့သည်။

အရွယ်လေးရလာသည့် သမီးလေးအား ငယ်ငယ်



www.burmeseclassic.com

www.burmeseclassic.com



ကတည်းကပင် ခေတ်ပညာကို သင်ကြားစေခဲ့သော်လည်း မိမိလုပ်ကိုင်နေသည့် စီးပွားရေးပညာ ကိုလည်း မိမိသင်ပေးခဲ့သည်။

မိမိသည် ယခင်ကတည်းက လက်ဖက်ရည်ဆိုင်နှင့်သာ စီးပွားရှာခဲ့သူဖြစ်သည်။

မုန့်လုပ်သည့်ပညာတွေကို တရုတ်ပြည်တွင် မိမိတတ်ခဲ့သည်။

ယခင်က ရသာစုံလက်ဖက်ရည်ဆိုင်ခွဲ သုံးဆိုင်ရှိသော်လည်း လုံခြုံလုံလုံမရှိ၍ နောက်ဆုံးတစ်ဆိုင်တည်းသာ တနိုင်လုပ်ခဲ့တော့သည်။

ရသာစုံလက်ဖက်ရည်ဆိုင်တွင် မုန့်မျိုးစုံလုပ်နည်းပညာနှင့် လက်ဖက်ရည်ဖျော်သည့်ပညာတွေကို မိမိဘာသာကိုယ်တိုင်လုပ်ခဲ့သည်။

ညီမနှင့်သမီးလေးကိုလည်း ပညာတွေသင်ကြားပေးခဲ့သည်။

သည့်အတွက် မိမိသမီးနှင့်မိမိညီမသည်လည်း မိမိနည်းတူ လက်ဖက်ရည်ဆိုင် စီးပွားရေးပညာအား တတ်မြောက်ကျွမ်းကျင်မှုရှိကြ၏။

မိမိသည် သမီးနှင့်ညီမအား လွန်စွာကြပ်ခတ်၍စောင့်ရှောက်သင်ကြားပေးခဲ့သည်။ မိမိသည် သမီးလေးအတွက် လွန်





စွာစိုးရိမ်သည်။

အရွယ်ရောက်လာပြီဖြစ်သည့် သမီးလေးမို့လည်း မသူတော်တွေနှင့်တွေ့မည်စိုး၍ ကြပ်မတ်ရခြင်းပါ...။

မိမိသည် လွန်စွာစည်းကမ်းကြီးသည်။ စည်းကမ်းကြီးသလောက် စိတ်လည်းကြီးသည်။

တစ်ဆိုတစ်၊ နှစ်မဖြစ်စေရ၊ မိမိစိတ်သည် ပြင်းထန်လွန်းသည်ထင်ပါသည်။ သမီးလေးသည် မိမိ၏အုပ်ချုပ်မှုအောက်၌ ရှန်းထွက်သွားလေပြီ...။

သမီးလေး ဘာတွေလုပ်၍ဘယ်မှာနေသည်ကိုလည်း မိမိသိသည်။

သို့သော်လည်း သမီးကို မိမိသွားမကြည့်၊ ပြန်လည်းမခေါ်၊ နောက်ကွယ်မှသာ မိမိသည် သမီး၏သတင်းတွေကို နားစွင့်နေ၏။

လှုပ်ရှားမှုတွေကို လေ့လာနေ၏။ တစ်နည်းအားဖြင့် မိမိသည် စိတ်ကိုလျှော့လိုက်သည်။

သမီးလေးသည် လောကအကြောင်းသိပါစေတော့ဟု၊ လောကထဲကို ခြေချနိုင်ခိုင်းလိုက်၏။

"အစ်ကိုကြီး ဆယ်နာရီတောင်ကျော်နေပြီ၊ ခုထိညစာ



www.burmeseclassic.com

www.burmeseclassic.com



လည်းမစားသေးပါလား၊ ထမင်းဟင်းတွေနွေးထားတာ အေးကုန်ရောပေါ့၊ ကျွန်မတော့င် ဘုရားရှိခိုးလို့ပြီးပြီ…”

“နင် ဘုရားရှိခိုးပြီးတာနဲ့ ငါ ထမင်းမစားသေးတာနဲ့ ဘာဆိုင်လဲ၊ နင့်ဟာနင် အိပ်ရာဝင်ချင်လည်းဝင်တော့ပေါ့…”

“သြော် … အစ်ကိုကြီးကလဲ၊ အစ်ကိုကြီးကျန်းမာရေးထိခိုက်မှာစိုးလို့ ကျွန်မ ပြောတာပါ…”

“ငါ့ကျန်းမာရေးကို နင် မပူနဲ့၊ နင် ငါ့ကိုမားနဲ့ခုတ်သတ်တာတောင်, ငါ မသေသေးဘူး…”

အစ်ကိုကြီးစကားကြောင့် ဒေါ်သက်ဝင်း သက်မမောကိုကြိတ်ချရသည်။

ကိုယ့်အစ်ကိုကြီးမို့ အစ်ကိုကြီးအကြောင်းကိုတော့ ဒေါ်သက်ဝင်း အသိဆုံး၊ အစ်ကိုကြီးက စိတ်ရင်းစေတနာကောင်းသော်လည်း စကားပြောမတတ်…။

အစ်ကိုကြီးသည် ဘုဂကလန့်၊ ဝစာကြီးဖြစ်သည်။ သူတစ်ပါးနားဝင်ချိုအောင် ဘယ်တော့မှမပြောတတ်၊ ဆောက်နှင့်ထွင်းသလိုစကားကိုပြောသည်။

စကားသံကမာသလောက်လည်း ပြတ်သည်။ ဆတ်သည်။ ထိုအထဲ မျက်နှာထားကလည်း တင်း၊ လွန်းထန်လွန်း





သေး၏။

အကြောင်းမသိသူအတွက်ကဖြင့် ကောင်းကွက်တစ်ခုမှမရှိ၊ အကြောင်းသိလျှင်တော့ အစ်ကိုကြီးသည် စေတနာမှန်သောလူကြီးတစ်ယောက်ဖြစ်ကြောင်း သိရမည်ဖြစ်၏။

“အစ်ကိုကြီး…”

“ဟဲ့ … ဘာလဲဟဲ့၊ စကားကြောကလည်း ရှည်လိုက်တာ၊ ဘာလဲ … ဘာလဲပြော…”

“သြော် … အစ်ကိုကြီး ဟူမလေးကိုများ သတိရ…”

“တောက် … တော်စမ်း၊ နင့်ပါးစပ်ပိတ်ထားစမ်း မိသက်၊ ငါ နင့်ကိုတွေ့ရာနဲ့ဆွဲပေါက်မိလိမ့်မယ်၊ ဒီခွေးမအကြောင်း နင်ဘာမှလာမပြောနဲ့…

ဒီဘကိုခြေနဲ့ကန်သွားတာ သွားပလေ့စေ၊ နင် သတိရရင်နင့်တူမ နင် သွားကြည့်၊ ငါ့ရှေ့တော့ဘာမှလာမပြောနဲ့၊ သွား … အခုသွားအိပ်တော့၊ ငါလည်းမုန့်တွေလုပ်ရဦးမယ်…”

ဟင်…

ဒေါ်သနှင့်ဆိုရင်၊ ဦးစက်ဝင်းကား မုန့်လုပ်ငန်းဆီသို့ ထွက်သွားလိုက်ပါတော့၏။

ဒေါ်သက်ဝင်းသည်လည်း အစ်ကိုဖြစ်သူ ထံကြည့်ပြီး သက်မမောကိုချကာ အိပ်ခန်းထဲလှမ်းဝင်သွားလိုက် ပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com



မုန့်လုပ်ငန်းထဲဝင်ခဲ့သည့် ဦးစက်ဝင်းကား မုန့်မလုပ်သေးပါ။

မီးရောင်အောက်တွင်ရပ်ကာ မိမိရင်ဘတ်ကြားထဲမှ တစ်စုံတစ်ရာကိုထုတ်ကြည့်လိုက်သည်။

ထိုတစ်စုံတစ်ရာသည်က ရွှေနှင့်လုပ်ထားသော အဖုံးအပိတ်တစ်ခြမ်းမရှိသော အသည်းပုံ…။

ထိုအသည်းပုံတစ်ခြမ်းတွင်မတော့ အမျိုးသမီးဓာတ်ပုံလေးတစ်ပုံရှိသည်။

ထိုဓာတ်ပုံပိုင်ရှင်သည် ဦးစက်ဝင်း၏ ချစ်လှစွာသော ဇနီးပါ။

မိမိဒဏ်ကိုမခံနိုင်၍ မိမိဇနီးသည် စိတ်ဆင်းရဲပြီး သေသည်ဟုထင်ကြသည်။

နောက်ဆုံး မိမိသမီးကပါ မိမိအပေါ် ထိုသို့ပင်ထင်သွားသည်။

မိမိစိတ်တိုနေရသည်ကလည်း မိမိဇနီးမှာမှလာဖြစ်တတ်သည့် ရောဂါအကြောင်းအား မိမိမည်သူ့ကိုမျှအသိပေး၍လည်းမဖြစ်၍ မျိုသိပ်နေခဲ့ရသည်။ မိမိဇနီးသည် ဆုံးသွားသည့်တိုင်အောင် မိမိသည် မျိုသိပ်နေခဲ့ရသည်ပါ…။

ဟင်း…





အတွေးအဆုံး၌ ဦးစက်ဝင်းသည် မိမိဇနီးဓာတ်ပုံထည့်ထားသည့်အသည်းတစ်ခြမ်း ရွှေလော်ကက်သီးကြီးအား ရင်ပတ်ကြားထဲပြန်ထည့်ထားလိုက်ပြီး မနက်ဖြန်တွင်ရောင်းရမည့်မုန့်တွေကို ဖုတ်နေလိုက်ပါတော့သတည်း…။

× × × × ×

ညဆယ့်တစ်နာရီထိုးပြီဖြစ်သည်။ တပေါင်းတစ်ယောက်ဆေးရုံတွင်ရှိနေ၍ ဇနီးဖြစ်သူ ဒေါ်ခင်မာဖြူတစ်ယောက်လည်းဆေးရုံတွင် သွားစောင့်အိပ်နေသည်မို့ အိမ်တွင် မင်းခနဋ္ဌေးတစ်ယောက်တည်းသာရှိနေ၏။

မင်းခနဋ္ဌေးသည်လည်း စောစောကမှ နိုင်ငံခြားသားညည့်သည်တွေကို ခေါ်ခဲ့ပြီး ဟိုတယ်ပြန်ပို့ပေးခဲ့ပြီး၍ အိမ်သို့ပြန်ရောက်လာစပင်ရှိပါသေး၏။

အစကဖြင့် မင်းခနဋ္ဌေးသည် မိမိတို့ညီ အစ်ကိုနေထိုင်ရာတိုက်တွင်အိပ်မည်ဟုဆုံးဖြတ်ပြီးမှ စိတ်ပျက်သွားပြီး ဒေါ်ခင်မာဖြူတိုက်သို့ ပြန်လာခဲ့ခြင်းပါ…။

တီး…တီး…

မင်းနေဋ္ဌေးသည် အိပ်ရာဝင်ရန်အဝတ်လဲတော့မည်ပြင်



www.burmeseclassic.com

www.burmeseclassic.com



ဆဲ၊ အောက်ထပ်မှကားဟွန်းသံကြောင့် မည်သူမည်ဝါသိချင်၍ အောက်ထပ်သို့ ဆင်းလာခဲ့လေ၏။ အောက်ထပ်အရောက် သူ တွေ့လိုက်ရသူက ပပလှိုင် ဖြစ်သည်။

"ဩော်..ပပလှိုင်၊ မင်း ဒီအချိန်ကြီး ဘာကိစ္စရှိလို့ ဒီကို လာတာလဲ..."

"ဩော်..ကိုမေ...အန်တီဖြူရော..."

"သူ့သားဆီမှာပေါ့..."

"ဟုတ်လား..ပပကအခုမှ (...)ကပြန်လာတာ၊ လမ်းရောက်မှ အန်တီဖြူ ဆေးရုံမှာအိပ်မအိပ် ဝင်လာမေးကြည့်တာ၊ အန်တီဖြူ မအိပ်ရင် ပပ ဆေးရုံမှာသွားစောင့်ပေးမလို့ပါ..."

"အန်တီဖြူရှိရှိမရှိရှိ မင်း သွားစောင့်ရင်ရပါတယ်၊ မင်းကို တစ်ခုတော့သတိပေးထားမယ်၊ တပေါင်းမှာ ချစ်တဲ့မိန်းကလေးရှိတယ်၊ သူတို့ကချစ်သူတွေတောင်ဖြစ်နေကြပြီ..."

"ဟင်..ရှင်..."

"အေး..မင်းကို ငါ ပြောပြတာ၊ အဲဒါ မင်း တပေါင်းကို ပိုင်ပိုင်မချည်းကပ်နိုင်ရင်တော့ မင်း တပေါင်းကို လက်လွှတ်ဆုံးရှုံးရမှာသေချာတယ်...

မင်း လက်လွှတ်ခံမလားပြော၊ တပေါင်းက ရုပ်ချောဥစ္စာပေါ့တဲ့အပြင် အင်ဂျင်နီယာကျောင်းသားတစ်ယောက်နော်၊





မကြာခင်ကျောင်းပြီးတာနဲ့ နိုင်ငံခြားထွက်ချင်ထွက်မှာ..."

"အို..ဘယ်ရမလဲ ကိုမေရယ်၊ ပပတို့က လူကြီးတွေသဘောတူထားတဲ့ဟာ၊ ဘယ်တော့မှ ပပက အလျှော့ပေးမယ့်သူမဟုတ်ဘူး...

ပပအကြောင်းကို သိသွားမှာပေါ့၊ ကြည့်နေ ကိုတပေါင်းဆေးရုံကဆင်းရင် ပပ တကောက်ကောက်လိုက်နေတော့မယ်..."

"ဒါမှပေါ့၊ မင်း ချစ်ရင် မင်း ရအောင်ယူနိုင်ရမယ်၊ မင်းတို့အမြန်ဆုံးနီးစပ်ဖို့လည်း ကိုယ် ကူညီမယ်၊ ဟုတ်ပြီလား..."

မင်းမေနွေး၏ ဆွဲဆောင်မှုကောင်းလှသည့်ဟန်အသွင်ကြောင့် ပပလှိုင်သည်ပင် မင်းမေနွေးအား ငေးမောသွားလိုက်ရသည်။

ခုမှသတိထားမိတယ်၊ ကိုမင်းမေနွေးက ကြည့်လေကြည့်လေ တော်တော်ချောမောပြီး ဆွဲဆောင်မှုရှိတဲ့လူပဲဟူသော အတွေးမျိုးသည်လည်း ပပလှိုင်ရင်ထဲ ဖြစ်ပေါ်သွားလိုက်ရလေ၏။

"ဟေ့..မင်း ကိုယ့်ကိုဘာငေးကြည့်နေတာလဲ၊ ကိုယ်ပြောတာကြားရဲ့လား..."

မင်းမေနွေး မေးလိုက်မှပင် ပပလှိုင်သည် ရှက်လန့်ဟန်နှင့် ပြုံးသွားရသည့်အဖြစ်အား ကိုလူလည်ရွှေမင်းသားကြီးသည်လည်း နားလည်လိုက်သည်ပါ။



www.burmeseclassic.com

www.burmeseclassic.com



မှန်သည်။

ထိုမိန်းကလေးသည် မိမိအား ရင်ခုန်သွားကြောင်း ရုတ်ချည်းသိရှိလိုက်သည် မဟုတ်ပါတကား…။

မင်းခနွေးသည် တစ်ချက်မျှနှုတ်ခမ်းတွန့်ရုံ ဟန်ပါပါပြုံးလိုက်သည်။

လောက၌ သူ့ အမုန်းဆုံးအမျိုးသမီးအမျိုးအစားသည် ပပလှိုင်လိုအမျိုးသမီး အမျိုးအစားမျိုးပါ။

မင်းခနွေးသည် ပပလှိုင်ထံ တစ်ချက်စိုက်ကြည့်လိုက်သည်။ ပြီးတော့ ပြုံးလိုက်သည်။

တစ်ဆက်တည်းလည်း မင်းခနွေး ခေါင်းထဲ၌တစ်ချက် ခုတ်နှစ်ချက်ပြုတ် ပပလှိုင်အား တစ်ဖက်လှည့်နှင့်မည်သို့စေစား ရမည်ကို နားလည်လိုက်၏။

"ကိုခနေက ပပနဲ့ကိုတပေါင်းတို့ကိစ္စအတွက်ဆိုရင်း ရှေ့တန်းကပါဝင်ပေးမှာ မဟုတ်လားဟင်…"

"ဒါပေါ့…သိပ်သေချာတာပေါ့၊ ကိုယ်တို့ယောကျ်ားတွေ အကြောင်းကို ကိုယ် သိတယ်၊ တပေါင်းကို မင်း ဘယ်တော့မှ မလွှတ်ထားနဲ့၊ သူ့နောက်ကို မင်း အမြဲလိုက်နေ၊ မင်း သူ့ကိုလွှတ်တာနဲ့ မင်း သူ့ကိုဆုံးရှုံးရပြီပဲမှတ်…"

"စိတ်ချ…သူ ဆေးရုံကဆင်းတာနဲ့ ပပ သူ့နောက်ပဲ





တကောက်ကောက်လိုက်နေတော့မယ်…"

"တကယ်လို့ သူချစ်သူနဲ့အတူ မင်းတွေ့ရင်ကော မင်း ဘယ်လိုလုပ်မလဲ…"

"ဟင်း…အဲဒီကောင်မကို ပပအကြောင်းပြလိုက်မှာပေါ့"

"အဟွန်း…ကဲ…ကဲ ညဥ့်လည်းနက်ပြီ၊ မင်းက အခု ဘယ်သွားမှာလဲ၊ မင်း သွားတော့…"

စကားအဆုံး မင်းခနွေးသည် အပေါ်ထပ်သို့လှမ်းတက်သွားလိုက်တော့သည်။ ပပလှိုင်သည် မင်းခနွေး၏နောက်ကျော လှလှကြီးဆီ လှမ်းကြည့်နေမိပြီးမှ…

ကိုမင်းခနွေးက တော်တော်ချောတဲ့သူပဲ၊ အန်တီဖြူနဲ့ တောင်မတော်ဘူး၊ ဒါပေမဲ့ အန်တီဖြူက အရမ်းကံကောင်းသွားတယ်၊ ငါတောင် ဒီလိုမျိုးကံကောင်းချင်လိုက်တာ…

ပပလှိုင်တစ်ယောက် ပခုံးတွန့်ကာ စိတ်တွင်ရေရွတ်ရင်း ရင်ခုန်လှုပ်ရှားသောခံစားချက်တွေဖြင့် တစ်ကိုယ်တည်း ကားမောင်းထွက်သွားလိုက်ပါတော့သတည်း…။ ။

ØØØØØØ



www.burmeseclassic.com

www.burmeseclassic.com

- တစ်ဆယ့်ခြောက် -

ကရင်း‥ရင်း‥ရင်း…

ဟန်းဖုန်းမြည်သံလေး ထွက်ပေါ်လာသည်နှင့် မင်းခေ့ ငွေးသည်လည်း ဟန်းဖုန်းလေးအားဖွင့်ပြီး နားထောင်ပြီးသားဖြစ် သည်။

စောစောစီးစီးဖုန်းမြည်သံကြောင့် ဒေါ်ခင်မာဖြူကလည်း စိတ်ဝင်တစားဖြင့် မင်းခေ့ငွေးထံ ကြည့်နေလိုက်သည်။ ဘာဖြစ် ဖြစ် မင်းခေ့ငွေးသည်က ဂရုမစိုက်…။





"ပြော…"

"သုငွေး‥အခုမနက်ပဲ သုငွေးရဲ့ရွှေမင်းသမီးလေးက ဆေးရုံကိုသွားတာတွေ့ရတယ်…"

"တော်ပြီ‥သိပြီ၊ ကိုယ် အခုသွားလိုက်မယ်…"

တစ်ဖက်မှစကားကိုပင်အဆုံးမခံ၊ ဖုန်းကိုပိတ်ပြီး ချက် ချင်းပင် မင်းခေ့ငွေးသည် ကားသော့လေးယူကာ ထွက်သွားလိုက် လေ၍…

"ဟင်‥မောင် ကော်ဖီမသောက်ဘူးလား၊ ဘယ်သွား မလို့လဲ၊ ဖြူလည်း လိုက်မယ်လေ…"

"မလိုက်နဲ့အချိန်မရှိဘူး၊ စောင့်မနေနိုင်ဘူး၊ အရေးကြီး တယ်…"

ထိုမျှသာဆိုရင်း မင်းခေ့ငွေးကား ထွက်သွားလေပြီ၊ ဒေါ်ခင်မာဖြူသည်က ခင်ပွန်းသည်အား အလိုလိုက်ခြင်း၊ ယုံ ကြည်ခြင်းစိတ်တို့ဖြင့် ကျန်ရစ်၏။

ထိုကိစ္စနှင့်ပတ်သက်လျှင် ဘယ်လိုအတားအဆီးကိုမှ အလေးမထားသည့် ခင်းခေ့ငွေးကား ဆင်ဝင်အောက်မှကားကို လျှင်မြန်စွာ မောင်းထွက်သွားပါလေပြီတည်း။

ကားမောင်းရင်းမှလည်း မင်းခေ့ငွေးသည် ပပဆိုင်ဆီသို့ ဖုန်းဆက်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံတွင်ကား ကျွန်းသည် ချစ်သူအတွက်ပန်းစည်းလေးနှင့်စားသောက်စရာ သစ်သီးဝလံနှင့်ဖျော်ရည်ပုလင်းလေးတွေနှင့် ရောက်လာ၏။

ကျွန်း ရောက်လာသည့်အချိန်တွင် တပေါင်းအနီးတွင်မည်သူမရှိ၍ ကျွန်း ဝမ်းသာသွားရသည်။

"ကျွန်း‥ကိုယ့်ဆီလာတယ်နော်၊ ဝမ်းသာလိုက်တာ ကျွန်းရယ်…"

"လာပြန်ရင်လည်းမကောင်း၊ မလာပြန်ရင်လည်း မကောင်းတော့ လာရတာပေါ့ အစ်ကိုရယ်၊ အစ်ကို့အတွက် ကျွန်း စိုးရိမ်ရတာတော့အမှန်ပဲ…

ဒါကြောင့်လည်း အရဲစွန့်ပြီးလာခဲ့ရတာပေါ့၊ တော်သေးတယ်‥ဘယ်သူမှမရှိလို့၊ ကျွန်းကလည်း ဒီလိုအချိန်ကိုပဲ တမင်ရွေးပြီးလာခဲ့တာ…"

"ဟင်း‥မေမေနဲ့မေမေ့သူငယ်ချင်းသမီးကတော့ စောစောကပဲပြန်သွားကြတယ်…"

"အစ်ကိုနဲ့လူကြီးချင်း သဘောတူထားတဲ့အမျိုးသမီးလို့ ပြောပါ အစ်ကိုရာ…"

"ဟင်‥ကျွန်းက ဘယ်လိုသိလဲ…"

"မနေ့ကပဲ အစ်ကို့မေမေနဲ့အတူ အဲဒီအမျိုးသမီးသားအဖိ





နှစ်ယောက်ပါလာပြီး ကျွန်းတို့ရဲ့စားသောက်ဆိုင်အထိတောင် လာသွားကြတယ်လေ…"

"ဟင်‥လာသွားတယ်ဆိုတော့…"

"ဟုတ်တယ်၊ ကျွန်းကိုလာပြီးပြောသွားတာပေါ့ အစ်ကို၊ ဒါပေမဲ့ ကျွန်းရဲ့ဆိုင်ပိုင်ရှင်က ဒါမျိုးတွေလက်မခံနိုင်လို့ သူတို့ကို နှင်ထုတ်လိုက်ကြတယ်…"

"ဟင်း‥ကျွန်းရယ်၊ မေမေကြောင့်တော့ ခက်တယ်၊ ကိုယ် တောင်းပန်ပါတယ် ကျွန်းရယ်…"

"ရပါတယ်လေ…"

"ကိုယ့်ကိုတော့ မမုန်းပစ်လိုက်ပါနဲ့နော်…"

"အဟင်း‥အစ်ကိုရယ်၊ ကျွန်းကလွယ်လွယ်လည်း မချစ်တတ်သလို၊ လွယ်လွယ်လည်းမမုန်းတတ်ပါဘူး၊ နောက်ဆုံး လူချင်းမပေါင်းရတာတောင် ကျွန်းတို့နှလုံးသားချင်းကတော့ နီးစပ်နေကြမှာပါ…"

"မဟုတ်ဘူး၊ ကိုယ်နဲ့ကျွန်း ဘယ်တော့မှမဝေးဘူး၊ နှလုံးသားချင်းရောလူချင်းရော ပေါင်းကြရမှာပါ၊ ကျွန်း ကိုယ့်ကို ယုံတယ်မဟုတ်လား…"

"အဟင်း‥ကျွန်း အစ်ကို့ကိုယုံတာထက်၊ ကျွန်းရဲ့ရွေးချယ်မှုနဲ့ဆုံးဖြတ်ချက်ဟာ မမှားဘူးဆိုတာပိုပြီးယုံတယ်…"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်းရယ်..ကျွန်းကိုလေ အစ်ကို အထင်ကြီးတယ်၊ လေးစားတယ်၊ သိပ်ချစ်တယ်၊ ကျွန်းကရောဟင် အစ်ကို့အပေါ်မှာ ဘယ်လောက်အထိသဘောထားလဲဟင်..."

"တစ်ထပ်တည်းပါပဲ အစ်ကို..."

"ဝမ်းသာလိုက်တာဗျာ..."

"ကဲ..ဝမ်းသာတာတွေအသာထားပါ အစ်ကို၊ အခုလူတွေမလာသေးခင် အစ်ကို့အတွက် ကျွန်း လုပ်ပေးစရာရှိတာတွေ လုပ်ပေးသွားမယ်၊ ကျွန်း ဘာလုပ်ပေးမလဲဟင်၊ အစ်ကိုမျက်နှာ သစ်ပြီးပြီလား၊ ကော်ဖီသောက်ပြီးပြီလား..."

"ကျွန်းလာမှ အစ်ကိုနိုးတာ၊ ဒါပေမဲ့ ဆရာမရှိပါတယ် အချစ်ရယ်၊ အချစ်ပင်ပန်းနေပါ့မယ်..."

"လုပ်ပေးချင်လို့ပါဆိုမှ..."

"ကဲ..ဒါဖြင့်လုပ်စေဗျာ၊ ကိုယ်ကလည်း ချစ်သူရဲ့အယုအယလေးတွေကို သိပ်တမ်းတနေတဲ့သူပါဗျာ၊ အဟွန်း..ဟွန်း..."

"အဟင်း..ဟင်း၊ နံရိုးကျိုးနေတာတောင်မှ ပြောင်နေနိုင်သေးတယ်နော်..."

ချစ်သူနှစ်ဦး ကြည်နူးသာယာစွာစကားတွေဆိုရင်း ကျွန်းသည် ရေဇလုံနှင့်ရေပတ်ယူပြီး တပေါင်းအား မျက်နှာသစ်ပေးသည်။





ပြီးတော့ ယူလာသည့်ကော်ဖီနှင့်မုန့်ကိုပြင်ဆင်၍ တိုက်ကျွေးလိုက်သည်။

ကျွန်းသည် ချစ်သူအားဂရုစိုက်ကြင်နာစွာ ပြုစုကျွေးမွေးနေဆဲအချိန်၌ပင် အခန်းထဲသို့ မင်းဓနဒွေးနှင့်ပပလှိုင်တို့ ဝင်ရောက်လာကြလေ၏။

"အိုး..ကိုကို ဘာတွေစားနေတာလဲ၊ ပပ ပြန်လာပြီးကျွေးမှာပေါ့၊ တည့်လားမသိ၊ မတည့်လားမသိဘဲနဲ့ ကိုကို ဒါတွေမစားရပါဘူး၊ ဒီမှာ ကိုကို့အတွက် ပပ ယူလာတယ်၊ ပပ ယူလာတာပဲ စားရမယ်..."

ပပလှိုင်တစ်ယောက် အကဲပိုစွာနှင့်ပြောရင်းဆိုရင်း တပေါင်း စားနေသည့်ကော်ဖီနှင့်မုန့်ပန်းကန်တွေကို ဖယ်ရှားပြီး သူမ ယူလာသည့်ကိုကိုးနှင့်ကိတ်မျိုးစုံကို ပြင်ဆင်လိုက်သည်။

ကျွန်းသည်ပင်လည်း ပပ၏ ရဲတင်းသွက်လက်မှုတွေကြောင့် နေရာမှလျှင်မြန်စွာထရပ်လိုက်ရသည်။

ကျွန်း မျက်နှာလေးကမှု ချစ်သူကိုကြည့်ပြီး မကောင်းဖြစ်သွားရသည်။

တပေါင်းသည်ကလည်း အိပ်ရာပေါ်တွင်ပင်လဲနေ သေးသည်မို့ ချစ်သူအတွက် ဘယ်လိုမှမကာကွယ်နိုင်အောင် ဖြစ်နေရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်··ကျွန်းပါလား···"

"အိုး··အစ်ကိုကြီး···"

စောစောကကျောပေးထား၍ မင်းခနွေးအား ကျွန်း မမြင်မိ၊ ပြန်ရန် ကျွန်း ကိုယ်လေးကိုလှည့်လိုက်လေမှ မင်းခနွေး 'ကိုတွေ့လိုက်ရ၍ အံ့ဩစွာ ကျွန်း နှုတ်ဆက်လိုက်ခြင်းပါ။

မင်းခနွေးကလည်း မသိဟန်ဆောင်ကာ နှုတ်ဆက် ဖြစ်၏။

တကယ်တော့ မင်းခနွေးကား ပပလှိုင်နှင့်စည်းဝါး ရိုက်ခဲ့ပြီးသားပါ။

"ကိုယ်က ဘယ်သူလဲလို့၊ ကျွန်း ဖြစ်နေတာကိုး၊ ကျွန်း ပြန်တော့မလို့လား···"

"ဟုတ်ကဲ့ အစ်ကိုကြီး···"

ကျွန်းဆိုရင်း ချစ်သူထံလှမ်းကြည့်သည်။ တစ်နည်းအား ဖြင့် ကျွန်းသည် ချစ်သူအားပြန်ရန်နှုတ်ဆက်လိုက်ခြင်းပါ။

တပေါင်းကား အန္တရာယ်ကြီးနှစ်ခုကြားတွင် ဘာမှမလှုပ် နိုင်ရှာသည့်သတ္တဝါလေးနှယ် ရှိနေရရှာ၏။

တပေါင်းမျက်နှာချောချော လေးမှာ ညှိုးငယ်၍သွားသည်။ ကျွန်းသည်လည်း ချစ်သူအတွက် စိတ်မကောင်းသော်လည်း ပြန်မှသာဖြစ်တော့မည်မို့ ပြန်ခဲ့ရရှာ၏။





"ကျွန်း··ကိုကြီး လိုက်ပို့ပေးပါ့မယ်···"

"ရပါတယ် ကိုကြီး···"

"ဘယ်ဟုတ်မလဲ၊ ကိုယ် လိုက်ပို့မယ်···"

မင်းခနွေးဆိုရင်း ကျွန်းလက်ကလေးကိုဆွဲကိုင်ကာ တပေါင်းထံ ကြည့်လိုက်သည်။

ထိုအကြည့်တစ်ချက်တွင် သူတို့ စကားတွေကအများကြီး ပြောဆိုလိုက်ကြ၏။

သည့်နောက် မင်းခနွေးသည် ကျွန်းလက်ကလေးကို ဆွဲကာ တပေါင်းကိုတစ်ချက်မျှ ပြုံးပြခဲ့ပြီး အခန်းထဲမှထွက်သွား လိုက်ကြပါတော့သတည်း···။

တပေါင်းကား ချစ်သူနှင့်မင်းခနွေးတို့ အတူထွက်သွား ကြသည်ကို စိတ်ဆင်းရဲရခြင်းထက် မိမိအနားတွင်ရှိနေသည့် ပပလှိုင်၏ ယုယမှုတွေပိုကဲနေမှုကြောင့် သေချင်လောက်အောင် စိတ်ဒုက္ခကြီးနှင့် ရင်ဆိုင်နေရလေသည်တကား···။

အိမ်ပြန်လမ်းတစ်လျှောက် မင်းခနွေးနှင့်ကျွန်းတို့သည် ကား မင်းခနွေးသည် မနှေးမမြန်ကားကိုမောင်းနှင်နေဆဲ၊ ကျွန်း သည် ချောမောခန့်ထည်ကာ တည်ငြိမ်လွန်းသည့် မင်းခနွေးအ ကြည့်ကာ··ကြည့်ကာရှိရင်းက···

"အစ်ကိုကြီး···"



www.burmeseclassic.com

www.burmeseclassic.com



"ပြော..."

"အစ်ကိုကြီးကရော ဘယ်ကိုလာတာလဲဟင်..."

"ဆေးရုံကိုပါပဲ..."

"သြော်..ဆေးရုံလာတယ်ဆိုတော့ ကိုတပေါင်းနဲ့ပတ်သက်တာလား၊ အတူလာတဲ့အမျိုးသမီးနဲ့ပတ်သက်တာလားဟင်"

"ဟင်း..."

ကျွန်းအမေးအတွက် သူ သက်မမောအားချလိုက်သည်။ ပြီးမှ...

"ပြောရင်တော့ရှည်လျားမယ်၊ တိုတိုနဲ့လိုရင်းပြောရရင်တော့၊ ကိုယ်နဲ့မလိုအပ်ဘဲပတ်သက်တဲ့သူက တပေါင်းရဲ့မိခင်ပဲ၊ ဟိုအမျိုးသမီးကတော့ တပေါင်းနဲ့စေ့စပ်တော့မယ့်မိန်းကလေးလို့သိရတယ်၊ တပေါင်းကတော့ တကယ့်ကိုယဉ်ကျေးသိမ်မွေ့တဲ့အမျိုးသားလေးပါပဲ..."

"ဟင်..ကိုတပေါင်းရဲ့မိခင်နဲ့ပတ်သက်တာဆိုတော့ အစ်ကိုကြီးက..."

"အင်း..ဟုတ်တယ်၊ ကံတရားကချော်သွားတယ်လို့ပြောရမယ်၊ မလိုအပ်ဘဲ တပေါင်းရဲ့မိခင်ကို လက်ထပ်ဖြစ်သွားတယ်၊ ဒါပေမဲ့ အစ်ကိုကြီးက ယောကျ်ားပါ...

အစ်ကိုကြီးဖြစ်စေချင်တဲ့ အတိုင်းဖြစ်မယ်ဆိုရင် ဘာမှ





ပြဿနာမရှိပါဘူး၊ အစ်ကိုကြီးရဲ့ မဟာအမှားကတော့ တပေါင်းရဲ့မိခင်ကို လက်ထပ်မိလိုက်တာပဲ..."

"သြော်..."

ကျွန်း နားမလည်ပါးမလည်ဘဲနှင့်ကို သြော်လိုက်ရသည်။

"ကဲ..ဒါတွေထားပါဦး၊ ကျွန်းနဲ့တပေါင်းကရော ဘယ်လိုအဆင့်လဲ..."

"အဟင်း..အဆင့်ကတော့ ကျွန်း ရည်ရွယ်ချက်တွေပြည့်တဲ့နေ့မှာ လက်ထပ်မယ့်ယောကျ်ားကတော့ ကိုတပေါင်းပါပဲ"

"အခု ကျွန်းကို အိမ်လိုက်ပို့ရမလား၊ အလုပ်ကိုပို့ရမလား..."

သူ စကားကိုဖြတ်၍ဆိုလိုက်သည်။

"ကျွန်း အိမ်ကိုပဲပြန်မှာပါ အစ်ကိုကြီး..."

သူ စကားမဆိုဘဲ ကျွန်းအား အိမ်သို့ပင်ပြန်ပို့လိုက်လေ၏။

တစ်ချိန်လုံး သူ စိတ်တွေတိုနေဖြစ်သည်။ သို့သော်လည်း ကျွန်း မရိပ်မိစေရပါ။

သူ စိတ်တိုနေသည်က မည်သူ့အပေါ်မှာမှမဟုတ်၊ သူ့ကိုယ်သူသာဖြစ်သည်။

သူသည် မေးစရာရှားလို့ တပေါင်းနှင့်ကျွန်းတို့၏ ပတ်



www.burmeseclassic.com

www.burmeseclassic.com



သက်မှုများအား သိလျှက်နှင့်မေးမိလိုက်ခြင်းအတွက်ပါ...။

အရှူး..အသုံးမကျတဲ့အရှူး၊ အရှူးနာတာကပြောမကောင်းအောင်အရှူးနာတယ်၊ အသုံးမကျတာကလည်းပြောမကောင်းအောင် အသုံးမကျတာ...

သွားတို့စေ့၍ နှုတ်ခမ်းတွေလည်းတင်းတင်းစေ့ကာ သူ့ကိုယ်သူပင် အပြစ်တွေအကြီးအကျယ်တင်နေဖြစ်လေ၏။

× × × × ×

"ဘာ..ဘာပြောတယ်၊ ဒီကောင်မလေးက ငါ့သားဆီကို လာသွားတယ်ဟုတ်လား..."

"မေမေ..မေမေရယ်၊ ကျွန်တော့်ကို လာကြည့်တာပဲ၊ ဘာဖြစ်လဲ..."

"မလာရဘူး..မလာရဘူး၊ မပတ်သက်ရဘူးလို့ပြောထားတယ်၊ ဒီမှာ သား ဒီကောင်မမျိုးတွေနဲ့ငါ့သား ဘာမှပတ်သက်စရာအကြောင်းမရှိဘူး...

ဒီမှာသား..သားကိုလည်း မေမေ ပြောထား ပြီးပြီနော်၊ သား ပပကိုသာလက်ထပ်ရမယ်၊ မေမေ့ကိုချစ်တယ်ဆိုရင် မေမေ့ကို သား မဆန့်ကျင်ပါနဲ့..."





"ကဲပါ တီတီရယ်၊ ကိုကိုလည်းနေမကောင်းဖြစ်နေတာ၊ စိတ်ပါထိခိုက်နေပါ့မယ်၊ မပြောပါနဲ့တော့နော်၊ နောက်ဆိုရင် ဒီလိုမဖြစ်ရအောင် ပပက ကိုကို့ကို ဂရုစိုက်မှာပါ တီတီ..."

စိတ်ကြီး၊ စိတ်ဆတ်၊ စိတ်ပြင်းလွန်းလှသည့်မိခင်သည် ဝုန်းကနဲဆေးရုံသို့ပေါက်ချလာပြီး...

ဒေါသတွေဒလစပ်နှင့်ပြော လိုက်သည့်စကားတွေကြောင့် တပေါင်းကား အနေလည်းခက်၊ စိတ်မကောင်းလည်းဖြစ်ပြီး စဉ်းစားနေဖြစ်ရလေ၏။

ကျွန်း ဆေးရုံကိုလာတာ ဘယ်သူက မေမေ့ကိုပြောလိုက်တာပါလိမ့်၊ မြန်လိုက်တဲ့သတင်း၊ ကိုနေကပဲပြောလိုက်တာလား...

ပပလှိုင်ကပဲပြောလိုက်တာလား၊ ခုနကတော့ ပပလှိုင်ဆီကို ဖုန်းလာတယ်၊ ဖုန်းပြောဖို့ဆိုပြီး ပပလှိုင် အခန်းအပြင်ထွက်ပြောတယ်...

ဒီဖုန်းက ဘယ်သူဆက်တဲ့ဖုန်းဖြစ်မလဲ၊ မေမေဆီကပဲဆက်လိုက်တဲ့ဖုန်းလား၊ ကိုနေကပဲဆက်လိုက်တဲ့ဖုန်းလား၊ အင်း..တစ်ဦးတစ်ယောက်ရဲ့ပရောဂကတော့ရှိနေပြီ...

နဂိုကတည်းကမှ ပပလှိုင်ကလည်း စပ်စလူးခါနေတာ နဲ့တော့ ဒုက္ခတော့ကြီးပြီ၊ ကိုနေနဲ့ကျွန်းကရော ဘယ်လိုပတ်သက်နေလဲ၊ ကျွန်းကိုမေးကြည့်ရဦးမယ်...



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ သား၊ မေမေ ပြောတာတွေကြားတယ်နော်.."

"သြော်..ဟုတ်ကဲ့ပါ မေမေ..."

ဘာမှန်းမသိ၊ တပေါင်း ဟုတ်ကဲ့လိုက်သည်။ တပေါင်း၏ဟုတ်ကဲ့အတွက် ပပလှိုင်သည်က လွန်စွာကျေနပ်ပျော်ရွှင်သွားရလေ၏။

"နောက်ထပ် ဒီကောင်မျိုးတွေနဲ့ သား ပတ်သက်တဲ့အကြောင်းတွေကို မေမေ မကြားချင်ဘူးနော်၊ ဟွန်း..ခင်မာဖြူတဲ့ ခင်မာဖြူဆိုတာ ဘယ်လိုမိန်းမလဲဆိုတာ အကြောင်းသိအောင် တော့ပြရဦးမှာပေါ့...

ဒီကောင်မသတ္တိကောင်းလိုက်တာ၊ ယောကျ်ားလေးတစ်ယောက်ဆီတောင်လာရဲတယ်၊ ဆေးရုံမှာ ငါ မရှိတဲ့အချိန်နဲ့တိုးသွားလို့ပေါ့...

ငါ တော်တော်ဒေါသဖြစ်တယ်၊ ဟွန်း..သူတို့ပိုင်နက်ကို ငါ သွားပြောတော့ ငါ့ကိုစော်ကားလိုက်ကြတာ၊ အခု ငါ့ပိုင်နက်ကို ဒီကောင်မကျူးကျော်ဝင်လာတာ၊ ငါ အပိုင်သွားပြောပစ်မယ်..."

"ဟာ..မေမေကလဲဗျာ..."

"တိတ်တိတ်စမ်း သား၊ မင်း မေမေရဲ့စိတ်ကို မင်း သိတယ်မဟုတ်လား၊ ဒါဆိုဒါမှ လုပ်မယ်ဆိုရင်လုပ်ရမှု၊ အခုသွားပြောမယ်၊ အခုချက်ချင်းကိုသွားပြောမယ်၊ ဟင်း..သိကြသေးတာပေါ့"





"မေမေ..မေမေ..မေမေ..."

"အိုး..ကိုကို ကြမ်းကြမ်းတမ်းတမ်းမထရဘူးလေ..."

ရုတ်တရက် ခုတင်ပေါ်မှထ၍မရ၊ တပေါင်းမှာ ပပလှိုင်ဆွဲထားသည့်ကြားမှ ကြိုးစားထပြီး မိခင်ကိုလိုက်ခေါ်သော်လည်း အတ္တနှင့်ဒေါသကြီးလွန်းသည့်မိခင် ဒေါ်ခင်မာဖြူကား အခန်းထဲမှ လှမ်းထွက်သွားလေပြီတည်း...။

မိခင်ကဒေါသကြီးကြီး ခက်ထန်ကြမ်းတမ်းသလောက်၊ မွေးထားသည့်သားဘာ ယေကျ်ားပီသသော်လည်း လွန်စွာအေးဆေး၍သိမ်မွေ့ပြီး...

ယဥ်ကျေးလှသည်ကိုကြည့်ပြီး ပပလှိုင်သည် သည်လိုယောကျ်ားမျိုးကို ရလျှင်ဟူသောအတွေးနှင့် တစ်ကိုယ်တည်း ကြည်နူးကျေနပ်စွာ ပြုံးနေဖြစ်သည်။

တပေါင်းကား စိတ်မချမ်းမြေ့မှုများဖြင့် မျက်ဝန်းအစုံမှိတ်ကာ ငြိမ်သက်စွာပင်ရှိနေဖြစ်သတည်း...။

× × × × ×

"ဟော့..ဒီမှာ၊ ဒီဆိုင်ရှင် ဒေါ်စံစပယ်နိုင်နဲ့တွေ့ချင်တယ်၊ ဘယ်မှာလဲ..."



www.burmeseclassic.com

www.burmeseclassic.com



"စံစပယ်ခိုင်ဆိုတာ ကျွန်မပဲ၊ ရှင်ကဘယ်သူလဲ…"

မနက်ပိုင်းဂျူတီကောင်တာထိုင်နေသည့် ခင်ခင်စုမှာ ဒေါ်ခင်မာဖြူ၏ ရုတ်တရက်မေးလာသည့်စကားအတွက် ဖြေမည်ပြုဆဲ၊ အနားယူခန်းထဲမှထွက်လာပြီး ပြောလိုက်သည့်သူဌေးမ၏ စကားသံကြောင့်၊ ခင်စုမှာအခြေအနေကိုကြည့်ပြီး လန့်နေရသည်။

မိမိတို့၏သူဌေးဖြစ်သူ ဒေါ်စံစပယ်ခိုင်ကဖြင့် တည်တည်ငြိမ်ငြိမ်ပါပင်၊ ရောက်လာသည့်အမျိုးသမီးကဖြင့် တင်းမာကာ ထန်လွန်းနေ၏။ တစ်ဆက်တည်းလည်း ထိုအမျိုးသမီးအား ခင်စု မှတ်မိလိုက်သည်။

ကျွန်းနှင့်ပတ်သက်နေသည့် အမျိုးသမီးဖြစ်ကြောင်း ခင်စုနှင့်အတူ အမျိုးသမီးဝန်ထမ်းအားလုံးမှာ မိမိတို့၏သူဌေးမနောက်တွင်ရပ်ကာ အခြေအနေကို ကြည့်နေကြလေ၏။

"ရှင်ကဘယ်သူလဲ၊ ဘာပြောချင်တာလဲ…"

ဒေါ်ခင်မာဖြူကို လုံးဝမမှတ်မိ၍ စံစပယ်ခိုင် မေးလိုက်ခြင်းပါ။

စံစပယ်ခိုင်၏ အသွင်သည်က တကယ့်လုပ်ငန်းကြီးရှင်ပီသသည်။

တည်တည်ငြိမ်ငြိမ်နှင့် အေးအေးဆေးဆေးရှိ၏။ ဒေါ်ခင်မာဖြူမျက်နှာနှင့်အသွင်သည်က ဒေါသနှင့်အတ္တတွေလွှမ်းနေ





ကြောင်း အားလုံးကကြည့်ပြီး မှတ်ချက်ချသည်။

"ဒီမှာ ဒေါ်စံစပယ်ခိုင်…"

"ပြောပါ…"

"ရှင့်ကို ပထမတစ်ခေါက် ကျွန်မ ဘာမှမပြောခဲ့ဘူး"

"ဪ..ပထမတစ်ခေါက် လာဖူးသေးတာကိုး၊ ကဲ.. ပြောပါဦး၊ ဘာကိစ္စလဲ…"

"ရှင့်ရဲ့ဝန်ထမ်းကို ရှင် ဆုံးမ,မလား၊ ကျွန်မ ဆုံးမရမလား…"

"ဘယ်သူ့ကိုလဲ၊ ဘာအတွက်လဲ…"

စကားသံတွေက တစ်ယောက်ကဒေါသနှင့်စွာနေသည်။ တစ်ဦးက ငြိမ်၍အေးစက်သည်။ ပြတ်သည်။

"ကျွန်းဆိုတဲ့ကောင်မလေး…"

"ကျွန်းက ရှင့်ကိုဘာလုပ်မိလို့လဲ…"

"ကျွန်မသား ဆေးရုံပေါ်မှာရှိတာ၊ သူက မိန်းကလေးတန်မဲ့အရှက်မရှိ ဘာလို့သွားရတာလဲ၊ ဒါ ကျွန်မ မကြိုက်ဘူး၊ မကြိုက်ကြောင်းလည်း ကျွန်မ ပြောထားပြီးပြီ၊ ကျွန်မသားနဲ့မပတ်သက်ဖို့…"

"လူဆိုတာလူမှုရေးအမျိုးမျိုးရှိတတ်တာ စီးပွားရေးရှင်တစ်ယောက်လုပ်ပြီး ရှင် နားမလည်ဘူးလား၊ ကျွန်းက လူမှုရေးနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံကလူနာကိုသွားကြည့်တာဟာ အပြစ်ရှိလား၊ ရှင် မကြိုက်ပေမယ့် ရှင့်သားကကြိုက်တယ်မဟုတ်လား၊ အခိကား;က ရှင့်သား မကြိုက်ဖို့ပဲ…"

ကျွန်မရဲ့ဝန်ထမ်းတွေအားလုံးဟာ ကျွန်မရဲ့သားသမီးတွေပဲဖြစ်တယ်၊ သူတို့တွေဟာ အားလုံးအရွယ်ရောက်နေကြပြီ၊ လူငယ်တွေရဲ့မေတ္တာရေးကိစ္စဟာဆန်းသလား…"

"ဆန်းတယ်··ကျွန်မ သားနဲ့ပတ်သက်တာ ကျွန်မ မကြိုက်ဘူး…"

"ရှင်မကြိုက်ရင် ရှင့်သားကိုပဲပြောခွင့်ရှိတယ်၊ ကျွန်မရဲ့ ဝန်ထမ်းတွေကို ရှင် လာစော်ကားခွင့်မရှိဘူး၊ အထူးသဖြင့် ကျွန်မရဲ့ကျွန်းကို ရှင် လုံးဝစော်ကားခွင့်မရှိဘူး၊ ဒီကိစ္စကိုရှေ့ဆက် ပြောခွင့်မပြုဘူး၊ ရှင် အခုပြန်ထွက်သွားပါ…"

"တောက်··ရှင်ဟာ လူကြီးမဆန်ဘူး…"

"လူကြီးမဆန်တာက ဘယ်သူလဲဆိုတာ ပြန်သုံးသပ်ကြည့်ရင်ရှက်ဖို့ကောင်းလိမ့်မယ် ဒေါ်ခင်မာဖြူ၊ ဒါပေမဲ့ ကျွန်မ ကြည့်တာ ရှင်ဟာ ဒေါသပဲရှိတယ်၊ အရှက်မရှိဘူး…"

"ဘာ··ကြည့်စမ်း၊ ရှင် ကျွန်မကို စော်ကားတယ်…"

"စော်ကားတာမဟုတ်ဘူး၊ သတိပေးတာ၊ ရှင်ဟာ မခံယူတတ်တဲ့လူဆိုတာ ကျွန်မ ပိုသိသွားပြီ၊ ရှင်အခုထွက်သွားလိုက်ပါ၊





ရှင်ဆွဲထုတ်မခံချင်ရင် နောက်ထပ်စကားတစ်ခွန်းမှမပြောဘဲ ထွက်သွားလိုက်ပါ…"

"ဟင်··ရှင် ဟွန်း…"

ဒေါ်ခင်မာဖြူ ဒေါသဘွေအထွင့်အထိပ်နှင့်ပြန်ထွက်ခဲ့ရသည်။

ကံဆိုးချင်တော့ ဒေါ်ခင်မာဖြူတစ်ယောက် အပြင်သို့ရောက်သည်နှင့် ကျွန်းသည်လည်း ဆိုင်သို့ရောက်လာသည်နှင့် ဘန်းဆုံသွားလိုက်ရသည်တွင် ဒေါ်ခင်မာဖြူ၏ ဒေါသဆိပ်များသည် ကျွန်းအပေါ်သို့ ပုံအန်ချဖြစ်လိုက်ပါတော့သတည်း…။

"အီး··အမေ…"

"ဟာ··ဒါ သို့ဌေးသားသိရင်တော့မဖြစ်ဘူး၊ သူဌေးဆီကို ဖုန်းဆက်လိုက်မယ်…"

တာဝန်အရ ကျွန်းနောက်တွင်အရိပ်လိုလိုက်ပါနေသည့် ဗိုလ်သောင်းတစ်ယောက်၊ ဒေါ်ခင်မာဖြူက ကျွန်းအားတွေ့သည်နှင့်ပင် မပြောမဆိုနှင့် ရက်ရက်စက်စက်ရိုက်ပစ်လိုက်သည့် အကြောင်းအား မင်းနေဌေးထံသို့ ဖုန်းဆက်ပြောပြလိုက်ပါတော့၏။

"ဟုတ်ကဲ့ သူဌေး··ဟုတ်ကဲ့၊ ခုပဲ ကျွန်တော်တို့သိ လိုက်ပါမယ်၊ ကောင်းပါပြီ သူဌေး၊ သေချာစေရပါမယ်၊ ဟုတ်ကဲ့ ဟုတ်ကဲ့…"



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းပြောပြီးသည်နှင့် ဘိုသောင်းသည် အပေါင်းအပါတွေကို မျက်ရိပ်ပြကာခေါ်လိုက်ပြီး တိုးတိုးနှင့်လိုရင်းကို တိတိကျကျ ပြောလိုက်သည်နှင့် ဘိုသောင်းလက်ထောက် စိန်အေးနှင့်လုံးလေးတို့နှစ်ယောက်သည် ဒေါ်ခင်မာဖြူ ကားရပ်ထားရာဆီသို့ ခပ်သွက်သွက် လှမ်းထွက်သွားလိုက်ကြပါတော့၏။

သည့်နောက် ဘိုသောင်းသည် ဒေါ်ခင်မာဖြူထံ သရော်ပြုံးနှင့်လှမ်းကြည့်နေလိုက်သည်။ ဒေါ်ခင်မာဖြူကား ကျွန်းအား လက်ညှိုးငေါက်ငေါက်ထိုးပြီး…

"အရှက်မရှိတဲ့မိန်းမ၊ အဆင့်မရှိတဲ့ကောင်မ၊ ညီးလိုကောင်မက ငါ့သားကိုအမိဖမ်းလို့ရမယ်များထင်သလား၊ ညီးဟာဘယ်အတန်းအစားလဲဆိုတာ ညီးကိုယ်ကိုညီသိပါ၊ ညီးနောက်ကို ငါ့သားနဲ့ပတ်သက်ဖို့ လုံးဝမကြိုးစားပါနဲ့…

ငါ့သားမှာစေ့စပ်မယ့်မိန်းကလေးရှိပြီးသား၊ ငါ့သားဆေးရုံတက်တာ ညီးနဲ့မဆိုင်ဘူး၊ ညီးသွားကြည့်စရာလည်းမလိုဘူး၊ ညီးတို့လိုအဆင့်မရှိတဲ့မိန်းမတွေမျိုးကို ညီးတို့ဆိုင်ရှင်က ရှုးလို့အခွင့်အရေးပေးထားတာ၊ ငါလိုအလုပ်ရှင်မျိုးနဲ့ကတော့ ဝေးသေးမှတ်ပါ…"

ကျွန်းသည် မဟုတ်မခံစိတ်ဓာတ်မျိုးရှိသော်လည်း အိုးပ်ရေးပျက်သည့်ရက်တွေများနေ၍ ခေါင်းထဲမူးဝေကာ မလန်းမဆန်း





ဖြစ်နေသည့်ကြားထဲမှ ဒေါ်ခင်မာဖြူ၏ရိုက်ချက်ကြောင့် ပို၍မူးနောက်သွားရကာ ဒေါ်ခင်မာဖြူအား နှစ်သက်ငေး၍သာ ကြည့်နေဖြစ်တော့သည်။

ဒေါ်ခင်မာဖြူ ပြောသမျှစကားတွေကိုမှ ကြားတစ်ချက်မကြားတစ်ချက် ဖြစ်နေရှာ၏။

"ဟွန်း…မိန်းမကိုက ရုပ်နဲ့မလိုက်ဘူး၊ ယောကျ်ားတွေကိုမြူဆွယ်၊ ချူစားတတ်တဲ့ရုပ်မျိုး…"

ထိုစကားအဆုံးတွင် ကျွန်းသည် မူးဝေမှင်သက်နေသည့်ကြားမှ ဒေါသထောင်းကနဲထွက်သွားရသည်။

ဒေါ်ခင်မာဖြူအား ပြန်ပြောမည်အပြု ကျွန်းကား ဒေါသနှင့်ဝေဒနာတို့ကြောင့် စိတ်လှုပ်ရှားလွန်သွားရကာ နေရာ၌ပင်လျှက်ကလေး လဲကျသွားလိုက်ရှာပါတော့သတည်း…။

"ဟွန်း…ကောင်မ၊ မာယာများတဲ့ကောင်မ…"

ဒေါ်ခင်မာဖြူကား ကျွန်း လဲကျသွားသည်ကိုမှုနည်းနည်းလေးမှဂရုမစိုက်၊ မန်ထည်ထည်ဟန်တင်းတင်းကြီးမှ မိမိကားရှိရာသို့ လှမ်းထွက်သွားလိုက်ပါတော့သတည်း။

ကားဆီအရောက် ဒေါ်ခင်မာဖြူသည် ကျွန်းအား ပြောဆိုရိုက်ခဲ့၍ ကျေနပ်အားရစွာဖြင့် နေရာမှကားကို မောင်းထွက်ခဲ့လိုက်ပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်မာဖြူသည် ပြည်လမ်းမကြီးအတိုင်း ကားကို မောင်းခဲ့သည်။ ကားအရှိန်ကိုတဖြည်းဖြည်းဖြင့် တင်၍မောင်း လိုက်သည်။

အင်းလျားကန်(ဂ)ကွေ့နားအရောက် ဒေါ်ခင်မာဖြူသည် ကားဘရိတ်ကိုနင်းသော်လည်းမရတော့၊ ကားအရှိန်ကမြန် နေသည်။ ထိုးထားသည့်ဂီယာကလည်း နံပါတ်လေးဂီယာဖြစ်နေ၏။ သည့်အတွက် (ဂ)ကွေ့၏တစ်နေရာအရောက်မတော့ မထိန်းနိုင်တော့ဘဲ ကားသည် တားထားသည့်အဆီးအတားတွေကို တိုက်ပြီးရေကန်ထဲသို့ ထိုးစိုက်ကျသွားလိုက်ပါတော့သတည်း။

"ဟား..ကားတစ်စီးရေကန်ထဲကျသွားပြီ..."

"တော်သေးတာပေါ့၊ ရေစပ်နားတင်ကားခေါင်းစိုက်ကျ သွားလို့ နို့ဖြစ်ဆိုရင် ရေနစ်ဦးမှာ..."

"ကားမောင်းတာက မိန်းမလား၊ ယောကျ်ားလားမသိ ဘူး..."

"ကားမောင်းတာ အမျိုးသမီးပဲ၊ တော်သေးတယ်၊ လူတော့ဘာမှမဖြစ်ဘူးထင်ပါတယ်..."

"မထင်နဲ့ အတွင်းကျေရင်ကျေမှာပေါ့၊ ကားရှိန်ကနည်းမှ မနည်းတာ၊ တစ်ခုခုတော့ဖြစ်မှာသေချာတယ်၊ အနည်းနဲ့အများပဲ"

လူတွေကဝိုင်းကြည့်ပြီး တစ်ယောက်တစ်ပေါက်ပြောကြ





သည်။ နောက်ဆုံး မော်တော်ပီကယ်ရဲတွေနှင့်ဆေးရုံကား ရောက် လာသည်။

ကားထဲပါသည့် ဒေါ်ခင်မာဖြူ၏မှတ်ပုံတင်၊ ကားလိုင် စင်နှင့်လိပ်စာကဒ်တွေဆီ တာဝန်ရှိသူတွေက စစ်ဆေးကြည့်ရှုပြီး နောက် ဒေါ်ခင်မာဖြူအား ဆေးရုံကားနှင့်ဆေးရုံသို့ ပို့လိုက်ပါတော့ ၏။ ထိုမြင်ကွင်းမှ အကြောင်းအရာများအား ဘိုသောင်းသည် သူဌေးထံသို့ တိုက်ရိုက်သတင်းပို့နေ၏။

"ကောင်းတယ်..ကျေနပ်တယ်၊ သေသွားရင်ပိုပြီးတောင် ကောင်းသေးတယ်၊ မင်းတော်တယ် ဘိုသောင်း၊ မင်းကို ဘောက် ဆူးပေးမယ်၊ ဒါပဲ..နောက်မှတွေ့မယ်..."

တစ်ဖက်မှ မင်းခနဌေးကား အေးဆေးစွာပင်ဆိုပြီး စကား အဆုံးဖုန်းပိတ်ကာ မိမိ၏မဟာခနသူရကုမ္ပဏီကြီး၏ လုပ်ငန်းများ အား အေးဆေးစွာပင် အလုပ်မပျက်ဆက်လုပ်နေဖြစ်လိုက်ပါ သတည်း...။ ။

သိင်္ဂါရ ရသအပေါင်းနှင့်ပြည့်ဝနိုင်ကြပါစေ...

စောပြည့်ချမ်းသာ



www.burmeseclassic.com

www.burmeseclassic.com

# နမ်းခွင့်မရှိသောပန်း

၈

[ဇာတ်သိမ်းပိုင်း]

## နေဝင်ချိန်ကိုမမေ့နဲ့

ဝတ္ထုကို ဆက်လက်ဖတ်ရှုပေးပါရှင့်

စောပြည့်ဝန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

# စောပြည့်ချမ်းသာ

## နမ်းရှင့်မရှိသောပန်း



BURMESE CLASSIC .com

www.burmeseclassic.com